# ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း

မောင်တက်အင်း



အမှတ် ၁၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၀၃၄

# ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း

မောင်တက်အင်း ကလောင်အမည်ခံ

ဆရာကြီးဦးထွန်းလှိုင် (ဝိနယပါရဂူ)

၂၆၅၈၅
၁၅ ၁၀.၀၇

## စာအုပ်မှတ်တမ်း

ပထမအကြိမ်–အုပ်ရေ(၁၀၀၀)
သြဂုတ်လ၊၂၀၀၀
တန်ဖိုး ၃၀၀–ကျပ်
စာမူခွင့်ပြုချက်–၁၇၆/၂၀၀၀(၃)
မျက်နှာဖုံးခွင့်ပြုချက်–၂၁၆/၂၀၀၀(၄)

**မျက်နှာဖုံးဖန်တီးမှု**
မျိုးဆွေသန်း (Phenix)

**အတွင်းဖလင်**
မျိုးညွန့် (Smart Film)

**ကွန်ပျူတာစာစီ**
ဇော်လင်းသက်(မြတ်ဆုမွန်)၊ ဟန်စိုး (လှိုင်သာယာ)၊
စိုးစိုးလှိုင် (အောင်ဥက္ကလာ)

**ပုံနှိပ်သူ**
ဒေါ်တင်ထွေးယဉ် (မြ–၀၂၈၉၃)၊
ဣန္ဒာသယပုံနှိပ်တိုက်၊ အမှတ် ၁၁၃၊ ၂၄လမ်း၊
၈–ရပ်ကွက်၊ လသာမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဒေါ်ခင်စန်းမြင့် (မြ–၀၅၅၄၉)၊ ပဿာအော့ဖ်စက်၊
အမှတ်–၁၁၊ ၁၂၅လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်။

# မာတိကာ


| | | |
|---|---|---|
| **မိတ်ဆက်** | | ၁၁ |
| **ပရိတ်ကြီးနိဒါန်းပါဠိတော်** | | ၂၁ |
| **အခန်း(၁) ပရိတ်ဟူသောအဓိပ္ပာယ်** | | ၂၃ |
| ၁။ | ဗုဒ္ဓဘာသာအခြေခံသင်ခန်းစာ | ၂၃ |
| ၂။ | ပရိတ်အဓိပ္ပာယ်နှင့်ရှင်းလင်းချက် | ၂၆ |
| ၃။ | ခေတ်အဆက်ဆက်ပရိတ်များ | ၂၇ |
| ၄။ | ပရိတ်ကြီး–ပရိတ်ငယ် | ၃၃ |
| ၅။ | ပရိတ်ငယ်သီးသန့်ရှိပုံ | ၃၄ |
| **အခန်း(၂)သမန္တာစက္ကဝါဠေသုဆွေးနွေးခန်း** | | ၃၇ |
| ၁။ | နောက်မှပေါ်တဲ့ သမန္တာ | ၃၇ |
| ၂။ | နတ်ပင့်နှစ်မျိုး | ၃၈ |
| ၃။ | သမန္တာအဓိပ္ပာယ် | ၃၈ |
| ၄။ | ခေတ်သုံးပါး | ၄၀ |
| ၅။ | ဒေဝတာဟုဆိုရာတွင် ဗြဟ္မာပါသလော | ၄၁ |
| ၆။ | သဒ္ဓမ္မ၏အဓိပ္ပာယ် | ၄၂ |
| ၇။ | မုနိရာဇဿ၏အဓိပ္ပာယ် | ၄၄ |
| ၈။ | သဂ္ဂမောက္ခဒံ၏အဓိပ္ပာယ် | ၄၄ |
| **အခန်း(၃)ဓမ္မဿဝနကာလောဆွေးနွေးခန်း** | | ၄၇ |
| ၁။ | ပရိတ်နာရန်အချိန်ပန်ကြားခြင်း | ၄၇ |
| ၂။ | ဘဒ္ဒန္တနှင့်ဘဒန္တအသုံးအဖြတ် | ၄၇ |

**အခန်း(၄)နမောတဿဆွေးနွေးခန်း** ၄၉

၁။ မဟာနမက္ကာရကြီး ၄၉

၂။ နမောတဿဖြင့်ရှိခိုးသူ(၇)ဦး ၅၀

၃။ နမောတဿ၏လက်တွေ့အကျိုး ၅၄

၄။ နမောတဿဘုရားရှိခိုး ၅၇

၅။ ဘုရားရှိခိုးလျှင် တရားနှင့်သံဃာ
ရှိခိုးခြင်းကိစ္စပါပြီးစီးခြင်း ၅၈

၆။ ပဏာမ၏ အဓိပ္ပာယ် ၅၉

**အခန်း(၅)ယေ သန္တာ သန္တစိတ္တာဆွေးနွေးခန်း** ၆၃

၁။ ဒုတိယနတ်ပင့်ဂါထာ ၆၃

၂။ ပရိတ်တရားတော်နာကြားရန်ဖိတ်ခေါ်သင့်သူများ ၆၄

၃။ ယမကဂါထာ ၆၅

၄။ သရဏဂုံသုံးပါးမှတ်သားဖွယ် ၆၆

၅။ မြတ်စွာဘုရား၏သရဏကိုးကွယ်ရာဖြစ်ပုံ ၆၇

၆။ ဓမ္မတရားတော်၏သရဏကိုးကွယ်ရာဖြစ်ပုံ ၆၉

၇။ အကုသိုလ်တရားသည် သရဏဖြစ်သလော ၇၃

၈။ နိဗ္ဗာန်တရားသည်သရဏဖြစ်သလော ၇၄

၉။ သံဃာ၏သရဏကိုးကွယ်ရာဖြစ်ပုံ ၇၆

၁၀။ ငြိမ်သက်သူငြိမ်သက်သောစိတ်ရှိသူ ၇၈

၁၁။ မိစ္ဆာဒိဋ္ဌိနတ်ပြဟ္မာများရှိတတ်ပုံ ၇၉

၁၂။ နတ်ပြဟ္မာရှိ,မရှိ ၈၀

၁၃။ ဘုမ္မာ ဘုမ္မာ စ ဒေဝါ ၈၁

၁၄။ ဂုဏာဂဏာ–ဂုဏ်အပေါင်း ၈၃
၁၅။ မြင်းမိုရ်ရွှေတောင်ကြီး ၈၃
၁၆။ သမ္ဘောဒသ–ရောင့်ရဲမှုတရား ၈၄
၁၇။ သမဂ္ဂ–အညီအညွတ် ၈၅
၁၈။ သမဂ္ဂါနှင့်သမဂ္ဂံ ၈၅
**အခန်း(၆) သဗ္ဗေ သဗ္ဗေသုစက္ကဝါဠေသုဆွေးနွေးခန်း** **၈၇**
၁။ စကြာဝဠာအဓိပ္ပာယ် ၈၇
၂။ ယက္ခ၏ အဓိပ္ပာယ် ၈၉
၃။ ဒေဝါ–အရ နတ်ကိုသာယူပါ ၈၉
**အခန်း(၇) သဗ္ဗေ တံ အနုမောဒိတွာဆွေးနွေးခန်း** **၉၁**
၁။ ညီညွတ်ရေးကို အလေးပေးခြင်း ၉၁
၂။ ဗုဒ္ဓသာသနာကို စောင့်ရှောက်ပါ ၉၂
၃။ ရွှေဘိုခေတ်က သာသနာကိုစောင့်ရှောက်ပုံ ၉၃
၄။ မန္တလေးခေတ်တုန်းက မစောင့်ရှောက်ပုံ ၉၄
၅။ အမ္ဗဋ္ဌလုလင်နှင့်မြတ်စွာဘုရား ၉၅
၆။ သစ္စကပရိဗိုဇ်နှင့်မြတ်စွာဘုရား ၉၆
**အခန်း(၈) သာသနသသစဆွေးနွေးခန်း** **၉၇**
၁။ ဆုတောင်းမှုပြုခြင်း ၉၇
၂။ သာသနာနှင့်သာသနာကြီးပွားခြင်း ၉၈
၃။ သောတာပန်သိကြားမင်းကိုမပြစ်မှားရန် ၁၀၀
၄။ သိကြားမင်း သာသနာစောင့်ပုံ ၁၀၁
၅။ အရိယူပဝါဒကံ ၁၀၁

| | | |
|---|---|---|
| ၆။ | အရိယူပဝါဒကဲ၏အပြစ်ကြီးပုံ | ၁၀၂ |
| ၇။ | အရိယူပဝါဒကံထိုက်ပုံ | ၁၀၃ |
| ၈။ | အရိယူပဝါဒကံပပျောက်အောင် | ၁၀၄ |
| **အခန်း(၉) သဒ္ဒိါဟောန္တု သုခီဆွေးနွေးခန်း** | | **၁၀၇** |
| ၁။ | အဆွေအမျိုးတို့ပါဆင်းရဲကင်းကွာ | ၁၀၇ |
| ၂။ | ငရဲမင်းဝတ္ထု | ၁၀၈ |
| ၃။ | ခွေးမင်းဝတ္ထု | ၁၁၀ |
| **အခန်း(၁၀) ရာဇတောဝါစသည်ဆွေးနွေးခန်း** | | **၁၁၃** |
| ၁။ | ပရိတ္တပါဠိစာပိုဒ်(၉)ကိုလေ့လာခြင်း | ၁၁၃ |
| ၂။ | ရာဇတော ဝါ၏အဓိပ္ပာယ် | ၁၁၆ |
| ၃။ | စောရတော ဝါ၏အဓိပ္ပာယ် | ၁၁၇ |
| ၄။ | မနုဿတော ဝါ၏အဓိပ္ပာယ် | ၁၁၈ |
| ၅။ | အမနုဿတော ဝါ၏အဓိပ္ပာယ် | ၁၂၀ |
| ၆။ | ကန့်ကော်ပင်ကျောင်းဆရာတော်ဝတ္ထု | ၁၂၀ |
| ၇။ | ခမ္မာရုံကျောင်းဆရာတော်ဝတ္ထု | ၁၂၁ |
| ၈။ | အဂ္ဂိတော ဝါ၏အဓိပ္ပာယ် | ၁၂၂ |
| ၉။ | မီးဘေးရန်မှကာကွယ်ပုံ | ၁၂၃ |
| ၁၀။ | ဓာရဏပရိတ်လက်တွေ့အကျိုး | ၁၂၄ |
| ၁၁။ | ဝဋ္ဋသုတ်ပရိတ်လက်တွေ့အကျိုး | ၁၂၄ |
| ၁၂။ | ပဋ္ဌာန်းဥဒ္ဒေသပါဠိ၏လက်တွေ့အကျိုး | ၁၂၄ |
| ၁၃။ | ဥဒကတော ဝါ၏အဓိပ္ပာယ် | ၁၂၅ |
| ၁၄။ | ဥဒကတော ဝါနှင့်မိုးရေကြီးခြင်း | ၁၂၆ |

၁၅။ ပိသာစတော ဝါ၏အဓိပ္ပာယ် ၁၂၇
၁၆။ ခါဏုကတော ဝါ၏အဓိပ္ပာယ် ၁၃၀
၁၇။ မဟာသုတသောမဇာတ်အကျဉ်း ၁၃၁
၁၈။ ကဏ္ဍကတော ဝါ၏အဓိပ္ပာယ် ၁၃၂
၁၉။ ပြောင့်နှင့်ဆူးတို့၏အဓိပ္ပာယ်အထူး ၁၃၃
၂၀။ နက္ခတ္တတော ဝါ၏အဓိပ္ပာယ် ၁၃၅
၂၁။ နက္ခတ္တဇာတ်အကျဉ်း ၁၃၇
၂၂။ ဇနပဒရောဂတော ဝါ၏အဓိပ္ပာယ် ၁၃၈
၂၃။ ဘိန်းချုတ်အပိုကြီးမနန်းတုတ်ဝတ္ထု ၁၃၉
၂၄။ အသဒ္ဓမ္မတော ဝါ၏အဓိပ္ပာယ် ၁၄၀
၂၅။ အသန္ဒိဋ္ဌိတော ဝါ၏အဓိပ္ပာယ် ၁၄၄
၂၆။ သမ္မာဒိဋ္ဌိ(၁၀)မျိုး ၁၄၄
၂၇။ မိစ္ဆာဒိဋ္ဌိ(၁၀)မျိုး ၁၄၅
၂၈။ အသပ္ပုရိသတော ဝါ၏အဓိပ္ပာယ် ၁၄၆
၂၉။ အသပ္ပုရိသသုတ်မြန်မာပြန် ၁၄၆
၃၀။ စဏ္ဍ ဟတ္ထိတော ဝါ၏အဓိပ္ပာယ် ၁၄၈
၃၁။ စဏ္ဍ အဿ စသည်ဝို့၏အဓိပ္ပာယ် ၁၅၁
၃၂။ စဏ္ဍ ရက္ခသတော ဝါ၏အဓိပ္ပာယ် ၁၅၂
၃၃။ နာနာဘယတော ဝါ၏အဓိပ္ပာယ် ၁၅၄
၃၄။ နာနာရောဂတော ဝါ၏အဓိပ္ပာယ် ၁၅၆
၃၅။ နာနာဥပဒ္ဒဝတော ဝါ၏အဓိပ္ပာယ် ၁၅၉
၃၆။ အာရက္ခဂဏ္ဍကု၏အဓိပ္ပာယ် ၁၆၂
၃၇။ နိဂုံးချုပ် ၁၆၄
၃၈။ ပရိတ်ရွတ်နည်းနာနည်း ၁၆၆
၃၉။ ပရိတ်တရားတော်၏အကျိုးများ ၁၆၈

# မိတ်ဆက်

ဤပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းဆောင်းပါးများကို ဆရာကြီးဦးထွန်းလှိုင်သည် မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း၌အယ်ဒီတာချုပ်တာဝန်ကိုထမ်းရွက်ရင်း လစဉ်အခန်းဆက် ရေးသားချီးမြှင့်ခဲ့သော ဆောင်းပါးများဖြစ်ပါသည်။

ဆရာကြီးဦးထွန်းလှိုင်သည် မြတ်ဆုမွန်မဂ္ဂဇင်း၌ ပဋ္ဌာန်းတရားတော်၏ အကျိုး (၁၂)ပါးကိုဖော်ပြသော ပဋ္ဌာန်းဂုဏ်ရည်ဆောင်းပါးများကို ရှေးဦးရေးသားခဲ့ပါသည်။ ပဋ္ဌာန်းဂုဏ်ရည်ဆောင်းပါးများ ပြီးဆုံးသောအခါ "ကဲ–အကြီးကျယ်ဆုံး ပဋ္ဌာန်းတရားတော်ကြီးအကြောင်း ဆောင်းပါးတွေတော့ ရေးလို့ပြီးဆုံးသွားပြီ၊ မြတ်ဆုမွန်အတွက် နောက်ထပ်ဘယ်လို အကြောင်းအရာများ ရေးရဦးမလဲ"ဟု မေးလာပါသည်။ ထိုအချိန်တွင် အရှင်တေဇောဒီပ၏ ပရိတ္တဋီကာကျမ်းကို ရှေ့စားပွဲပေါ်၌တင်ထားလေရာ ဆရာကြီးဦးထွန်းလှိုင်က ထိုပရိတ္တဋီကာကျမ်းကို ကိုင်တွယ်ကြည့်ရှုရင်း 'ဒီပရိတ္တဋီကာကျမ်းကို ဘယ်ကရထားတာတုန်း'ဟု မေးပါသည်။ ပရိတ္တဋီကာကျမ်းကို ကမ္ဘာအေးဗုဒ္ဓသာသနအဖွဲ့က ရှေးဦးပထမ ရိုက်နှိပ်ပြီး ဆရာကြီး ပင်တည်းဖြတ် နိဒါန်းရေးခဲ့ပါသည်။ ကျွန်တော်က 'ဒီပရိတ္တဋီကာကျမ်းကို ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလာဘိဝံသဆရာတော်ကြီးထံမှ ဖွန့်လာတာပါ' ဟု ဖြေကြားပြီးလျှင် 'ဆရာ၊ ဒီပရိတ္တဋီကာကို အခြေခံပြီး ပရိတ်အကြောင်း ဆောင်းပါးတွေရေးရင် မကောင်းဘူးလား'ဟု အကြံပြုလိုက်မိပါသည်။ ဆရာကြီးဦးထွန်းလှိုင်က 'ရေးစေချင်ရင် ရေးရတာပေါ့၊ လိုအပ်တဲ့ စာအုပ် တွေကိုတော့ ဝိုင်းရှာပေးရမယ်'ဟု ပြောကြားပြီး ပရိတ်ဆောင်းပါးများကို ရေးသားရန် တာဝန်ယူကာ ထိုလမှစ၍ ပရိတ်ကြီးနိဒါန်း ဆွေးနွေးခန်းဆောင် ပါးများကို ကွယ်လွန်သည့် အချိန်အထိ လစဉ်မပြတ် ရေးသားချီးမြှင့်ခဲ့ပါသည်။

ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းဆောင်းပါးများကို ရေးသားရာတွင် ဆွေးနွေးခန်းဆိုသည့်အတိုင်း မောင်တက်အင်းနှင့်ဆရာကြီး ဦးစာကျော်ဆိုသော ဇာတ်ကောင်နှစ်ဦး

ကို ဖန်တီးပြီး ထိုဇာတ်ကောင်နှစ်ဦးတို့ အချီအချပြောဆိုမေးဖြေဆွေးနွေးပုံ ရေးသားခဲ့ပါသည်။ အမေးအဖြေ ဆွေးနွေးခန်းကိုရေးရာတွင် မေးသူလည်းကိုယ်၊ ဖြေသူလည်းကိုယ် ဖြစ်သည့်အတွက် ကိုယ်ဖြေနိုင်သော သို့မဟုတ် ကိုယ်ဖြေချင်စေသောအကြောင်းအရာကိုသာ အမေးပုစ္ဆာဆင်ပြီး ရေးလေ့မေးလေ့ရှိပါသည်။ မိမိဖြေလိုသောအကြောင်းအရာကို ပုစ္ဆာဆင်၍မေးသော အမေးပုစ္ဆာမျိုးကို ကထေတုကမျတာ ပြဿနာပုစ္ဆာမျိုးဟုခေါ်၏။ ရံခါ၌ မောင်တက်အင်း၏ မေးခွန်းအချို့သည် ဆရာကြီးဦးစာကျော်မဖြေနိုင်သော မေးခွန်းမျိုးဖြစ်နေပါသည်။ ထိုသို့သောအခါ၌ ဆရာကြီးဦးစာကျော်က 'တတ်သိ နားလည်သော ပုဂ္ဂိုလ်တို့ထံ ချဉ်းကပ်ပါဦး'ဟု မောင်တက်အင်းကို လမ်းညွှန်ခဲ့ပါသည်။

ဆရာကြီးဦးထွန်းလှိုင်၏ ပိဋကတ်စာပေတတ်ကျွမ်းနှံ့စပ်မှု အတိုင်းအတာကို ပါဠိပညာရှင်တိုင်းသိရှိကြပြီးဖြစ်ပါသည်။ သို့ပါ၍ ဆရာကြီး ဦးထွန်းလှိုင်သည် မိမိထက်တတ်ကျွမ်းနှံ့စပ်သော ပညာရှင်တို့က ဖြေကြားပေးစေလိုသောကြောင့် မေးသောအဒိဋ္ဌဇောတနာပြဿနာမေးခွန်းမျိုး၊ မိမိသိမြင်ထားသည်ကို နှိုင်းနှောလို၍ မေးသော ဒိဋ္ဌသံသန္ဒနာပြဿနာမေးခွန်းမျိုး၊ မိမိ၏ယုံမှားသံသယကို ပယ်ဖျောက်လို၍ မေးမြန်းသောဝိမတိစ္ဆေဒနာပြဿနာ မေးခွန်းမျိုး၊ သိရှိသူတို့ ဖော်ထုတ်နိုင်စေရန် စုံစမ်းမေးမြန်းသော အနုမတိပြဿနာမေးခွန်းမျိုး စသည့်အမေးပုစ္ဆာအမျိုးမျိုးကို ဆွေးနွေးတင်ပြထားပါသည်။ ဤသို့ မိမိထက်တတ်သိကျွမ်းကျင်သော ပညာရှင်တို့၏ အဆုံးအဖြတ်ကို ခံယူလိုသောစိတ်ဆန္ဒဖြင့် ပွင့်လင်းစွာ ဖိတ်ခေါ်ပြီး ဆွေးနွေးခန်း ရေးသည်မှာ ရေးသူဟော်ကောင်းစဉ်လာလုပ်ထုံးနည်းဖြစ်ပေသည်။

သာဓကဆောင်ရသော် ပညာတေဒဂ်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် တစ်ခုသော နံနက်ခင်း၌ သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့ရာ ဆွမ်းခံရန် အချိန်လိုသေးသည်ဖြစ်၍ သာသနာ့ပြင်ပရိဗိုဇ်တို့၏ ကျောင်းသို့ဝင်ရောက်ပြီးလျှင် ပဋိသန္ထာရ စကားပြောကြားနေတော်မူခဲ့၏။ ပရိဗိုဇ်တို့က 'အရှင်မြတ်မကြွလာမီ အချိန်၌ မိမိတို့သည် သဉပါဒိသေသပုဂ္ဂိုလ် (ဖွဲလန်းမှုအကြွင်းအကျန်ရှိလျက်ပုဂ္ဂိုလ်) သေလွန်သောအခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာဟူသော အပါယ်ဒုဂ္ဂတိမှ မလွတ်မြောက်နိုင်ဟူသော စကားကို ပြောဆိုနေကြပါကြောင်း' ပြောဆိုပြီး ထိုပြဿနာကို အရှင်မြတ်အား မေးမြန်းကြ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ပရိဗိုဇ်တို့၏ အမေးကို ဟုတ်သည်လည်းမဖြေ, မဟုတ်သည်လည်း မဖြေကြားခဲ့ပဲ ဆွမ်းခံအပြန်၌ ဘုရားရှင်ထံတော်သို့ ဝင်ရောက်လျှောက်ထားပြီး မြတ်စွာဘုရားရှင်၏ အဆုံး အဖြတ်စကားကို မှတ်သားခဲ့ပါသည်။ (အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊

ပဌမပဏ္ဏာသက၊ သီဟနာဒဝဂ်၊ သဥပါဒိသေသသုတ်ပါဠိတော်။)

ထိုနည်းတူပင် ဧတဒဂ်ငါးတန်ရ ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာမထေရ်သည် သာဝတ္ထိပြည်တွင်းသို့ ဆွမ်းခံကြွတော်မူရာ မိဂသာလာဒါယိကာမက မိမိဖခင် ကွယ်လွန်သောအခါက မြတ်စွာဘုရားရှင်ထံ လားရာဂတိကိုလျှောက်ထားခဲ့ရာ ဘုရားရှင်က မိမိဖခင်၏ လားရာဂတိကို ဤသို့မိန့်တော်မူကြောင်းလျှောက်ထားပြီး အရှင်မြတ်အား မေးမြန်းပြန်ရာ အရှင်အာနန္ဒာမထေရ်က 'နှမ၊ မြတ်စွာဘုရား ဤအတိုင်းပင် မိန့်တော်မူ၏'ဟု ပြောဆိုပြီး ထိုအမေးပြဿနာကို မြတ်စွာဘုရား ထံတော်မှောက်ရောက်သောအခါ ထပ်မံလျှောက်ထားမေးမြန်းပြီး အဖြေမှန်ကို နာခံမှတ်သားတော် မူခဲ့ပါသည်။ (အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ ပဌမပဏ္ဏာသက၊ ဓမ္မိကဝဂ်၊ မိဂသာလာသုတ်ပါဠိတော်။)

ဆရာကြီးဦးထွန်းလှိုင်သည် ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းကို ရေးသားရာတွင် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်များစွာကို နံ့နံ့စပ်စပ်ကြည့်ရှုပြီး ရေးသားခဲ့ပါသည်။ လောကီကျမ်းအနေဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဓွေးဂဏ္ဍိကိုပင် အလွတ်မပေးပဲကြည့်ရှုခဲ့ပါသည်။ တစ်နေ့တွင် ဆရာကြီးဦးထွန်းလှိုင်က 'ဝီလျံ ဝီလျံဆိုတဲ့ သက္ကတအဘိဓာန်ရှိသလား'ဟု မေးလာပါသည်။ 'မိုးနီယားဝီလျံရဲ့ သက္ကတအင်္ဂလိပ်အဘိဓာန်ကို ပြောတာလားဆရာ'ဟု ပြန်မေးရာ ဆရာကြီးက 'ဟုတ်တယ်၊ အဲဒီစာအုပ်ပဲ၊ ရှိရင်ခဏငှားထားပါ'ဟုဆိုပြီး ထိုသက္ကတ အင်္ဂလိပ် အဘိဓာန်ကြီးကို တစ်လခန့်ကြာအောင်ယူ၍ ကြည့်နေပါသည်။ ဆရာကြီး ငှားယူသွားသော မိုးနီးယား မိုနီးယားဝီလျံ သက္ကတအင်္ဂလိပ်အဘိဓာန် ( Monier Monier William's Sanskrit - English Dictionary)သည် အလွန်ကျော်ကြားသည့် သက္ကတအဘိဓာန်ကျမ်းကြီး ဖြစ်ပါသည်။ ထိုသက္ကတအဘိဓာန်ကို ငှားသွားခြင်း၏အကြောင်းရင်းမှာ သမန္တာအစရှိသော ပရိတ်နိဒါန်း၌ပါဝင်သော "စဏ္ဍာဟတ္ထိ, အဿ, မိဂ, ကုက္ကုရ စသော အကောင်များအကြောင်းကို ရှာဖွေကြည့်ရှုလို၍ ယူသွားခြင်းဖြစ်ပါသည်။ ထို့ပြင် ရှေးရေးပရိတ်ကြီးနိဿယ အစောင်စောင်ကိုလည်း ကြည့်ရှုခဲ့ပါသည်။ စလင်းဆရာတော်ကြီး ဦးဂုဏဝန္တ၏ ပရိတ်ကြီးနိဿယ၌ မှတ်သားစရာများ ပါသည်ဆိုကာ ကြည့်ရှုလို၍ ရှာဖွေခိုင်းရာ တော်တော်နှင့်ရှာမရ ဖြစ်နေ၍ ဆရာကြီးက 'အမြန် ရှာပေးပါ'ဟု အကြိမ်ကြိမ်သတိပေးခြင်းခံခဲ့ရပါသည်။

ထိုပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း ရေးသားနေစဉ် ပရိတ်ကြီးနိဿယ မူများစွာရှိသည့်အတွက် မည်သည့်မူကို နှစ်သက်ပါသနည်းဟု မေးကြည့်ရာ

ဆရာကြီး ဦးထွန်းလှိုင်က သပြေကန်ဆရာတော်ကြီး၏ နိဿယမှုကို နှစ်သက်ကြောင်း ဖြေကြားပါသည်။ ဆရာကြီးက ကျွန်တော့်ကို တဖန်'ဘယ်မှု ကြိုက်သလဲ'ဟု မေးပြန်ရာ 'တွံတေးဆရာတော်ကြီးဦးနာဂ၏မှုကို နှစ်သက်ပါကြောင်း' ဖြေဆိုခဲ့၏။ 'ဘာ့ကြောင့်လဲ'ဟုထပ်ဆင့်မေးပြန်၏။ 'လင်္ကာနက်ဖြစ်လို့ပါဆရာ'ဟု ဖြေဆိုရာတွင် ဆရာကြီး ဦးထွန်းလှိုင်က 'အေးပေါ့လေ လင်္ကာနက်ဆိုတော့ ဆိုလို့ကောင်းတာကိုး ကြိုက်မှာပေါ့၊ ဒါပေမယ့် သပြေကန်မှုက အပြည့်အစုံဖြစ်တယ်'ဟု ပြောပြပါသည်။ ထိုမျှနှင့်မကျေနပ်သေး၍ ဆရာကြီးက 'တွံတေးမှုကို ဘာလို့ကြိုက်ခဲ့တာလဲ'ဟု စစ်စစ်ပေါက်ပေါက် မေးပြန်ရာ 'နိုင်ငံတော်ကောင်စီဝင်ဆရာကြီး ဦးလှမောင်က တွံတေးမှု ကောင်းတယ်၊ရှာဖတ်ပါပြောလို့ ဖတ်မိရာက ကြိုက်ခဲ့တာပါ၊ ဒီနောက် တွံတေးဆရာတော်ကြီးဆိုတာ သပြေကန်ဆရာတော်ကြီးရဲ့ဆရာ ဖြစ်ခဲ့ဖူးပြန်တော့ ဆရာ့ဆရာရဲ့မှုဆိုပြီး ပိုကြိုက်ပိုစွဲသွားခဲ့ပါတယ်'ဟု ဖြေကြားခဲ့ရပါသည်။

ဆရာကြီးဦးထွန်းလှိုင်သည် ပရိတ်ကြီးနိဿယကျမ်းများစွာတွင် သပြေကန်ဆရာတော်ကြီး၏နိဿယသစ်မှုကို အလွန်နှစ်သက်ပါသည်။ နှစ်သက်သည့်အတိုင်းလည်း ဤပရိတ်ကြီးနိဒါန်း ဆွေးနွေးခန်းတွင် သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်လာ အယူအဆ အဆုံးအဖြတ်များစွာကို ထုတ်ဆောင်၍ ကိုးကားထားပါသည်။ အထူးသဖြင့် သဒ္ဒါပုဒ်ပါဠိအဆုံးအဖြတ် အနက်အဆုံးအဖြတ်တို့တွင် သပြေကန်ပရိတ်ကြီး နိဿယသစ်မှုမှ အများဆုံးထုတ်ဆောင်၍ ကိုးကားပြပါသည်။ ထိုသဒ္ဒါပုဒ်ပါဠိ အဆုံးအဖြတ်များသည် သပြေကန်ပရိတ်ကြီးနိဿယကျမ်း၏ အသက်ဖြစ်သည်ဟု အရှင်သီလာနန္ဒာဘိဝံသက သပြေကန်ပရိတ်ကြီးနိဿယသစ် ကျမ်းဦးနိဒါန်း၌ ရေးသားထားပါသည်။ ထို့ပြင် 'သပြေကန်ပရိတ်ကြီးနိဿယသစ် ကျမ်းလာ သဒ္ဒါပုဒ်ပါဠိ အဆုံးအဖြတ်, အနက်အဆုံးအဖြတ်တို့သည် ခရီးသွားရင်း အခန့်သင့် ရွှေအိုးကြီးကိုတွေ့ရသကဲ့သို့ ပရိတ်ကြီးနိဿယကို ဖတ်ရင်းပင် သဒ္ဒါဆိုင်ရာ ဗဟုသုတများကို အားပါးတရဆည်းပူးခွင့်ရကြမည်ဖြစ်ပေသည်'ဟုလည်း ရေးသားထားတော်မူရာ ဆရာကြီးဦးထွန်းလှိုင်သည် သပြေကန်ပရိတ်ကြီးနိဿယသစ်လာ အဆုံးအဖြတ်တို့ကို ကိုယ်တိုင်လည်း စားသုံးခဲ့ပြီး စာဖတ်သူတို့အားလည်း စားသုံးခွင့်ရကြစေရန် လမ်းညွှန်ပို့ဆောင်ပေးခဲ့ပါသည်။ သပြေကန်ဆရာတော်ကြီးသည် မာဂဓ, သက္ကတ နှစ်ဌာနလုံး၌ ကျွမ်းကျင်သော စွယ်စုံပညာရှင်ဖြစ်ပါ၍ သဒ္ဒါပုဒ်ပါဠိ အဆုံးအဖြတ်အရာတွင် ဘာသာစကားတစ်ခုထက်မက ပိုမိုကျွမ်းကျင်သူက သာလွန်စမြဲဖြစ်ရာ၏။ ဆရာကြီး ဦးထွန်းလှိုင်သည် သပြေကန်ပရိတ်ကြီး နိဿယသစ်လာ အယူအဆများကို

ထုတ်ဆောင်ကိုးကားရာ၌ အလွယ်တကူဆွတ်ချူစားသုံးခြင်းမျိုးမဟုတ်ဘဲ သပြေကန်ဆရာတော်ကြီး၏ အဆုံးအဖြတ်အယူအဆ တို့ကို အမှန်တကယ် မြတ်နိုးနှစ်သက်သဖြင့် ထုတ်ဆောင်ကိုးကားခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီးဦးထွန်းလှိုင်၏ ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းတွင် ကိုယ်ပိုင်ဉာဏ်စွမ်းထုတ်၍ ရေးသားထားသော နေရာများစွာကိုလည်း ဖတ်ရှုခဲ့ရပါသည်။ 'သမန္တာစက္ကဝါဠေသု'အစ ချီသော ပါဠိ ဂါထာကို ပရိတ္တဋီကာကျမ်း၌ ဖွင့်ဆိုထားခြင်း မရှိပေ။ ထို့အတူပင် 'သမန္တာ'အစ 'ရာဇတော၀ါ'အဆုံး ပါဠိဂါထာစုက္ကိယ (၉)ပုဒ်တို့ကို ရှေးရှေး ပရိတ်ကြီးနိဿယကျမ်းတို့၌ အနည်းငယ်မျှသာရှင်းလင်းဖွင့်ပြထားခဲ့ကြပါသည်။ သာကေဆောင်သော် ပရိတ္တဋီကာ၌ ထိုပရိတ္တပါဠိစာပိုဒ်(၉)ပိုဒ်တို့ကို ပါဠိဘာသာဖြင့် 'ခမ္ဘဿဝနကာလ၀ဏ္ဏနာ၊ နမောတဿဒိ၀ဏ္ဏနာ၊ ဒေ၀နိမန္တန ဂါထာ၀ဏ္ဏနာ၊ သဗ္ဗေသုတျာဒိဂါထာဒွယ၀ဏ္ဏနာ၊ ပတ္ထနာဂါထာ၀ဏ္ဏနာ၊ မေတ္တာအာသီသဂါထာ ၀ဏ္ဏနာ၊ ခမ္ဘသ၀နာနိသံသ၀ဏ္ဏနာ'ဟု (၇)ကဏ္ဍခွဲပြီး (၁၀)မျက်နှာခန့်ဖွင့်ဆိုခဲ့ပါသည်။ ထိုပရိတ်ကြီး ဋီကာကျမ်းနိဿယဆရာတော်ကလည်း ထိုပါဠိဂါထာတို့ကို (၂၅)မျက်နှာခန့်ဖြင့် မြန်မာအနက်ပြန်ဆိုရှင်းပြခဲ့ပါသည်။ ပုသိမ်မြို့ ဗိုလ်ကုန်းဆရာတော်ကြီး အရှင်ဉာဏဝံသ၏ ပရိတ်ကြီး ဂဏ္ဌိကျမ်း၌ ထို 'သမန္တာ'အစ 'ရာဇ တော ၀ါ'အဆုံး ပရိတ္တပါဠိစာပိုဒ် (၉)ပုဒ်တို့ကို (၁၉)မျက်နှာ ဖွင့်ဆိုပြထားပါသည်။ တဖန် ပရိတ်ကြီးစွယ်စုံကျမ်းဟူ၍ ထင်ရှားသော သပြေကန်ပရိတ်ကြီး နိဿယသစ်ကျမ်း၌ ဆိုခဲ့သော ပရိတ္တပါဠိစာပိုဒ်(၉)ပုဒ်ကို (၁၂)မျက်နှာတို့ဖြင့် ဖွင့်ဆိုတော်မူခဲ့ပါသည်။

အထက်ပါ ပရိတ္တပါဠိနိဒါန်းကို ပရိတ္တအဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ နိဿယကျမ်းများစွာ၌ ခက်နိုးရာရာ ပုဒ်ပါဌ်တို့ကို ဖွင့်ဆိုခဲ့ကြသော်လည်း အချို့ပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို ပြည့်ဝစုံလင်အောင် မဖွင့်ဆိုခဲ့ကြပေ။ ဥပမာ– ဥပဒ္ဒ၀ဟူသော ပုဒ်မျိုး၌ 'ဥပဂန္တွာ ဒနောတိ ဝိဟိံသတီတိ ဥပဒ္ဒဝေါဟု ပရိတ္တဋီကာဆရာကဖွင့်ခဲ့၏။ 'ဥပဂန္တွာ–ကပ်၍။ ဒနောတိ–ဝိဟိံသတိ=ညှဉ်းဆဲတတ်၏။ ဣတိ–ထို့ကြောင့်။ ဥပဒ္ဒဝေါ–မည်၏'ဟု ဋီကာနိဿယကျမ်း၌ အနက်ပြန်ခဲ့၏။ ပရိတ်ကြီးဂဏ္ဌိကျမ်းပြု ဆရာတော်ကလည်း ထိုဋီကာနိဿယအတိုင်း အနက်ပေးပြီး သမ္မောဟဝိနောဒနီအဋ္ဌကထာ၌လာသော ဥပဒ္ဒ၀ (၁၆)ပါး၏ သရုပ်ကိုထည့်သွင်းဖော်ပြ၏။ သပြေကန်ဆရာတော်ကြီးက တိကင်္ဂုတ္တရဋီကာအရ 'ဥပဒ္ဒ၀ကို အန္တရာယ်–ဟုပြ၏။ ဘေးအန္တရာယ်–ဟု မြန်မာစကား၌ ပြန်ဆိုသင့်ကြောင်း' ပြဆိုတော်မူထား၏။ သမန္တပါသာဒိကာမည်သော ဝိနည်း အဋ္ဌကထာကြီးနိဂုံး၌

ရှင်မဟာဗုဒ္ဓဃောသမထေရ်သည် ဥပဒ္ဒဝ ဘေးရန်ကင်းသောကြောင့် တစ်နှစ်တည်းဖြင့် ဤဝိနည်းအဋ္ဌကထာကျမ်းကို ရေးသားပြီးဆုံးရသည်' 'ဥပဒ္ဒဝါကာလေ လောက၊ နိရုပဒ္ဒဝတောဘဟံ' ဟူ၍ ဖော်ပြထားရာ ထိုအဋ္ဌကထာနိဂုံး၌လာသော 'ဥပဒ္ဒဝ'ပုဒ်ကို ကျေးနှုးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဆဋ္ဌသံဂါယနာတင်ပွဲကြီး၌ အဋ္ဌကထာ သံဂါယနာတင်စဉ်အခါမှတ်သားဖွယ် မိန့်ဆိုတော်မူခဲ့သည်မှာ–

'ဥပဒ္ဒဝေါ--ဘေးရန်တွေများပြားနေတဲ့ လောကကြီးဆိုပြီးတော့ အဋ္ဌကထာဆရာက ညည်းညူ ပြီးရေးသွားပါတယ်။ ဘုရားတပည့်တော်တို့ ငယ်ငယ်တုန်းက စဉ်းစားမိဖူးပါတယ်။ အဋ္ဌကထာဆရာတော့ ဥပဒ္ဒဝေါ–ဘေးရန်တွေ တယ်များပြားတယ်'လို့ ဆိုပါတယ်။ ဘုရားတပည့်တော်တို့ ငယ်ငယ်တုန်းကတော့ ဥပဒ္ဒဝေါ–ဘေးရန်တွေက တယ်ပြီးမတွေ့ရတော့ ထိုအဋ္ဌကထာဆရာများ လက်ထက်တုန်းက ဥပဒ္ဒဝေါတွေဆိုတာဟာ ဘာတွေပါလိမ့်တုန်း'လို့ ဒီလိုစဉ်းစားမိပါတယ်၊ 'ဥပဒ္ဒဝေါ'ဆိုတာဟာ ဘယ်လိုဖြစ်လိမ့်မယ်လို့ စောစောကမသိရဘဲနှင့် ရုတ်တရက်ကျရောက်လာတဲ့ ဘေးအန္တရာယ်တွေ အကျိုးမဲ့တွေကို ခေါ်တယ်။ ဥပဒ္ဒဝဆိုတဲ့ ပုဒ်ထဲမှာ ဥပ–ကတစ်ပုဒ်၊ ဒဝ–ကတစ်ပုဒ်၊ နှစ်ပုဒ်တွဲစပ်နေပါတယ်။ ဥပ–ကပ်ပြီးသကာလ, ဒဝ–နှိပ်စက်တတ်တဲ့ အကျိုးမဲ့ ဘေးအန္တရာယ်တွေလို့ ဆိုလိုပါတယ်။ လောကမှာ လူနိုင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက နိုင်ရာလူကို နှိပ်စက်ညှဉ်းပန်းမှုမျိုးတွေကို ဥပဒ္ဒဝေါလို့ ခေါ်ပါတယ်။ အဲဒီလို နိုင်လိုမင်းထက် နှိပ်စက်ညှဉ်းပန်းမှု ဥပဒ္ဒဝေါတွေဟာ လောကထဲမှာ များပြားတယ်လို့ သူကဆိုတယ်။ ဘုရားတပည့်တော်တို့ ငယ်ငယ်ကစဉ်းစားကြည့်တုန်းကတော့ ဒီဥပဒ္ဒဝေါကို ဘယ်လိုဟာတွေရယ်လို့ သဘောမပေါက်ခဲ့ပါဘူး'ဟု ဖြစ်ပါသည်။ (ကျေးနှုးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိနယဂိနိစ္ဆယသင်္ဂဟ၊ ဝိနည်းစစ်တမ်း၊ ၁၃၃၉–ခု၊ စာမျက်နှာ–၁၅၉)။

ဤပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းကို ပြုစုခဲ့သူ ဆရာကြီးဦးထွန်းလှိုင်သည် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် တန့်ဆည်မြို့ဇာတိဖြစ်၏။ ငယ်စဉ်မှစ၍ ဗုဒ္ဓဒေသနာတို့ကို လေ့လာသင်ယူခဲ့ရာ ပရိယတ္တိသာသနဟိတမဟာစရိယ ဝံသကာ၊ သာသနဓဇ သိရိပဝရမဟာစရိယ သိရောမဏိ၊ စေတိယင်္ဂဏ ပရိယတ္တိမဟာစရိယဂဏဝါစက၊ ဝိနယာဓိက ဝိနယပါရဂူဘွဲ့တို့ကို ရရှိခဲ့ပြီး ဆဋ္ဌသံဂါယနာတင်ပွဲကြီး၌ သောဓေယျပတ္တပါဠကတာဝန်ကို ထမ်းဆောင်ခဲ့၏။ လူဝတ်သို့ပြောင်းပြီး သာသနာရေးဦးစီးဌာန၌ လက်ထောက်စာပြင်၊ တာဝန်ခံစာပြင်၊ လက်ထောက် စာပြင်မှူးချုပ်၊

စာပြင်မှူးချုပ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ အထူးသဖြင့် သာသနာ့ရောင်ခြည် စာစောင်အယ်ဒီတာချုပ်ဟူ၍ တာဝန်ဝတ္တရားအဆင့်ဆင့်တို့ကို (၂၆)နှစ်လုံးလုံး တာဝန်ထမ်းဆောင်ခဲ့ပြီး ပါဠိစာပေဆိုင်ရာ ကျမ်းပေါင်း (၄၀)ကျော် တို့၏ နိဒါန်းကြီးများကိုလည်း ရေးသားခဲ့ပါသည်။ ထို့နောက် မြတ်ဆုမွန် မဂ္ဂဇင်း၏ အယ်ဒီတာချုပ်၊ တိပိဋက=နိကာယအဖွဲ့၏ သုံးနှစ်ခရီးစာစောင် အယ်ဒီတာချုပ်နှင့် သာသနာရေးဝန်ကြီးဌာန ဓမ္မရေးရာအဖွဲ့အကြံပေးပုဂ္ဂိုလ်စသော တာဝန်တို့ကို ဆောင်ရွက်ရင်း (၁၁–၈–၉၄)ခုနှစ်၊ အသက်(၆၉)ခုနှစ်တွင် ကွယ်လွန်ခဲ့ရပါသည်။

ဆရာကြီးဦးထွန်းလှိုင်ရေးသားခဲ့သော ပရမတ္ထသရူပဘေဒနီနိဒါန်း၊ နိရုတ္တိဒီပနီနိဒါန်း၊ ပရိတ္တဋီကာပါဠိနိဿယနိဒါန်း၊ ဇိနတ္ထပကာသနီနိဒါန်းစသော နိဒါန်းတို့အပါအဝင် နိဒါန်းကြီးများစွာသည် စံထားထိုက်သော နိဒါန်းကြီးများ ဖြစ်၏။ နိဒါန်းအရေးကောင်းလွန်းသောကြောင့် ဆရာကြီးဦးထွန်းလှိုင်ကို ခင်မင်သော မိတ်ဆွေတို့က 'နိဒါန်း စပါယ်ရှယ်လစ်'၊ 'နိဒါန်းဆရာကြီး'ဟုပင် ခေါ်ဆိုခဲ့ကြ၏။

ဆရာကြီးဦးထွန်းလှိုင်သည် နိဒါန်းအမျိုးမျိုးကို ရေးရဖန်များသောအခါ မိမိစာရေးလျှင် နိဒါန်းရေးနည်းအတိုင်းရေးသောဝါသနာအကျင့်ပါရှိခဲ့သည်ဟူ၍ လူသားတို့၏ ထွက်ရာလမ်းကျမ်း၌ ဖွင့်ဟရေးသားထားခဲ့၏။ ထိုသို့နိဒါန်းရေးသားမှုအလေ့အကျင့်စရိုက်စွဲမြဲနေသောကြောင့် ဆရာကြီးဦးထွန်းလှိုင်သည် လူသားတို့၏ ထွက်ရာလမ်းကျမ်းကို ရေးပြီးသောအခါ ကျမ်း၏အမည်ကို 'ပင်စင်အငြိမ်းစား တရားနိဒါန်း'ဟု ပေးအပ်ခဲ့၏။ ရင်းနှီးသောမိတ်ဆွေများက 'စာအုပ်စာသား စာကိုယ်ကြီးကို နိဒါန်းလို့ အမည်မပေးသင့်ပါဘူး ပြင်ပါဗျာ၊ ဒီနာမည်တော့ မနိပ်ပါဘူး'ဟူ၍ ဝေဖန်ကြပါသည်။ ထိုအခါဆရာကြီးဦးထွန်းလှိုင်က မိမိ၏ နိဒါန်းဝါသနာ ထုံမှုကြောင့် ပေးထားသောမူလအမည်ကိုလည်း မပယ်၊ ခင်မင်သောမိတ်ဆွေ များ၏ အကြံကိုလည်း လက်ခံသောအားဖြင့် 'ပင်စင်အငြိမ်းစား တရားနိဒါန်းခေါ် လူသားတို့၏ ထွက်ရာလမ်း'ဟူသောအမည်သစ်ကို ပေးအပ်ခဲ့ပါသည်။

ဤ'ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း'ကျမ်း၏ အမည်ကိုပေးရာ၌ ဆရာကြီးဦးထွန်းလှိုင်၏ နိဒါန်းဝါသနာကို အကြောင်းပြု၍ ပေးအပ်ခဲ့သောအမည်ပေးလားဟု မေးပါက မဟုတ်ရပါဟု ဖြေရပါမည်။ သို့မဟုတ်က ဆရာကြီးဦးထွန်းလှိုင်ကိုယ်တိုင်က ပေးခဲ့သောအမည်ပေလားဟုမေးပါကလည်း ဤစာအုပ်ကိုရိုက်နှိပ်မည်ဟု ဆရာကြီး သိရှိမသွားခဲ့ပါ၊ ဆရာကြီး ကွယ်လွန်ကာမှ ရိုက်နှိပ်ရခြင်းဖြစ်၍

ဤကျမ်းအမည်ကို ဆရာပေးထားခဲ့ခြင်းလည်း မဟုတ်ပါဟု ဖြေရပါမည်။ သို့ဆိုလျှင် ဆရာကြီးနှစ်သက်မြတ်နိုးသော 'နိဒါန်း'ဟူသော အမည်ကို ရွေးချယ်ထားခြင်းသည် ဆရာကြီးအကြိုက်လိုက်၍ ကျမ်းအမည်ကိုပေးထား ခြင်းလားဟု မေးပါကလည်း မဟုတ်ရပါဟု ဖြေဆိုရပါသည်။ သို့ဆိုလျှင် အဘယ်ကြောင့် 'ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း'ဟု ကျမ်းအမည်ကို နိဒါန်း တပ်၍ ပေးရပါသနည်းဟုမေးလျှင်ကား 'ဤကျမ်း၌ပရိတ္တပါဠိ(၁၁)သုတ်ဘို့ အရှေ့၌ရှိသော ပရိတ္တနိဒါန်းခေါ် 'သမန္တာ' အစရှိ ဂါထာမှ 'ရာဇတောဝါ' ပါဠိအထိ စာပိုဒ်(၉)ပုဒ်တို့၏အကြောင်းကို ဖော်ပြထားသောကြောင့် ပရိတ္တနိဒါန်းဟု အမည်ပေးရခြင်းဖြစ်ပါသည်။ ထို့ပြင် ဆရာကြီး ဦးထွန်းလှိုင်သည် ပရိတ်ကြီးဆွေးနွေးခန်းကို ရေးထားခဲ့ရာ၌ ပရိတ်ကြီး(၁၁)သုတ် အကုန်မရေးခဲ့ပါ။ သို့ပါ၍ ဆရာကြီးရေးခဲ့သမျှ ပရိတ်စာမူတွင် ဤပရိတ္တနိဒါန်း အပိုင်းသည် အပြည့်အစုံရေးသားပြီး ဖြစ်နေသောကြောင့် ဤအပိုင်းကို စာအုပ် အဖြစ်သို့ရိုက်နှိပ်ရာတွင် ကျမ်းစာကိုယ်နှင့်လိုက်လျောအောင် ကျမ်းအမည်ကို ပရိတ်နိဒါန်းဟု ပေးခဲ့ခြင်းဖြစ်ပါသည်။

ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းဟူသော ကျမ်း၏အမည်ကို ဆရာကြီးဦးထွန်းလှိုင်နှစ်သက်မည်မှာအမှန်ဖြစ်ပေသည်။ အကြောင်းမှာ ပင်စင်အငြိမ်းစား တရားနိဒါန်းကျမ်း၌ ထိုကျမ်းကို နိဒါန်းဟု အမည်ပေးခြင်းနှင့် စပ်၍ ဆရာကြီးဦးထွန်းလှိုင်က 'ဤကျမ်းစာကို ပင်စင်အငြိမ်းစားတရားနိဒါန်းဟူ၍ အမည်ပေးလိုက်ပါသည်။ တစ်ခါလာ မဲပြာပုဆိုး၊ နှစ်ခါလာတော့လဲ မဲပြာပုဆိုး၊ လဲခဲ့ပါ ဟိုဖာထဲက မဲပြာပုဆိုး'ဆိုသကဲ့သို့ ဖြစ်နေပါ၍ နိဒါန်းမှ မလွတ်ဘဲ ဖြစ်နေပါသည်။ ယင်းသို့ အမည်ပေးပြီး ကျွန်တော့်အနေနှင့်တော့ ကျေနပ်နှစ်သက် နေပါသည်။ ကိုယ်ပေးသည့်အမည်ကို ကိုယ်သဘောကျနေပါသည်'ဟု ရေးသား ခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။

ဆရာကြီးဦးထွန်းလှိုင်ကို ချစ်ခင်လေးစားသူ ကိုမျိုးဆွေသန်းက ဤစာအုပ်၏ မျက်နှာဖုံးကို မေတ္တာဖြင့်ဖန်တီးပေးခဲ့ပါသည်။ ပရိတ်ဟူသည် ဘေးအန္တရာယ် အမျိုးမျိုးမှ စောင့်ရှောက်တတ်သောတရားဖြစ်သည်။ ထိုတရားကို သင်္ကေတ ပုံရုပ်ထုတ်ပြရသော် သားအတွက်မိခင်ဖခင်၊ တပည့်အတွက်ဆရာသမား၊ လောကအတွက် လောကနတ်ဖြစ်လေသည်။ ဤစာအုပ်စာမျက်နှာဖုံး၌ ပရိတ်ဝေါဟာရကို သရုပ်ဖော်စိမ့်ငှာ လောကကိုစောင့်ရှောက်သော၊ လောကလူသားတို့ကို ဘေးအန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပေးသော လောကနတ်မင်းပုံကို ဖော်ပြ

ထားပါသည်။ ထိုပုံမှာ မုံရွာမြို့အနောက်ဘက် ၁၄မိုင်အကွာ ယင်းမာပင်မြို့နယ်ရှိ ဖိုဝင်တောင်မှ နံရံဆေးရေးလက်ရာဖြစ်ပါသည်။

ဤပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းကျမ်းငယ်ကို စီစဉ်ရိုက်နှိပ်ရာ၌ ကူညီဆောင်ရွက်ပေးကြကုန်သော ဆရာကြီးဦးထွန်းလှိုင်၏ မိသားစု၊ စာအုပ်အဖုံးကို မေတ္တာဖြင့်စီစဉ်ပေးသူ ကိုမျိုးဆွေသန်းနှင့် စာအုပ်ဖြစ်မြောက်အောင် စီစဉ်ပေးကြသော ကိုမျိုးညွန့်၊ ကိုဝင်းညွန့်၊ မြတ်ဆုမွန်ဝိုင်းတော်သားများနှင့်ဤစာအုပ်ဖြစ်မြောက်ရန် အဘက်ဘက်မှ အားပေးကူညီဆောင်ရွက်ပေးသော ဒေါ်အေးအေးစိုးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**ဦးအောင်မွန် (မြတ်ဆုမွန်)**
စီစဉ်တည်းဖြတ်သူ
၁-၃-၂၀၀၀

# ပရိတ်ကြီးနိဒါန်းပါဠိတော်

ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း၌ ရှင်းလင်းဖော်ပြထားသော ပရိတ္တပါဠိ(၉)ပုဒ်တို့ကို ဆင့်မှုအတိုင်း ဖော်ပြအပ်ပါသည်။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,
ဧတ္ထလောကန္တရေ ဝါ၊
ဘုမ္မာဘုမ္မာ စ ဒေဝါ,
ဂုဏ ဂဏ ဂဟဏ, ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနက မယေ, မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသ ဟေတုံ,
မုနိ ဝရ ဝစနံ, သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မုနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒ ရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက
မဏိသပ္ပ ဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ-ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

# ပရိတ်ကြီးနိဒါန်း ဆွေးနွေးခန်း

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း (၁)

## ပရိတ်–ဟူသော အဓိပ္ပာယ်

**ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာ**

"မင်္ဂလာနံနက်ခင်းပါ . . .ဆရာ"

"ဟုတ်ကဲ့ မင်္ဂလာပါ၊ စောစောစီးစီးကြီး လာပုံကိုထောက်တော့ ခင်ဗျား အရေးကြီးတဲ့ ကိစ္စရှိပြီထင်တယ်"

"ဆိုပါတော့ ဆရာ၊ အရေးကြီးတယ်လို့ပဲ ဆိုသင့်ပါတယ်၊ ပရိတ်တရား တော်နဲ့ ပတ်သက်တဲ့ အချက်အလက်ကလေးများကို ဆရာ့ထံမှာ တင်ပြဆွေးနွေး ချင်လို့ပါ"

ကျွန်တော်သည် ကျွန်တော်နှင့်ခင်မင်ရင်းနှီးလှသော မိတ်ဆွေဖြစ်သည့် ဆရာကြီး ဦးစာကျော်ထံသို့ရောက်သွားသောအခါ အထက်တွင်ဖော်ပြသည့်အတိုင်း ဆရာကြီးက ကြိုဆိုနှုတ်ဆက်ပါသည်။

ကျွန်တော်၏မိတ်ဆွေ ဆရာကြီးဦးစာကျော်မှာ ကျွန်တော်နှင့် ပြောမနာဆိုမနာ ခင်မင်ရင်းနှီးသော တိုင်ပင်ဖော်တိုင်ပင်ဖက် မိတ်ကောင်းဆွေကောင်းဖြစ်ပါသည်။

သူသည် ရှေးခေတ်ပါဠိစာမေးပွဲများကို အောင်မြင်ခဲ့သည့် ပါဠိစာပေ ပညာရှင်ဖြစ်ပါသည်။ ယခုလောလောဆယ်မှာလည်း သာသနမဏ္ဍိုင် စာပုံနှိပ်တိုက်ကြီးမှ ထုတ်ဝေသည့် သာသနာ့အလင်းရောင်မဂ္ဂဇင်းကြီး၏ ရာသက်ပန် အယ်ဒီတာချုပ်ကြီး ဖြစ်ပါသည်။

"ဟင် . . . ခင်ဗျား ဆွေးနွေးချင်တာကလဲဗျာ မြန်မာပြည်မှာ အသုံးအစွဲအများဆုံး ဗုဒ္ဓတရားတော်ဖြစ်တဲ့ ပရိတ်တရားတော်များအကြောင်းအရာဆိုတော့ ဆွေးနွေးရမယ့် အချက်အလက်တွေက အများကြီးဖြစ်မှာပေါ့လေ၊ ဟဲ . . . ဟဲ . . . ရပါတယ်၊ ဆွေးနွေးပါ"

ဆရာကြီးမှာ ခင်မင်ဖွယ်ရာကောင်းလှပါသည်။ ရှေးခေတ်က နာမည်ကျော် စာရေးဆရာကြီး မဟာဆွေ၏ ဝတ္ထုများထဲမှာ ပါတတ်သည့် ရွှေဘိုသား ဇာတ်လိုက်ကြီးများ၏ ပုံဟန်စတိုင်အတိုင်း အသားညိုညို ထောင်ထောင်မောင်းမောင်း ရေ့သွားကြီးကြီး အသံသြသြဖြစ်ပါသည်။ ယခုလည်း သူ၏အသံသြကြီးဖြင့် ဖွေးဖြူသော ရေ့သွားကြီးများပေါ်လာအောင် ပြုံးရယ်လျက် ကျွန်တော့်အား ပရိတ်တရားတော်နှင့်ဆိုင်ရာများ ဆွေးနွေးခွင့်ပြုကာ ဖိတ်ခေါ်နေသည်မှာ အလွန်မှ ခင်မင်ဖွယ်ရာ ကောင်းလှပါသည်။ ထိုအခါ ကျွန်တော်သည် အားတက်လာမိလျက်–

"ဟုတ်တယ် ဆရာရဲ့၊ ပရိတ်တရားတော်က သိပ်အသုံးများတာ၊ သာကိစ္စ နာကိစ္စ ကိစ္စကြီးကိစ္စငယ်ရှိတိုင်း ရွတ်ဖတ်ကြတယ်၊ နာယူကြတယ်၊ ကိုယ်တိုင် တစ်ယောက်တည်းအတွက်လဲ ကောင်းကျိုးရအောင်၊ မကောင်းကျိုး ပျောက်အောင် ရွတ်လေ့ရှိကြတယ်၊ နေရင်းထိုင်ရင်းလဲ ရွတ်ဖတ်လေ့ရှိကြတယ်၊ ဘုရားရှိခိုးတိုင်းလဲ ထည့်သွင်းရှိခိုးကြတယ်။ ဒါကြောင့် ဒီလောက်အသုံးများနေတဲ့ ပရိတ်တရားတော်နဲ့ ပတ်သက်တဲ့ အချက်အလက် သိကောင်းစရာ အကြောင်းအရာကလေးများကို ကျွန်တော်က ဆရာနဲ့ ဆွေးနွေးချင်တယ်။ ဗုဒ္ဓဘာသာမြန်မာလူထုကြီးကိုလဲ မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်းမှတစ်ဆင့် တင်ပြချင်တယ်"

ဟူ၍ ကျွန်တော်က ဆရာကြီး၏မိန့်ကြားချက်ကို ဖြည့်စွက်၍ ထောက်ခံစကား ပြောကြားလိုက်ပါသည်။

"ဟုတ်တယ်ဗျ၊ ဟုတ်တယ်၊ ဒီပရိတ်တရားတော်နဲ့ပတ်သက်လို့ သိသင့်သိထိုက်သမျှကို သိထားလျှင် ဗုဒ္ဓဘာသာစစ်စစ် အဆင့်မြင့်မြင့် ဖြစ်လာနိုင်တယ်။ ဒါကြောင့်ပေါ့ဗျာ၊ ရှေးမြန်မာဗုဒ္ဓဘာသာပညာရှိကြီးတွေက ကျောင်းသားသူငယ်များ ရှင်ငယ်ရဟန်းငယ်များသင်ကြားလေ့လာရန် သတ်မှတ်ထားတဲ့ ဆယ်စောင်

တွဲခေါ် ဗုဒ္ဓဘာသာအခြေခံ သင်ခန်းစာကျမ်းငယ်ထဲမှာ ပရိတ်ကြီး(၁၁)သုတ်ကို ထည့်သွင်းထားခဲ့ကြတယ်"

"ဆရာပြောတဲ့ ဆယ်စောင်တွဲ ဆိုတာကလဲ မူတွေအများကြီးပဲ ဆရာရဲ့၊ ပြီးတော့–ဆယ့်နှစ်စောင်တွဲ၊ ဆယ့်ငါးစောင်တွဲ ဆိုတာတွေကလဲ ရှိသေးဘယ် ဆရာရဲ့၊ ဘယ်ဆယ်စောင်တွဲကို ဆိုလိုတာလဲ"

"ဘယ်ဆယ်စောင်တွဲမှာပဲဖြစ်ဖြစ် ပရိတ်ကြီး(၁၁)သုတ်ကတော့ ပါတယ်ဗျ၊ နောက်အစောင်တွေ တိုးထားပေမယ့် ဆယ့်နှစ်စောင်တွဲ၊ ဆယ့်ငါးစောင်တွဲတွေမှာလဲ ပရိတ်ကြီး(၁၁)သုတ်ကတော့ ပါတာပါပဲ"

"အဲ...ဒါကြောင့် ပရိတ်ကြီး(၁၁)သုတ်ဟာ ဗုဒ္ဓဘာသာရဲ့အခြေခံသင်ခန်းစာလို့ ဆိုလိုတယ်ပေါ့ ဆရာ"

"တကယ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်ငယ်စဉ်က လက်ရေးသင် ပုရပိုက်စာပေစာတွေမှာလဲ ဆယ်စောင်တွဲစာပေတွေကို တွေ့ဖူးတယ်၊ ရှေးအကျဆုံး ပုံနှိပ်မူ ဆယ်စောင်တွဲကိုလဲ တွေ့ဖူးတယ်၊ အဲဒီစာအုပ်က မြန်မာသက္ကရာဇ် ၁၂၄၄–ခုနှစ် တန်ခူးလမှာ မြန်မာသံတော်ဆင့်မီးစက်ပုံနှိပ်တိုက်က ရိုက်နှိပ်တဲ့ စာအုပ်ပါပဲ၊ အဲဒီ ဆယ်စောင်တွဲထဲမှာလဲ ပရိတ်ကြီး(၁၁)သုတ်ပါတာပဲ၊ ဒါကြောင့် ပရိတ်တရားတော်ကို ဗုဒ္ဓဘာသာမြန်မာတို့ရဲ့ အခြေခံသင်ခန်းစာလို့ ကျွန်တော် ဆိုချင်ပါတယ်ဗျ"

"ဟုတ်တယ် ဆရာ၊ မှန်ပါတယ်၊ အဲဒီလို ဗုဒ္ဓဘာသာ အခြေခံသင်ခန်းစာ ဖြစ်တဲ့ ပရိတ်တရားတော်(၁၁)သုတ်မှာပါတဲ့ မှတ်သားသင့် မှတ်သားထိုက်တဲ့ အချက်အလက်များ၊ မှတ်သားဖွယ်ဖြစ်တဲ့ အကြောင်းအရာများကို ထုတ်ဖော် မြတ်ဆုမွန်စာဖတ်ပရိသတ်ကြီးနဲ့ ဗုဒ္ဓဘာသာ ရှင်လူများထံ တင်ပြချင်လို့ ကျွန်တော် စောစောစီးစီး ဆရာ့ထံသို့ လာခဲ့ခြင်းဖြစ်ပါတယ် ဆရာ"

"ကောင်းပြီလေ၊ ကျွန်တော် သဘောတူပါတယ်၊ ကျွန်တော်ချည်း သက်သက်တော့ မဟုတ်ဘူးပေါ့ဗျာ၊ ခင်ဗျားနဲ့ကျွန်တော် တိုင်ပင်ပြီး ရေးကြတာပေါ့၊ ခင်ဗျား သိချင်တာကိုမေး၊ ကျွန်တော်က ဖြေမယ်၊ ကျွန်တော် သတိရတာကိုလည်း မေးမယ်၊ ခင်ဗျားက ဖြေပေါ့"

"အဲဒီလိုဆိုရင် တော်တော်သင့်သင့် ပြည့်စုံတဲ့ ပရိတ်တရားတော် ဆွေးနွေးခန်းကျမ်းတစ်ဆူ ဖြစ်သွားမှာပေါ့၊ ကဲ–ကဲ–စကြစို့"

## ပရိတ်အဓိပ္ပာယ် ရှင်းလင်းချက်

**မေး။** ။ဘာကြောင့် ပရိတ်လို့ခေါ်တာလဲ၊ ပရိတ်အဓိပ္ပာယ်က ဘယ်လိုလဲ။

**ဖြေ။** ။ပရိတ် ဆိုတဲ့ မြန်မာစကားလုံးသည် 'ပရိတ္တ'ဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာသည့် ပါဠိသက် ပါဠိပျက် စကားလုံး ဖြစ်ပါသည်။ ဥပမာ–စိတ္တ ပါဠိစကားလုံးမှ ဆင်းသက်သည့် စိတ်ဟူသော မြန်မာ စကားလုံး ဖြစ်ပေါ်လာသကဲ့သို့ ဖြစ်ပါသည်။

ပရိတ္တ–ဟူသော ပါဠိစကားလုံးမှာ ပရိနှင့်တာ ပုဒ်နှစ်မျိုး ပေါင်းစပ်ထား ပါသည်။ ပါဠိနည်းကျကျ ပုဒ်ခွဲပြရလျှင် ပရိ–ဟူသော ဥပသာရပုဒ် ရှေ့၌ ရှိသော တာ–ဓာတ်နောက်၌ ယ–ပစ္စည်း သက်ထားသည့် ပုဒ်ဖြစ်သည်။ ယင်းကို ဝိဂြိုဟ်ပြုလိုလျှင် "ပရိသမန္တတော တာယတိရက္ခတီတိ ပရိတ္တံ"ဟု ဝိဂြိုဟ်ပြုရသည်။

ဖော်ပြခဲ့သည့် ဝိဂြိုဟ်ပါဠိကို အနက်ပေးမည်ဆိုလျှင်–

| | | |
|---|---|---|
| ပရိသမန္တတော | – | ထက်ဝန်းကျင် ပတ်ပတ်လည်မှ။ |
| တာယတိရက္ခတိ | – | စောင့်ရှောက်တတ်၏။ |
| ဣတိ | – | ထို့ကြောင့်။ |
| ပရိတ္တံ | – | ပရိတ္တ မည်၏။ |

ဟူ၍ အနက်မြန်မာပြန်ဆိုရမည်ဖြစ်ပေသည်။

ထို့ကြောင့် 'ပရိတ္တ'ဟူသော ပါဠိစကားလုံးကို မြန်မာစကားဖြင့် ကြားရသူ နားလည်အောင်ပြန်ဆိုရန်မှာ–

| | | |
|---|---|---|
| ၁။ သဒ္ဒတ္ထ | – | ပါဠိစကားလုံးရှိသည့်အတိုင်း ပြန်ဆိုခြင်း။ |
| ၂။ အဓိပ္ပါယတ္ထ | – | စကားအဓိပ္ပာယ် သက်ရောက်သလို ပြန်ဆိုခြင်း။ |
| ၃။ ဝေါဟာရတ္ထ | – | လောကအသုံးရှိတိုင်း ပြန်ဆိုခြင်း– |

ဟူသော အနက်ပြန်ဆိုနည်း (၃)မျိုးဖြင့် ပြန်ဆိုသင့်ပေသည်။ ယင်း(၃)နည်းဖြင့် ပရိတ္တ–ပုဒ်ကို မြန်မာအနက်ပြန်ရပါလျှင်–

| | | |
|---|---|---|
| ၁။ ပရိတ္တ | – | ထက်ဝန်းကျင်ပတ်ပတ်လည်မှ စောင့်ရှောက်တတ်သောတရားဟူ၍ သဒ္ဒတ္ထ အနက်ပြန်ဆိုရပေသည်။ |
| ၂။ ပရိတ္တံ | – | အကာအကွယ်တရား–ဟူ၍ အဓိပ္ပါယတ္ထ အနက်ပြန်ဆိုရသည်။ |

၃။ ပရိတ္တံ ပရိတ်တရားတော်–ဟူ၍ ဝေါဟာရတ္ထအနက် ပြန်ဆိုရပေသည်။

**ခေတ်အဆက်ဆက် ပရိတ်တော်များ**

မေးပါရစေ ဆရာ။ အခု ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့ ပရိတ် ခေါ်တဲ့ တရားတော်ဟာ ခေတ်အဆက်ဆက်မှာ ဒီပရိတ်တော်ချည်းပဲလား၊ ခေတ်အလိုက် ကွဲပြားပြီး ခေတ်အဆက်ဆက်မှာ ပရိတ်တော်အမျိုးမျိုးရှိသလား ဆရာ”

ဤသို့ ကျွန်တော်က မေးသောအခါ ဆရာကြီး ဦးစာကျော်သည် မျက်စိကို အတန်ကြာအောင် စုံမှိတ်ထားနေပြီးမှ ပြန်ဖွင့်လှစ်ကာ ပြုံးရယ်လျက် ဖြေပါသည်။

“အဲ...အဲ...ခင်ဗျား မေးတာကတော့ ခေတ်အဆက်ဆက် ပရိတ်တော် အမျိုးမျိုးလို့ သာမန် ရောပြွတ်သိပ်ပြီး မေးလိုက်တာပဲ။ ကျွန်တော်ကတော့ နားရှင်းသွားအောင်–

(၁) ဗုဒ္ဓမပွင့်ပေါ်မီခေတ်က ပရိတ်တော်များ။
(၂) ဗုဒ္ဓထင်ရှားရှိစဉ်ခေတ်က ပရိတ်တော်များ။
(၃) အရှင်နာဂသိန်ခေတ် ပရိတ်တော်များ။
(၄) အရှင်ဗုဒ္ဓဃောသခေတ် ပရိတ်တော်များ။
(၅) အရှင်တေဇောဒီပခေတ် ပရိတ်တော်များ။
(၆) မျက်မှောက်ခေတ် ပရိတ်တော်များလို့ ခေတ်ခြောက်မျိုး ခွဲခြားဖြေပြပါ့မယ်။ ဗုဒ္ဓစာပေမှာရှိတဲ့အတိုင်းပေါ့ဗျာ ဟူ၍ အစချီကာ ပြောပြပါသည်။ ယင်းပြောပြချက်များကို ထင်ရှားအောင်ရေးပြပါအံ့။

**(၁) ဗုဒ္ဓမပွင့်မီခေတ်က ပရိတ်တော်များ**

ပရိတ္တဟူသည်မှာ အကာအကွယ်ဟူ၍ အဓိပ္ပာယ်ရှိသောကြောင့် ဂေါတမ မြတ်စွာဘုရားပွင့်တော်မမူမီ ပါရမီဖြည့်ကျင့်နေစဉ် အလောင်းတော်ဘဝမှာ တုန်းကပင်လျှင် အသုံးပြုရွတ်ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။ တွေ့ရှိရသမျှကို ဖော်ပြရလျှင်– (၁) ခန္ဓဇာတ်၊ (၂) မောရဇာတ်၊ (၃) ဝဋ္ဋကဇာတ်၊ (၄) မဃဝတ္ထု၊ (၅) တေလပတ္တဇာတ်၊ (၆) ဆဒ္ဒန္တဇာတ် ဟူ၍ ဝတ္ထုသက်သေ ငါးမျိုးမျှ တွေ့ရှိရပေသည်။ အကျဉ်းချုပ်မျှ ဖော်ထုတ်ပြပါအံ့။

(၁) ခန္ဓဇာတ်၌ အလောင်းတော်မြတ်သည် ရသေ့ဂိုဏ်းဆရာကြီး ဖြစ်သောအခါ တပည့်ရသေ့များစွာ မြွေဆိုးအကိုက်ခံရသောကြောင့် သေဆုံးကြသည်။ ထို့ကြောင့် ခန္ဓပရိတ်ကိုရွတ်ဆိုကြရန် သင်ကြားပေးသည်။ ထိုအခါမှစ၍ ရသေ့များ ခန္ဓပရိတ်ကိုရွတ်ကြသောကြောင့် မြွေဆိုးဘေးရန်မှ လွတ်မြောက်ကြလေသည်။

ယင်းသို့ ဟောပြချက်ကို (ဇာ–၁၊ နှာ–၅၃။ ဇာဋ္ဌ–၂၊ နှာ–၁၃၂။ ဝိ–၄၊ နှာ–၂၄၅၊ အံ–၁၊ နှာ–၃၈၄)တို့၌ တွေ့ရှိရပေသည်။

(၂) မဟောသဓာတ်၌ အလောင်းတော် ဒေါင်းမင်းသည် 'ဥဒေတယံနှင့် အပေတယံ' အစရှိသော ပရိတ်အကာအကွယ်ကို အမြဲရွတ်သည်။ မင်းခုနစ်ဆက် တိုင်တိုင် ဆက်ကာဆက်ကာဖမ်းဆီးရန် မုဆိုးများကို စေလွှတ်ဖမ်းဆီးစေသော် လည်း အလောင်းတော်ဒေါင်းမင်းကို ဖမ်း၍မမိနိုင်ချေ။ ဒေါင်းမကလေး တစ်ကောင် ဖြင့် ထောင်၍ဖမ်းသောအခါကျမှ ဒေါင်းမင်းသည် ဒေါင်းမကလေးကို ချစ်ကြိုက် လွန်းသောကြောင့် ပရိတ်အကာအကွယ်ကိုရွတ်ရန် မေ့သွား၍ မရွတ်မိသော ကြောင့် အဖမ်းဆီး‌ခံရကြောင်း ဖော်ပြထားပေသည်။ ယင်းကို (မဟောသဓာတ် ဇာ– ၁၊ နှာ–၃၀။ ဇာဋ္ဌ–၂၊ နှာ–၂၉။ မဟာမဟောသဓာတ် ဇာ–၁၊ နှာ–၂၉၃။ ဇာဋ္ဌ–၄၊ နှာ–၃၃၃)တို့၌ လေ့လာဖတ်ရှုရပေသည်။

(၃) ဝဋ္ဋကဇာတ်၌ အလောင်းတော် ငုံးငှက်ငယ်သည် တောမီးများ ဝိုင်းရံ တောက်လောင်လာသောအခါ 'သန္တိပက္ခာ'အစရှိသော သစ္စာစကားများကို ဆို၍ ပရိတ်အကာအကွယ်ပြုသောကြောင့် မီးကွင်းသွားလေသည်ဟူ၍ ဟောကြားထားပေ သည်။ ဤအကြောင်းကို (ဇာ–၁၊ နှာ–၉၊ ၂၇၊ ၁၅၃။ ဇာ၊ ဋ္ဌ–၁၊ နှာ–၂၂၈၊ ၄၅၈။ ဇာ၊ ဋ္ဌ–၃၊ နှာ–၂၉၃။ စရိယ၊ နှာ–၄၁၄)တို့၌ ဖတ်ရှုရပေသည်။

(၄) မဃဝတ္ထုဌ္ဌ ကိုမာဃနှင့်အပေါင်းအသင်းတို့သည် ဇရပ် တန်ဆောင်း ဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ လမ်းဖို့ခြင်း စသည့် ကုသိုလ်ကောင်းမှု များကို စုပေါင်းပြုလုပ်ကြသည်။ လူမသမာတို့၏ ကုန်းတိုက်မှုကြောင့် ရွာသူကြီးက ဆင်ဖြင့်နင်း၍ သတ်စေသောအခါ ဆင်များက မနင်းဝံ့ဘဲဖြစ်နေသည်။ ထို့ကြောင့် အာဏာသားတို့က 'သင်တို့မှာ ပရိတ်အကာအကွယ်ရှိကြသလား' ဟူ၍ မေးသည်။ မဃလုလင်နှင့် အပေါင်းပါတို့က "ငါတို့မှာ ပရိတ်အကာအကွယ်ရှိသည်။ ယင်း အကာအကွယ် ဟူသည်မှာ အခြားမဟုတ်။ ငါးပါးသီလစောင့်ထိန်းခြင်း၊ မေတ္တာ ပွားခြင်း၊ လမ်းခင်းခြင်း၊ သည်းခံခြင်း စသော ကုသိုလ်တရား များဖြစ်သည်"ဟူ၍ ဖြေဆိုကြောင်း မဃဝတ္ထုဌ္ဌလာရှိသည်။ ထိုဇာတ်လမ်းကို (ဇာ၊ ဋ္ဌ၊ ၁၊ နှာ–၂၁၆)၌ ဖော်ပြထား၏။

(၅) တေလပတ္တဇာတ်၌ ဗာရာဏသီမင်းကြီး၏ သားတော်ကလေးသည် တက္ကသိုလ်ပြည်သို့ မင်းအဖြစ်ကိုယူရန်သွားသောအခါ လမ်းခရီးရှိ တောအုပ် ကြီးကို ဖြတ်ကျော်သွားရမည်ဖြစ်၍ ဘေးရန်အမျိုးမျိုးမှ ကင်းလွတ်စေရန် အရှင်

ပစ္စေကဗုဒ္ဓါတို့က ပရိတ်ချည်, ပရိတ်သဲ စသည် ပေးလိုက်ကြောင်း လာရှိသည်။ ယင်း တေလပတ္တဇာတ်ကို (ဇာ၊ ဋ္ဌ၊ နှာ-၄၂၈)၌ ဖတ်ရှုလေ့လာနိုင်သည်။

(၆) ဆဒ္ဒန္တဇာတ်၌ ဆဒ္ဒန်ဆင်မင်းက မုဆိုးအား အစွယ်ကိုလှူပြီးနောက် သင်သည် လူတို့ရွာမှ ဤနေရာအထိ မည်မျှ အချိန်ကြာစွာ လာခဲ့ရသနည်း' ဟူ၍ မေးသည်။ မုဆိုးက 'ငါသည် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာ လာခဲ့ရသည်'ဟု ပြောသောအခါ 'သင်သည် အပြန်၌ ခုနစ်ရက်တည်းဖြင့် ပြန်ရောက်လိမ့်မည်'ဟုပြောပြီး ပရိတ်အကာအကွယ်ပေး၍ ပြန်လွှတ်လိုက်ကြောင်း လာရှိသည်။ ဤအကြောင်းကို ဆဒ္ဒန်ဆင်မင်းဝတ္ထု (ဇာ၊ဋ္ဌ-၅၊ နှာ-၅၄)၌ ဖတ်ရှုနိုင်ပေသည်။

ဤသို့လျှင် ဇာတ်ပါဠိ၊ စရိယပိဋကပါဠိ၊ ဇာတ်အဋ္ဌကထာ၊ စရိယပိဋက အဋ္ဌကထာ၊ ဝိနည်းအဋ္ဌကထာတို့အရ ဗုဒ္ဓမြတ်စွာမပွင့်ပေါ်သေးမီ အလောင်းတော်ဘဝတို့၌ပင်လျှင် ပရိတ်တော်များရှိခဲ့ပုံကို သိရှိရပေသည်။

## (ခ)ဗုဒ္ဓခေတ် ပရိတ်တော်

မြတ်ဗုဒ္ဓရှင်တော်ဘုရား ပွင့်ထွန်းပေါ်ပေါက်လာသည့်အခါ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန် မြတ်ဗုဒ္ဓရှင်တော်ဘုရားက သုတ်, ပရိတ်တော်များကို ဟောကြားတော်မူသဖြင့် ထင်ရှားဖြစ်ပေါ်လာသော ပရိတ်တော်များကို ဗုဒ္ဓခေတ်ပရိတ်တော်များဟူ၍ ဆိုပါသည်။

ယင်း ပရိတ်တော်များမှာ- (၁) မင်္ဂလသုတ်၊ (၂) ရတနသုတ်၊ (၃) မေတ္တသုတ်၊ (၄) ခန္ဓသုတ်၊ (၅) အာဋာနာဋိယသုတ်၊ (၆) အင်္ဂုလိမာလသုတ်၊ (၇) ဗောဇ္ဈင်္ဂသုတ် ဟူ၍ ခုနစ်သုတ်ရှိပေသည်။ ထင်ရှားစေရန် အကျဉ်းမျှ ရှင်းပြပါရစေ။

(၁) မင်္ဂလသုတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူသည်။ သုတ်၏အဆုံး ဂါထာဖြင့် ဤသုတ်လာတရားတော် သုံးဆယ့်ရှစ်ပါးကိုကျင့်သုံးလျှင် မကောင်းကျိုးများ ပပျောက်၍ ကောင်းကျိုးများ ဖြစ်ပေါ်နိုင်ကြောင်း ဟောပြထားသည်။ ယင်းသုတ်ကို (ခုဒ္ဒကပါဠ၊ နှာ-၃။ သုတ္တနိ၊ နှာ-၃၁၈)တို့နှင့်ဆိုင်ရာ အဋ္ဌကထာတို့၌ လေ့လာဖတ်ရှုနိုင်သည်။

(၂) ရတနသုတ်ကို မြတ်စွာဘုရား ဝေသာလီပြည်၌ ဟောတော်မူသည်။ ရောဂါဘေး ဘီလူးဘေး အငတ်ဘေးများပျောက်ပစေရန် ဟောတော်မူခြင်းဖြစ်သည်။ အရှင်အာနန္ဒာကိုလည်း နေရာအနှံ့အပြား လှည့်လည် ရွတ်စေသည်။ ခုနစ်ရက်အတွင်း

အေးချမ်းသွားလေသည်။ ယင်းသုတ်၏ အကြောင်းအရာ အပြည့်အစုံကို ခုဒ္ဒကပါဠ၊ နှာ–၄။ သုတ္တနိ၊ နှာ–၃၁၂ တို့နှင့် ယင်း အဋ္ဌကထာတို့၌ လေ့လာဖတ်ရှုနိုင်သည်။

(၃) မေတ္တာသုတ်ကို မြတ်စွာဘုရားသည် ရဟန်းတော်ငါးရာတို့ကို ဟောတော်မူသည်။ ယင်းရဟန်းတို့သည် ကမ္မဋ္ဌာန်းပွားများရန် တောအုပ်ကြီးတစ်ခု၏ အတွင်းသို့ ကြွရောက်ကြရာ သစ်ပင်များ၌နေသည့် နတ်များက သူတို့ အနေအထိုင် ခက်သောကြောင့် ရဟန်းများမနေနိုင်အောင် ကြောက်ဖွယ်ရုပ်ဆင်းနှင့် မကောင်းသော အနံ့များကို ဖြစ်စေလျက် ခြောက်လှန့်ကြသည်။ ရဟန်းများ ကြောက်၍ မြတ်စွာဘုရားထံ ပြန်၍လျှောက်သောအခါ ဤမေတ္တာသုတ်ကိုရွတ်ရန် ဟောကြားသင်ပေးသည်။ ရဟန်းများ မေတ္တာသုတ်ကို ရွတ်ကြသောအခါ နတ်များကြည်ညို၍ မခြောက်လှန့်ဘဲ ရှိခိုးပူဇော်ကြသည်။ ယင်းမေတ္တာသုတ်အကြောင်းကို (ခုဒ္ဒက၊ နှာ–၃။ သုတ္တနိ၊ နှာ–၃၀၀)နှင့် အဋ္ဌကထာများ၌ လေ့လာဖတ်ရှုနိုင်ပေသည်။

(၄) ခန္ဓသုတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောတော်မူသည်။ တပည့်သား ရဟန်းတော်များ ကြောက်ရွံ့ခြင်းမရှိစေရန် ရတနာသုံးပါး၏ဂုဏ်တော်တို့ကိုကို ဖော်ပြ၍ ဟောတော်မူသည်။ ယင်းသုတ်အကြောင်းကို (သံ–၁၊ နှာ–၂၂၀)၌ ဖတ်ရှုနိုင်သည်။

(၅) အာဋာနာဋိယသုတ်ကို စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့၏ လျှောက်ထားချက်အရ ဗုဒ္ဓဘာသာဝင်ရှင်လူတို့အား နတ်မိစ္ဆာများက မနှောင့်ယှက်နိုင်စေရန် ဟောတော်မူခြင်းဖြစ်သည်။ ယင်းသုတ်ရင်းမှာ အစ ခြောက်ဂါထာမျှသာ ဖြစ်သည်။ ကျန်ဂါထာများမှာ ရှေးဆရာတော်ကြီးများ ဗုဒ္ဓစာပေနှင့်အညီ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ နောက်ဆုံးဖြစ်သော အဘိဝါဒန–ချီ ဂါထာမှာ ဓမ္မပဒ ပါဠိတော်၌လာသောဂါထာ ဖြစ်သည်။ ယင်းသုတ်ရင်းကို (ဒီ၊ ၃။ နှာ–၁၅၈)၌ ဖတ်ရှုနိုင်ပါသည်။

(၆) အင်္ဂုလိမာလသုတ်မှာ– အရှင်အင်္ဂုလိမာလက မီးမဖွားနိုင်သည့် အမျိုးသမီးကလေးကိုကယ်ဆယ်ရန် ရွတ်ဆိုခဲ့သည့် ပရိတ်တော်ဖြစ်သည်။ ယင်းသုတ်တန်ခိုးကြောင့် အမျိုးသမီး လွယ်ကူစွာ မီးဖွားနိုင်ခဲ့သည်။ ထိုအကြောင်းကို (မ–၁၊ နှာ–၃၀၁)၌ ဖတ်ရှုနိုင်ပါသည်။

(၇) ဗောဇ္ဈင်သုတ်ကို အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပတို့နှင့် မြတ်စွာဘုရားကိုယ်တော်တိုင် မကျန်းမာသောအခါ ထိုရောဂါတို့မှ ပျောက်ကင်းစေရန် ဟောတော်မူသည်။ ယင်း(၃)သုတ် စုဏ္ဏိယပါဠိကို ရှေးဆရာကြီးများက ပေါင်း၍

ဂါထာဖွဲ့စီ၍ 'သစ္စာဆိုထားခြင်း' ဖြစ်သည်။ မူရင်းသုတ်များကို (သံ–၃၊ နှာ–၂၇၂)၌ ဖတ်ရှုနိုင်သည်။

ဤသို့လျှင် ဗုဒ္ဓခေတ် ပရိတ်တော် ခုနစ်သုတ်ကို လေ့လာဖတ်ရှုရပေသည်။ ပုဗ္ဗဏှသုတ်အကြောင်းမှာ နောက်၌ ထင်ရှားပါလိမ့်မည်။

## (ဂ) အရှင်နာဂသိန်ခေတ် ပရိတ်တော်များ

မြတ်ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်ပေါင်းငါးရာခန့်ကြာသောအခါ ဗုဒ္ဓသာသနာတော်ကို ယုံကြည်၍ တတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်ကြီးနှစ်ဆူ ပေါ်ထွန်းခဲ့သည်။ ယင်းနှစ်ဆူမှာ အရှင်နာဂသေန ခေါ် ရဟန်းတော်နှင့် မိလိန္ဒ ခေါ်သော ရှင်ဘုရင်တို့ ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးသည် သာသနာရေးရာနှင့်ပတ်သက်၍ ခဲရာခက်ဆစ်များကို ကြံစည်၍ မေးကြ ဖြေကြသည်။ ယင်းသို့ မေးကြ ဖြေကြခဲ့သော အမေး အဖြေများကို ကျမ်းတစ်စောင်ပြု၍ မိလိန္ဒပဉှကျမ်း ဟူ၍ သာသနာတော်၌ ထင်ရှားသည်။ ယင်း ကျမ်း (စာမျက်နှာ ၁၅၂ မှစ၍) မစ္စုပါသမုတ္တိပဉှာ ခေါ် သေမင်းထောင်ချောက် လွတ်ကင်းရေး မေးခွန်းကဏ္ဍတွင် အရှင်နာဂသိန်က–ပရိတ်ရွတ်ခြင်းအကျိုးနှင့် အကျိုးရှိအောင် ရွတ်ဖတ်နည်းများကို ရှင်းပြ ဖြေဆိုတော်မူထားသည်။ ယင်းဖြေဆိုချက်တွင်– (၁) ရတနသုတ်၊ (၂) မေတ္တသုတ်၊ (၃) ခန္ဓ သုတ်၊ (၄) မောရသုတ်၊ (၅) ဓဇဂ္ဂသုတ်၊ (၆) အာဋာနာဋိယသုတ်၊ (၇) အင်္ဂုလိမာလသုတ် ဟူသော ပရိတ်တော်ခုနစ်သုတ် အမည်များကို ဖော်ပြထားပေသည်။

## (ဃ) အရှင်မဟာဗုဒ္ဓဃောသခေတ် ပရိတ်တော်များ

မြတ်ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် နှစ်ပေါင်း ကိုးရာခန့် ရောက်သောအခါ အရှင်မဟာဗုဒ္ဓဃောသ ဘွဲ့မည်ရှိ သာသနာ့ ကျေးဇူးရှင်ကြီး မထေရ်မြတ်ကြီးတစ်ပါး ပေါ်ထွန်းလာသည်။ ထိုအရှင်သည် ဗုဒ္ဓဟောကြားသည့် ပါဠိတော်များကို ဖွင့်ဆိုသော အဖွင့်အဋ္ဌကထာသစ်များကို ရေးသားစီရင်တော်မူခဲ့သည်။ ယင်းအဋ္ဌကထာများ၌ ဆိုင်ရာဆိုင်ရာရောက်သောအခါ ပရိတ်တော် အကြောင်းများကို ရေးသားဖော်ပြထားသည်။ ယင်းတို့မှာ–

(၁) ပါရာဇိကကဏ် အဋ္ဌကထာ၊ ပထမတွဲ၊ နှာ–၁၂၉။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ–၄၄ တို့၌ ရတနသုတ်၊ ခန္ဓသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ မောရသုတ် ဟူ၍ ပရိတ်တော် ငါးသုတ် ပြဆိုသည်။

(၂) အင်္ဂုတ္တရအဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ–၂၁၀ ၌ အာဋာနာဋိယသုတ်၊ ဣသိဂိလိသုတ်၊ ဓဇဂ္ဂသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ မေတ္တာသုတ်၊ ရတနသုတ်ဟူ၍ ပရိတ်တော် ရှစ်သုတ် ပြဆိုထားသည်။

(၃) ပါထိကဝဂ္ဂအဋ္ဌကထာ၊ နှာ–၈၁။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ နှာ–၇၉။ အင်္ဂုတ္တရအဋ္ဌကထာ၊ ပထမတွဲ၊ နှာ–၃၅၈။ သမ္မော ဟဝိနောဒနီ အဋ္ဌကထာ၊ နှာ–၄၁၁ တို့၌ အာဋာနာဋိယသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ် စသည်ဟူ၍ စသည် သဒ္ဒါဖြင့် သိမ်းကျုံးဖော်ပြ ထားသည်။

(၄) စူဠဝဂ္ဂ အဋ္ဌကထာ၊ နှာ–၂၁၅ ၌ ယက္ခပရိတ်နှင့် နာဂမဏ္ဍလပရိတ် ဟူ၍ ပါရှိပေသည်။ ယက္ခပရိတ် ဟူသည်မှာ ဘီလူးနိုင် ပရိတ်ဟု ဆိုလို၍၊ နာဂမဏ္ဍလ ပရိတ်ဟူသည်မှာ နဂါးစည်းချပရိတ် ဟူ၍ ဆိုလိုဟန် ရှိပေသည်။ ယင်းပရိတ်များကို ရဟန်းတော်များ ရွတ်ဆို ကောင်းသည် ဟူ၍ ဖွင့်ပြသည်။

ဤသို့ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာ၌ဖော်ပြထားသော ပရိတ်တော် အမည်များကို တူရာစုပေါင်းလိုက်လျှင်–

"ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယ သုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ဣသိဂိလိသုတ်၊ ယက္ခပရိတ်၊ နာဂမဏ္ဍလပရိတ်" ဟူ၍ ပရိတ်တော် ဆယ်သုတ် ရရှိလေသည်။ ယင်းတွင် ဣသိဂိလိသုတ် ဟူသည်မှာ ဥပရိပဏ္ဏာသပါဠိတော် နှာ–၁၁၂ ၌ပါရှိသည့် သုတ်ဖြစ်သည်။ ယင်း၌ ဣသိဂိလိ တောင်၌ သီတင်းသုံးတော်မူကြသည့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏အမည်တော်များကို ဖော်ပြထားပေသည်။ ယက္ခပရိတ်နှင့် နာဂမဏ္ဍလပရိတ်တို့ကား ယခုအခါ အစရှာမရအောင် ပျောက်ကွယ်သွားကြလေပြီ။

## ( င) အရှင်တေဇောဒီပခေတ် ပရိတ်တော်များ

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း နှစ်ထောင်တစ်ရာ့ငါးဆယ့် သုံးခုသို့ရောက်သောအခါ အရှင်တေဇောဒီပဘွဲ့မည်ရှိ ပရိတ္တဋီကာကျမ်းပြုဆရာတော် ပေါ်ထွန်းခဲ့သည်။ ယင်းဆရာတော်၏ ပရိတ္တဋီကာကျမ်း၌ ဖွင့်ဆိုထားသည့် ပရိတ်တော်များကို အရှင်တေဇောဒီပခေတ် ပရိတ်တော်များဟု ဆိုလိုပါသည်။

ယင်း ဋီကာကျမ်း၌ ယခုခေတ် ဆယ်စောင်တွဲစာအုပ်တွင်ရှိနေသည့် ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်နှစ်ဆူ မပါဘဲ ပရိတ်တော်ကိုးဆူကိုသာ ဖွင့်ပြထားပေသည်။ ဝဋ္ဋသုတ်

မပါသည်မှာ ထိုခေတ်က ဝဋ္ဋသုတ်ကို ပရိတ်တော်အဖြစ် မသုံးစွဲသေး သောကြောင့် ဟူ၍ ယူဆရပေသည်။

ပုဗ္ဗဏှသုတ်မှာ 'ယံဒုန္နိမိတ္တံ' ဂါထာမှစ၍ "အပ္ပရာဇိတ ပလ္လင်္ကေ" ဂါထာအဆုံး အထိ ဂါထာတို့ကို ဖွင့်ဆိုထားသော်လည်း ပုဗ္ဗဏှသုတ်ဟူ၍ အမည်မှည့်ဖြင့် မဖွင့်ဆိုချေ။ 'ရှေးဆရာကြီးတို့ ထားရှိခဲ့သော ဂါထာများ ( မာစ ဂါထာယော ပေါရာ ဏောဟိ မဟာစရိယေဟိ ဌပိတာတိ)ဟု ဖွင့်ဆိုထားပေသည်။ ထို အရှင် တေဇောဒီပခေတ်နောက်ပိုင်းကျမှသာ ရှေးဆရာကြီးတို့၏ ထားအပ်သော ယံဒုန္နိမိတ္တံ မေတ္တာဘာဝနာဂါထာတို့၏အပြီး၌ အင်္ဂုတ္တရပါဠိတော်လာ 'သုနက္ခတ္တံ' ချီ ဂါထာနှင့် 'ပဒက္ခိဏံ' ချီ ဂါထာနှစ်ပုဒ်ကိုဖြည့်စွက်၍ အားလုံးကို ပုဗ္ဗဏှသုတ်ဟူ၍ အမည်ပေးခြင်းဖြစ်သည်ဟု ယူဆရပေသည်။ 'ယံကိဉ္စိဝိတ္တံ' ဂါထာကား ရတနာ သုတ်မှယူ၍ 'ဓမ္မ' နှင့် 'သံဃ' ပွားထားခြင်းဖြစ်ပေသည်။

ဤသို့လျှင် ကျွန်တော်နှင့် ဆရာဦးစာကျော်တို့ ဆွေးနွေးကြသော ခေတ်ငါးခေတ်ရှိ ပရိတ်တော်များအကြောင်းကို ရေးသားတင်ပြလိုက်ပါသည်။

**ပရိတ်ကြီး–ပရိတ်ငယ်**

"ဒီနေ့ ကြုံကြိုက်တုန်းမှာ ဆရာနှင့် ကျွန်တော်တို့ ပရိတ်ကြီး ပရိတ်ငယ် အကြောင်းကို ဆွေးနွေးကြည့်ကြရအောင်လား ဆရာကြီး ခင်ဗျား"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကောင်းပါတယ် ကိုတက်အင်းရဲ့၊ ခင်ဗျား ဘယ်လိုများ မှတ်သားရဖူးသလဲ၊ ပြောစမ်းဗျာ"

"ဟို အရင်တုန်းက၊ ဘိုးတော်ဘုရားလက်ထက်တုန်းက ရှိဖူးတာတဲ့၊ ပါဠိ သဒ္ဒါလောကမှာ သဒ္ဒါကြီးရှစ်စောင်ရှိသလို သဒ္ဒါငယ်တစ်ဆယ့်လေးစောင် စသည် ရှိခဲ့တယ်၊ အဲဒီလို အကြီးအငယ် တွဲဖက်၍ ရှိတဲ့အတိုင်း ပရိတ်ကြီးလို့ ရှိနေတော့ ပရိတ်ငယ်များ ရှိသေးသလားလို့ ပြဿနာတစ်ရပ် ဖြစ်ဖူးတယ်ဆိုပဲ ဆရာရဲ့"

"အဲ–အဲ–ဟုတ်ပြီ၊ အဖြေက ဘယ်လိုတဲ့လဲ"

"အဖြေကတော့ ပရိတ်တော်တစ်စောင်စီရဲ့အမွှန်းဂါထာများမှာ 'ပရိတ္တံ တံ ဘဏာမဟေ' လို့ 'ပရိတ္တ' သဒ္ဒါပါတဲ့ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊မောရသုတ်၊ ဝဋ္ဋသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ အင်္ဂုလိမာလသုတ် ဟူသော ပရိတ်တော် ရှစ်သုတ်က ပရိတ်ကြီးဖြစ်၍ 'ပရိတ္တ' သဒ္ဒါမပါဘဲ 'မင်္ဂလံ တံ ဘဏာမဟေ'၊ 'ဗောဇ္ဈင်္ဂ ဘဏာမဟေ' လို့သာ အမွှန်းဂါထာပါတဲ့ မင်္ဂလသုတ်နဲ့ ဗောဇ္ဈင်္ဂသုတ် ဆိုတဲ့ ပရိတ်တော်နှစ်သုတ်က ပရိတ်ငယ်ဖြစ်ကြောင်း ဆုံးဖြတ်ပါသတဲ့"

"အဲဒီဆုံးဖြတ်ချက်ကို ခင်ဗျား ဘယ်လိုတွေ့ရသလဲ"

"မှုရင်း ဆုံးဖြတ်ချက်ကိုတော့ မတွေ့ဖူးပါဘူး ဆရာ၊ ဗဟုသုတအဖြစ် ဖော်ပြထားတဲ့ မှတ်စုကိုသာ ဟံသာဝတီပုံနှိပ်တိုက်ရိုက် စလင်းဆရာတော် ပြုစုသည့် စလင်းပရိတ်ကြီးနိဿယစာအုပ်၊ စာမျက်နှာ(၂၅၂)မှာ ပါရှိကြောင်း ကိုသာ ဖတ်ရဖူးပါတယ် ဆရာ"

"ဩော် ဩော် ဟုတ်ရဲ့လား၊ ပရိတ်တော်ရဲ့စာအနေအတိုင်းအတာ၊ တန်ခိုး ထက်မြက်ပုံအတိုင်းအတာ စသည်အရ အကြီးအငယ် မခွဲခြားဘဲ 'ပရိတ္တံ တံ ဘဏာမဟေ'ဆိုတဲ့ စကားရပ်ထဲမှာ 'ပရိတ္တပုဒ်' ပါ,မပါကို ကြည့်၍ အကြီးအငယ် ခွဲ၍ ပရိတ်ကြီး-ပရိတ်ငယ် ခွဲခြားတယ်ဆိုတာကိုတော့ သိပ်ပြီး သဘောကျစရာ မကောင်းလှဘူးဗျ။ သို့ပေမယ့် ရှေးဆရာကြီးများရဲ့ အဆုံးအဖြတ်စကားဆိုတော့ ပယ်ပစ်ရန် မသင့်ပေဘူးပ။ အခြား တစ်နည်းအဖြစ်ဖြင့် ကျွန်တော် တွေ့ဖူးထားတဲ့ ပရိတ်ကြီး-ပရိတ်ငယ် ခွဲခြားပုံကလေးကိုတော့ ကျွန်တော် တင်ပြချင်ပါတယ် ကိုတက်အင်းရဲ့"

## ပရိတ်ငယ် သီးသန့်ရှိပုံ

"ကျွန်တော်ကတော့ ယခု ဆယ်စောင်တွဲ စာအုပ်များမှာ ပါရှိတဲ့အတိုင်း ပရိတ်ကြီး တစ်ဆယ့်တစ်သုတ် ရှိသလိုပဲ၊ အခြား ပရိတ်ငယ်များလဲ သီးသန့် ပရိတ်ငယ်အဖြစ် ရှိသေးတယ်လို့ ဆိုချင်ပါတယ်ဗျာ" [၁]

"ဆိုချင်ရတဲ့ အကြောင်းရင်းကိုလဲ ရှင်းပြပါဆရာ"

"ဟုတ်ကဲ့၊ အကြောင်းရင်းကို တင်ပြရှင်းလင်းပါ့မယ်၊ အကြောင်းရင်းကတော့ (၄)မျိုးဗျ။

(၁) ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလထုတ် သွေးသောက် မဂ္ဂဇင်း အမှတ်(၃၆၁)မှာ ဆောင်းပါးရှင် ပြည်မောင်ကြိုင်က ပြည်မြို့ ရွှေဘုန်းပွင့်ပိဋကတိုက်မှာ မန်းကျည်း ပင်ရွာမှရသော ပေစာတစ်ထုပ်၌ ပရိတ်ငယ် ငါးသုတ်ကို တွေ့ရသည်။ ယင်းတို့မှာ (၁) ဖျံမင်းပရိတ်၊ (၂) ဝက်မင်းပရိတ်၊ (၃) မြွေခွေး မင်းပရိတ်၊ (၄) မျောက်မင်း ပရိတ်၊ (၅) လိပ်မင်းပရိတ် တို့ဖြစ်ကြောင်း။ ထို့ကြောင့် ပရိတ်ကြီး (၁၁)သုတ် သီးသန့်ရှိ၍ အခြား ပရိတ်ငယ်သီးသန့်ရှိကြောင်း ဖော်ပြထားပါသည်တဲ့။ အဲဒါ

---

[၁] ပရိတ်ငယ် သီးခြားရှိပုံအကြောင်းကို ရန်ကုန်တက္ကသိုလ် ပါဠိဌာန တွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာကြီးဦးလေးမြင့် မောင်လွင်ရည်(ဝိဇ္ဇာ-သိပ္ပံ)ကလောင်အမည်ခံ၍ "သမ္ဗုဒ္ဓ ပရိတ်ငယ်များ" စာအုပ်၌ အပြည့်အစုံဖော်ပြရေးသားထားပါသည်။ (တည်းဖြတ်သူ)

ကြောင့် ပရိတ်ကြီး(၁၁)သုတ် သီးသန့်ရှိသလို ပရိတ်ငယ်ဟာလဲ သီးသန့်ရှိသေးတယ်လို့ ယူဆပါတယ်။

(၂) ကျွန်တော် ငယ်ငယ် လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ခန့်ကဆိုပါတော့၊ စက္ကူပုံနှိပ်မှု ယခုခေတ် ဆယ်စောင်တွဲစာအုပ်အရွယ်ခန့် စာအုပ် တစ်အုပ်ထဲမှာ ပရိတ်ငယ်(၁၄)သုတ်ဟူ၍ ခေါင်းစဉ်ထိုးထား၍ ပရိတ်ငယ်(၁၄)သုတ်ကို ရေးသားထားပါတယ်။ သေသေချာချာ မှတ်မိသည်မှာ ယင်း ပရိတ်ငယ်(၁၄)သုတ်တွင် နေပရိတ်၊ လပရိတ်အမည်ဖြင့် ပရိတ်ငယ် နှစ်သုတ် ပါဝင်ပါတယ်။ နေပရိတ်ဆိုတာကတော့ 'တထာဂတံ အရဟန္တံ၊ သူရိယော သရဏံဂတော' အစချီတဲ့ သူရိယသုတ် ပါပဲ၊ လပရိတ်ဆိုတာကတော့ 'တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော' အစချီတဲ့ စန္ဒိမာသုတ်ပါ။ အခု သတိရပြီး ပြန်ဖတ်ချင်လို့ ရှာစမ်းကြည့်တော့ အဲဒီစာအုပ်နှင့်တကွ စာအုပ်ပိုင်ရှင်များ မရှိတော့ကြောင်း သိရပါတယ်။ စာအုပ်က ပုံနှိပ်စက္ကူမှုဆိုတော့ တစ်နိုင်ငံလုံးမှာ ပြန့်နှံ့တည်ရှိနေမည် ဖြစ်သောကြောင့် နောက်ဆက်လက် ပေါ်ထွက်လာနိုင်ပါတယ်။ အဲဒီအချက်ကို ထောက်ထားပြီး ပရိတ်ငယ်သီးသန့်ရှိကြောင်း ကျွန်တော်ပြောတာပါ။

(၃) ပရိတ်ငယ်ရှိကြောင်း ယုံကြည်လို့ ကျွန်တော်ဟာ ရင်းနှီးတဲ့ပုဂ္ဂိုလ်များထဲမှာ ပရိတ်ငယ်များ ရှိ, မရှိ၊ တွေ့ဖူး, မတွေ့ဖူး စုံစမ်းတော့ မိတ်ဆွေဘုန်းကြီးတစ်ပါးက ပုရပိုက်စာမူအချို့ ပေးပါတယ်။ ပုရပိုက်တစ်မူတဲမှာ 'ယခုအခါ၌ အလွန်တွေ့ရခဲလှစွာသော ပရိတ်ငယ်(၁၄)သုတ်ကိုဖော်ပြပေအံ့' ဟူ၍ ခေါင်းစဉ်ထိုးပြီး ပရိတ်ငယ်များကို ရေးထားပါတယ်။ ပုရပိုက်က လက်ရေးသင်ပုရပိုက်ဖြစ်ရုံမက နှစ်ပေါင်းကြာပြီး ကန့်ကူဆံမှာညံ့သောကြောင့် မှုန်မှုန်မွှားမွှားဖြစ်နေလို့ ဖတ်လို့ မလွယ်ဘူးဗျ၊ မှတ်မိတာကတော့ ဝက်မင်းပရိတ်ဆိုသည်မှာ ပါဠိဘာသာဖြင့်မဟုတ်ဘဲ သက္ကဋ ဘာသာ ကလာပ်စာလုံးများဖြင့် ရေးထားပါတယ်။ ယခု သတိရလို့ ဖတ်ရန်ကြိုးစားကဲ့ အခါမှာ စာလုံးများမှေးမှိန်နေတဲ့အပြင် ပုရပိုက်မှာ ပရိတ်ငယ်(၁၄)သုတ် ပါတဲ့ အပိုင်းမှာ ရှာမရဘဲ ဖြစ်နေတော့ ဖတ်ရန် လက်လျှော့လိုက်ရပါတယ်။ အဲဒါကြောင့် ပရိတ်ငယ်ရှိကြောင်း သိနိုင်ပါတယ်။

(၄) ကျွန်တော် ငယ်ငယ်တုန်းက ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေးတဲ့ ခွေးပရိတ်အကြောင်းပါတဲ့ လေးချိုးကြီးတစ်ပုဒ်ကို အလွတ်ရအောင် ကျက်ခဲ့ဖူးပါတယ်။ ခွေးပရိတ်ကိုလည်း အရကျက်ခဲ့ဖူးပါတယ်။ ခွေးပရိတ်မှာ ပါဠိဘာသာဖြစ်၍ မေ့သွားပြီ ဖြစ်ပါသည်။ လေးချိုးကြီးမှာမူ မြန်မာဘာသာ ကာရန်မိကဗျာဖြစ်လို့ ယခုအထိ မမေ့သေးပါ။ အဲဒီ လေးချိုးကို အရီးစိမ့် ဆန်ခံသွားရာမှ ခွေးကိုက်ခံရသောကြောင့် ခွေးပရိတ်ဖြင့် မန်း၍ ကုသရပုံကို ဖော်ပြရေးသားထားတာပေါ့ဗျာ။

ဒီနေရာမှာ ခွေးပရိတ်နဲ့သက်ဆိုင်တဲ့ တတိယအမျိုးများကိုသာ ရေးပြပါမယ်။ လေးချိုး တစ်ပုဒ်လုံးရေးရန် မလွယ်ပါ။

"ဆေးအထူးမတိုက်ခင် အကြံရသနဲ့၊ ခွေးရူးကိုက်လျှင် မပြန်ရအောင်ဘဲ၊ ဆန်ခံအကြွတွင်မှ အုန်းနဲ့ထည့်ကျက်ကိုဝယ်၊ မဆုံးသင့်တဲ့ အသက်နယ်ပေမို့ ဆရာတစ်ဖန်မန်း၊ ဩော်-ဘုန်းသခင့် အကျက်လယ် နေကျ ဂါထာမန္တန်အစွမ်း။ ။

"စိမ်းစိမ်းမှာကွာ၊ ငြိမ်းငြိမ်းမနေတာကြောင့်၊ ခေ-ကြမ္မာသေမှာနီးတောင်မှ၊ ပုတီးမစိပ်ချင်တဲ့အပြင်၊ အအိပ်ဝါသနာ သန်လို့မို့၊ နှစ်ခါပြန်အငြိမ့်နဲ့ ဇာတ်ကိုကြံရာမှ၊ ဘာဘာညာညာအကုန်၊ အရာရာ စုံလိုက်ပုံကလဲ၊ တအာရုံ အနိစ္စ အနိစ္စနဲ့၊ နှစ်ဖြာအစုံ မိတ်နှစ်ဝ တွဲချင်တဲ့၊ ကာမဂုဏ်ကိစ္စလေးကလဲ မနဲလေရှော့သလား၊ ရတနာပုံ အရိပ်ပြပွဲကိုတော့၊ စိတ်ကလဲ ပါတာတာ၊ ဒိဋ္ဌိစွဲရှာတဲ့ တမှောင့်ဘစ်ဘဝ မိးတွေကြောင့်၊ အကြောင့်ကျကြီး ကြောင့်ကျစရာ၊ အမွေးတထောင်ထောင်နဲ့ လိုက်တဲ့၊ မပြေးမရှောင်သာအောင်၊ ခွေးကြောင်က ကိုက်ပြန်တော့၊ အလိုက်ဘာသာလဝ မနေသာဘဲ၊ မသေစရာမှာ တဖေဆရာရဲ့ အရေးပေမို့၊ ထွေထွေရာရာ ဆေးတွေဝါးတွေ စားပစေလို့ ပေးပြီးတော့၊ အေးအေးဆေးဆေး တတွေးတွေးနဲ့၊ ဖြည်းဖြည်းနိုပ်လို့မို့ ခွေးပရိတ်ရယ်နဲ့၊ သွေးတိတ်အောင်မန်း။

အဲဒါက သခင်ကိုယ်တော်မှိုင်း ရေးတဲ့ ခွေးဂဏ္ဍိကျမ်း လေးချိုးကြီးထဲက တတိယအချိုးနဲ့ စတုတ္ထအချိုးများပါပဲ။ ဖော်ပြပြီးဖြစ်တဲ့ အချက်လေးမျိုးကို ထောက်ထား၍ ပရိတ်ကြီး(၁၁)သုတ် သီးသန့်ရှိသကဲ့သို့ ပရိဟ်ငယ်ကလည်း သီးသန့် ရှိကြောင်း တင်ပြလိုပါတယ်။

## အခန်း (၂)

## သမန္တာ စက္ကဝါဠသု–ဆွေးနွေးခန်း

**နောက်မှပေါ်တဲ့ သမန္တာ**

"ဆရာကြီး ဦးစာကျော် ခင်ဗျား၊ ပရိတ်တရားတော်နှင့် သက်ဆိုင်သည့် အခြေခံအကြောင်းအရာအချို့ကိုတော့ ဆရာနှင့်ကျွန်တော်တို့ တော်တော်များများ ကလေး ဆွေးနွေးခဲ့ရပါပြီ။ ပရိတ်တရားတော်စာသားပါ သိသင့်သိထိုက်တဲ့ အချို့အကြောင်းအရာကလေးများကိုလည်း နည်းနည်းဆွေးနွေးကြပါဦးစို့ဗျာ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ခတ်ကွင်းပြင်နေရင်းနဲ့ ရွာသစ်ကြီး ရောက်သွားတယ်ဆိုတဲ့စကားပုံလို ပရိတ်တရားဆွေးနွေးခန်းဆိုပြီး အပြင်ပန်း အကြောင်းအရာတွေကို ဆွေးနွေးရင်း အချိန်ကုန်ပြီး လိုရင်းပရိတ်တရားတော် အသားကို မထိရောက်ဘဲ ဖြစ်သွားမယ်၊ ကဲ–ကဲ ကိုတက်အင်းက စပြော"

"ပရိတ်ကြီး(၁၁)သုတ်ကို မရွတ်ရသေးမီ အစဆုံးက သမန္တာ အစချီတဲ့ နတ်ပင့်ကပဲ စကြပါစို့၊ ပြီးတော့လည်း ညွှန်းလို့လွယ်ကူအောင် သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက်မှ သာသနာနှစ် ၂၅၃၀ ရိုက် သိရိမင်္ဂလာပရိတ်တော်ရှိ စာပုဒ်များကို ညွှန်းကြပါစို့"

"မဟုတ်သေးဘူးဗျ၊ သမန္တာ က အစ ဆိုတာ မဟုတ်သေးဘူး၊ ပြီးတော့ နတ်ပင့် ဆိုတာလဲ မဟုတ်သေးဘူး"

"ဟုတ်ပါတယ် ဆရာရဲ့၊ သမန္တာက အစပါ၊ ကျွန်တော် ဆယ်စောင်တွဲ စာအုပ် ယူပြမယ်"

"ဟာ–ကိုတက်အင်းကလဲ၊ အခုခေတ် စက္ကူမှုစာအုပ်တွေမှာတော့ ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်က အရင်းအမြစ်ကျကျ စာနဲ့ပေနဲ့ ထောက်ထားပြောချင်လို့ ပြောနေတာဗျ"

"ကဲ–ကဲ–ဆရာပဲ ပြီးအောင်ပြောပြပါ"

"ကိုတက်အင်းရဲ့၊ ကျွန်တော်တို့ ဒုတိယအင်းဝခေတ် မြန်မာသက္ကရာဇ် ၉၇၀ ခုနှစ်လောက်တုန်းက ပရိတ်ကြီး(၁၁)သုတ်အစမှာ သမန္တာချိဂါထာ မရှိသေးဘူးနဲ့ တူတယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ အဲဒီနှစ်မှာ ပြုစုတဲ့ ပရိတ္တဋီကာကျမ်းမှာ ဖွင့်ဆိုချက် မတွေ့ရဘူးဗျ။ တကယ်လို့ အဲဒီဂါထာ ရှိခဲ့ရင် သမန္တ စက္ကဝါဠတို့ ဒေဝတာတို့ကို ဋီကာမှာ ဖွင့်မှာ သေချာတယ်၊ မရှိသေးလို့ မဖွင့်တာလို့ ယူဆရတယ်ဗျာ"

## နတ်ပင့်နှစ်မျိုး

"ကျွန်တော်တို့ ပရိတ်ကြီး(၁၁)သုတ်ရဲ့ အချို့ စကားများကို လေ့လာဖတ်ကြည့်ရင် သမန္တာ–အစချီတဲ့ ဂါထာကလဲ နတ်ပင့်ပဲဗျ၊ ပြီးတော့ ယေသန္တာ အစချီတဲ့ ဂါထာကလဲ နတ်ပင့်ပဲဗျ၊ ဘာကြောင့်များ နတ်ပင့်နှစ်မျိုး ထပ်နေပါလိမ့်လို့ တွေးမိတယ်။

အဲဒီအချက်နှင့်စပ်ပြီး သပြေကန်ဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယသစ်ကျမ်းမှာ 'နတ်များကို ဖိတ်ပြန်သည်မှာ ထပ်နေသကဲ့သို့ဖြစ်၏။ စာအနေအားဖြင့် ကောင်းနိုးရာရာပါအောင် ထည့်ထားခြင်းဖြစ်၍ ရွတ်သောအခါ သင့်သလိုပိုင်းဖြတ်ရွတ်ရန် ဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။ ပရိတ်ကြီးဋီကာ၌ သမန္တာ–စသော ဂါထာကို မဖွင့်၊ ဓမ္မဿဝနကာလောမှ စ၍ဖွင့်သည်'ဟု ဖြေတော်မူထားတယ်ဗျ"

"ဟုပ်တယ်လေ၊ ရှေ့ဂါထာတုန်းက 'အတြ–အာဂစ္ဆန္တု=ဤအရပ်သို့ လာကြပါကုန်'လို့ ပင့်တယ်၊ နောက်ဂါထာကျတော့ 'ဧတေအာယန္တု ဒေဝါ= ယင်းနတ်များ ကြွကြပါကုန်'လို့ ပင့်တယ်၊ အဲဒီလို နတ်ပင့်နှစ်မျိုး ထပ်နေတယ်ဗျ"

## သမန္တာ–အဓိပ္ပာယ်

"ဒီ သမန္တာ–ဂါထာမှာ သမန္တာဆိုတဲ့ပုဒ်ဟာ အလွန် မှတ်သားစရာကောင်းတယ်ဗျ"

"ဩော်–ဟုတ်ရဲ့လား ဆရာ၊ သမန္တာ–က ဘယ်လို မှတ်စရာ ကောင်းတာလဲ၊ ရှင်းပါဦး"

"ဟာ–ကိုတက်အင်းနယ်၊ မှတ်စရာပေါ့ဗျ။ သမန္တာကို လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက စပြီး 'ထက်ဝန်းကျင်မှ'လို့ အနက်ပေးခဲ့ မြန်မာပြန်ခဲ့ကြတာဗျ၊ အခုခေတ်လူငယ်တွေသိဖို့ မလွယ်လှဘူးခင်ဗျ"

"ထက်ဝန်းကျင်ဆိုတာက ဘယ်လိုမို့လဲ ဆရာ"

"အဲဒါက ဟိုရှေးပုဂံခေတ်လောက်တုန်းက ပေါ်တဲ့ မြန်မာစကားလုံး ခင်ဗျ၊ ခုခေတ်အရဆိုရင်တော့ 'သမန္တာ–ထက်ဝန်းကျင်မှ'ကို 'ပတ်ပတ်လည်မှ'လို့ ထပ်မံပြီး မြန်မာပြန်ရမှာပေါ့လေ'

"စက္ကဝါဠ–ဆိုတာကကော ဘယ်လိုမှတ်ရမှာလဲ ဆရာ"

"စက္ကဝါဠ–ဆိုတဲ့ ပါဠိစကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို ပညာရှိဆရာတော်ကြီးများက (၃)နည်း ကြံဆ ဖွင့်ဆိုတော်မူကြတယ်ဗျ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါဆရာ၊ မှတ်သားပါရစေ"

(၁) ပထမနည်းကတော့ စက္ကဝါဠ–ဆိုတဲ့ ပါဠိစကားလုံးဟာ စက္က အာဝါဠ–ဆိုတဲ့ စကားလုံးက ပြောင်းလဲလာတာပဲ၊ စက္က=ဝန်းဝိုင်းတဲ့၊ အာဝါဠ=တွင်းလို့ အဓိပ္ပာယ်ရှိတယ်။ တွင်းဝိုင်းကြီးပေါ့ဗျာ။ အဲဒီ စက္ကအာဝါဠ စကားလုံးထဲမှာ အာ–သရရှည်ကို သရတို အ–လုပ်၊ ဠ–ကို ဠ–လုပ်လိုက်တော့ 'စက္ကဝါဠ'လို့ ဖြစ်သွားတဲ့နည်းပါပဲ။

(၂) ဒုတိယနည်းကတော့ စက္က–ပုဒ်အနီးမှာရှိသည့် ဂါဠ–ဓာတ်ယူ၍ 'စက္ကံဝိယ ဝါဠတေ ဝေဠယတီတိ စက္ကဝါဠံ'ဟူ၍ ဝိဂ္ဂြိုဟ်ပြုသည်။ ယင်းကို စက္ကံဝိယ= စက်ဝိုင်းကဲ့သို့၊ ဝါဠတေ–ဝေဠယတီ=ရစ်ပတ်တတ်၏။ ဣတိ=ထို့ကြောင့်၊ စက္ကဝါဠံ–စက္ကဝါဠမည်၏ ဟူ၍ အနက်ပြန်ရသည်။ ကမ္ဘာပတ်တောင်များလို့ အနက်ရသည်။

(၃) တတိယနည်းကတော့ စက္ကသဒ္ဒါအနီးရှိသော ဝလ–ဓာတ်ဟူ၍ ကြံသည်။ စက္က–သဒ္ဒါကို အရပ်ဒေသဟောဟုကြံသည်။ 'စက္ကံ ဝလတိ အာဝရဏံ ကရောတီတိ စက္ကဝါဠံ' ဟူ၍ ဝိဂ္ဂြိုဟ်ပြုသည်။ ယင်းကို စက္ကံ=အရပ်ဒေသအပေါင်းကို၊ ဝလတိ အာဝရဏံ ကရောတိ=ဝိုင်းရံတတ်၏။ ဣတိ=ထို့ကြောင့်၊ စက္ကဝါဠ= စက္ကဝါဠမည်၏ ဟူ၍ အနက်ပြန်ရသည်။ ကမ္ဘာပတ် တောင်တန်းများကိုပင် ရသည်။

ယင်း (၂-၃)ဝိဂြိုဟ်နှစ်ခုတို့အရ စက္ကဝါဠ-ဟူသည် ကမ္ဘာပတ်တောင်တန်းကြီးများကို အနက်ရရှိပေရာ 'စက္ကဝါဠံ အဿအတ္ထီတိ စက္ကဝါဠံ' ဟူ၍ အဿတ္ထိ တဒ္ဓိတ်ဝိဂြိုဟ် ထပ်မံပြုလုပ်ပါမှ စကြဝဠာတိုက်ကို ယူနိုင်ပေသည်။ ယင်းကို အဿ=ထိုစကြဝဠာတိုက်၌၊ စက္ကဝါဠံ=ကမ္ဘာပတ် ဝိုင်းရံနေသည့် တောင်တန်းသည်၊ အတ္ထိ=ရှိ၏၊ ဣတိ=ထို့ကြောင့်၊ စက္ကဝါဠံ=စက္ကဝါဠ မည်၏ ယူ၍ အနက်ပြန်ရသည်။ သို့မှ စက္ကဝါဠ-ပုဒ်ကို စကြဝဠာ ဟူ၍ မြန်မာပြန်နိုင်ပေသည်။

ဖော်ပြခဲ့သည့် အဓိပ္ပာယ်သုံးနည်း ဖွင့်ရသည့် စကြဝဠာဟူသည်မှာ အထက်မှ စီး၍ကြည့်လျှင် တွင်းဝိုင်းကြီးဟူ၍ ထင်မြင်ရသော လေးကျွန်းတစ်မြင်းမိုရ်တောင် ရှိသည်။ နေလနက္ခတ်တာရာများနှင့်တကွသော နတ်ပြည် ဗြဟ္မာပြည် အပါအဝင် လောကဓာတ်စကြဝဠာကမ္ဘာကြီးတစ်ခုပင် ဖြစ်ပေသည်။ (ဝိဠ-၁၊ နှာ-၉၁၊ ၉၂)

သမန္တာ-ကို နိရုတ္တိဒီပနီ(၁၈၈)နှင့်အညီ 'ထက်ဝန်းကျင်မှ'ဟူ၍ ပေါရာဏတ္ထ မြန်မာပြန်၍၊ 'အထက်နှင့်အောက် ရှေ့နောက်ဝဲယာ အလုံးစုံသော အရပ်မျက်နှာ တို့မှ'ဟူ၍ အဓိပ္ပါယတ္ထ မြန်မာပြန်ကာ'အလုံးစုံ အရပ်ရပ်တို့မှ'ဟူ၍ ဝေါဟာရတ္ထ မြန်မာပြန်သင့်၏။

**ခေတ်သုံးပါး**

ဖော်ပြခဲ့သည့် စကြဝဠာတို့သည်ကား အနန္တ အဆုံးမရှိ ကျယ်ဝန်းလှသည့် ကောင်းကင်ပြင်ကြီးထဲ၌ အနန္တ အဆုံးမရှိအောင် များပြားလှပေသည်။ တစ်ခုနှင့် တစ်ခု အနီးအဝေးသို့လိုက်၍-

(၁) ဇာတိခေတ် စကြဝဠာများ

(၂) အာဏာခေတ် စကြဝဠာများ

(၃) ဝိသယခေတ် စကြဝဠာများ ဟူ၍ သုံးမျိုး ခွဲခြားထားပေသည်။

(၁) ဇာတိခေတ် စကြဝဠာ ဟူသည်မှာ ဖြစ်အတူ ပျက်အတူ ဖြစ်ကြ သည့် စကြဝဠာများဟု ဆိုလိုပေသည်။ ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေသော အခါ၊ ဖွားမြင်သောအခါ၊ တောထွက်သောအခါ၊ ဘုရားဖြစ်သောအခါ စသည်တို့၌ မြေလျင်လှုပ်သော် တစ်ပြိုင်တည်းတုန်လှုပ်ခြင်း စသည် ဖြစ်ကြသည့် စကြဝဠာအုပ်စု ဖြစ်သည်။ ယင်းတို့မှာ တစ်သောင်းအရေအတွက် ရှိပေသည်။ ရှေးစာတို့တွင် "စကြဝဠာတိုက်တစ်သောင်းမှ"ဟု ရေးကြရာ ထိုတိုက်တစ်သောင်းသည် ဇာတိခေတ်ကို ဆိုလိုပေသည်။

(၂) အာဏာခေတ်စကြဝဠာ ဟူသည်မှာ မြတ်စွာဘုရား၏ ပရိတ်တရားတော် ရွတ်ဖတ်သည့်အခါ ယင်းပရိတ်တော်၏ အကျိုးအာနိသင် တန်ခိုးအာဏာစက်သည် အခြားစကြဝဠာပေါင်း ကုဋေတစ်သိန်းအထိ ပျံ့နှံ့၍သွားနိုင်ပေသည်။ ယင်း ပရိတ်တော်အာဏာ ပျံ့နှံ့သွားနိုင်သမျှသော စကြဝဠာကုဋေတစ်သိန်းကို အာဏာခေတ်ဟူ၍ ခေါ်သည်။ အာဏာခေတ်စကြဝဠာမှာ ကုဋေတစ်သိန်း အရေအတွက် ရှိပေသည်။

(၃) ဝိသယခေတ်စကြဝဠာဟူသည်မှာ မြတ်စွာဘုရားရှင် သိချင်၍ အာရုံပြုနိုင်သမျှသော စကြဝဠာများ ဖြစ်သည်။ ယင်းမှာ ရေတွက်ပိုင်းခြား၍ မရနိုင်သော အနန္တစကြဝဠာများ ဖြစ်သည်။ ယင်းကို ဝိသယခေတ် ဟူ၍ ဆိုရပေသည်။

ဤပရိတ်ကြီးအစဥ်ရှိသော 'သမန္တာ စက္ကဝါဠေသု' ဟူ၍ ဆိုသည်မှာ- (၁) ဇာတိခေတ်စကြဝဠာ တစ်သောင်းကို ယူသင့်ပေသည်။

## ဒေဝတာဟု ဆိုရာတွင် ဗြဟ္မာပါသလော

"ဆရာ၊ အဲဒီ ပရိတ်တော်(၁၁)သုတ် အစမှာပဲပါတဲ့ သမန္တာ အစချီတဲ့ဂါထာကို နတ်ပင့်ဂါထာလို့ အသိအမှတ်ပြုထားပါတယ်။ နိဿယ တော်တော်များများမှာလည်း 'ဒေဝတာ–နတ်တို့သည်'လို့သာ နတ်တစ်မျိုးတည်းကိုသာ အနက် ပေးထားတတ်ကြပါတယ်။ အဲဒီတော့ ဗြဟ္မာတော့ကော မပါတော့ဘူးလား၊ ဗြဟ္မာကို တရားနာ မပင့်တော့ဘူးလား ဆရာ"

"အဲ–အဲ–ဟုတ်တယ်၊ ကိုတက်အင်းမေးတာ ကောင်းတယ်၊ ပါဠိကိုက 'ဒေဝတာ'လို့ ဆိုထားတော့ နတ်လို့ချည်းပဲ အနက်ထင်မြင်မှု များနေကြတယ်။ တကယ်ကတော့ မြတ်ဗုဒ္ဓဘုရားရှင်တရားဟောတယ်ဆိုရင် ဗြဟ္မာတွေလဲ တရားနာ လာကြတာပဲ၊ ပဉ္စဝေါကာရ ခေါ်တဲ့ ခန္ဓာငါးပါးအပြည့်အစုံရကြတဲ့ ရူပါဝစရ ဗြဟ္မာတွေကလဲ တရားတော်ကို နာယူလိုကြတာပဲ၊ တရားနာ လာကြတာပဲ။ ကျွန်တော်တို့ ဓမ္မစကြာတရားတော် နိဂုံးစကားထဲမှာ ကြည့်ပါ၊ ဘုမ္မာဒေဝါ– မြေကြီးပေါ်မှာနေတဲ့ ဘုမ္မစိုးနတ်၊ စတုမဟာရာဇိကာ ဒေဝါမှ စ၍ ပရနိမ္မိတ ဝသဝတ္တီဒေဝါ ပရနိမ္မိတဝသဝတ္တီနတ်အထိ ကာမာဝစရ နတ်တွေကို ဖော်ပြပြီးနောက် ဆက်လက်၍ 'ဗြဟ္မာကာယိကာဒေဝါ'လို့ ရူပါဝစရဗြဟ္မာတွေကို 'ဒေဝ' အမည်နဲ့ဘဲ ဖော်ပြထားတယ်။ ဒါဟာ ဒေဝဆိုတဲ့ ပါဠိစကားလုံးက နတ်မျှသာမကဘဲ ဗြဟ္မာကိုလည်း ပြဆိုနိုင်ကြောင်း သက်သေပါပဲ"

"အဲဒါကြောင့် ထင်ပါရဲ့ဗျာ၊ ဝိမာနဝတ္ထုအဋ္ဌကထာ၊ စာမျက်နှာ(၁၈)မှာ ဒေဝတာ–ဆိုတဲ့ ပါဠိစကားလုံးဟာ (၁) နတ်သား၊ (၂) နတ်သမီး၊ (၃) ဗြဟ္မာ ဟူသော အနက်သုံးမျိုးကိုပြဆိုနိုင်ကြောင်း ဖွင့်ပြထားတယ်ဗျ။ ပြီးတော့ ဒေဝတာ ဆိုတဲ့ ပါဠိစကားလုံးကို ပုဒ်ခွဲကြည့်ရင်း ဒိဝု–ဓာတ်အရင်းခံတဲ့ စကားလုံးဗျ၊ အဲဒီ ဒိဝုဓာတ်အရ ထွန်းပခြင်းဆိုတာ နတ်တွေမှာ ကိုယ်ရောင်ကိုယ်ဝါ ကာမစည်းစိမ်တွေနဲ့ ထွန်းပနိုင်ကြသလိုပဲ ဗြဟ္မာတွေမှာ ကိုယ်ရောင်ကိုယ်ဝါ ဈာန်ချမ်းသာတွေနဲ့ ထွန်းပနိုင်ကြတာပဲဗျ"

"ဖော်ပြခဲ့တဲ့ အကြောင်းအရာတွေကို ပေါင်းစုကြည့်လိုက်တော့ အဂ္ဂမဟာ ပဏ္ဍိတ အရှင်ဝါသေဋ္ဌာဘိဝံသ၏ သပြေကန်နိဿယသစ်ကျမ်းမှာ ပေးထားတဲ့ အနက်အတိုင်း 'အတြာဂစ္ဆုံ ဒေဝတာ'အရ 'ဒေဝတာ= နတ်ဗြဟ္မာအပေါင်း တို့သည်၊ အတြ=ဤပရိတ်တရား ဟောကြားရာဌာနသို့၊ အာဂစ္ဆန္တု– လာရောက်ကြကုန်လော့'လို့ အနက်ပြန်သင့်ပါတယ်။ ပရိတ်တရားတော်ကို နာကြားရန်အတွက် နတ်တွေ ဗြဟ္မာတွေ အားလုံး ဖိတ်ကြားသင့်ပါတယ်။

"မြတ်ဗုဒ္ဓရှင်တော်ဘုရားရဲ့ ပရိတ်တော်ကို နတ်တွေ ဗြဟ္မာတွေ အားလုံး နှစ်သက်လိုလားကြပါတယ်။ နာကြားရင် နာကြားရန် အဖိတ်ကြား ခံရရင်လဲ ဝမ်းသာကြမှာပါ၊ နတ်ရော ဗြဟ္မာကိုရော ပင့်ပါဗျာ။ အဲဒါက ကျွန်တော်နဲ့ ကိုတက်အင်းနဲ့ ဆွေးနွေးရင်းပေါ်လာတဲ့ ဆွေးနွေးချက်ဗျနော်၊ အခြား ရဟန်းပညာရှိ လူပညာရှိများနဲ့လဲ ထပ်မံ တင်ပြဆွေးနွေးကြည့်ဦး၊ သဘောကျမှ အတည်ပြုဗျ"

**သဒ္ဓမ္မ၏ အဓိပ္ပာယ်**

"ဘယ်ရောက်သွားပြီလဲ ကိုတက်အင်း"

"စာပိုဒ်နံပါတ်(၁)မှ 'သမန္တာ–စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ' အထိပါ ဆရာ"

အတန်ကြာ ငြိမ်သက်နေရာမှ ဆရာကြီးလှုပ်ရှားလာကာ မေးသောကြောင့် ကျွန်တော်က ဖြေလိုက်၏။

"အခု သဒ္ဓမ္မံ မုနိရာဇဿ–ရောက်ပြီပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

"သဒ္ဓမ္မ–ဆိုတာက သန္တ+ဓမ္မ–လို့ နှစ်ပုဒ် ပေါင်းစပ်ထားတဲ့ ပါဠိ စာလုံးဗျ။ သန္တ=သူတော်ကောင်းကြီးဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဓမ္မ=တရား တော်လို့ အနက်ပြန်ရတယ်။ တစ်နည်းအားဖြင့် သဒ္ဓော–ဓမ္မော လို့ နှစ်ပုဒ် ခွဲနိုင်သေးတယ်။

သဒ္ဓေ၊ ခမ္မော–ချီးမွမ်းအပ် ကောင်းမြတ်သော၊ ဓမ္မော=တရားတော်ဟူ၍ အနက်ပြန်ဆိုရတယ်”

“ဤအနက်ပြန်ဆိုချက် နှစ်မျိုးလုံးအရ သဒ္ဓမ္မ–ဆိုတာကို (က) မဂ်လေးပါး၊ (ခ) ဖိုလ်လေးပါး၊ (ဂ) နိဗ္ဗာန်၊ (ဃ) ပရိယတ်–ဆိုတဲ့ ဆယ်ပါးသောတရားကို ယူရတယ်။ ကျွန်တော်တို့ဘုရားရှိခိုးတိုင်း ဆို၍ ရှိခိုးနေကြတဲ့ တရားရတနာ ဆိုတာ ဒီ တရားဆယ်ပါးပါပဲ။ အဲဒီ တရားဆယ်ပါးထဲက–

(က) မဂ်တရား လေးပါးဆိုတာ–

၁။ သောတာပတ္တိမဂ်

၂။ သကဒါဂါမိမဂ်

၃။ အနာဂါမိမဂ်

၄။ အရဟတ္တမဂ် ဆိုတဲ့ လေးပါးပါပဲ။

(ခ) ဖိုလ်လေးပါး ဆိုတာက–

၁။ သောတာပတ္တိဖိုလ်

၂။ သကဒါဂါမိဖိုလ်

၃။ အနာဂါမိဖိုလ်

၄။ အရဟတ္တဖိုလ် ဆိုတဲ့ ဖိုလ်လေးပါးပါပဲ။

(ဂ) နိဗ္ဗာန် ဆိုတာကတော့ ဖော်ပြခဲ့တဲ့ မဂ်တရား ဖိုလ်တရားတို့ရဲ့ အာရုံဖြစ်တဲ့ မဂ်ဖိုလ်ရပြီးသူတို့ တွေ့သိခံစားရရှိနိုင်တဲ့ ပြုပြင်ပြောင်းလဲ ပျက်စီးခြင်း မရှိတဲ့၊ တရားထူး တရားမြတ်ကြီးတစ်ပါး ဖြစ်ပါတယ်။

(ဃ) ပရိယတ် ဆိုတာကတော့ ဖော်ပြခဲ့တဲ့ မဂ်–ဖိုလ်–နိဗ္ဗာန်တရားတို့ကို ရရှိအောင် ညွှန်ကြားဟောပြတော်မူတဲ့ မြတ်ဗုဒ္ဓရှင်တော်ဘုရားရဲ့ တရားဒေသနာတော်များပါပဲ။

“ပရိတ်တရားတော်က ဘယ်လို သဒ္ဓမ္မ–ဖြစ်ရတာလဲ ဆရာ”

“ခုတင်က ပြောခဲ့တဲ့ သဒ္ဓမ္မ–အရ တရားဆယ်မျိုးထဲမှာပါတဲ့ ပရိယတ္တိ ဆိုတာထဲကဗျ။ ပရိယတ္တိဆိုတာ သင်ကြားလေ့လာအပ်တဲ့တရားလို့ အဓိပ္ပာယ်ရတယ်လေ၊ ဘုရားဟောပါဠိတော်တွေ၊ ပိဋကသုံးပုံ နိကာယ်ငါးရပ် အားလုံးကို ယူရတယ်ဗျ။ ပရိတ်ကြီးထဲမှာပါတဲ့ မင်္ဂလသုတ်၊ ရတနသုတ် စသည်ဟာလဲ

ပရိယတ်တရားပေါ့ဗျာ၊ သဒ္ဓမ္မပေါ့။ အဲဒီ ဘုရားဟောတရားတွေနဲ့အညီ ဂါထာစီထားတဲ့ အာဋ္ဌာနာဋိယ သုတ်တို့၊ ဗောဇ္ဈင်္ဂသုတ်တို့ ဆိုတာလဲ ပရိယတ္တိဓမ္မ-သဒ္ဓမ္မ ဖြစ်နိုင်တာပေါ့။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ 'မုနိရာဇဿ'ကို ဆက်ပါဦး"

## မုနိရာဇဿ၏ အဓိပ္ပာယ်

"မုနိ ဆိုတဲ့ ပါဠိစကားလုံးက မြန်မာလို 'သိတတ်သူ'လို့ အနက် အဓိပ္ပာယ်ရှိတယ်ဗျ။ ဘာကို သိတတ်သလဲမေးရင်တော့ ကုသိုလ်တရား အကုသိုလ်တရား ခွဲခြားသိတယ်လို့ ဖြေရမှာပေါ့။ တရားမှန်ကို သိတယ်လို့လဲ ဆိုနိုင်ပါတယ်၊ အဲဒီ မုနိက ခြောက်မျိုးထိ ရှိတယ်"

၁။ အာဂါရမုနိ – လူဝတ်ကြောင် အောက်မဂ်ဖိုလ်ရထားသူ။

၂။ အနာဂါရမုနိ – ရဟန်းတော် တစ်မဂ်တစ်ဖိုလ် ရပြီးသူ။

၃။ သေက္ခမုနိ – အောက်ဖိုလ်နှင့် မဂ်လေးပါးရပြီးသူ။

၄။ အသေက္ခမုနိ – ရဟန္တာဖြစ်သူ။

၅။ ပစ္စေကမုနိ – ပစ္စေကဗုဒ္ဓဘုရားငယ်။

၆။ မုနိ မုနိ – သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်

အထက်ပါမုနိခြောက်ပါးတွင် သမ္မာသမ္ဗုဒ္ဓဘုရားကို 'မုနိရာဇ–မုနိဘုရင်'ဟူ၍ ခေါ်သည်။ (မဟာနိဒ္ဒေသ၊ နှာ–၄၄)။ သဒ္ဓမ္မံ မုနိရာဇဿ–ဟူသည်မှာ 'မုနိဘုရင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ဟောကြားသည့် တရား'ဟု ဆိုလိုပေသည်။

## သဂ္ဂမောက္ခဒံ၏ အဓိပ္ပာယ်

"ဆရာခင်ဗျား၊ မုနိမင်းကြီး၏ သဒ္ဓမ္မခေါ်သော သူတော်ကောင်းတရား ပရိတ်ဆယ့်တစ်သုတ်ကို သုဏန္တု–နာကြားလှည့်ပါလို့ ဖိတ်ကြားထားတယ်။ အဲဒီ သဒ္ဓမ္မခေါ်သည့် ပရိတ်တရားတော်က ဘယ်လိုဂုဏ်ထူးသတ္တိထူးရှိလို့လဲဆရာ"

"ဟာ–ကိုတက်အင်းကလဲ မသိချင်ယောင်ဆောင်ပြီး မေးနေပြန်ပကော၊ သဂ္ဂမောက္ခဒံ–သဂ္ဂနဲ့မောက္ခကို ပေးတတ်လို့ပေါ့ဗျ။ သဂ္ဂနဲ့မောက္ခကို ပေးတဲ့ဂုဏ်ပေါ့"

"သဂ္ဂ–ဆိုတာက ဘာလဲဆရာ"

"သဂ္ဂ–ဆိုတာက သု+အဂ္ဂလို့ ပုဒ်ခွဲရတယ်။ သု=ကောင်းသော၊ အဂ္ဂ=အဖို့ရှိသောနေရာ" လို့ အနက်ပြန်ရတယ်ဗျ၊ အဲဒီ ကောင်းသောအဖို့ရှိသော နေရာလို့ဆိုတာကတော့ နတ်ပြည်နှင့် ဗြဟ္မာပြည်ပေါ့။ ကဲ–ခင်ဗျားကြည့်၊ ဒီ ပရိတ္တပါဠိတော်

ရတနသုတ်စာပိုဒ် နံပါတ်(၃၀) ယံကိဉ္စိ ဝိတ္တံ–သုတ်ထဲမှာ "ဣဓဝါ ဟုရံဝါ သဂ္ဂေသုဝါ"တို့မှာပါသည့် သဂ္ဂေသု–ပုဒ်အရ နတ်ပြည်နှင့် ဗြဟ္မာပြည် နှစ်မျိုးကို ယူရသည်။ အဲဒီအတိုင်း ဒီ သဂ္ဂမောက္ခမှာပါတဲ့ သဂ္ဂ–အရကိုလဲ နတ်ပြည် ဗြဟ္မာပြည် နှစ်မျိုးကို ယူရမည် ဖြစ်ပါတယ်"

"မောက္ခ–ဆိုတာကကော ဆရာ၊ ဘာလဲဆိုတာ ရှင်းပြပါဦး ဆရာ"

"မောက္ခ–ဆိုတာကတော့ သဒ္ဒါအနက်ပြန်ချက်အရ ဆိုရတော့ 'လွတ်မြောက်ရာ'လို့ ဆိုရမှာပဲဗျ၊ ဘယ်က လွတ်တာလဲ ထပ်မေးရင်တော့ အခုတွေ့နေရတဲ့ ဝဋ်ဆင်းရဲက လွတ်မြောက်ရာပေါ့၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရာအနေနဲ့ကတော့ 'နိဗ္ဗာန်' ပေါ့ဗျာ၊ အဲဒီတော့ သဂ္ဂမောက္ခဒံ ဆိုတဲ့ ပါဠိကို "နတ်ဗြဟ္မာ နှစ်တန် နိဗ္ဗာန်အကျိုးကို ပေးတတ်သော"လို့ အနက်ပြန်ဆိုရန် သင့်ပါတယ်ဗျ"

ဤတွင် ပရိတ္တပါဠိ စာပိုဒ် နံပါတ်(၁) သမန္တာ အစရှိသော ပထမဂါထာ ဆွေးနွေးချက်ပြီးပါပြီ။

# အခန်း (၃)

## ဓမ္မသဝနကာလော–ဆွေးနွေးခန်း

### ပရိတ်နာရန် အချိန်ပန်ကြားခြင်း

"ကျွန်တော်တို့ ဆွေးနွေးပွဲ ဘယ်နားရောက်နေပြီလဲဗျ"

"ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၂) 'ဓမ္မဿဝနကာလော အယံဘဒ္ဒန္တာ' ပါဠိကို ရောက်နေပြီ ဆရာ"

"ဓမ္မဿဝန ကာလော အယံ ဘဒ္ဒန္တာ–ဆိုတဲ့ ပါဠိစကားရပ်ရဲ့ မြန်မာ အဓိပ္ပာယ်က– 'ဤပရိတ္တပါဠိကား ပင့်ဖိတ်၍ရောက်လာသော နတ်ဗြဟ္မာများအား လည်းကောင်း၊ မရောက်လာသော နတ်ဗြဟ္မာများအားလည်းကောင်း၊ ပရိတ်တရား တော်ကို နာကြားရန်အချိန်ကျရောက်ပြီဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်သော စကားရပ် ဖြစ်သည်'ဟူ၍ ကျွန်တော် ထင်ပါတယ်။ ဒါပေမယ့် နောက်ဆုံး ဘဒ္ဒန္တာ–ပါဠိ ကတော့ ဘဒန္တာလို့လဲ တစ်ခါတစ်ရံတွေ့နေရတော့ အမှန်ကို သိချင်တယ် ဆရာ"

### ဘဒ္ဒန္တ နှင့် ဘဒန္တ အဆုံးအဖြတ်

"ဟုတ်ကဲ့၊ ကိုတက်အင်း သိရပါမယ်၊ ကျွန်တော်တို့ ပရိတ်ကြီးနိဿယသစ် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသက သူ၏ သပြေကန်ပရိတ်ကြီး နိဿယသစ်ကျမ်း မှာ မှတ်လောက်သားလောက် ဆုံးဖြတ်ချက်တစ်ရပ်ကို ရေးထားပါတယ်၊ အဲဒါကို ကျွန်တော် ပြန်ပြောပါ့မယ်။

"ဘဒန္တာ, ဘဒ္ဒန္တာ ဟု ပါဠိနှစ်ထွေရှိရာ ကာရိ, ကာရိယအဖြစ်ဖြင့် နှစ်ပုဒ်လုံး အသင့်ပင်။ ဘဒ္ဒန္တမှ ဘဒန္တ ဖြစ်သည်ဟုလည်းကောင်း၊ ဘဒန္တမှ ဘဒ္ဒန္တ ဖြစ်သည်ဟုလည်းကောင်း အဆိုကွဲလျက်ရှိ၏။ 'အင်္ဂါရိနော ဒါနိ ဒုမာ

ဘဒန္တေ’ လို့ ကာဠုဒါယီထေရဂါထာပါဠိတော်မှာ ရှိပါသည်။ အဲဒါကို အဋ္ဌကထာ (၃–၁၆၉)၌ ‘ဘဒန္တေတိ ဘဒ္ဒံ အန္တေ ဧတဿာတိ၊ ဘဒန္တေဝတိ ဧကေဿ ဒကာရဿ လောပံ ကတွာ ဝုစ္စတိ–လို့ ဒ္ဒ–မှ ဒ–တစ်လုံး ကျေပြီး ဘဒ္ဒန္တမှ ဘဒန္တဖြစ်လာကြောင်း ဖွင့်ဆိုပါသည်။ ဘဒ္ဒန္တဿ ဝါ ဘဒန္တေ ဧ– ဟူသော သဒ္ဒနီတိ (၄၈၇–သုတ်)ဖြင့် ဘဒ္ဒန္တကို ဘဒန္တေပြုကြောင်း သိရသည်။ ဘဒန္တဿ ဘဒ္ဒန္တ ဘန္တေ–ဟူသော ရူပသိဒ္ဓိ (၁၁၀–သုတ်) အလိုသော် ဘဒန္တ–ပုဒ်ရင်းဖြစ်သည်ဟု သိရသည်။ မောဂ္ဂလ္လာန်(၂၊၁၄၆–သုတ်)အလိုဖြင့်လည်း ဘဒန္တ–ပုဒ်ရင်းပင် ဖြစ်သည်။ ဘဒ္ဒန္တ–မှာ ဒ–ဒွေးဘော်ဖြင့် ပြီးသည်ဟုဆို၏။ သက္ကတ–၌ ဘဒန္တသာရှိသည်။ မည်သို့ပင်အမျိုးမျိုးကွဲသော်လည်း ပါဠိ၌ နှစ်ပုဒ်လုံး ရှိသောကြောင့် နှစ်ပုဒ်လုံးပင် သင့်ပေသည်”ဟူ၍ ဆရာတော်ကြီးက မှတ်သားလောက်ဖွယ် ဆုံးဖြတ်ထားပါတယ်ဗျ။

သို့ဖြစ်ပါ၍ မြန်မာပြည်၌ တွင်ကျယ်နေပြီး ဖြစ်သောကြောင့် လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဣန္ဒာစာရာဘိဝံသစသည်ဖြင့် မင်းပေးတံဆိပ်တော်များ၌ပင် သုံးစွဲနေပြီဖြစ်သောကြောင့် လည်းကောင်း ကျွန်တော်တို့ကတော့ ‘ဘဒ္ဒန္တ’လို့ပဲ မမှားအတူတူ ရှိရင်းစွဲ တွင်ရင်းစွဲအတိုင်း ဆက်လက်သုံးကြပါစို့။

ဤတွင် ပရိတ္တပါဠိ၊ စာပိုဒ်နံပါတ်(၂) ဓမ္မဿဝနကာလော–အစရှိသော ပါဠိစာသား ဆွေးနွေးချက် ပြီးပါပြီ။

# အခန်း (၄)

## နမောတဿ–ဆွေးနွေးခန်း

**မဟာနမက္ကာရကြီး**

"ကျွန်တော်တို့ ဆွေးနွေးပွဲ ဘယ်ထိရောက်နေပြီလဲ"

"စာပိုဒ်နံပါတ်(၃) နမောတဿ ရောက်နေပါပြီ ဆရာ"

"ကိုတက်အင်းရဲ့ အဲဒီ နမောတဿကို ရှေးရှေးသော မြန်မာဆရာကြီးများက 'မဟာနမက္ကာရကြီး' လို့ ခေါ်ကြတယ်ဗျ"

"မဟာနမက္ကာရကြီးလို့ဆိုတော့ ဘုရားရှိခိုးတော်ကြီးလို့ မြန်မာလို ပြန်ဆိုရမှာပေါ့ ဆရာ၊ ဟုတ်ရဲ့လား။ အဲဒါ ဘယ်လို အထောက်အထားတွေ့လို့ ရှေးမြန်မာဆရာကြီးများက မဟာနမက္ကာရကြီးလို့ ဆိုနိုင်တာလဲ ဆရာ"

"မြန်မာအစဖြစ်တဲ့ ပုဂံခေတ်က ပြုစုခဲ့တဲ့ ကမ္ဘာကျော် ပါဠိသဒ္ဒါကျမ်းကြီး တစ်ဆူ ရှိတယ်ဗျ၊ ပြုစုသူက အရှင်အဂ္ဂဝံသပဲ၊ ကျမ်းအမည်က သဒ္ဒနီတိတဲ့။ အဲဒီ သဒ္ဒနီတိကျမ်းမှာ ပဒမာလာ၊ ဓာတုမာလာ၊ သုတ္တမာလာလို့ သုံးပိုင်းရှိတဲ့အထဲမှာ ပဒမာလာအပိုင်း သာသနာရေးဦးစီးရိုက် စာမျက်နှာ(၁၇၅)မှာ 'မဟာနမက္ကာရ' လို့ အမည်ပေး၍ ရေးသားထားသည်ကို တွေ့ရတယ်ဗျ။ အဲဒါကြောင့် ရှေးရှေး မြန်မာဆရာကြီးများက မဟာနမက္ကာရလို့ အမည်ပေးတယ်လို့ ဆိုနိုင်တာပေါ့ဗျ"

"ဟုတ်ကဲ့–ဟုတ်ကဲ့၊ ကောင်းလိုက်တာ ဆရာ၊ ဒီ နမောတဿချီ ဘုရားရှိခိုးကို မဟာနမက္ကာရလို့ အမည်ပေးမယ်ဆိုလဲ ပေးလောက်စရာပါပဲ၊ ကျွန်တော်တို့ ဗုဒ္ဓသာသနာတော်မှာ အရေးကြီးတဲ့ကိစ္စများကို ဆောင်ရွက်တိုင်း အစဦးမှာ နမောတဿဖြင့်ပဲစပြီး ရှိခိုးရတာကို တွေ့ရပါတယ်၊ ရှင်သာမဏေများ အစဦးမှာ သရဏဂုံ သီလမယူမီ နမောတဿဖြင့် ဘုရားရှိခိုးရတယ်၊ ရဟန်းတော်များ

ရဟန်းခံပွဲ အစရှိတဲ့ ကံကြီးကံငယ်ဆောင်လို့ ကမ္မဝါစာများကို ဖတ်ပြန်တော့လည်း နမောတဿကို သုံးကြိမ်ရွတ်ပြီးမှ ဖတ်ကြရတယ်၊ ပြီးတော့ ကျွန်တော်တို့ လူဝတ်ကြောင်များ ငါးပါးသီလ ရှစ်ပါးသီလ စသည့် သီလဆောက်တည်ရာမှာလဲ သရဏဂုံနှင့် သီလကို မဆောက်တည်သေးမီ နမောတဿကို သုံးကြိမ်တိတိ ရွတ်ဆို ရှိခိုးရတယ်ဗျ၊ ပြီးတော့ ရှေးခေတ်က ပေစာဖြင့်ရေး၍ ကျမ်းပြုစုကြရာမှာ ကျမ်းဦးအစ၌ နမောတဿ ရေးကြရပါတယ်၊ အဲဒါလောက် အရာကျယ်တော့ မဟာနမက္ကာရကြီးလို့ အမည်ပေးထားတာ အလွန်သင့်မြတ်လှပါတယ်”

“ဟာ–ကိုတက်အင်း၊ ကျွန်တော်တို့ ဗုဒ္ဓသာသနာတော်မှာသာ ဘယ်ဟုတ်မလဲဗျ၊ ကျွန်တော်တို့ ဂေါတမဗုဒ္ဓသာသနာ မပေါ်သေးမီ ကမ္ဘာပေါင်းများစွာ ကုန်းအခါက ပွင့်တော်မူခဲ့တဲ့ ဖုဿမြတ်စွာဘုရား၏ ခမည်းတော်ကြီး မဟာမဟိန္ဒမင်းကြီးကလည်း ဒီ နမောတဿ မဟာနမက္ကာရကြီးဖြင့်ပဲ ရှိခိုးခဲ့တာပေါ့ဗျ”

“ကျွန်တော်တို့ ဂေါတမ ဗုဒ္ဓသာသနာတွင်းမှာ မဟာနမက္ကာရဖြင့် ရှိခိုးသူတွေကိုလဲ ပြောပြပါဦး ဆရာ”

“ဩော်–ကိုတက်အင်းနှယ်၊ ကျွန်တော်တို့ ဂေါတမ ဗုဒ္ဓသာသနာတော်မှာ နမောတဿချီ မဟာနမက္ကာရကြီးဖြင့် ရှိခိုးသူတွေကတော့ အများကြီးပေါ့ဗျ၊ ခင်ဗျားတို့ ကျွန်တော်တို့တောင်မှ ပါနိုင်တာပေါ့ဗျ”

“ကျွန်တော်က ဘုရားဟောပါဠိတော်စာပေလာကိုသာ ပြောလိုတာပါ ဆရာ”

“အေး–ဟုတ်ပြီ၊ ပါဠိတော်လာဆိုရင်တော့ နည်းနည်းပဲ ပြောရမယ်၊ မများလှဘူး၊ ဒီဆောင်ပုဒ်ကလေးကို မှတ်ထားဗျ”

“ဗြ–ဇာ–ကော–မ၊ အာ–သိ–ဏ၊ နမောတဿ ကျူး”ဟဲ့ ခုနစ်ယောက်တိတိ ရှိတယ်၊ အကျယ်က ဒီလိုဗျ။

## နမောတဿဖြင့် ရှိခိုးသူ(၇)ဦး

၁။ ဗြဟ္မာယုပုဏ္ဏားကြီး။
၂။ ဇာဏုသောဏိပုဏ္ဏားကြီး။
၃။ ကောသလမင်းကြီး။
၄။ ဓနဉ္ဇာနီပုဏ္ဏေးမကြီး။
၅။ အာရာမဒဏ္ဍပုဏ္ဏားကြီး။
၆။ သိကြားမင်း။

၇။ ကာရဏာပါလီ ဟူ၍ ပုဂ္ဂိုလ်ကြီး ခုနစ်ဦးဖြစ်တယ် ကိုတက်အင်းရဲ့။

"ဆရာကြီး ဦးစာကျော် ခင်ဗျား၊ ကျွန်တော် တောင်းပန်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီး ခုနစ်ဦးတို့ရဲ့ နမောတဿရို မဟာနမက္ကာရကြီးဖြင့် ရှိခိုးပုံကို တစ်ဆိတ်လောက် အကျဉ်းချုပ်မျှ ပြောပြပါခင်ဗျား"

"ကောင်းပါပြီ၊ နည်းနည်း ဂရုစိုက် နားထောင်ပါ၊ ကုသိုလ်ရအောင် အာရုံ ပြုပါ ကိုတက်အင်း"

## ၁။ ဗြဟ္မာယု ပုဏ္ဏားကြီး

မြတ်စွာဘုရားရှင်သည် ဝိဒေဟတိုင်း၌ ခရီးဒေသစာရီ လှည့်နေတော်မူစဉ် ဗြဟ္မာယုပုဏ္ဏားကြီးသည် သူ၏တပည့် ဥတ္တရအား ဘုရား ဟုတ်သည်, မဟုတ်သည် ကို လေ့လာစူးစမ်းခိုင်းလိုက်သည်။

ဥတ္တရက ပြန်ရောက်၍ မြတ်စွာဘုရား ကျေးဇူးဂုဏ်များကို ပြန်ပြော၍ သိရသောအခါ ဗြဟ္မာယုပုဏ္ဏားကြီးသည် ထ၍ လက်အုပ်ချီကာ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟူ၍ မဟာနမက္ကာရကြီးဖြင့် ရွတ်ဆို၍ ရှိခိုးသည်။ ဤအကြောင်းအရာ အကျယ်ကို မဇ္ဈိမပဏ္ဏာသပါဠိတော် (စာမျက်နှာ-၃၃၄) မှစ၍ ဖတ်ရှုနိုင်ပေသည်။

## ၂။ ဇာဏုသောဏိ ပုဏ္ဏားကြီး

မြတ်ဗုဒ္ဓရှင်တော်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ဇာဏုသောဏိပုဏ္ဏားသည် မိမိနေအိမ်မှ ဇေတဝန်ကျောင်းတော်သို့ လာစဉ် လမ်းခရီးအကြား၌ ဇေတဝန်ကျောင်းတော်မှ ပြန်လာသည့် ပိလောတိက ပရိဗိုဇ်နှင့် တွေ့ဆုံကြသည်။ ထိုအခါ ဇာဏုသောဏိပုဏ္ဏားက မြတ်စွာဘုရား အကြောင်းအရာကို စူးစမ်းသောကြောင့် ပိလောတိကပရိဗိုဇ်က မြတ်စွာဘုရား ဂုဏ်တော်များကိုဖော်ပြလျက် အကျယ်ဖြေဆိုသည်။ ထိုအခါ ဇာဏုသောဏိ ပုဏ္ဏားသည် အပေါ်ရုံကို လက်ကန်တော့ထိုးကာ လက်အုပ်ချီလျက် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ မဟာနမက္ကာရကြီးဖြင့် ရှိခိုး သည်။ အကျယ်ကို မူလပဏ္ဏာသပါဠိတော်၊ (စာမျက်နှာ-၂၃၂) စူဠဟတ္ထိပဒေါပမ သုတ်၌ ဖတ်ရှုနိုင်ပါသည်။

## ၃။ ကောသလမင်းကြီး

မြတ်ဗုဒ္ဓရှင်တော်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့ စကားပြော ဆွေးနွေးကြသည်။

ကိုယ်စိတ်ဆင်းရဲ၍ စိုးရိမ်ပူဆွေးရခြင်းတို့သည် ချစ်ခင်ခြင်းကြောင့် ဖြစ်ရသည်ဟူ၍ မလ္လိကာမိဖုရားကြီးက ပြောသည်။ ယင်းစကား မဟုတ်ကြောင်းဖြင့် ကောသလမင်းကြီးက ငြင်းဆိုသည်။ မလ္လိကာအား မာန်မဲကြိမ်းမောင်းသည်။

ထိုအခါ မလ္လိကာ မိဖုရားကြီးက နာဠိဇင်္ဃပုဏ္ဏားကို မြတ်စွာဘုရားထံ လွှတ်၍ လျှောက်စေသောကြောင့် မြတ်စွာဘုရားရှင်က ကိုယ်စိတ်ဆင်းရဲ၍ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းတို့သည် ချစ်ခင်ခြင်းကြောင့် ဖြစ်ကြရပုံကို အကျယ်ဖွင့်ပြ ဟောကြားတော်မူလိုက်သည်။ ဤအကြောင်းမှန်ကို ကောသလမင်းကြီး ပြန်ကြား သိရှိရသောအခါ ထ၍ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ရွတ်ဆို ရှိခိုးလေသည်။ ဤအကြောင်းအရာ အကျယ်ကို မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ (စာမျက်နှာ-၃၀၉) ပိယဇာတိကသုတ်၌ အကျယ် ဖတ်ရှုနိုင်ပေသည်။

## ၄။ ဓနဉ္စာနီပုဏ္ဏေးမကြီး

မြတ်ဗုဒ္ဓရှင်တော်ဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘာရဒွါဇနှင့် ဓနဉ္စာနီ ဟူသော ပုဏ္ဏားဇနီးမောင်နှံတို့သည် အငြင်းအခုံ ဖြစ်ပွားသည်။ လင် ဘာရဒွါဇက မိစ္ဆာဒိဋ္ဌိဖြစ်၍ မယား ဓနဉ္စာနီက သောတာပန် အရိယာဖြစ်သည်။

ဓနဉ္စာနီက အရိယာ ရဟန်းသံဃာများကို ပင့်ဖိတ်လှူဒါန်းသကဲ့သို့ပင် လင် ဘာရဒွါဇကလည်း သူ၏မိစ္ဆာဒိဋ္ဌိများကို ကျွေးမွေးပေးကမ်းသည်။ သူ၏ မိစ္ဆာဒိဋ္ဌိများကို ပင့်ခေါ်၍ ကျွေးမွေးပေးကမ်းဆဲ၌ ဓနဉ္စာနီအား နမောတဿဖြင့် ဘုရားရှိခိုး မရွတ်ရန် တားသည်။ ရွတ်လျှင် ဓားဖြင့်ခုတ်သတ်မည်ဟူ၍ ကြိမ်းထားသည်။ သို့သော် တကယ် မိစ္ဆာဒိဋ္ဌိများကို ကျွေးမွေးတဲ့အခါကျတော့ နို့ထမင်းခွက် သယ်ဆောင်လာတဲ့ ဓနဉ္စာနီဟာ ချော်လဲတဲ့အခါမှာ နို့ထမင်းခွက်ကို မြေမှာချ၍ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ ဘုရားရှိရာသို့ မျက်နှာမူ လက်အုပ်ချီ၍ သုံးကြိမ် ရွတ်လိုက်ရင်ပဲ မိစ္ဆာဒိဋ္ဌိတွေ ထွက်ပြေးကြလေသည်။ ဤအကြောင်း အကျယ်ကို မဇ္ဈိမပဏ္ဏာသပါဠိတော်၊ (စာမျက်နှာ-

၃၉၅) ဓနဉ္စာနိသုတ်၌ ဖတ်ရှုနိုင်ပေသည်။

**၅။ အာရာမဒဏ္ဍပုဏ္ဏား**

မြတ်ဗုဒ္ဓဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာကစ္စည်းထေရ်သည် ဝရဏမြို့ ဘဒ္ဒကာလီမြစ်အနီးမှာ သီတင်းသုံးနေပါသည်။

ထိုအခါ၌ အာရာမဒဏ္ဍပုဏ္ဏားကြီးသည် အရှင်မဟာကစ္စည်းထံ လာ၍ အဘယ်ကြောင့် မင်းများ ပုဏ္ဏားများ လူဝတ်ကြောင်များ အချင်းချင်း ငြင်းခုံကြပါသနည်း ဟူ၍ မေးသည်။ ရှင်မဟာကစ္စည်းက ကာမရာဂ ဟူသော ကာမတရားတို့၌ တပ်မက်မှုကြောင့် ငြင်းခုံခြင်းဖြစ်ကြသည်ဟူ၍ ဖြေသည်။

တဖန် ရဟန်း သက်န်းဝတ်အချင်းချင်း အဘယ်ကြောင့် ငြင်းခုံကြပါသနည်း ဟူ၍ မေးပြန်သည်။ ဒိဋ္ဌိရာဂ ခေါ်သော အယူအဆ၌တပ်မက်မှုကြောင့် ဖြစ်သည် ဟူ၍ ဖြေသည်။

တဖန် ဆက်၍ အဲဒီ ကာမရာဂနှင့် ဒိဋ္ဌိရာဂ နှစ်ပါးမှ ကင်းလွတ်သူရှိပါသလား ဟူ၍ မေးပြန်ရာ သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူသော ဂေါတမ ဗုဒ္ဓ ခေါ် မြတ်ဗုဒ္ဓရှိကြောင်း ဖြေဆိုလေရာ အာရာမဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်သို့ မျက်နှာမူကာ လက်အုပ်ချီလျက် အပေါ်ရုံကို လက်ကန်တော့ထိုးပြီးလျှင် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ရှိခိုးလေသည်။

အကျယ်အပြည့်အစုံကို အင်္ဂုတ္တရပါဠိတော်၊ ပထမတွဲ၊ (စာမျက်နှာ-၆၆) အာရာမဒဏ္ဍသုတ်၌ ဖတ်ရှုနိုင်ပါသည်။

**၆။ သိကြားမင်း**

မြတ်ဗုဒ္ဓဘုရားရှင်သည် ဝေဒိယကတောင် ဣန္ဒသာလ လိုဏ်ဂူမှာ သီတင်းသုံးနေတော်မူစဉ်အခါ သိကြားမင်းသည် ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြု၍ မြတ်စွာဘုရားထံ ချဉ်းကပ်ကာ မိမိ သိလိုသမျှ ပုစ္ဆာပြဿနာများကို မေးလျှောက်သည်။ မြတ်စွာဘုရားရှင်ကလည်း ကျေနပ်အောင် ဖြေဆို ဟောကြားသည်။

ထိုအခါ သိကြားမင်းသည် အလွန်သဘောကျကာ တရားထူးကို သိခွင့်ရသည်။ သိကြားအဖြစ်မှ စုတေ၍ ချက်ချင်းပင် သိကြား ပြန်ဖြစ်သွားသည်။ ထိုအခါ အလွန်ဝမ်းသာအားရဖြစ်ကာ 'နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ မဟာနမက္ကာရကြီးဖြင့် ရွတ်ဆို ရှိခိုးသည်။ အကျယ် အပြည့်အစုံကို သုတ်မဟာဝါပါဠိတော်၊ (စာမျက်နှာ–၂၁၁) သက္ကပဉှာသုတ်၌ ဖတ်နိုင်သည်။

## ၇။ ကာရဏပါလီ

မြတ်ဗုဒ္ဓဘုရားရှင် ဝေသာလီပြည် ကူဋာဂါရကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်အခါ၌ ကာရဏပါလီအမည်ရှိပုဏ္ဏားသည် လိစ္ဆဝီမင်းတို့၏ အမှုကိစ္စကို စီစဉ်နေသည်။

တစ်နေ့သောအခါ လမ်း၌ မြတ်စွာဘုရားထံမှပြန်လာသော ပိင်္ဂိယာနီ ပုဏ္ဏားနှင့် တွေ့ဆုံလေသည်။ ကာရဏပါလီက ပိင်္ဂိယာနီအား မြတ်စွာဘုရား၏ အကြောင်းအရာကို မေးစမ်းသည်။ ပိင်္ဂိယာနီက မြတ်စွာဘုရားသည် ပညာရှိ သူတော်သူမြတ်ဖြစ်ကြောင်းနှင့် မြတ်စွာဘုရား၏ တရားကိုနာကြားရလျှင် နှစ်သက် ဝမ်းမြောက်မှုကိုရလျက် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ စိုးရိမ်ပူဆွေး ငိုကြွေးမှုတို့မှ လွတ်မြောက်နိုင်ကြောင်းများကို ပြောပြသောအခါ ကာရဏပါလီသည် ထ၍ အပေါ်ရုံကို လက်ကန်တော့တင်ကာ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ ရွတ်ဆို ရှိခိုး လေသည်။

"ကဲ–ကဲ ကိုတက်အင်းရေ၊ မြတ်စွာဘုရား လက်ထက်တော်အခါတုန်းက နမောတဿ အစချီသည့် မဟာနမက္ကာရကြီးကို ရွတ်ဆိုရှိခိုးသူတွေကတော့ အခု ပြောပြခဲ့တဲ့ ခုနစ်ဦးရှိကြောင်း ပါဠိတော်မှာ တွေ့ရသဗျ၊ အဋ္ဌကထာမှာ လာတာတော့ အများကြီးပေါ့ဗျာ"ဟူ၍ ဆရာကြီး ဦးစာကျော်သည် မမောနိုင်မပန်းနိုင် အားရပါးရ ကျွန်တော်အား ပြောပြပါသည်။

## နမောတဿ၏ လက်တွေ့အကျိုး

"ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ဆရာကြီးနှင့် ကျွန်တော်တို့ ပရိတ်တရား ဆိုင်ရာများကို ဆွေးနွေးမေးမြန်းခဲ့ကြရာမှာ ပရိတ္တပါဠိတော် စာပိုဒ်နံပါတ်(၃)မှာ ရှိတဲ့ နမောတဿ ပါဠိအကြောင်းမှာ နမောတဿပါဠိကို ရွတ်ဆိုပြီး မြတ်စွာဘုရား ကို ရှိခိုးသူ ခုနစ်ဦးအကြောင်းကို သိရှိရပါသည်၊ မှတ်စရာ ကောင်းလှပါသည်။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေမှာ ဘယ်လို လက်တွေ့အကျိုးတရား ခံစားရရှိတယ် ဆိုတာ မသိရသေးပါဘူး၊ ဆရာ တတ်နိုင်ရင် လက်တွေ့အကျိုး ခံစားရကဲ့ အကြောင်းအရာကလေးများကိုလဲ အမိန့်ရှိပါဆရာ"

ဟူ၍ ကျွန်တော်က မေးသောအခါ ဆရာကြီး ဦးစာကျော်က အောက်တွင် ဆက်လက်ဖော်ပြသည့်အတိုင်း ပြောပြပါသည်။

"အေး–ဟုတ်တယ်၊ ခင်ဗျား မေးမယ်ဆိုရင် မေးသင့်ပါရဲ့၊ အဲဒီ လက်တွေ့ နမောတဿ အစချီတဲ့ ဘုရားရှိခိုးသူတွေကို စိစစ်ကြည့်တဲ့အခါမှာ တကယ့် အထက်တန်းစား ထိပ်ထိပ်ကျဲ ပုဂ္ဂိုလ်ကြီးများဖြစ်တာကို တွေ့ရတော့ သာမန်ပစ္စည်း ရမှု၊ ဘေးရန်ကင်းရှင်းမှုကလေးများလောက်ကို အကျိုးအဖြစ် မယူဆကြဘူး ထင်ပါရဲ့၊ ဘုရားဟောတရားကို သိရမှု၊ သရဏဂုံတည်မှုများကို အကျိုးတရားအဖြစ် ယူဆပြီး ဖော်ပြထားတာကို တွေ့ရတယ်ဗျ။ ကျွန်တော်တို့ဗုဒ္ဓစာပေမှတ်တမ်း များထဲမှာ ဘုရားရှိခိုးလို့ လက်တွေ့အကျိုးရပုံများလဲ များစွာရှိပါသေးတယ်။ ဓမ္မပဒအဋ္ဌကထာမှာပါတဲ့ အကြောင်းအရာကလေးကို ကျွန်တော် ပြောပြပါမယ်"

မြတ်ဗုဒ္ဓဘုရားရှင် ရာဇဂြိုဟ်ပြည်အနီးရှိသော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါတုန်းက ရာဇဂြိုဟ်ပြည်၌ ကလေးငယ် နှစ်ယောက် ရှိခဲ့ဖူးသည်။ တစ်ယောက်မှာ ဗုဒ္ဓဘာသာဝင်မိဘများ၏သားငယ် ဖြစ်သည်။ အခြားတစ်ယောက်မှာ ဗုဒ္ဓဘာသာဝင်မဟုတ်သော ဘာသာခြား၏ သားငယ် ဖြစ်သည်။

ယင်းကလေးနှစ်ယောက်တို့သည် အိမ်နီးချင်းများ ဖြစ်သည့်အတိုင်း ဒိုးလုံးများကို ပစ်၍ ကစားကြသည်။ ဒိုးပစ်ကစားခြင်းမှာ ဒိုးဝိုင်းငယ်များကို ထိမှန်အောင် ပစ်၍ကစားခြင်းဖြစ်သည်။ ယခုခေတ် ဂေါ်လီလုံးပစ်ခတ်၍ ကစားခြင်းနှင့် ဆင်ဆင်တူပေသည်။

ကစားစဉ်အခါ၌ ဗုဒ္ဓဘာသာဝင်ကလေးငယ်က 'နမော ဗုဒ္ဓဿ–ဘုရားကို ရှိခိုးပါ၏' ဟူ၍ ဆိုကာ ပစ်သည်။ ပစ်တိုင်း ထိမှန်သည်။ နိုင်သည်။ အခြား ကလေးငယ်ကတော့ 'နမော အရဟန္တာနံ–အရည်းကြီးတွေကို ရှိခိုးပါ၏'လို့ ဆို၍ ပစ်သည်။ ပစ်တိုင်း ရှုံးသည်။ ထို့ကြောင့် ယင်းဘာသာခြား၏ သားငယ် သည် မိမိကလည်း 'နမော ဗုဒ္ဓဿ' ဟူ၍ ပြောင်း၍ဆိုပြီး ပစ်ရန် လေ့ကျင့်နေသည်။

ယင်းသို့ လေ့လာနေစဉ်အခါမှာပင် သူငယ်၏ဖခင်က ဟောသို့ ထင်းခုတ် သွားရန် ခေါ်သွားသည်။ ထင်းများခုတ်ယူပြီး အပြန်၌ မြို့အပြင်ဘက်၌ ခေတ္တ နားနေစဉ် လှည်းကိုဆွဲလာသည့် နွားများသည် အခြားနွားများနှင့်အတူ လိုက်၍ မြို့ထဲဝင်သွားကြသောကြောင့် သူငယ်၏ဖခင်သည် မြို့ထဲသို့လိုက်သွားပြီး နွားများကို ပြန်လည်ဖမ်းယူရသည်။ ကလေးငယ်ကိုတော့ လှည်းစောင့်ရန် ထားခဲ့သည်။

ယင်းသို့ နွားသွားဖမ်းယူနေစဉ်မှာပင် အချိန်ကုန်သောကြောင့် မြို့အဝင်အထွက် တံခါးများ ပိတ်သွားသည်။ ယင်းည လှည်းရှိရာသို့ ပြန်မလာနိုင်ပေ။ မြို့ပြင်ဘက် လှည်း၏အောက်မှာပင် ကလေးငယ် အိပ်ရသည်။ အိပ်မပျော်သေးမီမှာ ကလေးငယ်သည် မိမိလေ့လာနေဆဲဖြစ်သော 'နမော ဗုဒ္ဓဿ' ကို ရွတ်ဆိုလေ့လာနေရင်း အိပ်ပျော်သွားလေသည်။

ထိုစဉ်အခါတွင် အိပ်ပျော်နေသော ကလေးငယ်ကို အစာရှာ ထွက်လာသော ဘီလူးနှစ်ဦးက တွေ့မြင်ကြသည်။ ဘီလူးဆိုးက စားရန်ပြောသည်။ ဘီလူးကောင်းက မစားရန်တားမြစ်သည်။ ဘီလူးဆိုးက အတင်းပင်လျှင် ကလေးငယ်ကို ကိုက်စားရန် ဆွဲယူသောအခါ ကလေးငယ်က သူ လေ့ကျင့်ရွတ်ဆိုနေသော 'နမော ဗုဒ္ဓဿ'ကို ယောင်ယမ်း ရွတ်ဆိုမိသည်။

အဲဒီအခိုက်မှာပင် ဘီလူးဆိုးမှာ မိုးကြိုးစေတ်လိုက်သကဲ့သို့ တုန်တုန်ခိုက်ခိုက် ဖြစ်သွားတယ်၊ ကလေးငယ်ကို မကိုင်နိုင်ဘဲ ဖြစ်သွားတယ်၊ ယင်းအဖြစ်ကို သိမြင်ရသည့် ဘီလူးကောင်းမှာ မသင့်မတင့် လုပ်ကိုင်သောကြောင့် ဤသို့ဖြစ်ရကြောင်း ပြောဆိုဆုံးမသည်။

ဘီလူးဆိုးသည် ဒဏ်ထမ်းသည့်အနေဖြင့် ကလေးငယ်စားရန် မြို့ထဲဝင်သွားပြီး နန်းတော်မှ ဘုရင့်စားတော်အုပ်ကို ဆောင်ယူကာ ကလေးငယ်၏မိဘများ အဟန်ဆောင်၍ ကျွေးသည်။ ကလေးငယ် စားပြီးသောအခါ ထမင်းခွက်မှာ ဤအကြောင်းအရာကို ရှင်ဘုရင်တစ်ဦးတည်းသာ မြင်စေရန် မိမိတန်ခိုးဖြင့် စာရေးထားလျက် လှည်းပေါ်မှာပဲ တင်ထားခဲ့သည်။

နံနက်လင်းသောအခါ ဘုရင့်စားတော်အုပ်ပျောက်၍ ရှာသောအခါ ကလေးငယ်၏လှည်းပေါ်မှ တွေ့ရသောကြောင့် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ ရှင်ဘုရင်က တွေ့မြင်သော် မိမိစားတော် ရွှေခွက်မှစာများကို ဖတ်ရှုရသဖြင့် အံ့သြခြင်းဖြစ်ကာ ကလေးငယ်နှင့် မိဘနှစ်ဦးကိုပါ ခေါ်ဆောင်၍ မြတ်စွာဘုရားကျောင်းသို့ သွားလျက် အကြောင်းအရာအပြည့်အစုံကို လျှောက်ထားသည်။

မြတ်ဗုဒ္ဓဘုရားရှင်က 'သုပ္ပဗုဒ္ဓံ' အစရှိသော ခြောက်ဂါထာတို့ဖြင့် တရားဟောတော်မူသည်။ ကလေးငယ်နှင့် မိဘနှစ်ပါး သောတာပန် အရိယာများ ဖြစ်သွားကြလေသည်။ ယင်း ဘုရားဟော ခြောက်ဂါထာတို့၏ အဓိပ္ပာယ် အကျဉ်းချုပ်မှာ—

* ဗုဒ္ဓဝမ္မ၊ မြတ်သံဃ၊ သုံးဝဂုဏ်တော်မြတ်။

* သုံးဆယ့်နှစ်ဝ၊ ကောဋ္ဌာသ၊ နေ့ညမလစ်လပ်။
* မေတ္တာကရဏာ၊ ပေါင်းခြောက်ဖြာ၊ မြဲစွာပွားများလတ်။
* ဘေးရန်ရှောင်ရှား၊ ကောင်းကျိုးများ၊ နိုးကြားဖြစ်မည်မှတ်။

ဤသည်တို့မှာ ဆရာကြီးဦးစာကျော်၏ ပြောပြချက် အကျဉ်းချုပ် ဖော်ပြခြင်း ဖြစ်ပါသည်။ အကျယ်သိရှိလိုပါမူ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယတွဲ၊ (စာမျက်နှာ-၂၈၄)မှစ၍ လေ့လာဖတ်ရှုနိုင်ပါသည်။

**နမောဗုဒ္ဓဿ ဘုရားရှိခိုး**

"ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ဆရာ အမိန့်ရှိတာ ကောင်းပါရဲ့၊ သို့ပေမယ့် မရှင်းသေးလို့ မေးစရာရှိပါတယ်"

"ကဲ-ကိုတက်အင်း-မေး၊ ဘာများမရှင်းလို့လဲ"

"ကျွန်တော်နဲ့ဆရာ ဆွေးနွေးနေတာက ပရိတ္တပါဠိတော် စာပိုဒ်နံပါတ်(၃)မှာ ရှိတဲ့ နမောတဿချီပါဠိအကြောင်းဖြစ်ပါတယ်၊ အခု ဆရာပြောတဲ့ ဓမ္မပဒအဋ္ဌကထာမှာလာတဲ့ ဝတ္ထုဇာတ်လမ်းမှာက 'နမောဗုဒ္ဓဿ'ဖြစ်နေပါတယ်ဆရာ၊ ကွဲလွဲနေပါတယ်၊ ဘယ်လိုဖြစ်နေတာလဲ ဆရာ"

"ဘယ်လိုမှ မကွဲလွဲဘူးဗျ၊ နမောတဿ-ချီ ပါဠိကလဲ ဘုရားကို ရှိခိုးတာပဲ၊ "နမော ဗုဒ္ဓဿ" ကလဲ ဘုရားရှိခိုးတဲ့ ပါဠိပဲ၊ စကားလုံးလွဲပေမယ့် အနက်အဓိပ္ပာယ်ကတော့ အတူတူပဲ၊ ဒါကြောင့် အကျိုးတရားရတာချင်းလဲ အတူတူပေါ့ဗျာ"

"မှတ်လောက်သားလောက် ဥပမာသာဓကများကိုလဲ ပြပါဆရာ"

"ကဲဗျာ-လွယ်လွယ် ဥပမာပြမယ်၊ ကျွန်တော်တို့ ဝိနည်းအရာမှာ ရဟန်းတော်တစ်ပါး ရဟန်းဘဝမှာ မပျော်ပိုက်လို့ လူ့ဘဝရောက်ချင်လျှင် 'ဗုဒ္ဓံ ပစ္စက္ခာမိ' (ဘုရားကို ပယ်စွန့်ပါ၏)လို့ ဆိုပြီး သိက္ခာချတယ်။ သို့မဟုတ် ဘဂဝန္တံ ပစ္စက္ခာမိ (ဘုရားကို စွန့်ပယ်ပါ၏)လို့ဆိုသော်လည်း ပါဠိစကားလုံးချင်း မတူဘဲ ကွဲပြားခြားနားပါလျက် အနက်အဓိပ္ပာယ်ချင်းတူသောကြောင့် သိက္ခာကျနိုင်ကြောင်း ဝိနည်းတော်မှာ ပြဆိုထားတယ်ဗျ။ ယင်းဥပမာအတိုင်းပေါ့ဗျာ၊ နမောတဿ ဘဂဝတော ပါဠိနှင့် နမောဗုဒ္ဓဿပါဠိတို့ဟာ ပါဠိစကားလုံးချင်းမတူ ထူးခြားကွဲပြားသော်လည်း အနက် အဓိပ္ပာယ်ချင်း တူသောကြောင့် ဘုရားကို ရှိခိုးရာရောက်တယ်၊ မကောင်းကျိုးပျောက်တယ်၊ ကောင်းကျိုးရောက်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ။ အခု ဆရာ ပြောတဲ့အတိုင်း နမောဗုဒ္ဓဿလို့ ရွတ်ဆိုတဲ့ ကလေးများဟာ အပြိုင်အဆိုင်မှာ အနိုင်ရသကဲ့သို့ ဘီလူးရန်မှ ကင်းဝေးကြသကဲ့သို့ ယင်း နမောဗုဒ္ဓဿနှင့် ပါဠိ စကားလုံးချင်းမတူပေမယ့် ဘုရားရှိခိုးချင်း အဓိပ္ပာယ် အနက်တူသော နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပါဠိစကားလုံးများဟာလဲ အပြိုင်အဆိုင်မှာ အနိုင်ရပြီး အနှောင့်အယှက်ဘေးအန္တရာယ်ကင်းခြင်း ဆိုတဲ့ အကျိုးတရား ရနိုင်ပုံချင်းတူတယ်လို့ ဆိုလိုတယ်မဟုတ်လား ဆရာ"

"ဟုတ်တယ် ဟုတ်တယ်၊ ပြောကြစို့ဆိုရင် နမောတဿချီ ဘုရားရှိခိုးက အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဆိုတဲ့ ဂုဏ်ထူးတွေက အပိုပါနေတော့ ပိုပြီး အကျိုးရနိုင်တယ်လို့တောင် ပြောနိုင်သေးတယ်ဗျ"

## ဘုရားရှိခိုးလျှင် တရားနှင့် သံဃာရှိခိုးခြင်းကိစ္စပါပြီးစီးခြင်း

"ကောင်းပါပြီ ဆရာ၊ သာသနာတော်မှာ ဘုရား တရား သံဃာလို့ ရတနာ သုံးပါး ရှိပါလျက် ဤပရိတ္တပါဠိတော် အစဦးမှာ ဘာကြောင့် နမောတဿချီ ပါဠိဖြင့် ဘုရားကိုသာ ရှိခိုးရတာလဲ ဆရာ၊ ကျန်တဲ့ တရား, သံဃာကိုတော့ ရှိမခိုးထိုက်လို့လား"

"ကိုတက်အင်းက အတွေးလွန်သွားပြီဗျ၊ ဒီနေရာမှာ ပရိတ္တဋီကာကျမ်းပြု တိလောကာလင်္ကာရဘွဲ့တံဆိပ်တော်ရ အရှင်တေဇောဒီပဆရာတော်က မြတ်စွာ ဘုရားကို ရှိခိုးခြင်းဖြင့် မြတ်စွာဘုရားလျှင်ဖြစ်စေအပ်သော တရားတော်နှင့် သံဃာတော်တို့ကိုလည်း ရှိခိုးခြင်းဖြစ်ပေသည် ဟူ၍ ဖွင့်ဆိုတော်မူထားတာကို ပရိတ္တဋီကာပါဠ်(စာမျက်နှာ–၂၃)မှာ ဖတ်ရှုရပါတယ်ဗျ၊ ဒါကြောင့် ဘုရားကိုရှိခိုးလျှင် ကျန်တဲ့ တရားနှင့် သံဃာကိုလည်း ရှိခိုးခြင်းကိစ္စ ပြီးတယ်ပေါ့ဗျာ။ မျက်မြင်လောက ဥပမာတင်ပြရလျှင်တော့ ကျွန်တော်တို့ မြန်မာပြည်မှာ နိုင်ငံတော်သမ္မတကြီး ကြွလာသည် လို့ဆိုလျှင် အခြံအရံ သက်တော်စောင့်တို့၊ သားတော် သမီးတော်များ၊ သမ္မတ ကတော်များလည်း ပါလာနိုင်သလိုပဲ ဆိုကြ ပါစို့။ ဘုရားကိုရှိခိုးလျှင် ဘုရားရှင်သာလျှင် ပဓာနဖြစ်သော တရားတော်နှင့် သံဃာတော်များကိုလည်း ရှိခိုးခြင်းကိစ္စ ပြီးတယ်ပေါ့ဗျာ၊ အဲဒါမျိုးကို ပါဠိမြန်မာစာပေလောကမှာ 'ပဓာန နည်း'လို့ ပြဆိုသုံးစွဲလေ့ရှိတယ်ဗျ"

**ပဏာမ၏ အဓိပ္ပာယ်**

"ဆရာကြီး ဦးစာကျော် ခင်ဗျား၊ ပရိတ်တရားတော်မှာပါတဲ့ ဤစာပိုဒ် နံပါတ်(၃)ကိုပဲ ကျွန်တော် မေးချင်ပါသေးတယ် ဆရာ"

"ကဲ-ကဲ-ကိုတက်အင်း မေးမေး၊ ကျေနပ်အောင်မေး၊ အခု ဒီဆွေးနွေးပွဲမှာ မရှင်းတာရှိရင် မေးထားဗျ၊ နောက်ကျတော့ မေးဖို့ မလွယ်ဘူးဗျ"

"ကျွန်တော်တို့ ဗုဒ္ဓစာပေထဲမှာ ပဏာမ ဆိုတဲ့ စကားလုံးကို အများကြီး သုံးစွဲလေ့ရှိကြပါတယ်ဗျ၊ အဲဒီ 'ပဏာမ'ဆိုတဲ့ စကားလုံးဟာ ဘယ်လို အဓိပ္ပာယ် ရှိတယ်ဆိုတာ ကျွန်တော်သိချင်ပါတယ် ဆရာ"

"ဟုတ်ပြီ ကိုတက်အင်း၊ အဲဒါဟာ မေးသင့်တယ်၊ သိလဲ သိထားသင့်တယ်၊ အဲဒီ 'ပဏာမ' ဆိုတာ ပါဠိစကားလုံးဗျ၊ ပါဠိသဒ္ဒါနည်းနဲ့ ရှင်းပြရရင်တော့ ပ-ဆိုတဲ့ ဥပသာရပုဒ်ရှေ့မှာ တည်နေတဲ့ 'နမု' ဓာတ် + 'ဏ' ပစ္စည်းဗျ။ ပ-ဆိုတဲ့ ဥပသာရပုဒ်က 'အပြားအားဖြင့်'လို့ မြန်မာအနက်ရှိတယ်၊ 'အပြားအားဖြင့်' ဆိုတာကတော့ 'အမျိုးမျိုးအထွေထွေ' ကို ဆိုလိုတာပေါ့ဗျာ။

နမု-ဓာတ်ကတော့ (ဂတ္တဝိနမေ)= ကိုယ်ကို ကိုင်းညွတ်ခြင်းမှုလို့ အနက် ရှိတာပေါ့။

"ဏ-ပစ္စည်းကတော့ 'ခြင်း'လို့ အနက်ပြန်ရတဲ့ ဘာဝသာဓနဟော ပစ္စည်း ပေါ့။ ပ+နမု+ဏ= လို့ သုံးမျိုး ပေါင်းလိုက်တော့ 'ပဏာမ' စကားတစ်လုံး ဖြစ်သွားပြီး ကိုယ်ကို ကိုင်းညွတ်ခြင်းအမျိုးမျိုးလို့ မြန်မာပြန်ဆိုရတာပေါ့ဗျာ။ ကိုယ်ကို ကိုင်းညွတ်ခြင်းအမျိုးမျိုး ဆိုတာကလဲ မတ်တတ်ရပ်၍ ဦးခေါင်းငုံ့ခြင်း၊ လက်အုပ်ချီ၍ ကိုယ်ကိုကိုင်းညွတ်ခြင်း၊ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ ကိုယ်ကို ကိုင်းညွတ်ခြင်း၊ ဝမ်းလျားမှောက် လက်အုပ်ချီ၍ ကိုယ်ကို ကိုင်းညွတ်ခြင်း စတဲ့ ကိုယ်ကို ကိုင်းညွတ်ခြင်း အမျိုးမျိုးပေါ့ဗျာ။ အဲဒီ ကိုယ်ကို ကိုင်းညွတ်ခြင်း ဟူသမျှသည် အရိုအသေပြုခြင်း၊ ရှိခိုးခြင်းများပဲ ဖြစ်ပါတယ်။

"အဲဒီတော့ 'ပဏာမ'ဆိုတာဟာ 'ရှိခိုးခြင်း'လို့ မြန်မာလို ပြန်ဆိုရပါတယ်။ ဆင့်ပွား၍လည်း 'ပဏာမ'ဟူသည်မှာ 'ကျမ်းစာတို့၏ ရှေးဦးမှာသာ ရှိတတ်သော ကြောင့် အခြားရှေးဦးရှိအရာများကိုလည်း 'ပဏာမ'ဝေါဟာရဖြင့် 'ပဏာမ ဆွေးနွေးပွဲ' စသည် သုံးစွဲလေ့ ရှိပါသေးတယ်"

"ဆရာ၊ ပဏာမ ဘယ်နှစ်မျိုးရှိလဲ ဆရာ"

"ကိုတက်အင်း မှတ်မိသေးရဲ့လား၊ ဒီ ပရိတ္တပါဠိ၊ အာဋာနာဋိယသုတ် (စာပိုဒ်နံပါတ်–၁၁၇)မှာ 'တေသာဟံ သိရသာ ပါဒေ၊ ဝန္ဒာမိ ပုရိသုတ္တမေ' ပါဠိ ပါရှိတယ်၊ အဲဒါကို 'ထို ယောကျ်ားမြတ်ဘုရားရှင်တို့၏ ခြေတော်အစုံကို အကျွန်ုပ် ဦးထိပ်ဖြင့် ရှိခိုးပါ၏'လို့ မြန်မာလိုပြန်ဆိုရတယ်ဗျ။ ယင်းစကားရပ်ကို ထောက်ဆလျှင် ကာယပဏာမကို သိရတယ်ဗျ။

ပြီးတော့ အဲဒီ အာဋာနာဋိယသုတ်(စာပိုဒ်နံပါတ်–၁၁၈)မှာပဲ 'ဝစသာမနသာ စေဝ ဝန္ဒာမိ'လို့ ဆက်တွေ့တယ်၊ ယင်းကို 'နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း အကျွန်ုပ်သည် ရှိခိုးပါ၏'လို့ ဆက်၍ မိန့်ဆိုထားတယ်။ အဲဒါက ဝစီပဏာမနှင့် မနောပဏာမရှိသေးကြောင်းကိုဆိုတယ်ဗျ။ အားလုံး ပေါင်းလိုက်တော့–

၁။ ကာယပဏာမ – ကိုယ်ဖြင့်ရှိခိုးခြင်း။
၂။ ဝစီပဏာမ – နှုတ်ဖြင့်ရှိခိုးခြင်း။
၃။ မနောပဏာမ – စိတ်ဖြင့်ရှိခိုးခြင်း

လို့ ပဏာမ သုံးမျိုးရှိကြောင်းကို သိရတယ်ဗျ၊ အခြား ဗုဒ္ဓကျမ်းစာတွေမှာလည်း ပဏာမကို အဲဒီလို သုံးမျိုးသာရှိကြောင်း သိရတယ်ဗျာ"

"ဒါဖြင့် အခု စာပိုဒ်(၃) နမောတဿ–ချီ 'ပဏာမ'က ဘယ်လို 'ပဏာမ' မျိုးလဲဆရာ"

"နမောတဿ–ချီပါဠိဟာ ဌာန်, ကရိဏ်း, ပယတ်, ဂရု, လဟု စသည်ဖြင့် နှုတ်က ရွတ်ဆိုလို့ ရစေရန် စီကုံးထားတော့ 'ဝစီပဏာမ'လို့ပဲ မှတ်ယူသင့်ပါတယ် ကိုတက်အင်း"

"ဒါဖြင့် ဆရာ ဘာကြောင့် ဝစီပဏာမဖြင့်သာ ရှိခိုးပြီး ကာယပဏာမ မနောပဏာမတို့ဖြင့် ရှိမခိုးသလဲ ဆရာ"

"ကိုတက်အင်းရဲ့အဲဒီအမေးကို ပရိတ္တဋီကာဆရာ အရှင်တေဇောဒိပ ကိုယ်တော်ကြီးက ပရိတ္တဋီကာပါဠ် (စာမျက်နှာ–၂၃)မှာဖြေဆိုထားပြီဗျ။ ဘယ်လို ဖြေထားသလဲ ဆိုရင် 'ပဏာမသုံးမျိုးလုံးကပဲ အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်း အကျိုးတရားကို ဖြစ်စေနိုင်ပါ၏။ ဝစီပဏာမကမူ ကျန် ကာယပဏာမ၊ မနော ပဏာမတို့ထက် ထူးခြားသောကြောင့် ဤနေရာမှာ ဝစီပဏာမကို ရေး၍ ရှိခိုး ပါတယ်။ ဘယ်လို ထူးခြားသလဲဆိုရင် ဝစီပဏာမဖြင့် ရေးသားရှိခိုးထားတော့ နောင် အစဉ်အဆက်

ပရိတ္တပါဠိကို လေ့လာရွတ်ဖတ်သူများ၏ သဒ္ဓါတရား ထက်သန်စွာဖြစ်ခြင်း ရှိခိုးခြင်းကို ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် ဝစီပဏာမဖြင့် ရှိခိုးပါသည်။ ကာယပဏာမ, မနောပဏာမတို့ဖြင့် ရှိခိုးခြင်းပြုမထားခြင်းဖြစ်တယ်'လို့ ဖော်ပြ ဖြေဆိုထားပါသည်။

"ကျွန်တော် နည်းနည်းဖြည့်စွက်ပြောချင်တာကတော့ ကာယပဏာမ ပြုပင် ပြုငြားသော်လည်း စာရေး၍ဖော်ပြရန် မလွယ်ခြင်း၊ မနောပဏာမလည်း ပြုပင် ပြုငြားသော်လည်း စာဖြင့်ရေးရန် မလွယ်ခြင်းတို့ကြောင့် ကျမ်းစာအုပ်ထဲမှာ အက္ခရာစာလုံးဖြင့် လွယ်ကူသည့်အတွက် နမောတဿချီ ပါဠိဖြင့် နောင်လာ နောက်သားများ အစဉ်အဆက် ရွတ်ဆိုရှိခိုးရစ်ကြစေရန် ရေးသားဖော်ပြခြင်း ဖြစ်နိုင်ပါသေးတယ်။ ထို့ကြောင့် ထူးခြားသည့် ဝစီပဏာမဖြင့် ရှိခိုးပါသည်ဟူ၍ ယူဆသင့်ပါသေးတယ် ကိုတက်အင်းရဲ့"

ဤတွင် ပရိတ္တပါဠိစာပိုဒ် အမှတ်(၃) နမောတဿ–အစချီသော ဘုရားရှိခိုး ဆွေးနွေးခန်း ပြီးပါပြီ။

## အခန်း (၅)

## ယေ သန္တာ သန္တစိတ္တာ–ဆွေးနွေးခန်း

**ဒုတိယနတ်ပင့်ဂါထာ**

"ကဲ အခုဆွေးနွေးရမယ့်အကြောင်းအရာက ဘာတဲ့တုန်းဗျ"

"ပရိတ္တာပါဠိ စာပိုဒ်(၄) ယေ သန္တာ သန္တစိတ္တာ–အစချီတဲ့ ပါဠိဂါထာတွေကို ရောက်ပါပြီ ဆရာ"

"ကိုတက်အင်းရဲ့၊ သည် ယေ သန္တာ–ချီဂါထာက ဒုတိယအကြိမ် နတ်ပင့်တဲ့ ဂါထာပဲဗျ"

"ဟုတ်ရဲ့လား ဆရာ၊ သည်ဂါထာက တယ်ရှည်ပါလားဗျာ"

"အေးဗျ၊ စာသွားစာလာအရကို ကြည့်တော့ ဒုတိယနတ်ပင့်ဂါထာပါပဲ၊ ဒါပေမယ့် တကယ့်အမှန်ကတော့ ဒီဂါထာကမှ ပထမနတ်ပင့်ဂါထာ ဖြစ်တာကို တွေ့ရတယ်"

"ဟုတ်ကဲ့ဆရာ၊ မှတ်သားရအောင် ရှင်းပြပါဦး"

"ကျွန်တော် ပရိတ္တာပါဠိစာပိုဒ်(၁)မှာပါတဲ့ သမန္တာ–ချီ ပထမနတ်ပင့်ဂါထာ တုန်းက ရှင်းပြခဲ့ပါသေးတယ်၊ အခုလဲ နည်းနည်းတော့ ထပ်ရှင်းပါဦးမယ်။ သက္ကရာဇ် ၉၇၁–ခုနှစ် ဒုတိယအင်းဝခေတ်တုန်းလောက်ကရှိတဲ့ အချိန်မှာ မြန်မာပြည်ရှိ ပရိတ္တာပါဠိမှာ သမန္တာ–ချီ ပထမနတ်ပင့်ဂါထာမရှိသေးလို့ 'ဓမ္မဿဝန ကာလောʼကစပြီး ပရိတ္တဋီကာကျမ်းမှာ ဖွင့်ဆိုရေးသားထားတာကို ဖက်ရှုရပါ တယ်ဗျ၊ ယင်းပရိတ္တဋီကာကျမ်းကတော့ သာသနာတော်နှစ် ၂၁၅၃–ခု၊ ကောဇာ သက္ကရာဇ် ၉၇၁–ခုနှစ်မှာ ပြီးစီးကြောင်း ကျမ်းနိဂုံးမှာ ဖော်ပြထားတာကို တွေ့ရ ပါတယ်။ အဲဒီနှစ်များရဲ့နောက်ပိုင်းကျတော့မှပဲ သမန္တာ–ချီ နတ်ပင့်ဂါထာက ပရိတ္တာပါဠိရဲ့ ရှေးဦးအစကနေပြီး တိုးလာတယ်လို့ ယူဆရပါတယ်ဗျ။

"ဆက်ပြောရဦးမယ်။ ဒီ 'ယေ သန္တာ သန္တ' ဂါထာကြီးက ရှည်မှာပေါ့ဗျ။ ကျွန်တော်တို့ ဆန်းကျမ်းလို့ခေါ်တဲ့ ပါဠိကဗျာဖွဲ့နည်းကျမ်းလာအရ (၂၁)လုံးဖွဲ့ဆိုရတဲ့ သဒ္ဓရာဂါထာကြီး ဖြစ်လို့ပါပဲ။ အဲဒီ ဂါထာမှာ မဂိုဏ်း၊ ရဂိုဏ်း၊ ဘဂိုဏ်း၊ နဂိုဏ်း ဆိုတဲ့ ဂိုဏ်းလေးဂိုဏ်း နောက်၌ ယဂိုဏ်း သုံးဂိုဏ်း ပါဝင်၍ ခုနစ်လုံး တတန့် ယတိသုံးချက်ပါရသည့် လေးပါဒရှိတဲ့ဂါထာကြီး ဖြစ်ပါတယ်။ ယခုခေတ်မှာ ဖွဲ့နိုင်သူနည်းပါးလှတဲ့ ပါဠိကဗျာကြီးပါပဲ။

**ပရိတ်တရားတော်နာကြားရန် ဖိတ်ခေါ်သင့်သူများ**

"ဟုတ်ကဲ့ ဆရာ၊ အလွန်ကောင်းမြတ်တဲ့ ဂါထာကြီးပါပဲ။ ဒီဂါထာမှာပါတဲ့ 'သန္တာ'ဆိုတဲ့ပုဒ်က ဘယ်လိုအဓိပ္ပာယ်ကိုပြတာလဲ ဆရာ"

"တရားတော်နာကြားရန် ပင့်ဖိတ်လိုက်တဲ့ ပုဂ္ဂိုဟ်ဟာ တော်သလို မဟုတ်ဘဲ သူတော်ကောင်းများဖြစ်ရမယ်လို့ သတ်မှတ်လိုက်တာပါ ကိုတက်အင်းရဲ့"

"ဆရာ၊ အဲဒီ သူတော်ကောင်းဆိုတာကို ဘယ်လိုများ သတ်မှတ်ထားပါသလဲ ဆရာ၊ ဘယ်လို သိရမှာလဲ"

"နောက်က ဆက်လာမယ်လေ ကိုတက်အင်း၊ အဲဒီ နတ်ပင့်ကို ဆက်ရွတ်ပါ၊ 'သန္တစိတ္တာ'တဲ့၊ ငြိမ်သက်တည်ကြည်သောစိတ် ရှိရမယ်ဆိုပဲ။ လောဘ ဒေါသ မောဟတွေ နှောင့်ယှက်ပြီး မငြိမ်မသက် မတည်ကြည်တဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်မှ 'သန္တ'သူတော်ကောင်းတဲ့ဗျ။

"ပြီးတော့ လာသေးတယ်၊ 'တိသရဏ သရဏာ'တဲ့၊ သရဏဂုံသုံးပါးကိုလဲ ကိုးကွယ်ရမယ်လို့ဆိုသေးတယ်။ သရဏဂုံသုံးပါးဖြစ်တဲ့ ဘုရား, တရား, သံဃာ တို့ကိုလဲ ကိုးကွယ်သူဖြစ်မှ 'သန္တ–သူတော်ကောင်း'တဲ့ဗျ။ အဲဒီလို ငြိမ်သက် တည်ကြည်သည့်စိတ်ရှိပြီး ရတနာသုံးပါးလို့ဆိုတဲ့ သရဏဂုံသုံးပါးကို ကိုးကွယ် ဆည်းကပ်တဲ့ သူတော်ကောင်းနတ်များကို ဖိတ်ကြားခြင်း ဖြစ်တယ်ဗျ၊ သာမန်မျှသော နတ်ဗြဟ္မာတွေကိုဖိတ်တာ မဟုတ်ပါဘူး ကိုတက်အင်းရဲ့။

"ပြီးတော့ ဆက်ရွတ်တော့ ဒီဂါထာကြီးမှာပဲ 'ဂုဏ ဂဏ ဂဟဏ ဗျာဝဋာ' ဆိုတဲ့ စာပိုဒ်များကို တွေ့ရလိမ့်မယ်၊ အဲဒီစကားလုံးများက ဂုဏ်အပေါင်းကိုရယူရန် ကြောင့်ကျစိုက်သူလို မြန်မာပြန်ရမယ်ဗျ၊ ကျွန်တော် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဂုဏ်ဆိုတာကတော့ သီလ, သမာဓိ, ပညာ တရားများကို ကောက်ယူရတယ်ဗျ၊

အဲဒီဂုဏ်များကို ပိုင်ဆိုင်ရယူရန်အတွက် စိတ်စောနေသူလို့ ဆိုလိုတယ်ဗျ။

"အဲဒီတော့ ယခုဖော်ပြခဲ့တဲ့ သဒ္ဒရာဂါထာကြီးအရ ပရိတ်တရားတော်ကို နာကြားရန် ဖိတ်ကြားရာမှာ–

(၁) 'သန္တဝသန္တစိတ္တာ' အရ လောဘ, ဒေါသ, မောဟ တရားဆိုးတွေ လွှမ်းမိုးနှိပ်စက်ခြင်းမရှိသော ငြိမ်သက်တည်ကြည်သည့် သူတော်ကောင်း၊

(၂) 'တိသရဏသရဏာ'အရ ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ၊

(၃) 'ဂုဏာ ဂဏာ ဂဟဏာ ဗျာဝဋာ'အရ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်များကို ရရှိပိုင်ဆိုင်လိုသူ

ဟူ၍ အင်္ဂါသုံးပါးနှင့် ပြည့်စုံကြသော နတ်ဗြဟ္မာများကို ပရိတ်တရားတော်ကို နာကြားရန် ဖိတ်ကြားကြောင်းလို့ သိရတယ်ဗျ။ လူသားများကိုလဲ ဒီအင်္ဂါရပ်သုံးမျိုးကို ထိုက်သင့်သမျှရှိမှသာ ဖိတ်ကြားသင့်ပါတယ်ဗျ။

"ပြောခဲ့တဲ့အထဲမှာ ပါတဲ့ သရဏဂုံဆိုသည်မှာလည်း ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အရေးကြီးတဲ့ အချက်ပါပဲ။ ကျွန်တော်တို့ နှစ်ယောက်ဆက်လက် ဆွေးနွေးကြရအောင်ဗျာ"

## ယမကဂါထာ ခေါ် စုံတွဲဂါထာ

"ပြောရဦးမယ် ကိုတက်အင်း‌ရဲ့၊ ပရိတ္တပါဠိတော်မှာ ဒီ စာပိုဒ်နံပါတ်(၄) နတ်ပင့်ဂါထာဟာ ပါဠိစာပေမှာ ရှားရှားပါးပါး ၂၁–လုံးဖွဲ့ သဒ္ဒရာဂါထာကြီးဖြစ်သလိုပဲ ရှားရှားပါးပါးဖြစ်တဲ့ ယမကဂါထာလို့ခေါ်တဲ့ စာပိုဒ်စုံတွဲတွေပါတဲ့ စုံတွဲဂါထာလဲ ဖြစ်တယ်ဗျ"

"ဟုတ်ကဲ့၊ နည်းနည်းရှင်းပြပါ ဆရာ၊ ဘယ်လိုပါလဲ"

"ကိုတက်အင်း ရွတ်ကြည့်လေ။ ဒီဂါထာမှာ–

ယေသန္တဝသန္တ စိတ္တာ၊
တိသရဏသရဏာ၊
ဘုမ္မာဘုမ္မာစ၊
ဂုဏာ ဂဏာ ဂဟဏာ ဗျာဝဋာ၊
ဝသန္တော၊ သန္တော သန္တောသ ဟောတုံ၊

သောတမဂ္ဂ သမင်္ဂါ– ဆိုတဲ့ လုံးထပ်စာပိုဒ်စုံတွဲလေးတွေ တွေ့ရတယ်။ ဒါဟာ ရွတ်ဆိုလို့ အရသာရှိပြီး ကြားနာလို့လဲ အရသာရှိလှတဲ့ စုံတွဲစာပိုဒ်ကလေးတွေပေါ့ဗျာ။ အဲဒါကြောင့် ချိုမြိန်ခြင်း မဓုရတာဂုဏ်ရှိတယ်လို့ ဆိုရမှာပေါ့။ ဒါကတော့ လောကီစာပေအရ ဂုဏ်မြောက်ပုံတွေပေါ့”

## သရဏဂုံသုံးပါး မှတ်သားဖွယ်

“ပြီးတော့ ဒီဂါထာမှာ ရှိတဲ့ ‘တိသရဏ သရဏာ’ ဆိုတဲ့ စကားလုံးကလဲ ကျွန်တော်တို့ ဗုဒ္ဓဘာသာ နယ်ပယ်မှာ အလွန်အရေးကြီးတဲ့ စကားလုံးဖြစ်တယ်ဗျ”

“ကျွန်တော် မှတ်ထားချင်လို့ အမိန့်ရှိပါ ဆရာ၊ ဘယ်လိုများ အရေးကြီးတယ်ဆိုတာ ရှင်းပြပါ”

“ကိုတက်အင်းရဲ့၊ ဒီ ယေသန္တာ–ချီ နတ်ပင့်ဂါထာကြီးမှာပါတဲ့ ‘တိသရဏ’ ပါဠိမှာ တိ–တစ်ပုဒ်၊ သရဏ–တစ်ပုဒ်လို့ နှစ်ပုဒ် ခွဲရမယ်ဗျ။ တိ–ဆိုတာက မြန်မာဘာသာဖြင့် သုံးခု အရေအတွက်ကို ပြဆိုတယ်ဗျ၊ သရဏ–ဆိုတာကိုတော့ ‘သတ္တာနံ ဘယံ ဟိံသတီတိ သရဏံ’ လို့ ဝိဂြိုဟ်ပြုရတယ်။ အဲဒီ ပါဠိဝိဂြိုဟ်ကို သတ္တာနံ–သတ္တဝါတို့၏၊ ဘယံ–ဘေးရန်ကို၊ ဟိံသတိ–ပယ်ဖျောက်တတ်၏။ ဣတိ–ထို့ကြောင့်၊ သရဏံ–သရဏမည်၏’လို့ မြန်မာပြန်ရတယ်ဗျ။ အဓိပ္ပာယ်ကတော့ သတ္တဝါတွေရဲ့ဘေးရန်ကို ပယ်ရှားတတ်သောကြောင့် ‘သရဏ’လို့ ခေါ်ဆိုတာတဲ့ဗျ။ တိ–နှင့် သရဏ–နှစ်မျိုးပေါင်းလိုက်တော့ တိသရဏ–သရဏသုံးပါးလို့ ဆိုရမှာပေါ့။ ခင်ဗျားတို့ ကျွန်တော်တို့ အပါအဝင် သတ္တဝါတွေရဲ့ အန္တရာယ်ရန်ဘေးတွေကို ပယ်ဖျောက်နိုင်တဲ့ တရားသုံးမျိုးလို့ ဆိုရမှာပေါ့ဗျာ။

“အဲဒီလို သတ္တဝါတွေရဲ့ ဘေးအန္တရာယ်ဆိုတာကတော့ သံသရာတစ်လျှောက်လုံးမှာ မုချကေန်တွေ့ကြုံရမည့် ပဋိသန္ဓေနေရမှု ဇာတိဘေး၊ အိုမင်းရင့်ရော်ရမည့် ဇရာဘေး၊ ထိခိုက်ဖျားနာမကျန်းမာမှု ဗျာဓိဘေး၊ အသက်ပြတ်ကြွေသေရမည့် မရဏဘေးဆိုတဲ့ သံသရာဘေးဆိုးကြီးများကိုလဲ ယူရမယ်ဗျ။ ပြီးတော့ ဘဝတစ်ခုမှာ ကြုံတွေ့ရတတ်တဲ့ လိုချင်တာကို မရခြင်း၊ မလိုချင်တာကို ရခြင်း၊ ချစ်သည့်ပုဂ္ဂိုလ် အရာဝတ္ထု တရားဓမ္မများနှင့်ကွေကွင်းရခြင်း၊ မချစ်သည့် ပုဂ္ဂိုလ် အရာဝတ္ထု တရားဓမ္မများနှင့် တွေ့ဆုံပေါင်းယှဉ်ရခြင်း အစရှိတဲ့ ဒုက္ခ ဘေးဆိုးကြီးများကိုလဲ ယူရမယ်ဗျ။ အဲဒါတွေဟာ သတ္တဝါတွေရဲ့ ဘေးရန်တွေပါပဲ၊ အဲဒီဘေးရန်အန္တရာယ်တွေကို ပယ်ရှားဖျောက်ဖျက်တတ်လို့ ‘သရဏ’လို့ ခေါ်တယ်။

"အဲဒီလို ဘေးရန်ကို ပယ်ရှားဖျောက်ဖျက်တတ်သည့်အတွက် သရဏ–ကိုးကွယ်ရာ အားကိုးဖွယ်ရာလို့ မြန်မာပြန်ခဲ့ကြတယ်ဗျ။ ယင်း ကိုးကွယ်ရာ အားကိုးဖွယ်ရာသည့် ဘုရား, တရား, သံဃာလို့ သုံးမျိုးသာရှိသောကြောင့် 'တိသရဏ–ကိုးကွယ်ရာ သုံးမျိုး'လို့ ဆိုထားခြင်းဖြစ်တယ် ကိုတက်အင်းရဲ့"

"ဘုရား, တရား, သံဃာ သုံးပါးက ဘယ်လိုများ ကိုးကွယ်ရာဖြစ်သတဲ့လဲ ဆရာ၊ ရှင်းစမ်းပါဦး"

"ကောင်းပေ့ဗျာ၊ ခင်ဗျား မေးပုံက အချက်ကျတယ်၊ အဲဒီလို မေးသင့်တယ်၊ ကျွန်တော် ဖြေပြမယ်လေ"

## မြတ်စွာဘုရား၏ သရဏကိုးကွယ်ရာဖြစ်ပုံ

"ကိုတက်အင်းရဲ့၊ ကျွန်တော်တို့ ခင်ဗျားတို့ရဲ့ ကိုးကွယ်ရာ မြတ်ဗုဒ္ဓရှင်တော်ဘုရားဟာ 'ငါ ဘုရားဖြစ်စေသတည်း၊ ငါ သရဏ ကိုးကွယ်ရာဖြစ်စေသတည်း'လို့ ပြောလိုက်ရုံမျှဖြင့် ဘုရားဖြစ်သွားတာ မဟုတ်ဘူးဗျ၊ သရဏ ခေါ်တဲ့ ကိုးကွယ်ရာ ပုဂ္ဂိုလ်ကြီး ဖြစ်သွားတာလဲ မဟုတ်သေးဘူးဗျ"

"ဘယ်လိုလုပ်လိုက်လို့ ဘုရားဖြစ်၊ သရဏ ကိုးကွယ်ရာ ဖြစ်သွားတာလဲ ဆရာ"

"ဒီလိုဗျ၊ ရှေးဦးစွာ ဘုရားဖြစ်ရန်အတွက် အကြိမ်ကြိမ်အဖန်ဖန် စိတ်ထဲက ကြိတ်ပြီး ဆုတောင်းနေရတာက ကမ္ဘာပေါင်း ခုနစ်အသင်္ချေ ကြာတယ်၊ နောက်ဆက်လက်၍ ဘုရားဖြစ်ရန် ပါးစပ်မှ ဖွင့်ဟ၍ ဆုတောင်းနေရတာကလဲ ကမ္ဘာပေါင်း ကိုးအသင်္ချေ ကြာတယ်ဗျ။ နောက် ဆက်လက်၍ ကိုယ်နှုတ်နှစ်ပါးစုံဖြင့် ဘုရားဖြစ်ရန်အတွက် ဆုတောင်းပတ္ထနာပြု၍ ဘုရားဖြစ်နိုင်သည့် ပါရမီတရားဆယ်ပါး၊ အမျိုးအစား အပြားအားဖြင့် သုံးပါး၊ ထို ၁၀ပါးသုံးလီ ပါရမီသုံးဆယ်၊ စရိယ သုံးပါး၊ စွန့်ခြင်းကြီး ငါးပါးတို့ကို ဖြည့်ကျင့်ရသည့် ကမ္ဘာပေါင်းက လေးအသင်္ချေနှင့် တစ်သိန်း ကြာတယ်ဗျ"

"ဆရာ–အဲဒီ ပါရမီတို့၊ ပါရမီအပြား သုံးဆယ်တို့၊ စွန့်ခြင်းကြီး ငါးပါးတို့ ဆိုတာက ဘာတွေလဲဆရာ"

"ကိုတက်အင်းရဲ့ သိပ်မလောနဲ့လေ၊ ဒီ ပရိတ္တပါဠိတော်မှာ ရတနသုတ် (စာပိုဒ်နံပါတ်–၂၅)မှာ ဒီတရားတွေကိုမှ အကျယ်ဖော်ပြထားပါတယ်ဗျ၊ အခုတော့ ဒါလောက်ပဲသိရင် တော်ပါပြီဗျ။

"အဲဒီလို ဘုရားဖြစ်ရန်အတွက် မပျက်မကွက် ကျင့်သုံးပြီး နောက်ဆုံးပစ္ဆိမဘဝ ရောက်တော့မှ တောထွက်၍ ဒုက္ကရအကျင့် ခေါ်တဲ့ ခက်ခဲဆင်းရဲတဲ့ အကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်ရတယ်၊ ဗောဓိပင်နှင့် ရွှေပလ္လင်မှာ မာရ်ငါးပါးကို အောင်မြင်ပြီး သစ္စာလေးပါး ပိုင်းခြားသိမြင် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူတယ်ဗျ။ ဘုရားဖြစ်ပြီးတော့မှ သံသရာဆင်းရဲဒုက္ခ၊ ဘဝဆင်းရဲဒုက္ခ အမျိုးမျိုးတို့မှ လွတ်ကင်းချမ်းသာနိုင်တဲ့ နည်းတွေကို ဟောကြားတော်မူတယ်။ ဒါကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားဟာ သတ္တဝါတွေရဲ့ ကိုးကွယ်ရာ၊ အားထားရာ သရဏ ဖြစ်တော်မူတယ်ဗျ"

"မြတ်ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဟောကြားချက်အတိုင်း ကျင့်သုံး၍ သံသရာဆင်းရဲဒုက္ခမှ ကင်းလွတ်ကြရတယ်၊ တန်ခိုးတော်၏ဘုန်းတော် ကံတော် တန်ခိုးတော် အရှိန်အဝါကိုမှီခို၍လည်း ဘဝဆင်းရဲဒုက္ခများမှ ကင်းလွတ်ရတယ်ဗျ၊ ဒါကြောင့် မြတ်စွာဘုရားရှင်ဟာ ကျွန်တော်တို့ရဲ့ သရဏ–ကိုးကွယ်ရာဖြစ်တယ်ဗျ"

"ပရိနိဗ္ဗာန်စံပြီးနောက် မြတ်စွာဘုရားမရှိတဲ့နောက်တော့ကော ဆရာ၊ သရဏ ကိုးကွယ်ရာ ဖြစ်ပါ့မလား"

"မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတော့လည်း ဟောကြားတဲ့ တရားတော်တွေက ကျန်ရှိနေသေးတယ်ဗျ၊ အဲဒီ တရားတော်တွေက မှန်ကန်တဲ့ တရားတော်တွေ ဖြစ်တော့ အဲဒီတရားတော်တွေအတိုင်း ကျင့်သုံးလျှင် သံသရာဝဋ်ဆင်းရဲကလဲ လွတ်ကင်းနိုင်သေးတာပဲ၊ အဲဒါကြောင့် တရားတော်ကို ဟောကြားတဲ့ တရားတွေရဲ့ မူလပိုင်ရှင် မြတ်စွာဘုရားဟာ သရဏ ကိုးကွယ်ရာဖြစ်တော်မူတာပဲဗျ၊ 'ပုဂ္ဂိုလ်ခင်မှ တရားမင်'ဆိုတဲ့ မြန်မာဆိုရိုးစကားအတိုင်း ဗုဒ္ဓဘုရားရှင်ကို သရဏ–ကိုးကွယ်ရာဖြစ်တယ်လို့ ယုံကြည်မှ တရားတော်ကိုလဲ ယုံကြည်စွာ ကျင့်သုံးနိုင်မှာ ကိုးဗျ။

"ပြီးတော့ လေးအသင်္ချေနှင့် ကမ္ဘာပေါင်းတစ်သိန်းတိတိကြာအောင် ဖြည့်ကျင့်လာခဲ့တဲ့ ပါရမီကုသိုလ်တွေ ဘုရားအဖြစ်ဖြင့် ကျင့်သုံးထားတဲ့ တရားဓမ္မ အရှိန်အဟုန်တွေဟာ ပရိနိဗ္ဗာန်စံပြီး ခန္ဓာငါးပါးမရှိရုံမျှဖြင့်လည်း ပျောက်ကွယ်မသွားဘူးဗျ။ ယုံကြည်စွာ မှီခိုဆည်းကပ်လျှင် မကောင်းကျိုးများကို ပယ်ဖျောက်၍ ကောင်းကျိုးများ ဆိုက်ရောက်နိုင်မှာပဲ၊ ဘဝမှာတွေ့ရတတ်တဲ့ ဆင်းရဲဒုက္ခတွေမှလဲ လွတ်ကင်းနိုင်မှာပေါ့။ ယုံကြည်စွာ တရားတော်ကိုကျင့်သုံးလျှင်လဲ သံသရာဝဋ်ဒုက္ခမှလဲ ကင်းလွတ်နိုင်တာပဲ၊ အဲဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားလို့

ခန္ဓာငါးပါး ထင်ရှားမရှိတော့သော်လည်း သရဏခေါ် ကိုးကွယ်ရာအစစ် ဖြစ်မြဲပဲ ဖြစ်နေပါတယ်ဗျ။

"ကဲ–ကဲ ဒီလောက်ဆိုလျှင် မြတ်ဗုဒ္ဓဘုရားရှင်၏ သရဏဖြစ်ပုံကို ကိုတက်အင်း သိလောက်ပါပြီဗျာ။ တရားတော်နှင့် သံဃာတော်တို့ရဲ့ သရဏ ခေါ် ကိုးကွယ်ရာ ဖြစ်ပုံကို ဆက်ပြီး ဆွေးနွေးကြရအောင်"

"ကဲ–ကဲ–ဒီလောက်ပြောခဲ့လျှင် ဗုဒ္ဓ၏ သရဏဖြစ်ပုံ ခေါ် ကိုးကွယ်ရာ ဖြစ်ပုံကို သိနိုင်လောက်ပြီနော်"

"ဟုတ်ကဲ့၊ ပြောတုန်းမှာတော့ သိနိုင်စရာပါပဲဆရာ၊ ပြောပြီးတော့ အချုပ်ကို မမှတ်မိတော့ဘူး ဆရာ"

"သြော်–ဒီလိုလား၊ ကျွန်တော်ပြောတာက များလွန်းလို့ ကျယ်ဝန်းသွားတာ ကိုး၊ ကဲ–အခု အကျဉ်းချုပ်ပြီး ထပ်ပြောမယ်လေ၊ စကားထပ်တယ်လို့တော့ အပြစ်မတင်နဲ့၊ သည်းခံဗျ။ ဒီလိုလေ–ကျွန်တော်တို့ မြတ်ဗုဒ္ဓရှင်တော်ဘုရားဟာ သုမေဓာရသေ့ဘဝကစ၍ ပါရမီဆယ်ပါး၊၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါး စတဲ့ အမြတ်ကျင့်စဉ်တရားတွေကို ဘဝပေါင်းများစွာ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းကြာအောင်ဖြည့်ကျင့်ပြီး နောက်ဆုံး သိဒ္ဓတ္ထဘဝမှာပင် နှစ်ပေါင်းခြောက်နှစ် လုံးလုံး ဒုက္ကရအကျင့်ကို ကျင့်သုံးပြီးမှ မဇ္ဈိမပဋိပဒါ ခေါ် အလယ်လမ်းကြောင်းသို့ ရောက်ရှိလျက် သဗ္ဗညု ဘုရား ဖြစ်တော်မူတယ်၊ နိဗ္ဗာန်ရောက်တယ်၊ သိမြင်တယ်၊ ရရှိတယ်။

"အလယ်လမ်းကျင့်စဉ်ဟူသည်မှာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ပင် ဖြစ်သည်။ ဝေနေယျသတ္တဝါတို့အား ယင်းကျင့်စဉ်ကို ဟောကြားတော်မူသည်။ အခြား ကောင်းမြတ်သောကျင့်စဉ်များကိုလည်း ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူသည်။ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သတ္တဝါတို့၏ သရဏ ခေါ်သော ကိုးကွယ်ရာ ဖြစ်တော်မူသည်။ ကိုတက်အင်း အခု ကျွန်တော်ပြောတာဟာ ဗုဒ္ဓ၏သရဏခေါ် အားကိုးရာဖြစ်ပုံ အကျဉ်းချုပ်ပဲဗျာ"

"ဆရာ၊ ဒါလောက်ဆို မှတ်မိပါပြီ။ နောက်ဆက်ပြီး ဓမ္မ၏ သရဏ ခေါ် အားကိုးရာ ကိုးကွယ်ရာဖြစ်ပုံကို ပြောပါဆရာ"

**ဓမ္မတရားတော်၏ သရဏ ကိုးကွယ်ရာဖြစ်ပုံ**

ကောင်းပါပြီ ကိုတက်အင်း၊ ဓမ္မခေါ် တရားတော်၏ သရဏခေါ် အားထားရာ ကိုးကွယ်ရာ ဖြစ်ပုံကို ကျွန်တော် ပြောပြပါမယ်။ အဲဒါကို ထင်ထင်ရှား ရှား

သိလွယ်အောင် ဓမ္မကို ဖြစ်သင့်သမျှ ခွဲခြားပြဖို့ လိုတယ်ဗျ”

“ဟုတ်ကဲ့၊ ခွဲခြားပြီး ပြောပြပါ ဆရာ၊ ဘယ်ဓမ္မတရားမျိုးက သရဏ ခေါ် ကိုးကွယ်ရာ ဖြစ်ထိုက်ပါသလဲ”

“ကျွန်တော်တို့က ဓမ္မတရားတော်ကို ကိုးကွယ်ရာလို့ သာမန်မျှသာ ဆိုကြပေမယ့် ‘ဓမ္မ’ဆိုတာက အများကြီးဖြစ်နေတော့ ဘယ်တရားဓမ္မက ကိုးကွယ်ဖွယ်ရာ ဖြစ်ပါသလဲဆိုတာကို ခွဲခွဲခြားခြားသိဖို့လိုတယ်။ ခွဲပြရမယ်ဆိုရင်–

(၁) နိဗ္ဗာနဓမ္မ၊

(၂) ဖလဓမ္မ၊

(၃) မဂ္ဂဓမ္မ၊

(၄) ကုသလဓမ္မ၊

(၅) ပရိယတ္တိဓမ္မ– လို့ ငါးမျိုးရှိတယ်။

“သရဏ ခေါ် ကိုးကွယ်ဖွယ်ရာဖြစ်ထိုက်တဲ့ ဓမ္မက ဒီ ငါးမျိုးပဲဗျ။ကျွန်တော် ရှင်းပြမယ်လေ။

“(၁) နိဗ္ဗာနဓမ္မ ဆိုတာက ကျွန်တော်တို့ မြတ်ဗုဒ္ဓရှင်တော်ဘုရား သုမေဓာ ရသေ့ဘဝ ဘုရားဖြစ်ရန် နိယတဗျာဒိတ်တော်ကို ခံယူစဉ်ကပင် ဤနိဗ္ဗာန်တရား တော်ကိုသာ ချမ်းသာအစစ် တရားတော်ဖြစ်တယ်လို့ ဆုံးဖြတ်သိမြင်ခဲ့တယ်။ ဒီနိဗ္ဗာန်တရားကို ကိုယ်တိုင် ရရန် ရောက်ရန် ပါရမီဆယ်ပါး မြတ်တရားကို ကျင့်သုံး၍ လမ်းစဉ်ကို ရှာခဲ့တယ်။ နောက်ဆုံး ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်း ကြာအောင် ဖြည့်ကျင့်ပြီးတော့မှ မဇ္ဈိမပဋိပဒါ ခေါ် အလယ်လမ်း ကျင့်စဉ်ကို သိမြင် ကျင့်သုံးတော့မှ နိဗ္ဗာန်တရားတော်ကို သိမြင်ရရှိတော်မူခဲ့ တယ်ဗျ။ အဲဒီနိဗ္ဗာန်သာလျှင် ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်း, လိုတာမရခြင်း စတဲ့ သံသရာဝဋ်ဆင်းရဲနှင့် စားဝတ်နေရေး ကာမဘဝ ဒုက္ခဘေး တို့မှကင်းဝေးရာဖြစ်ပေသောကြောင့် သတ္တဝါဝေနေယျတို့ရဲ့ သရဏခေါ် အားကိုးရာ မှီခိုရာ ကိုးကွယ်ရာ ဖြစ်တယ်ဗျ။

“(၂) ဖလဓမ္မ ဆိုတာကတော့ လေးမျိုးရှိတယ်ဗျ။ အဲဒီ တရားတွေက–

(က) အရဟတ္တဖလ

(ခ) အနာဂါမိဖလ

(ဂ) သကဒါဂါမိဖလ

(ဃ) သောတာပတ္တိဖလ လို့ ဖလဓမ္မများဖြစ်ပေတယ်။

"ယင်းဖလဓမ္မများဟာ တစ်ဆင့်ထက် တစ်ဆင့် အောက်ဆုံး(ဃ)မှ (က)အထိ မြင့်မြတ်ကြပါတယ်။ (က) အရဟတ္တဖလဟာ နိဗ္ဗာနဓမ္မနှင့် အနီးစပ်ဆုံးဓမ္မပါပဲ။ ယင်း အရဟတ္တဖလအဆင့်သို့ ရောက်နေသူ ကိုပဲ ရဟန္တာပုဂ္ဂိုလ်လို့ ခေါ်ကြတယ်။ ယင်းပုဂ္ဂိုလ် ချုပ်ငြိမ်းသွားလျှင် နိဗ္ဗာနဓမ္မ ဖြစ်သွားတော့တာပဲဗျ။ နိဗ္ဗာနဓမ္မမှာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ မရှိ တော့ဘူးဗျ။ ဆင်းရဲအားလုံး ချုပ်ငြိမ်းသွားပြီ။ အရဟတ္တဖလဓမ္မမှာတော့ စိတ် ဆင်းရဲတော့ မရှိတော့ဘူး၊ ကိုယ်ဆင်းရဲမှုတော့ ရှိသေးတယ်။ အဲဒီ အရဟတ္တဖလ ဓမ္မဖြစ်အောင် အောက်ဖြစ်သော ဖလဓမ္မအဆင့်များမှနေ၍ နိဗ္ဗာန်လမ်းစဉ်တရားများကို ကျင့်သုံး တော့မှ မဂ္ဂဓမ္မ တရားအဆင့်ဆင့်ဖြင့် တက်ခဲ့ရတယ်ဗျ။

(၃) မဂ္ဂဓမ္မ ဆိုတာကလဲ လေးမျိုးရှိပြီး အဲဒီ မဂ္ဂဓမ္မတရားတွေက–

(က) အရဟတ္တမဂ္ဂ

(ခ) အနာဂါမိမဂ္ဂ

(ဂ) သကဒါဂါမိမဂ္ဂ

(ဃ) သောတာပတ္တိမဂ္ဂ လို့ မဂ္ဂဓမ္မကလည်း လေးမျိုးရှိတယ်။

"မဂ္ဂဓမ္မ လေးမျိုးဟာ လူတိုင်းမှာဖြစ်သည် မဟုတ်ချေ။ ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့် သံဃာတို့ထံမှ ကြားသိနာခံ မှတ်သားထားသည့် ပရိယတ္တိဓမ္မမှာ ညွှန်ပြဟောကြား ထားသောအကုသိုလ်တရားဆိုးများကို ပယ်ရှောင်လျက် ကုသိုလ်တရားများကို ကျင့်သုံးရမည်။ ယင်းကုသိုလ်တရားများ၏အရှိန်အဟုန်ကြောင့် ကလျာဏတိဟိတ် ပုထုဇဉ်ဖြစ်လာသောအခါမှာ နိဗ္ဗာန်လမ်းစဉ်အကျင့်များကို ကျင့်သုံးပွားများလျှင် သောတာပတ္တိမဂ္ဂဓမ္မ ဖြစ်ပွားသည်။

"အဲဒီ သောတာပတ္တိမဂ္ဂဓမ္မဆိုတာဟာလဲ သိပ်ကြာတာမဟုတ်ဘူးဗျ။ စိတ္တက္ခဏ တစ်ချက်မျှသာဖြစ်ပြီး ချုပ်သွားတာပဲ။ ချက်ချင်းပဲ သောတာပတ္တိဖလဓမ္မ ဖြစ်လာ တာပဲ။ အဲဒီ သောတာပတ္တိမဂ္ဂဓမ္မဟာ မချုပ်သေးမီကပင် ဒိဋ္ဌိ ခေါ် အကုသိုလ် အမြင်မှားခြင်း၊ ဝိစိကိစ္ဆာခေါ် မဆုံးဖြတ်နိုင်ခြင်းဆိုတဲ့အကုသိုလ်နှင့် အပါယ်ကျမည့် အကုသိုလ်တရားနှစ်ပါးပယ် ဖြစ်သွားတယ်။ အဲဒါကြောင့် သောတာပတ္တိဖလဓမ္မကို ရရှိထားသူ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်၄ရဲ ဝဋ်ဆင်းရဲမှာ မဖြစ်နိုင်တော့ဘူး၊ လူနတ်ဗြဟ္မာ ကောင်းရာသုဂတိဘဝမှာသာ ဖြစ်ရတော့တယ်။ ယင်းဘဝများမှာလည်း ဘုန်းကံနည်းမဲ့ ဆင်းရဲသူ မဖြစ်ရတော့ဘဲ ဘုန်းကံကြီးမား ချမ်းသာသူများသာလျှင် ဖြစ်ရတော့တယ်။

"ထို သောတာပတ္တိဖလမဂ္ဂကို ရရှိသူ သောတာပန်ပုဂ္ဂိုလ်သည် ဆက်လက်၍ သံသရာဝဋ်ဆင်းရဲ၌ အလွန်ဆုံး ခုနစ်ဘဝထက် ပို၍ မဖြစ်နိုင်တော့ဘဲ ဘဝမကြာမီ နိဗ္ဗာန်လမ်းစဉ်တရားကို ဆက်လက်ပွားများကာ သကဒါဂါမိမဂ္ဂဓမ္မကို ရရှိသည်။ သကဒါဂါမိမဂ္ဂဓမ္မရသည်နှင့် ချက်ချင်းပင် သကဒါဂါမိဖလဓမ္မကို ရရှိသည်၊ သကဒါဂါမ်အရိယာပုဂ္ဂိုလ် ဖြစ်သွားသည်။ ကာမဘဝများမှာ တစ်ကြိမ်သာ ဖြစ်တော့သည်။ နောက်ထပ် မဖြစ်နိုင်တော့ပေ။

"ယင်း သကဒါဂါမ်ပုဂ္ဂိုလ်သည်လည်း နိဗ္ဗာန်လမ်းစဉ် အကျင့်တရားများကို ဆက်လက် ပွားများသည်ရှိသော် အနာဂါမိမဂ္ဂတရားကို ရရှိသည်။ ချက်ချင်းပင် အနာဂါမိဖလဓမ္မကို ရရှိသည်။ အနာဂါမ်အရိယာပုဂ္ဂိုလ် ဖြစ်သွားသည်။ ထိုသူသည် ဤကာမဘုံ၌ လုံးဝမဖြစ်လေပြီ။ အနာဂါမိ မဂ္ဂဓမ္မကပင်လျှင် အကုသိုလ်တရားဆိုး ဖြစ်သော ကာမရာဂနှင့် ဒေါသတရားတို့ကို ပယ်ဖြတ်လိုက်သည်။ ထို့ကြောင့် ကာမဘုံမှာမဖြစ်၊ ဒေါသလည်း မရှိချေ။

"ယင်း အနာဂါမ်ပုဂ္ဂိုလ်သည် နိဗ္ဗာန်လမ်းစဉ်ကို ဆက်လက်ပွားများသော် အရဟတ္တမဂ္ဂဓမ္မကို ရရှိသည်။ အကုသိုလ်တရား ဟူသမျှကို အားလုံး ပယ်ဖြတ်သည်။ ချက်ချင်းပင်လျှင် အရဟတ္တဖလဓမ္မအဆင့် ဖြစ်သွားသည်။ ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားသည်။

ယင်းရဟန္တာသည် သံသရာဝဋ်ဆင်းရဲ၌ ဖြစ်ခွင့်မရှိတော့ပြီ။ စိတ်ဆင်းရဲမှု မရှိတော့ပြီ။ ဤခန္ဓာကိုယ်ကြီး ချုပ်ငြိမ်းသွားလျှင် ဆင်းရဲဟူ၍ လုံးဝမရှိဘဲ ချမ်းသာအတိသာဖြစ်သည့် နိဗ္ဗာနဓမ္မကို ရောက်ရှိသွားလေတော့သည်။

"ဤသို့ ဖော်ပြခဲ့သည့်အတိုင်း (၁) နိဗ္ဗာနဓမ္မ (၂) ဖလဓမ္မ (၃) မဂ္ဂဓမ္မ ဟူသော ဓမ္မသုံးမျိုးတို့သည် (က)မှ(ဃ)အထိ မဂ္ဂဓမ္မ လေးမျိုးနှင့် (က)မှ(ဃ) အထိ ဖလဓမ္မလေးမျိုး အချိတ်အဆက်မိမိဖြင့် (၁) နိဗ္ဗာနဓမ္မတိုင်အောင် သတ္တဝါ ဝေနေယျတို့၏ သရဏခေါ် အားကိုးဖွယ်၊ ကိုးကွယ်ဖွယ်အဖြစ် ရောက်ရှိလာခဲ့ ပေသည်။ အဲဒါကို ကိုတက်အင်း ရှင်းရှင်းကလေးသိခဲ့ပြီနော်"

"ဟုတ်ကဲ့ ဆရာ သိပါပြီ၊ ဆက်ပါဦး၊ ကုသလဓမ္မ ရောက်ပါပြီ"

"(၄) ကုသလဓမ္မ ဆိုတဲ့ ကုသိုလ်တရားကတော့ သတ္တဝါဝေနေယျတွေကို အပါယ်လေးပါးမကျဘဲ ကောင်းကျိုးတရားများကို တစ်ဒင်္ဂသတ္တိ တစ်ဘဝ တစ်ခဏတာမျှသောအစွမ်းဖြင့် သရဏခေါ် အားထားဖွယ် ကိုးကွယ်ဖွယ် အဖြစ်ကို ရနိုင်တယ်။ မဂ္ဂ ဓမ္မဖလများလိုတော့ တစ်ချက်တည်း အပြီးအပြတ် သရဏခေါ်

အားကိုးဖွယ်၊ ကိုးကွယ်ဖြစ် မဖြစ်နိုင်ကြဘူးဗျ။ ဒီ ကုသလဓမ္မတွေက မဂ္ဂဓမ္မ, ဖလဓမ္မတွေရဲ့ သရဏခေါ် အားကိုးဖွယ်၊ အားထားဖွယ်ဖြစ်လာအောင် ဆောင်ရွက်လာမှာဗျ။ သတိထား ပွားများရမယ်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆဆိုရင်တော့ အရင်းပြုတ်ပြီး အရှုံးဖြင့် နိဂုံးချုပ်ရမှာပဲဗျ”

“(၅) ပရိယတ္တိဓမ္မကတော့ ဖော်ပြခဲ့တဲ့ (၁)မှ (၄)အထိ ဓမ္မ လေးမျိုး၊ (က)မှ (ဃ)အထိ ဖလဓမ္မ လေးမျိုး၊ (က)မှ (ဃ)အထိ မဂ္ဂဓမ္မ လေးမျိုးတို့ကို သိခြင်း၊ မြင်ခြင်း၊ ရခြင်းတို့ရဲ့ မူလအရင်းအမြစ် ဖြစ်သည့် ဓမ္မကြီးပါပဲ။ ဗုဒ္ဓ ဟောပြတဲ့ တရားတော်ကြီးပါပဲ။ ဖော်ပြခဲ့တဲ့ ဓမ္မများကို အဲဒီ (၅) ပရိယတ္တိဓမ္မ ကြီးကိုပဲ အခြေခံထား၍ ကျန်ဓမ္မများ ဖြစ်ပွားကြရတာပါ။ ဒါကြောင့် သရဏ အစစ်ကြီးလို့ ခေါ်ထိုက်ပါတယ်”

“အဲဒါကြောင့် အချုပ်သဘော စုပေါင်းပြောရလျှင် ဓမ္မ ခေါ် တရားတော်သည် သရဏခေါ် အားထားရာ၊ မှီခိုရာ၊ ကိုးကွယ်ရာဖြစ်သည်ကို ဤသို့ ငါးမျိုး ခွဲခြား ကြည့်မှ ပို၍ ထင်ထင်ရှားရှားသိရပါတယ် ကိုတက်အင်း ခင်ဗျား။ ကဲ–ကဲ ကျွန်တော်ကတော့ ဓမ္မရဲ့သရဏခေါ် ကိုးကွယ်ရာဖြစ်ပုံကို အကျဉ်းချုပ် ပြောပြီးပြီ။ ကိုတက်အင်း သိချင်သေးရင် ထပ်မေးဦးဗျာ”

“အဟမ်း အဟမ်း”ဆရာကြီး ဦးစာကျော်က ခွင့်ပြုသောကြောင့် ကျွန်ုပ်က မေးရန် ချောင်းဟန့်လိုက်မိပါသည်။

**အကုသိုလ်တရားသည် သရဏဖြစ်သလော**

“ဆရာခင်ဗျား၊ ခုတင်က ဆရာပြောခဲ့တဲ့ သရဏ ခေါ်တဲ့ ကိုးကွယ်ရာ ဖြစ်နိုင်တဲ့ ဓမ္မ ခေါ်တဲ့ တရားတော်များထဲမှာ ပရိယတ္တိတရားတော်လဲ ပါနေပါ တယ်။ အဲဒီ ပရိယတ္တိတရားတော်ထဲမှာလဲ အကုသလဓမ္မ ခေါ်တဲ့ အကုသိုလ် တရား၊ လောဘတရား၊ ဒေါသတရား၊ မောဟတရား၊ မာနတရား စတဲ့ အကုသိုလ်တရား တော်တော်များများကိုလဲ ပါဝင်၍ ဟောကြားထားတာကို များစွာဖတ်ရှုရပါတယ်။အဲဒီတော့ ပရိယတ္တိတရားဟာ သရဏခေါ်တဲ့ ကိုးကွယ်ထိုက်၊ အားကိုးထိုက်တဲ့ တရားလို့ ခေါ်မယ်ဆိုလျှင် ဖြစ်နိုင်ပါ့မလား ဆရာ”

“အဲ–အဲ ကိုတက်အင်းက တော်တော်ကို တွေးကြံပြီးတော့ မေးလိုက်တာကိုး၊ အဲလေ ဒီလိုလဲ မေးသင့်ပါတယ်။ ခွဲခွဲခြားခြား သိထားသင့်ပါတယ်။ အကုသိုလ် တရား ဆိုတာဟာ အကုသိုလ်တရားလို့လဲ သိထားသင့်ပါတယ်။ အဲဒီလို အကုသိုလ်တရားကို အကုသိုလ်တရားလို့ ထင်ထင်ရှားရှားသိထားမှလဲ ရှောင်ရှား

ပယ်ကြဉ်တဲ့နေရာမှာ မဖြစ်ပွားစေဘဲဖြင့် ရှောင်ရှားပယ်ကြဉ်နိုင်မှာကိုး၊ အဲဒီလို သိရှိပြီး ရှောင်ရှားပယ်ကြဉ်နိုင်မှလဲ အကုသိုလ်ဆိုတဲ့ မကောင်းမှုတရား မဖြစ်ပွားဘဲ ကုသိုလ်တရားတွေ ဖြစ်ပွားခွင့်ရမှာဗျ၊ ဒါကြောင့် လောဘတရား၊ ဒေါသတရား၊ မောဟတရား၊ မာနတရား စတဲ့ အကုသိုလ်တရားဆိုးတွေကို ထုတ်ဖော်ဟောကြားတဲ့ ပရိယတ္တိတရားတော်ဟာလဲ သရဏလို့ခေါ်တဲ့ မှီခိုရာ အားကိုးရာ တရားတော် ဖြစ်နိုင်တာပေါ့ဗျာ၊ မှီခိုရာ ကိုးကွယ်ရာ သရဏဓမ္မလို့ သိထားသင့်ပါတယ်။

"ဥပမာပြောရလျှင် အဆိပ်ကို အဆိပ်လို့ ညွှန်ကြားထားတဲ့ ဆေးကျမ်းကိုလည်း ဆေးဆရာများ ခွဲခြားသိရှိသင့်သလိုပေါ့ဗျာ။ ပြီးတော့လဲ ရှိသေးတယ်ဗျ။ မဂ်တရားက ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာတရား တစ်ဆယ့်ကိုးမျိုးထဲမှာ ပယ်ရှားပြီးသော အကုသိုလ်တရား ပဟီနကိလေသာ၊ မပယ်ရှားရသေးတဲ့ အကုသိုလ်တရား အပ္ပဟီန ကိလေသာ ဆိုတဲ့ ပစ္စဝေက္ခဏာဉာဏ်တွေ ရှိသေးတယ်ဗျ။ ဒါဟာ ပရိယတ္တိတရားတော်မှာ ဖော်ပြညွှန်ကြားချက်အရ သိရှိရတာ၊ ပရိယတ္တိ တရားတော်မှာ မဟောကြားမဖော်ပြလျှင် ဘယ်လိုမှ သိရမှာမဟုတ်ဘူး။ မဂ်တရား ဖိုလ်တရား ဖြစ်ပြီး ဖြစ်ပေါ်ရမြဲဖြစ်တဲ့ အပ္ပဟီနအကုသိုလ်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဝီထိတို့၊ ပယ်ရှားပြီး အကုသိုလ်ကို ဆင်ခြင်တဲ့ ပဟီနပစ္စဝေက္ခဏာ ဝီထိတို့ဆိုတာ ဖြစ်ပေါ်နိုင်မှာမဟုတ်တော့ဘူးဗျ။ ကုန်ကုန်ပြောရရင်တော့ အကုသိုလ် တရားကို ပရိယတ္တိမှာ ညွှန်ကြားဟောပြချက်အရ အကုသိုလ်တရား အမှန်အတိုင်း မသိရရင်တော့ ရှောင်ကြဉ်ပယ်ရှားနိုင်မှာ မဟုတ်ဘူးဗျ။ အကုသိုလ်တရားကို မသိလို့ မပယ်ရှားနိုင်လျှင်လည်း ကုသိုလ်တရားဖြစ်ပွားရန် မလွယ်တော့ဘူးဗျ။ ဒါကြောင့် အကုသိုလ်တရားတွေကို ညွှန်ပြထားတဲ့ ပရိယတ္တိဓမ္မဟာလည်း သရဏခေါ်တဲ့ မှီခိုအားထားရာ ကိုးကွယ်ရာဖြစ်နိုင်ပြီး 'ဓမ္မံ သရဏံ ဂစ္ဆာမိ'လို့ ဆိုထိုက်ပါကြောင်း မှတ်သားသင့်ပါတယ် ကိုတက်အင်းရယ်"

## နိဗ္ဗာန်တရားသည် သရဏဖြစ်သလော

"ဟုတ်ကဲ့ ကောင်းပါပြီ ဆရာ၊ ကျွန်တော် သဘောကျပါပြီ။ နောက်တစ်ချက် ဆက်လက်မေးပါရစေ။ ကိုယ့်သန္တာန်မှာမဖြစ်ဖူးသေးတဲ့ နိဗ္ဗာန်တရားတော် ကကော ဘယ်လိုလုပ်ပြီး သရဏခေါ် မှီခိုရာကိုးကွယ်ရာ ဖြစ်နိုင်မှာလဲဆရာ၊ နည်းနည်းကလေး အမြွက်လောက်ရှင်းပြပါ ဆရာ"

"ကိုတက်အင်း၊ ပရမတ္ထတရား လေးပါးကို သိရဲ့လား"

"ဟုတ်ကဲ့ သိပါတယ် ဆရာ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ လေးမျိုးပါ ဆရာ"

"ပရမတ္ထတရားလို့ ဘာကြောင့်ခေါ်တာလဲဗျ"

"ပရမ+အတ္ထ=ပရမတ္ထလို့ပုဒ်ခွဲရပြီးတော့ ပရမ–မဖောက်မပြန် မှန်ကန် မြင့်မြတ်တဲ့၊ အတ္ထ–သဘောတရားလို့ အဓိပ္ပာယ်ရှိပါတယ် ဆရာ၊ အကျဉ်းချုပ် အားဖြင့် ထင်ထင်ရှားရှားတည်ရှိတဲ့ သဘောတရားလို့ ဆိုလိုပါတယ် ဆရာ"

"ဟုတ်ပြီ၊ ကိုကက်အင်းပြောတာ မှန်တယ်။ ကျွန်တော်တို့သန္တာန်အတွင်း မှာ အမြဲဖြစ်ပေါ်နေတဲ့ စိတ်, စေတသိက်, ရုပ်–ဆိုတဲ့ ပရမတ္ထတရား သုံးပါး ထင်ထင်ရှားရှားရှိနေတာကို သိရသလို ပရမတ္ထတရားပင်ဖြစ်သော နိဗ္ဗာန်တရားဟာ လည်း ကိုယ့်သန္တာန်မှာ ထင်ရှားမရှိပေမယ့် အမြဲတမ်းတည်ရှိနေတဲ့ တရားကြီးဗျ၊ ကျွန်တော်တို့ ခင်ဗျားတို့က ဉာဏ်မျက်စိမှာ ကိလေသာတိမ်သလ္လာ ဖုံးအုပ်နေလို့ မသိမမြင်ရပေမယ့် ကိလေသာတိမ်သလ္လာ ကင်းစင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှင်တွေ မှာတော့ ထင်ထင်ရှားရှား နေအသွင် လအသွင် မြင်နိုင်တဲ့ သိနိုင်တဲ့ တရားကြီးဗျ။

"ပြီးတော့ အဲဒီနိဗ္ဗာန်တရားကိုပဲ မဂ်တရား ဖိုလ်တရားများနဲ့ ရှေ့ပြေး ဂေါတြဘူစိတ် ဝေါဒါန်စိတ်များက အမြဲ ထင်ထင်ရှားရှား လေးလေးစားစား အာရုံပြုနိုင်ကြ သိမြင်နိုင်ကြတယ်။ အဲဒီနိဗ္ဗာန်ဟာ ဖြစ်ခြင်း ပျက်ခြင်း ကင်း၍ အမြဲတမ်း တည်ရှိနေတယ်။ ယင်းနိဗ္ဗာန်ရှိကြောင်းကို ပညာရှင်ကြီးများသည် အနုမာန မှန်းဆသောအားဖြင့် သိနိုင်ကြသည်။

"ဝိဝဋ္ဋနိဿိတ–ယင်းနိဗ္ဗာန်သည် အိုနာသေရေး ဒုက္ခဘေးတို့မှ ကင်းဝေးသည့် နိဗ္ဗာန်ကို လိုလားမှန်းဆ၍ ပြုလုပ်ဆည်းပူးသမျှ ကုသိုလ်တရားများသည် နိဗ္ဗာန်ကို ရောက်ရန် ရရန်အတွက် အထောက်အကူများ ဖြစ်နိုင်ကြသည်။ အကောင်းမြတ်ဆုံး အကျိုးတရားကို ဖြစ်စေနိုင်သည်။ ဒါကြောင့် နိဗ္ဗာန်တရားသည် မိမိသန္တာန်မှာ မရှိသေးပါလျက် သရဏ–ခေါ်သော မှီခိုရာ အားကိုးရာ ကိုးကွယ်ရာ ဖြစ်နိုင်ပါ သောကြောင့် ကျွန်တော်က ဉာဏ်မီသမျှရှင်းပြချင်ပါတယ်ကိုတက်အင်း၊ ကျမ်းဂန် စာပေတွေ အထောက်အထားပြု၍ ရှင်းလင်းပြရလျှင်တော့ ဒီပရိတ်တရားတော် ဆွေးနွေးခန်းဟာ ကြီးမားလှတဲ့ ကျမ်းကြီးတစ်ဆူ ဖြစ်သွားမှာကြောင့် ဒီမျှပဲ ပြောပါရစေ"

## သံဃာ၏ သရဏဂုံကိုးကွယ်ရာဖြစ်ပုံ

"ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ဗုဒ္ဓ၏သရဏဂုံကိုးကွယ်ရာဖြစ်ပုံနှင့် ဓမ္မတရားတော်၏ သရဏဂုံကိုးကွယ်ရာဖြစ်ပုံကိုတော့ ဆရာကြီးရှင်းပြလို့ တော်တော်ထင်ထင်ရှားရှားသိခဲ့ရပါပြီ။ သံဃာတော်၏ သရဏ ကိုးကွယ်ရာဖြစ်ပုံကိုလည်း နည်းနည်း ရှင်းပြပါ ဆရာ"

"ကိုဘက်အင်း၊ ကောင်းတယ် ကောင်းတယ်၊ ခင်ဗျား သဘောကျလျှင် အခြားလူတွေလည်း သဘောကျလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ သံဃာတော်ဆိုတာက ဂုဏ်တော်ကိုးပါး ရှိတယ်ဗျ၊ အဲဒီလို ဂုဏ်တော်ကိုးပါးရှိတော့ ဘယ်နည်းနှင့်ဖြစ်ဖြစ်၊ ဘယ်လိုပဲပြောပြော သရဏခေါ် ကိုးကွယ်ရာဖြစ်ရမှာ အမှန်ပဲဗျ"

"ဘယ်လို ဂုဏ်တော်ကိုးပါးပါလဲ ဆရာ"

"ကိုတက်အင်းကလဲဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့ ရတနာသုံးပါး ရှိခိုးတိုင်း ရွတ်ဆိုနေကြတဲ့ 'သုပ္ပဋိပန္နော' အစချီပြီး 'အနုတ္တရံ ပုညက္ခေတ္တံ လောကဿ' အထိ ဂုဏ်တော်တွေပေါ့ဗျ။ တစ်ခုစီ ရွတ်ကြည့်လေ။

| | | | |
|---|---|---|---|
| ၁။ | သုပ္ပဋိပန္နော | = | ကောင်းမွန်စွာ ကျင့်သုံးခြင်း၊ |
| ၂။ | ဥဇုပ္ပဋိပန္နော | = | ဖြောင့်မတ်စွာ ကျင့်သုံးခြင်း၊ |
| ၃။ | ဉာယပ္ပဋိပန္နော | = | နိဗ္ဗာန်နှင့်လျော်စွာ ကျင့်သုံးခြင်း၊ |
| ၄။ | သာမိစိပ္ပဋိပန္နော | = | ရိုသေစွာ ကျင့်သုံးခြင်း၊ |
| ၅။ | အာဟုနေယျော | = | အဝေးမှယူဆောင်၍ ပေးလှူမှုကို ခံယူထိုက်ခြင်း၊ |
| ၆။ | ပါဟုနေယျော | = | ဧည့်သည်ကောင်းအတွက် ထားသည့် ပစ္စည်းကို ခံယူထိုက်ခြင်း၊ |
| ၇။ | ဒက္ခိဏေယျော | = | ကောင်းမွန်သော အလှူပစ္စည်းကို ခံယူထိုက်ခြင်း |
| ၈။ | အဉ္ဇလိကရဏီယော | = | လက်အုပ်ချီမိုး ရှိခိုးမှုကို ခံယူထိုက်ခြင်း၊ |
| ၉။ | အနုတ္တရံ ပုညက္ခေတ္တံ | = | အကောင်းဆုံး လယ်မြေကဲ့သို့ ကောင်းမှုစိုက်ပျိုးရန် သင့်လျော်ခြင်း |

ဟူ၍ သံဃာတော်မြတ် ဂုဏ်တော်ကိုးပါးပဲ ဖြစ်ပါတယ်ဗျ။ အဲဒီ သံဃာ့ဂုဏ်တော်ကိုးပါးရဲ့ အဓိပ္ပာယ်ကို ယခု ဤမျှလောက်ပဲ ကိုတက်အင်း မှတ်ထားပါ။ နောက်ကြုံကြိုက်တော့ ကျွန်တော် ထပ်မံပြီး အကျယ်ရှင်းပြပါဦးမယ်။

"ယခု အကျဉ်းပြခဲ့တဲ့ သံဃာ့ဂုဏ် ကိုးပါးထဲမှာ တစ်ပါးစီကို ကိုတက်အင်း စိစစ်ကြည့်စမ်းပါ။ သရဏာ ခေါ်တဲ့ မှီခိုကိုးကွယ်ထိုက်တဲ့ ဂုဏ်တော်ချည်းပါပဲ။ အစဆုံး ၁–နံပါတ် သုပ္ပဋိပန္နော–ကောင်းမွန်စွာကျင့်သုံးခြင်း ဆိုတဲ့ ဂုဏ်တော်ကို ကြည့်ပါ။ ဘယ်လောက်များ အားကိုးထိုက်ပါသလဲ။ ကောင်းကောင်းမွန်မွန် ကျင့်ကြံနေထိုင်တဲ့ ပုဂ္ဂိုလ်မျိုးကိုမှ အားကိုးထိုက်တာပေါ့ဗျ။ မကောင်းမွန်ဘဲ ဆိုးဆိုးရွားရွားကျင့်ကြံနေထိုင်သူကို အားကိုးလို့ ကိုးကွယ်လို့ ဘယ်မှာ ဖြစ်မှာလဲ၊ အဲဒီလို ဆိုးရွားသူမျိုးကို အားကိုးမိလျှင် မတော်တဆ မကောင်းတာတွေ တစ်သီ တစ်တန်းကြီး ဖြစ်လာတော့မှာပေါ့။

ကဲ–ကဲ–နောက်ဆုံးနံပါတ်ဖြစ်တဲ့ အနုတ္တရံ ပုညက္ခေတ္တံ–အကောင်းဆုံး လယ်မြေကဲ့သို့ ကောင်းမှုစိုက်ပျိုးရန်ထိုက်ခြင်းဆိုတဲ့ ဂုဏ်ကို ကျော်ကြည့်လိုက်စမ်း။ လောကမှာ ကောင်းကျိုးကိုလိုချင်လို့ စိုက်ပျိုးတယ်ဆိုရင် မြေဆီ မြေသြဇာကလဲ မရှိ၊ ရေ လေ အလင်းဓာတ်ကိုလည်း မရနိုင်တဲ့ ကြပ်တီးကုန်းမြေမှာ ဘယ်လောက် ကောင်းတဲ့ မျိုးစေ့ကို ကြဲချစိုက်ပျိုးပေမယ့် ဘယ်လို အသီးအပွင့် အရွက်အညွန့် အငြှောက်ကိုမှ ပေါပေါက်ရရှိမှာ မဟုတ်ဘူးဗျ။ မြေဆီ မြေသြဇာကလဲရှိပြီး ရေ လေ အလင်းဓာတ်များကိုလည်း ထိုက်သလို ရနိုင်တဲ့ လယ်မြေကောင်းမှာ စိုက်ပျိုးမှသာ လိုအပ်တဲ့ အသီးအပွင့် စသော ကောင်းကျိုးကို ရမှာဗျ။ ဒါကြောင့် အနုတ္တရံ ပုညက္ခေတ္တံ–ဆိုတဲ့ ကိုးဆင့်မြောက် သံဃာ့ဂုဏ်တော် ရှိမှသာ သရဏာ ခေါ်တဲ့ ကိုးကွယ်ရာ အားကိုးရာ ဖြစ်နိုင်မှာ ကိုတက်အင်းရဲ့"

"ဟုတ်ပါပြီ ဆရာ ကောင်းပါတယ်၊ ပြီးတော့ ကျွန်တော် ဆက်ပြီး မေးချင် ပါသေးတယ်"

"ကပါလေ–ကျွန်တော့်ကိုတော့ အားနာမနေနဲ့၊ ဆုံတုန်း ကြုံတုန်းမှာ ကိုတက်အင်း မရှင်းတာရှိနေလျှင်တော့ မေးပေါ့ဗျာ၊ ဘာများ မေးချင်သေးတုန်း"

"ဒီလိုပါ ဆရာ၊ ကျွန်တော် မြင်ဖူးတာက မီးကျီခဲရဲရဲတွေပေါ်မှာ နင်းပြ တာတို့၊ မစားမသောက် မဝတ်မဆင်ဘဲ နေပြတာတို့၊ ရေခဲတောင်တွေ ဂူတွေမှာ မခြုံမလွှမ်းဘဲ နေပြကြတာတို့ကိုလဲ အံ့သြဖွယ်လုပ်ပြနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေ ဟာရော သရဏာ ကိုးကွယ်ရာ ဖြစ်ပါ့မလား ဆရာ"

"အဲဒါတွေက လူတွေကို အထင်ကြီးခံရအောင် အံ့သြဖွယ် လုပ်ပြနေကြတာဗျ ကိုတက်အင်းရဲ့။ ကိုယ့်အတွက် တရားထူးကို သိမြင်နိုင်တဲ့ မဇ္ဈိမပဋိပဒါ ခေါ်တဲ့ အလယ်အလတ် မျှတတဲ့ကျင့်စဉ် မဟုတ်ဘူးဗျ။ အတ္တကိလမထခေါ်တဲ့ ကိုယ်ကို ဆင်းရဲစေတဲ့ ကျင့်စဉ်တွေဗျ"

"အဲဒီတော့ ဆရာ၊ သုပ္ပဋိပန္န–ကောင်းမွန်သော ကျင့်စဉ်၊ ဥဇုပ္ပဋိပန္န– ဖြောင့်မတ်သော ကျင့်စဉ်ဆိုတာတွေကို ဘယ်လိုများ ခွဲခြားသိမှာလဲ ဆရာ"

"ဒါ–လွယ်ပါတယ် ကိုတက်အင်း၊ ကျွန်တော်တို့ ဓမ္မစကြာ တရားတော်မှာ ပါတဲ့ မဇ္ဈိမပဋိပဒါ ခေါ်တဲ့ အလယ်အလတ်လမ်းစဉ် ရှစ်ပါးဖြင့် တိုက်ကြည့် ပေါ့ဗျ။ မကိုက်ညီတဲ့ အတ္တကိလမထ–ကိုယ်ကိုညှဉ်းဆဲတဲ့ အကျင့်မျိုးလဲ ဖြစ်နိုင်တယ်၊ ကာမသုခလ္လိကာနုယောဂ–ကာမချမ်းသာကို အားထုတ်မှုမျိုးလဲ ဖြစ်နိုင်တယ်၊ အဲဒီတရားတွေနဲ့ ညှိကြည့်ပေါ့ဗျာ"

**ငြိမ်သက်သူ ငြိမ်သက်သောစိတ်ရှိသူ**

"ဆရာကြီး ဦးစာကျော် ခင်ဗျား၊ ဒီစာပုဒ်နံပါတ်(၄)ဂါထာမှာပဲ ဘာကြောင့် 'သန္တာ သန္တ စိတ္တာ'လို့ သန္တ–ပါဠိနှစ်ချက် ထပ်ဆိုရတာလဲ ဆရာ"

"ဒီလိုဗျ ကိုတက်အင်းရဲ့၊ ကျွန်တော်တို့အနေဖြင့် သန္တ –ပါဠိချည်း နှစ်ချက် ထပ်ဆိုနေတယ်လို့ထင်ရပေမယ့် ပရိတ္တပါဠိရဲ့အဖွင့် ပရိတ္တဋီကာကျမ်းကို ရေးသားတဲ့ ဆရာတော်ကတော့ မတူဘူးလို့ ခွဲခြားပြတော်မူတယ်။ ပထမ သန္တာ–ဆိုတာက မျက်စိ,နား,နှာ,လျှာ,ကိုယ် ဆိုတဲ့ ဣန္ဒြေငါးပါးငြိမ်သက်ခြင်းကိုဆိုလိုကြောင်း၊ ဒုတိယသန္တာ–ပါဠိကတော့ စိတ္တာနှင့်တွဲဖက်ဆိုထားတော့ မနိန္ဒြေ၏ငြိမ်သက်ခြင်းကို ဆိုလိုကြောင်း ခွဲခြားဖွင့်ပြထားတယ်ဗျ။ အဲဒါကြောင့် "သန္တာ–ငြိမ်သက်သော မျက်စိ,နား,နှာ,လျှာ,ကိုယ် ဟူသော ဣန္ဒြေ ရှိကုန်သော၊ သန္တစိတ္တာ–ငြိမ်သက်သော မနိန္ဒြေရှိကုန်သော"ဟူ၍ ကွဲကွဲပြားပြား အနက်ကိုယူရန် လိုတယ်ဗျ"

"အနက်ကိုတော့ ဟုတ်ပါပြီ ဆရာ၊ အဓိပ္ပာယ်ကျတော့ကော"

"ကိုတက်အင်းရဲ့၊ အဲဒီလိုအနက်ပြန်ကထူးခြားတော့ အဓိပ္ပာယ်မှာလဲ ထူးတော့ တာပေါ့ဗျ။ ဣန္ဒြေငါးပါးကိုဆိုတော့ ဆိုင်ရာအာရုံများဖြစ်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ကာမအာရုံတို့ကြောင့် မတုန်မလှုပ် ငြိမ်သက်တယ် လို့ ပထမသန္တာ–အရယူရပြီး၊ ယင်းကာမဂုဏ်ငါးပါးအပြင် ဓမ္မာရုံဆိုတဲ့ တွေးမှ ကြံစည်မှသိရတဲ့ အာရုံကြောင့်လည်း ငြိမ်သက်တည်ကြည်တယ်လို့ ဆိုလိုကြောင်းကို သန္တစိတ္တာ–ဆိုတဲ့ ဒုတိယထပ်မံပြဆိုတဲ့ပါဠိကြောင့် ထပ်မံ၍ အဓိပ္ပာယ်ထူးကို သိရသေးတယ်ဗျ၊ အဲ့ဒီလို အနက်ထူးကို အဓိပ္ပာယ်ထူးက ဖော်ပြထားတာဗျ"

"ဓမ္မာရုံ ဆိုတာကကော ဘာများလဲဆရာ"

"ဓမ္မာရုံ ဆိုတာကတော့ ခုတင်ကပြောခဲ့တဲ့ ပဉ္စုပ္ပန်အာရုံငါးပါးမှတစ်ပါး စိတ်ဖြင့်သာ တွေးမှ ကြံစည်မှ သိနိုင်တဲ့ အတိတ်အနာဂတ်ဖြစ်တဲ့ အာရုံများနှင့်

သိမ်မွေ့တဲ့ ရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပဿာဒရုပ် ဆိုတဲ့ အာရုံတွေပေါ့ဗျာ၊ ပညတ်တရားလဲ ဓမ္မာရုံပဲဗျ"

**မိစ္ဆာဒိဋ္ဌိနတ်ဗြဟ္မာများရှိတတ်ပုံ**

"ဆရာ၊ ဒီ ပရိတ္တပါဠိစာပိုဒ် နံပါတ်(၄)မှာပဲ ပါရှိတဲ့ 'တိသရဏ သရဏာ' ဆိုတဲ့ပါဠိအရ ဘုရား,တရား,သံဃာဆိုတဲ့ သရဏသုံးပါးကို ကိုးကွယ်ကုန်သောလို့ အထူးပြုထားတော့ အခြားသရဏသုံးပါးကို ကိုးကွယ်တဲ့ နတ်တွေ ဗြဟ္မာတွေများ ရှိသေးလို့လား ဆရာ"

"ရှိတာပေါ့ဗျ၊ သရဏ သုံးပါးကို မဆည်းကပ် မကိုးကွယ်တဲ့အပြင် သရဏ သုံးပါးကို ဆည်းကပ် ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်တွေကိုလည်း အနှောင့်အယှက် ပေးနေတဲ့ နတ်တွေ ဗြဟ္မာတွေလဲ ရှိသေးတာပေါ့ဗျ၊ ကျွန်တော်တို့ အခု ဆွေးနွေး နေတဲ့ ပရိတ္တပါဠိ အာဋာနာဋိယသုတ်တော်ရဲ့ အမွှမ်းပါဠိဂါထာမှာ–

အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။

အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

လို့ ပါတယ်ဗျ။ အဲဒါက မြတ်စွာဘုရားသာသနာကို မကြည်ညိုပဲ ကြမ်းတမ်းပြီး အမြဲမကောင်းမှုကိုပြုလုပ်တတ်သည့် လူမဟုတ်သော နတ် ဗြဟ္မာ ဘီလူး ယက္ခိုသ် စသည်ရှိကြောင်းကို ပြဆိုထားတယ်ဗျ"

"နတ်တို့ ဘီလူးတို့ကတော့ ကာမဘုံသားမို့ ထားပါတော့ဆရာ၊ ဗြဟ္မာလို ရူပဘုံသားကလဲ မိစ္ဆာဒိဋ္ဌိပဲလားဗျာ"

"ဗြဟ္မာဟာလဲ မိစ္ဆာဒိဋ္ဌိပေါ့ဗျ၊ မိစ္ဆာဒိဋ္ဌိ ဖြစ်နိုင်သေးတာပဲပေါ့။ ပုထုဇဉ် ဗြဟ္မာက မိစ္ဆာဒိဋ္ဌိဖြစ်နိုင်တာပဲဗျ၊ မိစ္ဆာဒိဋ္ဌိ ဆိုလျှင်လည်း သာသနာကို အနှောင့် အယှက်လုပ်သေးတာပေါ့ဗျ။ ဗကဗြဟ္မာကြီးကို ကြည့်လေ၊ ဘုရားကိုတောင် အပြိုင်လုပ်သေးတာပဲဗျ။ ဒါကြောင့် ပရိတ်တရားတော်ကို နာရန် ပင့်တဲ့အထဲမှာ တိသရဏ သရဏာ–ဘုရား,တရား,သံဃာကို ကိုးကွယ်သူလို့ အထူးပြုဆို၍ တရားနာရန် ဖိတ်တာပေါ့ဗျာ"

"မဖိတ်တော့ကော ဘာဖြစ်မှာလဲ ဆရာ"

"မဖိတ်တော့ သမ္မာဒိဋ္ဌိနတ်တွေအလာနည်းပြီး မိစ္ဆာဒိဋ္ဌိနတ်တွေသာ လာကြတော့ သူတို့အားများလို့ အနှောင့်အယှက်ပေးနိုင်တာပေါ့ဗျာ၊ ကျွန်တော်တို့

လူ့ပြည်မှာ အစည်းအဝေးလုပ်တယ်ဆိုရင် အားနည်းသူကို အားကြီးသူက ထင်သလိုလုပ်ပြီး အနိုင်ယူတတ်သလို၊ အနိုင်ယူသွားမှာကိုစိုးရိမ်လို့ သမ္မာဒိဋ္ဌိ နတ်တွေ အင်အားများများ ကြွလာကြစေရန် ရည်ရွယ်ချက်နှင့် 'တိသရဏ သရဏာ'လို့ သရဏဂုံတည်သူ သမ္မာဒိဋ္ဌိနတ်တွေကို အထူးဖိတ်လိုက်တာလို့ ယူဆရပါတယ်"

## နတ်ဗြဟ္မာ ရှိ့ မရှိ

"ဆရာ ပြောဟောရှင်းပြချက်တွေဟာ ကောင်းပါတယ် ဆရာ၊ ကျေးဇူးလည်း တင်ပါတယ်။ ဆွေးနွေးခဲ့တဲ့အထဲမှာ ပရိတ်တရားတော်ကိုနာကြားရန် ပင့်ဖိတ်တယ်လို့ဆိုထားတာ များစွာတွေ့ရပါတယ် ဆရာ၊ အဲဒီလို ပင့်ဖိတ်ရအောင် နတ်ဗြဟ္မာဆိုတာ ရှိလို့လား ဆရာ"

"အဲ–အဲ–ကိုတက်အင်းမေးတာ ကောင်းသဗျာ၊ အဲဒါကိုသိဖို့ သိပ်လိုအပ်တာပဲ။ ကျွန်တော်တို့ ဗုဒ္ဓတရားတော်ထဲမှာ နတ်တွေ ဗြဟ္မာတွေ ဗုဒ္ဓဘုရားထံ လာရောက် ဖူးမြော်ကြတာ တရားလာနာကြတာ ပြဿနာမေးလျှောက်ကြတာ အများကြီးပဲ တွေ့ရတယ် ဖတ်ရတယ်ဗျ။ နတ်တွေ ဗြဟ္မာတွေနဲ့ ဆက်စပ်ပြီး ဟောတော်မူတဲ့ တရားတွေကလဲ အများကြီးပဲဗျ။ ဗုဒ္ဓဟောကြားတဲ့ တရားတော်တွေအားလုံးဟာလဲ တရားဟောရန် ဗြဟ္မာကြီး၏ လျှောက်ထားတောင်းပန်ချက်အရ ဟောတာပဲဗျ၊ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေက ဂုဏ်ယူဝင့်ကြွားနေကြတဲ့ အဖိုးတန် မင်္ဂလသုတ် ကိုလည်း နတ်သားတစ်ယောက်၏ တောင်းပန်ချက်ကြောင့် မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ သုတ်ပဲဗျ၊ အခြားဘာသာဝင်တွေကတောင်မှ သဘောကျပြီး ကောင်းမြတ်မှန်ကန်တဲ့တရားလို့ ဝန်ခံရတဲ့ သုတ်ပေါ့ဗျ။ ဗုဒ္ဓဘာသာရဲ့ အခြေခံ အုတ်မြစ်ဖြစ်တဲ့ အဘိဓမ္မာတရားတော်ဟာဆိုလျှင် နတ်ပြည်မှာ နတ်ဗြဟ္မာတွေကို ဟောတဲ့ တရားတော်ဗျ။ ဆန့်ကျင်ဖက်သမားတွေက မမြင်နိုင်လို့ နတ်ဗြဟ္မာ မရှိဘူးလို့ ယူဆလိုက်လျှင်တော့ ဗုဒ္ဓတရား တော်တော်များများကိုလည်း မရှိဘူးလို့ ယူဆရတော့မှာပဲ။ အဲဒီလို ယူဆလိုက်လျှင်လည်း ဗုဒ္ဓတရားတော်မှာ ပြဆိုတဲ့ ဘဝသံသရာတို့, အတိတ်ဘဝ, အနာဂတ်ဘဝတို့ ဆိုတာလည်း မရှိတော့ဘူးလို့ ယူဆရတော့မှာပဲ။ ဗုဒ္ဓတရားတော်အားလုံး ဗုဒ္ဓယဉ်ကျေးမှုအားလုံး ပျက်သုဉ်း ကုန်တော့မှာပဲဗျ။ ကမ္ဘာလောကကြီး မှောင်အတိကျတော့မှာပဲ။ ဒါကြောင့် ဒီ ထင်ရှားရှိနေတဲ့ ဗုဒ္ဓတရားတော်တွေကို အခိုင်အမာ အထောက်အထားပြုပြီး နတ်တို့ ဗြဟ္မာတို့ဆိုတာ ရှိတယ်လို့ ယူဆရမှာပဲ ကိုတက်အင်းရဲ့။

"အခြား ဘာသာစာပေတွေမှာလည်း အရောင်အလင်းကြီးတွေ ပုဂ္ဂိုလ်ထူးကြီးတွေကို တွေ့ရကြောင်း ပြဆိုချက်ရှိတယ်။ အသံကြားရတဲ့ ဟောပြောချက်များရှိကြောင်း၊ ပုဂ္ဂိုလ်ဒြပ်ကို မတွေ့ရကြောင်းများလည်း တွေ့ရ ဖတ်ရတယ်ဗျ၊ အဲဒါတွေဟာ မိစ္ဆာဒိဋ္ဌိနတ်ပြဟ္မာတွေ ဖြစ်နိုင်တာပေါ့ဗျ။ မမြင်လို့ မရှိဘူးလို့တော့ ပြောလို့မရဘူးဗျ။ လေကို မြင်မှ မမြင်ဘဲ၊ ဒါပေမယ့် မရှိဘူးလို့ မပြောနိုင်ဘူး။ မြေပြင်ပေါ်မှာလဲ သရဲတို့ တစ္ဆေတို့ကို လူတိုင်း မမြင်ရဘူး၊ မရှိဘူးလို့ ပြောလို့မရဘူး။ အဲဒီတော့ နတ်တွေ ပြဟ္မာတွေကိုလည်း မမြင်ရလို့ မရှိဘူး မပြောဘဲ ဗုဒ္ဓစာပေမှာအခိုင်အမာဖော်ပြထားတဲ့အတွက် ရှိတယ်လို့ပဲ ယူဆပါ။ မြင့်မြတ်တဲ့ ဗုဒ္ဓယဉ်ကျေးမှု တရားတွေကိုလဲ ကျင့်သုံးပါ၊ နတ်ပြဟ္မာတွေကိုလဲ တရားနာဖိတ်ကြားပါ။ အဲဒီလို နတ်ပြဟ္မာတွေရှိကြောင်း ကျွန်တော်တို့ ကိုတက်အင်းတို့ထက် အသိဉာဏ် ပညာဂုဏ် သီလဂုဏ် သမာဓိဂုဏ် ကြီးမြတ်တော်မူကြသည့် စာတတ်ပေတတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေကလည်း ရှေးအစဉ်အဆက် လက်ခံ၍ ယုံကြည်တော်မူခဲ့ပါတယ်၊ လိုက်နာကျင့်သုံးတော်မူခဲ့ကြပါတယ်။ သာသနာတော်ကြီးကို ယနေ့အထိ တည်ရှိ အောင် ရွက်ဆောင်တော်မူခဲ့ကြပါတယ်။ အဲဒီဟော့ ခင်ဗျားတို့ ကျွန်တော်တို့ လက်ထက်ရောက်တော့မှ ကိုယ် မမြင်ရရုံမျှနှင့် နတ်ပြဟ္မာဆိုတာ မရှိဘူးလို့ ငြင်းပြီး ဗုဒ္ဓသာသနာတော်ကြီး ပျက်စီးအောင် မဖျက်သင့်ပါဘူး။ ဗုဒ္ဓယဉ်ကျေးမှု တရားတော်ကြီး ပျက်သုဉ်းပြီး ကမ္ဘာကြီးတစ်ခုလုံးကို အမိုက်တိုက် ဖုံးမသွားစေသင့်ပါဘူးဗျာ"

"ကောင်းပါတယ် ဆရာ၊ ကျေနပ်ပါတယ်။ ဆရာ ဖြေဆို ဆွေးနွေးသမျှကို ကျွန်တော် လက်ခံပါတယ်၊ နတ်ပြဟ္မာရှိကြောင်းကို ယူဆပါမယ်။ နောင်ကျွန်တော် စွမ်းနိုင်လျှင်လည်း နတ်ပြဟ္မာရှိကြောင်း ခိုင်မာသည့် ကျမ်းစာအုပ်တစ်စောင်တစ်ဖွဲ့ ရေးပါဦးမည် ဆရာ"

"ကောင်းတယ် ကိုတက်အင်း ကောင်းတယ်၊ အဲဒီတော့ ကျွန်တော်ကလည်း အကူအညီပေးပါဦးမယ်၊ သာဓု သာဓု သာဓု"

**ဘုမ္မာ ဘုမ္မာ စ ဒေဝါ**

"ဆရာကြီးခင်ဗျား၊ ဒီပရိတ္တပါဠိစာပိုဒ် နံပါတ်(၄)မှာပဲ နည်းနည်းမေးချင်ပါသေးတယ်"

"ဒီစာပိုဒ်(၄)မှာပဲ ခင်ဗျားမေးတာ တော်တော်များနေပြီဗျ၊ ဒါပေမယ့် မေးစရာရှိရင်တော့ မေးပါလေ၊ ကျွန်တော်ကလည်း သည်းခံဖြေရမှာပေါ့၊ စာရှုသူပညာရှိ သူတော်ကောင်းတွေကိုလည်း သည်းခံကြပါလို့ တောင်းပန်ရမှာပေါ့"

"မများစေရပါဘူး ဆရာ၊ ဒီပရိတ္တပါဠိထဲမှာ တချို့စာအုပ်တွေမှာ 'ဘူမာ ဘူမာစ ဒေဝါ' လို့ ဖတ်ရပြီးတော့ တချို့စာအုပ်တွေမှာတော့ 'ဘုမ္မာ ဘုမ္မာ စ ဒေဝါ'လို့ တွေ့ရတယ်၊ ဘယ်လို ယူဆရမှာပဲ ဆရာ"

"ကိုတက်အင်း သိထားဖို့ ကျွန်တော် ပြောထားမယ်ဗျ၊ ဆဋ္ဌသံဂါယနာတင်မူ ဖြစ်တဲ့ ကမ္ဘာအေးရိုက် ပရိတ်ကြီးပါဠိစာမူမှာ ဘယ်လိုရှိသလဲ ကြည့်ဗျ။ ပြီးတော့ သပြေကန်ဆရာတော်ရဲ့ ပရိတ်ကြီးနိဿယသစ်မှာ ဘယ်လိုရှိသလဲဆိုတာ ကြည့်ဗျ။ အဲဒီမူတွေမှာက ပညာရှိကြီးတွေ သေသေချာချာ စိစစ်အတည်ပြုထားတာဗျ၊ လွဲဖို့ မှားဖို့ မရှိဘူးဗျ၊ ကိုယ့်ဉာဏ်နှင့်ကိုယ် ကြားဖူးနားဝရှိသလို အပြင်ဘက် အချို့စာပုံနှိပ်စက်တွေမှာရိုက်ကြတဲ့ ပရိတ်ပါဠိစာအုပ်တွေထဲပါသလို လိုက်ပြီးမဆိုမိဖို့ သတိထားဗျ"

"အဲဒီတော့ ဘယ်ဟာမှန်သလဲ ဆရာ"

"ဆဋ္ဌသံဂါယနာမူနဲ့ သပြေကန်နိဿယသစ်မှာပါတဲ့အတိုင်း 'ဘုမ္မာ ဘုမ္မာစ ဒေဝါ' လို့ ဆိုပေါ့ဗျာ၊ ဒါဟာ အားကိုးရတဲ့ စာမူမှာရှိနေတဲ့ အတိုင်းပါပဲ။ ပါဠိ သဒ္ဒါကျမ်းတွေမှာရှိတဲ့အတိုင်း ရှင်းပြရမယ်ဆိုရင်တော့ များလဲများ ရှည်လဲ ရှည်သွားမှာဗျ"

"အဲဒီလို ပါဠိရဲ့အနက်က ဘယ်လိုလဲ ဆရာ"

"ဘုမ္မာ ဘုမ္မာ စ ဒေဝါ–ကို 'ဘုမ္မာ စ ဒေဝါ၊ အဘုမ္မာ စ ဒေဝါ' လို့ ပုဒ်ခွဲရမှာဗျ။ ဘုမ္မာ စ ဒေဝါ=မြေမှာတည်သော နတ်များသည်လည်းကောင်း၊ အဘုမ္မာ ဒေဝါ စ= မြေကြီးမဟုတ်သော ကောင်းကင်မှာတည်သော နတ်များလည်း ကောင်းလို့ အဓိပ္ပာယ်ယူဗျ။ ပြီးတော့ ဆက်ပြောရဦးမယ်၊ မြေ၌တည်သော နတ် ဆိုလို့ တကယ်ပဲ မြေကြီးပြင်ပေါ်မှာ သွားလာအိပ်စားနေတာ မဟုတ်ဘူးဗျ၊ မြေပြင်ပေါ်မှာ ဘုန်းကံအလျောက် ပေါ်ပေါက်လာတဲ့ ဘုံနန်းဗိမာန်၊ မြေပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်ပင်ထက် ဘုံနန်းဗိမာန်တွေမှာနေတဲ့ နတ်တွေကို ဆိုလိုတယ်၊ သာမန်သွားလာလှုပ်ရှားမှုမျိုးကိုတော့ မြေပြင်ပေါ်မှာ လုပ်ကြရတာပေါ့လေ။

"ဘုံနန်းဗိမာန်ဆိုတာကလဲ မြေပြင်ပေါ် သစ်ပင်ပေါ်မှာသာ မကဘူးဗျ၊ တောင်စဉ်ခုနစ်ထပ်နှင့် မြင်းမိုရ်တောင်ပေါ်မှာလည်း ပေါက်နေတဲ့ ဘုံနန်းဗိမာန် တွေမှာလည်း နေကြတယ်ဗျ။ ပုံစံပြရမယ်ဆိုရင်တော့ မြတ်စွာဘုရား ချေချွတ်တဲ့ အာဠဝကဘီလူးဟာ အာဠဝီပြည်အနီးမှ ညောင်ပင်ကြီးအထက်မှာရှိတဲ့ ဘုံနန်း ဗိမာန်မှာ နေတယ်ဆိုပဲ။

"ပါစိတ်အာပတ်ပညတ်တဲ့ ဘူတဂါမသိက္ခာပုဒ်မှာ ရဟန်းတော်တစ်ပါးက သစ်ပင်ကို ခုတ်တော့ သစ်ပင်စောင့်နတ်သမီးက မခုတ်ရန် ဆင်းတားမြစ်တယ်။ ခုတ်နေတဲ့ အရှိန်လွန်ပြီး နတ်သူငယ်ကလေးရဲ့လက်မောင်းကို ထိသွားတယ်။ အဲဒီတော့ နတ်သမီးက ငို၍ မြတ်စွာဘုရားထံ လျှောက်တယ်။ ဒါကြောင့် ဒီ ဘူတဂါမသိက္ခာပုဒ်ကို ပညတ်တော်မူသတဲ့ဗျ။

"အဲဒီလို သစ်ပင်ထက် ဘုံနန်းဗိမာန်မှာနေတဲ့ နတ်မျိုးကို 'ရုက္ခစိုး' နတ်လို့ ခေါ်လေ့ရှိတယ်။ ရိုးရိုးမြေပြင် ဘုံနန်းဗိမာန်မှာနေတဲ့ နတ်နဲ့ တောင်စဉ်ခုနစ်ထပ် မြင်းမိုရ်တောင်ပေါ်မှာရှိတဲ့ ဘုံနန်းဗိမာန်မှာနေတဲ့ နတ်မျိုးကိုတော့ 'ဘုမ္မစိုးနတ်' လို့ ခေါ်တယ်ဗျ။ ရုက္ခစိုး, ဘုမ္မစိုး ဆိုတဲ့ ဝေါဟာရတွေက မူလ ပါဠိစကား ရုက္ခဒေဝမှ ရုက္ခစိုး၊ ဘုမ္မဒေဝမှ ဘုမ္မစိုးလို့ စကားဖြစ်လာတယ်ဗျ၊ ကျွန်တော်တို့ မဃဒေဝမှာ မဃစိုး ဖြစ်လာသလိုပေါ့ဗျ၊ အဲဒီ ရုက္ခစိုး နှင့် ဘုမ္မစိုး နတ်နှစ်မျိုးလုံးကို ဒီ ပရိတ္တပါဠိမှာ 'ဘုမ္မာစဒေဝါ–မြေမှာတည်သော နတ်များသည်လည်းကောင်း' လို့ ဆိုလိုတယ်ဗျ။

'အဘုမ္မာစ ဒေဝါ' ဆိုတာကတော့ ကောင်းကင် လေဟာပြင်မှာ တည်နေတဲ့ ဘုံနန်းဗိမာန်တွေမှာရှိတဲ့ နတ်တွေ ဗြဟ္မာတွေကို ဆိုလိုတာပေါ့ဗျ"

**ဂုဏာဂဏာ–ဂုဏ်အပေါင်း**

"ဆရာ၊ ဒီဂါထာမှာပဲ ဂုဏ်အပေါင်းဆိုတာ ဘယ်လိုဂုဏ်တွေလဲ ဆရာ၊ အလှဂုဏ် ငွေဂုဏ် ဗလဂုဏ်တွေလားဗျ"

"မဟုတ်ပါဘူး ကိုတက်အင်း၊ ဒီဂါထာထဲမှာပါတဲ့ 'တိသရဏ သရဏာ' ကို ထောက်၍ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်များကို ယူရမှာပါ"

**မြင်းမိုရ်ရွှေတောင်ကြီး**

"ပရိတ္တပါဠိ နံပါတ်(၄)ဂါထာမှာ 'ဝရကနကမယေ မေရုရာဇေ' လို့ ဆိုထားပါတယ်။ မြန်မာသီချင်းတွေမှာလည်း 'ချစ်သမျှကို မြင်းမိုရ်ရွှေတောင်လုံး သာပလေး' စသည်ဖြင့် ဆိုထားတော့ မြင်းမိုရ်တောင်ကို ရွှေတောင်ကြီးလို့ ယူဆရမှာလား ဆရာ"

"မဟုတ်ပါဘူး ကိုတက်အင်း၊ 'မြ,ဖလ်,ရွှေ,ငွေ၊ လေးထွေရောင်စို၊ မြင်းမိုရ် တောင်မင်း' ဆိုတဲ့ အမှတ်အသားအရ မြင်းမိုရ်တောင်ရဲ့ တောင်ဘက်က–မြ၊ အနောက်ဘက်က–ဖလ်၊ မြောက်ဘက်က–ရွှေ၊ အရှေ့ဘက်က–ငွေသား ငွေရောင် များ ဖြစ်ပါတယ်။ အချို့မြန်မာသီချင်းထဲမှာ 'မြမြင်းမိုရ် ပြိုအက်ပါစေ' စသည်

ဖြင့်လို့ဆိုထားတော့၊ မြသားတောင်လားလို့လည်း ယူဆရန် ဖြစ်နေပါလိမ့်မယ်။ သီချင်းမျှကို ထောက်ထားပြီး အတိအကျ မယူသင့်ပါဘူး”

**သန္တောသ ရောင့်ရဲမှုတရား**

“ဆရာ၊ ပရိတ္တပါဠိ နံပါတ်(၄)ဂါထာမှာ မြတ်စွာဘုရားတရားတော်ကို ‘သန္တောသဟေတုံ–ရောင့်ရဲခြင်းအကြောင်းဖြစ်သော’ လို့ ဂုဏ်ပြုဆိုထားပါတယ်။ သန္တောသ–ရောင့်ရဲခြင်းတရား ဘယ်နှစ်မျိုး ရှိပါသလဲဆရာ”

“ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး–ဆိုတဲ့ ပစ္စည်းလေးမျိုးကို သုံးစွဲရာမှာ–

၁။ ယထာလာဘသန္တောသ – ရသမျှဖြင့် ရောင့်ရဲခြင်း၊

၂။ ယထာဗလသန္တောသ – စွမ်းနိုင်သမျှဖြင့် ရောင့်ရဲခြင်း၊

၃။ ယထာသာရုပ္ပသန္တောသ – သင့်မြတ်ရုံဖြင့် ရောင့်ရဲခြင်း

လို့ သုံးမျိုးစီရသောကြောင့် (၄ x ၃=၁၂) သန္တောသတရား တစ်ဆယ့်နှစ်မျိုးလို့ မှတ်သားသင့်ပါတယ်ဗျာ”

“အဲဒီ နံပါတ်(၄)ဂါထာ စတုတ္ထပါဒထဲမှာပါတဲ့ ‘သန္တောသ’အရ သန္တောသ တရား(၁၂)ပါးကို ကျွန်တော်ပြောခဲ့တယ်၊ အဲဒါဟာလဲ မှန်ပါတယ်။ အခြား မှတ်သင့်တဲ့ ရောင့်ရဲမှုသန္တောသတစ်နည်းကို ထပ်ပြောချင်လို့ဗျ”

“ပြောပါ ဆရာ၊ ပြောပါ၊ ဒီလို ကောင်းတဲ့အယူအဆကို ကျွန်တော် ထပ်မံပြီး မှတ်ရန်အဆင်သင့်ပါပဲ”

“ရောင့်ရဲခြင်းဆိုရာ၌ နှစ်သက်အားရ တင်းတိမ်ရောင့်ရဲသွားတာကိုလည်း ယူလို့ ရသေးတယ်”

“ဟုတ်တာပေါ့ ဆရာ၊ ဘုရား ဟောကြားချက်ကို ကြားနာလိုက်ရတဲ့အခါ အခြား တစ်ပါးသောသူတွေပြောတာကို မလိုတော့ဘူးပေါ့၊ ရောင့်ရဲသွားတယ်ပေါ့”

“ပြီးတော့ ‘သန္တောသဟေတုံ=ရောင့်ရဲခြင်းအကြောင်းဖြစ်သော’ လို့ ‘သန္တုဋ္ဌိ’ အနက်သာမကဘဲ ‘ဝမ်းမြောက်ခြင်းအကြောင်းဖြစ်သော’ လို့ ‘နန္ဒန’ အနက်နှင့်လည်း ပေးလို့ရသေးတယ်ဗျ”

“ဟုတ်မှာပေါ့ ဆရာ၊ ကျွန်တော်တို့ ဓမ္မစက္ကပဝတ္တနသုတ်(ဓမ္မစကြာ)ရဲ့ အဆုံးမှာ ‘ဘဂဝတော ဘာသိတံ အဘိနန္ဒုံ–မြတ်စွာဘုရား၏ ဟောကြားအပ်သော တရားကို အလွန်ဝမ်းမြောက်ကုန်၏’ လို့ရှိနေတာပဲဟာ၊ အဲဒီလိုလည်း အဓိပ္ပာယ် သင့်ပါသေးတယ်”

ကဲ–ကဲ ဒီလိုဆိုလျှင် ပရိတ္တပါဠိစာပိုဒ် နံပါတ်(၄)ဂါထာ စတုတ္ထပါဒမှာ ပါဝင်တဲ့ 'သန္တေ့ာသတော့'ကို–

(က) သန္တောသတရား တစ်ဆယ့်နှစ်ပါးအကြောင်းဖြစ်သော၊

(ခ) ကြားနာ အားရ ရောင့်ရဲတင်းတိမ်ခြင်း အကြောင်းဖြစ်သော၊

(ဂ) ဝမ်းမြောက်ရွှင်လန်းခြင်း အကြောင်းဖြစ်သော–

အဓိပ္ပာယ် သုံးမျိုး မှတ်သားထားသင့်ပါတယ်။ ဒါဟာ ကျွန်တော့်ဉာဏ်ဖြင့် ပြောခြင်းမဟုတ်။ သပြေကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ၏ သပြေကန် ပရိတ်ကြီးနိဿယမှာပါရှိတဲ့ မှတ်သားဖွယ်ကို အကျဉ်းချုပ်ဖော်ပြလိုက်ခြင်းပါ ကိုတက်အင်း၊ အဲဒီလိုပဲ သပြေကန်ဆရာတော်ကြီးရဲ့ မှတ်သားဖွယ် အချက်အလက် များကိုလည်း ခင်ဗျားနှင့်ကျွန်တော်တို့ အလေးထားပြောကြားရအောင်ဗျာ။

**သမင္ဂ–အညီအညွတ်**

"ဆရာ၊ ဒီပရိတ္တပါဠိ နံပါတ်(၄)ဂါထာမှာပါတဲ့ 'သမင္ဂ–အညီအညွတ်' ဆိုတာကို ဘယ်လိုယူဆရမှာ"

"ကိုတက်အင်းကလဲဗျာ၊ ကြံကြံဖန်ဖန်မေးတယ်၊ ကျွန်တော်တို့ ကမ္မဝါဖတ်တဲ့ အခါလိုပေါ့ဗျ။ ၁။ ကာယသမင္ဂ–နှစ်တောင့်ထွာတွင်းနေခြင်းနှင့် ၂။ စိတ္တသမင္ဂ– ကိုယ်နှုတ်ဖြင့် ကန့်ကွက်ငြင်းခုံမှု မရှိခြင်းလို့ နှစ်မျိုးကို ယူရမှာပေါ့ဗျ"

**သမင္ဂါနှင့် သမင္ဂံ**

"ကောင်းပါတယ် ဆရာ၊ အချို့ ပရိတ္တပါဠိမှာ 'သောတုမင္ဂံ သမင္ဂါ' လို့ ရှိတတ်ပြီး အချို့မှာ 'သောတုမင္ဂံ သမင္ဂံ'လို့ ရှိနေတာကို သပြေကန်ဆရာတော်က ဘယ်လို ဆုံးဖြတ်ပါသလဲ ဆရာ"

"ကိုတက်အင်းရဲ့၊ ဆရာတော်က 'သမင္ဂံ'ရှိလျှင်လည်း ကြိယာဝိသေသန အနက်မှာ သက်တဲ့ ဒုတိယာ ဧကဝုစ် ဖြစ်သည်။ 'သမင္ဂါ'ရှိလျှင်လည်း ကြိယာဝိသေသနအနက်မှာ သက်တဲ့ ပဌမာဗဟုဝုစ်ဝိဘတ် ဖြစ်သည်။ နှစ်ချက်လုံး အနက်အနေဖြင့် သင့်သည်။ သို့သော် 'ဝသန္တော သန္တော၊ သောတုမင္ဂံ သမင္ဂံ' လုံးထပ်ကလေးများ ရေးဖွယ်ဖြစ်သောကြောင့် 'သမင္ဂံ'ဟု အလိုရှိသင့်သည်လို့ ရေးသားတော်မူတယ်ဗျ။ နောက် စာတတ်ပေတတ်ကြီးများသိကုံးရေးဖွဲ့ထားသည့် ပါဠိကဗျာဖြစ်လို့ ခင်ဗျားတို့ ကျွန်တော်တို့ အနက်မှန်သမျှသိရလျှင် ကျေနပ်လောက် ပါပြီဗျာ၊ သိပ်ပြီး နက်နက် ရှိုင်းရှိုင်း လေ့လာဆုံးဖြတ်ကြရန် မသင့်သေးပါဘူး။ ဘုရားဟောပါဠိတော်အရ ဆိုလျှင်တော့ အခြားကျမ်းဂန်အကိုးအကား စုံစုံလင်လင် ရှာဖွေဆုံးဖြတ်ကြရမှာပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာ၊ ဆရာပြောတာ ကောင်းပါတယ်၊ အခုက ပရိတ္တပါဠိရဲ့ အစဟာ ပညာရှိများ ရေးဖွဲ့ထားတဲ့ ပါဠိဂါထာ ကဗျာမျှ ရှိပါသေးတယ်၊ နောက်ပိုင်းမှာ ဘုရားဟော ပါဠိတော်ကြီးတွေကို တွေ့ရဦးမှာပါ၊ အဲဒီတော့မှ အမှန်သိဖို့ ကြိုးစားကြပါစို့"

"အေးလေ၊ အဲဒီတော့ ခါးတောင်းကြိုက် ကြိုးစားကြတာပေါ့၊ တစ်ခုတော့ ရှိတယ်၊ ကြိုးစားဆိုလို့ ကျွန်တော်ချည်းထဲ မဟုတ်ဘူးနော်၊ ကိုတက်အင်းလဲ ကြိုးစားရမှာဗျ၊ သည်လိုမှ ဆွေးနွေးပွဲပုံစံပေါ်မှာဗျ၊ ကျွန်တော်တို့ မစွမ်းနိုင်လျှင်တော့ အခြား ပညာရှိ လူရှင်တွေထံ အကူအညီတောင်းရမှာပေါ့လေ။

ဤတွင် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၄) ဆွေးနွေးခန်းပြီးပါပြီ။

# အခန်း (၆)

## သဗ္ဗေသု စက္ကဝါဠေသု–ဆွေးနွေးခန်း

### စကြဝဠာ–အဓိပ္ပာယ်

“ဆရာကြီးခင်ဗျား၊ ဆရာနှင့်ကျွန်တော် ဆွေးနွေးကြတာဟာ ယခုအထိ ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၄) ကုန်သွားပြီနော်”

“ဟုတ်တယ်လေ၊ ယခုဆိုလျှင် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၅)မှစပြီး ဆွေးနွေးရတော့မှာဗျ။ ပရိတ္တပါဠိ စာပိုဒ်(၆)မှစပြီး (၈)အထိ ဂါထာ(၄)ပုဒ်၊ အပိုဒ်(၉)မှစ၍ စုဏ္ဏိယခေါ် ပါဠိစကားပြေကြီးကလည်း တစ်ဆယ့်တစ်ကြောင်းမျှရှိတယ်ဗျ။ အဲဒီ စာသားတွေအားလုံးကို ခြုံ၍ ဆဋ္ဌမူသီရိမင်္ဂလာပရိတ်တော် စာအုပ်မှာ ‘အမျှဝေနှင့် တိုက်တွန်းချက်’ လို့ ခေါင်းစီးတပ်ထားတယ် ကိုတက်အင်းရဲ့”

“အဲဒါ ဟုတ်သားပဲ ဆရာ၊ မှန်ပါတယ်လေ”

“အေးဗျ၊ ပရိတ္တပါဠိတော်ရဲ့ အနက်အဓိပ္ပာယ်အရဆိုလျှင်တော့ ဒီအတိုင်းပဲ ယူဆရမှာပေါ့။ သို့ပေမယ့် ပရိတ္တဋီကာ ဖွင့်ဆိုချက်အရဆိုလျှင်တော့ ပရိတ်တရားကို နာကြားရသူများအတွက် ဝမ်းမြောက်ခြင်းနှင့် ချမ်းသာစီးပွား ဖြစ်နိုင်ခြင်းများကို ပြရန်အတွက် ဤ ပရိတ္တပါဠိစာပိုဒ်(၅)မှ (၉)အထိကို ပြဆိုတယ်လို့ ကျမ်းတက် စကားကို ဖော်ပြထားတာကိုလည်း တစ်နည်းတစ်ဖုံ မှတ်သင့်သေးတယ်ဗျ”

“ကောင်းပါတယ် ဆရာ၊ အဲဒီ ဋီကာကျမ်းတက်နည်းအရကိုလည်း မှတ်သင့်ပါသေးတယ်။ အဲဒီလိုဆိုတော့ ‘ပရိတ်တရား၏ဝမ်းမြောက်ခြင်းနှင့် ချမ်းသာစီးပွား ဖြစ်နိုင်ခြင်း’ လို့ ခေါင်းစီးတစ်မျိုး တိုးသင့်သေးကြောင်း သိရဟာပေါ့ ဆရာ၊ အဲဒါက ဋီကာနည်း ဆိုကြပါစို့”

“ဟုတ်တယ် ကိုတက်အင်း ဟုတ်တယ်၊ အဲဒါ ဋီကာနည်းပဲ”

“ဆရာ၊ ဒီ ပရိတ္တပါဠိ စာပိုဒ်(၅)မှာ ‘သဗ္ဗေသု စက္ကဝါဠေသု’ လို့ ဆိုထားတော့ စကြဝဠာအားလုံးကို ယူရမှာလား ဆရာ”

"ကျွန်တော်တို့ ဒီ စကြဝဠာအကြောင်းကို 'သမန္တာ'ဂါထာတုန်းကလဲ ဆွေးနွေးပြီးပါပြီ။ ဒီနေရာမှာလဲ စကြဝဠာဆိုရင် ဒီ ပရိတ္တပါဠိ ရတနသုတ် စာပိုဒ်နံပါတ်(၂၆)မှာ လာတဲ့အတိုင်း အာဏာခေတ် စကြဝဠာကုဋေတစ်သိန်းကို ယူရမှာ ကိုတက်အင်းရဲ့"

"ဆရာ–ဆရာ ခုတင်ကပြောတဲ့ အာဏာခေတ် ဆိုတာကို ဘထပ်ရှင်းပြပါဦး"

"အဲ–အဲ–ဟုတ်ပြီ၊ ရတနသုတ် စာပိုဒ်နံပါတ်(၂၆)မှာ 'ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်'လို့ စကြဝဠာသုံးမျိုး ခွဲထား တာကို တွေ့ရမှာပေါ့၊ မကျဉ်းမကျယ်ရှင်းပြပါဦးမယ်"

(က) ဇာတိခေတ်ဆိုတာက ဖြစ်အတူ ပျက်အတူ ဖြစ်တဲ့ခေတ်မှာ ရှိတဲ့ တည်နေတဲ့ စကြဝဠာတွေပဲ၊ အဲဒီခေတ်မှာ တစ်သောင်းအရေအတွက် ရှိတယ်။ ဘုရားပွင့်တဲ့အခါ ဓမ္မစကြာတရားဟောတဲ့အခါ စသည်မှာ မြေကြီးလှုပ်ခြင်း စသည် အတူတူဖြစ်ကြတဲ့ စကြဝဠာတွေပေါ့။

(ခ) အာဏာခေတ် ဆိုတာက မြတ်စွာဘုရား ပရိတ်တရား ဟောကြားတော်မူတဲ့အခါ စသည်မှာ အာဏာစက် ပျံ့နှံ့ရာ စကြဝဠာတွေပေါ့။ အဲဒါက စကြဝဠာအရေအတွက်ပေါ့။ ကုဋေတစ်သိန်း အရေအတွက် ရှိတယ်။ မြတ်စွာဘုရား၏အာဏာစက်ရောက်နိုင်သည့် အပိုင်းအခြား အာဏာခေတ်ပေါ့။

(ဂ) မြတ်စွာဘုရားရှင်သည် ဒိဗ္ဗစက္ခုဉာဏ်တော်ရှင် ဖြစ်သည်။ ဒိဗ္ဗသောတ ဉာဏ်တော်ရှင် ဖြစ်သည်။ သဗ္ဗညုတ ဉာဏ်တော်ရှင် ဖြစ်သည်။ စကြဝဠာ အနန္တ အပိုင်းအခြား မရှိ မြင်နိုင်, ကြားနိုင်, သိနိုင်တယ်။ သို့ဖြစ်သောကြောင့် မြတ်စွာဘုရား အာရုံပြုနိုင်တဲ့ ဝိသယခေတ် စကြဝဠာကို အပိုင်းအခြား အကန့်အသတ်မရှိ အနန္တလို့ မှတ်သား ရမည်။ အဲဒါကြောင့် ဝိသယခေတ် စကြဝဠာကို အနန္တဖြစ်သည် ဟူ၍ မှတ်သားရမယ် ဖြစ်ပါတယ်။

"ဤသို့ တင်ပြပြောဆိုခဲ့သည့် အကြောင်းအရာများကို ထောက်ထား၍ 'သဗ္ဗသု စက္ကဝါဠေသု=စကြဝဠာ အားလုံးတို့၌'ဟူ၍ သာမည ဆိုထားသော်လည်း ပရိတ္တပါဠိ ရတနသုတ် စာပိုဒ်နံပါတ်(၂၆)လာ ကောဋိသတ–ချိ ဂါထာကို ထောက်ထား၍ စကြဝဠာခေတ်အရ သုံးမျိုးရှိရာတွင် အာဏာခေတ် စကြဝဠာ

ကုဋေတစ်သိန်းကိုသာ ယူသင့်ကြောင်း ပရိတ္တဋီကာပါဌ် စာမျက်နှာ(၂၈)၌ ဖွင့်ဆို ထားပါတယ် မိတ်ဆွေကြီး ကိုတက်အင်းခင်ဗျား”

**ယက္ခ၏ အဓိပ္ပာယ်**

“ဆရာကြီး ဦးစာကျော် ခင်ဗျား၊ ပရိတ္တပါဠိ နံပါတ်(၅)ဂါထာထဲမှာပါတဲ့ ‘ယက္ခ’ပုဒ်အရ ‘လူကိုစားတတ်တဲ့ မကောင်းဆိုးဝါးဘီလူး’ကို ယူရမှာလားဆရာ”

“မဟုတ်ဘူး ကိုတက်အင်းရဲ့၊ ယက္ခဆိုတဲ့ ပါဠိဝေါဟာရက–

၁။ ဒေဝ – နတ်

၂။ မဟာရာဇ – စတုမဟာရာဇ်နတ်မင်းကြီးလေးပါး

၃။ ကုဝေရနုစရ – ကုဝေရနတ်မင်းကြီးရဲ့ နောက်လိုက်ဘီလူး

၄။ နရ– – လူသတ္တဝါဆိုတဲ့ အနက်(၄)မျိုးကို ဟောနိုင်တယ်ဗျ။”

“ဒီနေရာမှာတော့ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးနှင့် အခြား အလားတူ နတ်စစ်သူကြီးများကို ယူသင့်တယ်ဗျ။ အကြောင်းကတော့ အာဋာနာဋိယသုတ်မှာ သာသနာတော်၌ ‘တရားကို ကျင့်သုံး နေသူများအား အခြား သူရဲတစ္ဆေ ဘုတ် ပြိတ္တာ စသည်တို့က နှောင့်ယှက်လာလျှင် ယင်းနတ်မင်းကြီးများထံ တိုင်ကြား အကူအညီတောင်းနိုင်ကြောင်း’ ဖော်ပြဟောကြားထားသည်ကို တွေ့ရသောကြောင့် ဖြစ်ပါတယ်ဗျ။ (ဒီ–၃၊ နှာ–၁၅၈)။ ပြီးတော့လည်း ရှိသေးတယ်ဗျ။ ဘီလူးဆိုတဲ့ ပြိတ္တာမျိုးကို သွားပြီး အရေးပေး အကူအညီတောင်းမိပြန်လျှင်လည်း ခွေးကို ထမင်းထုပ်အစောင့်ခိုင်းမိသလို ဖြစ်နေမှာကိုလည်း စိုးရိမ်ရသေးတယ်ဗျ။ ထမင်းထုပ် ကို ခွေးကိုအစောင့်ထားလျှင် အခြား သတ္တဝါလာစားမှာကိုစိုးရန်ထက် ခွေးကိုယ်တိုင် က ကုန်အောင်စားပစ်မှာကို စိုးရိမ်ရသေးတယ် ကိုတက်အင်းရဲ့။ ဒါကြောင့် ‘ယက္ခ’အရကို စတုမဟာရာဇနတ်မင်းကြီး လေးပါးနှင့် နတ်စစ်သူကြီးများကို ယူသင့်ပါတယ်။

**ဒေဝါ–အရ နတ်ကိုသာယူပါ**

ဆရာ၊ ဒီပရိတ္တပါဠိ စာပိုဒ်(၅)မှာ ဒေဝါ–အရကို ပြီးခဲ့တဲ့ ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၁) မှာပါတဲ့ သမန္တာ–ချီ ဂါထာက ‘အတြာဂစ္ဆန္တု၊ ဒေဝတာ’မှ ‘ဒေဝတာ’ သဒ္ဒါလို ရော ဗြဟ္မာရော နှစ်မျိုးလုံးကို ယူရမှာလား ဆရာ။

“မဟုတ်ဘူး ကိုတက်အင်း၊ မယူရဘူး။ ဗြဟ္မာကို နောက်မှာ ဆက်လက် ကပ်ပါလာသော ‘ဗြဟ္မာနော’ ပုဒ်က ယူပြီးဖြစ်လို့ ဒေဝါ–ပုဒ်အရ ယူနိုင် ပေမယ့် မယူရတော့ဘူးဗျ။ ဒါကြောင့် နတ်တစ်မျိုးတည်းကိုသာ ယူရတော့မယ်။

ပါဠိစာပေ ထဲမှာတော့ 'ပါရိသေသနည်း' လို့ ခေါ်တာပေါ့ဗျာ"

"ပါရိသေသနည်း ဆိုတာက ဘယ်လိုလဲဆရာ"

"ကိုတက်အင်းက မသိသေးဘူးထင်တယ်။ ပါရိသေသနည်း ဆိုတာက ပရိသေသ=ဆိုပြီး, ဆိုလတ္တံ့- အလုံးစုံမှ အကြွင်းအကျန်ကိုသာ ယူရတဲ့နည်း' ပေါ့ဗျာ။ အခုလည်း ကြည့်လေ၊ ဆိုလတ္တံ့ဖြစ်သော 'ဗြဟ္မာနော' သဒ္ဒါက ဗြဟ္မာကို ယူဦးမည်ဖြစ်၍ 'ဒေဝါ' သဒ္ဒါက နတ်ကိုရော ဗြဟ္မာကိုရော ယူနိုင်ပေမယ့် မယူတော့ဘဲ ဆိုလတ္တံ့ ဗြဟ္မာကိုချန်၍ ကျန်နေသေးသော နတ်တစ်မျိုးတည်းကိုသာ ယူရတယ်လေ။ ဒါဟာ ပါရိသေသနည်းပေါ့ဗျာ။ အားလုံးမှ အကြွင်းအကျန်ကို ယူရတဲ့နည်းပေါ့။

ဤတွင် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၅)ဆွေးနွေးခန်း ပြီးပါပြီ။

## အခန်း(၇)

## သမ္ဗေ တံ အနုမောဒိတွာ–ဆွေးနွေးခန်း

### ညီညွတ်ရေးကို အလေးပေးခြင်း

"ကဲ–ကိုတက်အင်းရေ၊ ပရိတ္တပါဠိ စာပိုဒ်(၆)ဂါထာထဲက မရှင်းတာရှိရင် မေးပေတော့"

"မေးပါ့မယ် ဆရာ၊ ကျွန်တော်တို့ ပရိတ္တပါဠိစာပိုဒ် နံပါတ်(၄) အဆုံးမှာလည်း 'သမဂ္ဂါ' အညီအညွတ်ဆိုတာ ပါခဲ့ပြီ။ အခု ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၆)ဂါထာ ဒုတိယ ပါဒမှာလည်း 'သမဂ္ဂါ=အညီအညွတ်'ဆိုတာ ပါပြန်ပြီ၊ အဲဒါ ဘာသဘောလဲ ဆရာ"

"အင်း–အင်း၊ ကိုတက်အင်းကလဲ ပရိတ်တရားတော်ကို တော်တော် သတိ ထားကြည့်ပေသားပဲ၊ အစစ သတိထားကြည့်၊ သတိထားသိဖို့ရန် လိုတယ်ဗျ၊ ဒါမှ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာတွေ တိုးတက်မှုကို ရမှာဗျ၊ အဲဒါဟာ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ရှေးဆရာကော်ကြီးတွေဟာ ဗုဒ္ဓဘာသာ ရှင်လူများစွာ တို့ကို ကိုယ်စိတ်နှစ်ပါး မကွဲပြားကြဘဲ တစ်သားတည်း ညီညွတ်ကြရန် အထူး အလေးထား၍ ရေးသားထားခြင်းဖြစ်ကြောင်းကို သိနိုင်တယ်ဗျ"

"ပရိတ်တော်ဆိုတာကလည်း ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်မှာ အစစအရာရာ နေရာတကာမှာ အသုံးပြုနေကြတဲ့ ဗုဒ္ဓတရားတော်ဗျ၊ အဲဒီ ဗုဒ္ဓ တရားတော် အစမှာပင် အရေးတကြီးထား၍ ညီညွတ်ရေးကို ထည့်သွင်းထားခြင်းကို ထောက်၍ ရှေးဆရာတော်ကြီးများသည် ကျွန်တော်တို့ နောင်လာနောက်သား ရှင်လူအများကို ညီညွတ်ရေးတရား အရိုးထဲ အသားထဲ အသည်းထဲမှာ စွဲနေအောင် လို့ပဲဗျ။

"ဒါဟာလည်း ဗုဒ္ဓမြတ်စွာဟောကြားတော်မူသော–

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါသုခေါ။

ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်လာ၊ သတ္တဝါအပေါင်း ချမ်းသာကြောင်း။

တရားဒေသနာ၊ ဟောဖော်ရာ၊ သတ္တဝါအပေါင်း ချမ်းသာကြောင်း။

သံဃာများစွာ၊ ညီညွတ်ခါ၊ သတ္တဝါအပေါင်း ချမ်းသာကြောင်း။

အများညီညာ၊ ကျင့်သုံးပါ၊ သတ္တဝါအပေါင်း ချမ်းသာကြောင်း

ဆိုတဲ့ ဓမ္မပဒပါဠိတော်လာ ဂါထာနံပါတ်(၁၉၄)နှင့်လည်း ညီညွတ်တယ်ဗျ။

"အဲဒီလို မြန်မာပြည်မှာ ဗုဒ္ဓဘာသာ ရှင်လူအများသည် နေရာများစွာ အခါများစွာ အကြိမ်များစွာ အသုံးပြု ရွတ်ဖတ်နေကြသည့် ပရိတ်တရားတော်မှာ အစအဦးထား၍ ညီညွတ်ရေး အလေးပေး ရေးသားဟောကြားထားတာကို မသိကြ မမြင်ကြဘဲ၊ လူမှာလည်း လူအလျောက် ရှင်မှာလည်း ရှင်အလျောက် ညီညွတ်မှုမရဘဲ ကွဲပြားနေမှုများကို တွေ့မြင်နေရသည်မှာ များစွာ ဝမ်းနည်းဖွယ်ရာ ဖြစ်နေပါတယ် ကိုတက်အင်းရယ်။

"အဲဒါကြောင့် မညီညွတ်မှုများကို ပရိတ်တရားတော်နှင့်အညီ ဖယ်ရှားထားကြပြီးလျှင် လူရော့ရှင်ပါ ညီညွတ်ရေးကို ဦးစားပေး၍ ကျင့်သုံးနေထိုင်ကြပါရန် သတိပေးလိုပါတယ်ဗျ"

**ဗုဒ္ဓသာသနာကို စောင့်ရှောက်ပါ**

"ပြောပြရဦးမယ်၊ ကိုတက်အင်း သတိထားမိရဲ့လား မသိဘူး၊ အမှတ်တမဲ့ နေမှာပါလေ"

"ဘယ်လိုလဲ ဆရာ၊ ပြောချင်ရင် ပြောသာပြောပါ ဆရာ"

"ဒီလိုဗျ၊ ပရိတ်ပါဠိ စာပိုဒ်နံပါတ်(၆)ပါတဲ့ ဂါထာရဲ့ စတုတ္ထပိုဒ်မှာ 'အာရက္ခာသု ဝိသေသတော'လို့ ရှိတယ်လေ"

"ဟုတ်ကဲ့ ဆရာ၊ ရှိပါတယ်၊ မြန်မာလိုတော့ 'သာသနာကို အထူးစောင့်ရှောက်ပါ'လို့ တိုက်တွန်းတာပဲ ဆရာ"

"အဲ-အဲ-ဟုတ်တယ်၊ နတ်တွေကို သာသနာစောင့်ရှောက်ရန် တိုက်တွန်းတာပဲ၊ သို့ပေမယ့် စောင့်ရှောက်တာရှိခဲ့သလို မစောင့်တာကိုလည်း တွေ့ရတယ်ဗျ"

"ဘယ်လို စောင့်ပြီး ဘယ်လို မစောင့်တာလဲ ဆရာ၊ ရှင်းပြစမ်းပါ"

## ရွှေဘိုခေတ်တုန်းကသာသနာကို စောင့်ရှောက်ခဲ့ပုံ

"ကိုတက်အင်းရဲ့၊ ကျွန်တော်တို့ ရွှေဘိုခေတ် မြန်မာသက္ကရာဇ် ၁၁၅၀ ကျော်ကျော်လောက်တုန်းကပေါ့ဗျာ၊ မြန်မာ့ဗုဒ္ဓသာသနာတော်မှာ အယူအဆဝါဒ ကွဲပြားမှုကြီးတစ်ခု ပေါ်ပေါက်လာခဲ့ဖူးတယ်ဗျ။ အဲဒါက တင်ဂိုဏ်းနှင့် ရုံဂိုဏ်း ဆိုပါတော့– တင်ဂိုဏ်းဆိုတာက ရဟန်းသံဃာတော်များ မြို့တွင်း ရွာတွင်းမှာ သင်္ကန်းကိုမရုံဘဲ လက်ကန်တော့ထိုး၍ ပခုံးပေါ် တင်ရုံသာ တင်တဲ့ ဂိုဏ်းပဲ။ အဲဒါ တင်ဂိုဏ်း။ ရုံဂိုဏ်း ဆိုဟာက သင်္ကန်းကို ပခုံးပေါ် တင်ရုံမျှမကဘဲ လက်လိပ်ထိုး၍ လည်ပင်းနှင့် လက်ကောက်ဝတ်အထိ ရုံထားပြီးမှ မြို့ထဲ ရွာထဲ မှာဝင်ရတဲ့ ရုံဂိုဏ်းပဲ။ အဲဒီလို နှစ်ဂိုဏ်းကွဲတော့ သူမှန်တယ်၊ ကိုယ်မှန်တယ် ငြင်းကြတာပေါ့လေ။ ရဟန်းသံဃာတွေ ဂိုဏ်းကွဲကြတာပေါ့။

"အဲဒီနှစ်ဂိုဏ်းကွဲရာမှာ သာသနာပိုင်ဆရာတော်ဖြစ်သော လူအမည် ဦးပန်းထွေး၊ ရဟန်းဘွဲ့ 'အတုလယသ' ဆရာတော်က အတင်ဂိုဏ်းဘက်က ပါဝင်ခဲ့သတဲ့ဗျ။ အဲဒီတုန်းက ရှင်ဘုရင်ဖြစ်တဲ့ အလောင်းမင်းတရားကြီးကလည်း သူ၏ဆရာ သာသနာပိုင်ပါတဲ့ဘက်ကို အားပေးကူညီတယ်တဲ့ဗျ။ သူ့ဆရာ သာသနာပိုင် အမိန့်ကို မလိုက်နာဘဲ အရုံဂိုဏ်းကိုဝင်သူ ရဟန်းတော်တွေကိုလည်း သူပိုင်နက် ဖြစ်တဲ့ မြန်မာနိုင်ငံအတွင်း မနေရ–ဟူ၍ပင် အမိန့်ထုတ်ဖူးသတဲ့ဗျ။

"တစ်နေ့တော့ အရုံဂိုဏ်းဝင် ဆရာတော်နှစ်ပါးကို သာသနာပိုင်နှင့် ရှင်ဘုရင် တို့က ဒဏ်ပေးသတဲ့၊ ယင်းကိုယ်တော်နှစ်ပါးဟာ ဒဏ်ထမ်းဆောင်နေရာမှ စကားပြောကြတယ်။ ပထမကိုယ်တော်က "အရှင်ဘုရားရယ်၊ တပည့်တော်တို့မှာ ဘယ်လိုအပြစ်မှ မရှိဘဲ သက်သက်မယ့် ဒဏ်ထမ်းနေရတယ်" ဟူ၍ ပြောသည်။ ဒုတိယကိုယ်တော် က ဆက်၍ "အရှင်ဘုရားရယ်၊ အဲဒီလို မတရားလုပ်နေတာကို နတ်ကောင်း နတ်မြတ်များ မသိကြဘူးလား၊ တပည့်တော်တို့မှာ ဒီလိုပဲ ခံနေရတယ်" ဟု ပြောလိုက်သည်။ ပြောသည်နှင့် တစ်ချက်တည်းမှာပင် မိုးမှောင်ကျလာ၍ သာသနာ ပိုင်၏ကျောင်းကို မိုးကြိုးတစ်ချက်၊ ရှင်ဘုရင်နန်းတော်ကို မိုးကြိုးတစ်ချက် ပစ်သည်။ ထို့နောက် ရှင်ဘုရင်ဦးအောင်ဇေယျသည်လည်း ယိုးဒယားသို့ စစ်တိုက် သွားရာ မပြန်လာနိုင်ဘဲ ကျဆုံးသွားရာလေသည်။ ဤသည်မှာ သာသနာအတွက် အမှန်တရားဘက်၌ ရပ်တည်နေသော အရှင်မြတ်များဘက်မှ သိကြားမင်းက ကူညီခြင်းဖြစ်သည် ဟူ၍ ယူဆရသည့် သာသနာ့သမိုင်း ဖြစ်ရပ်တစ်ချက် ဖြစ်ပေသည်။

## မန္တလေးခေတ်တုန်းက မစောင့်ရှောက်ခဲ့ပုံ

"ကိုတက်အင်းရဲ့ မင်းတုန်းမင်းနှင့် သီပေါမင်း နန်းစံတဲ့ကာလကို မန္တလေးခေတ်ဟူ၍ သတ်မှတ်ကြသဗျ" ဟူ၍ အစချီကာ ဆရာကြီးဦးစာကျော်က စကားဆက်ပါသည်။ ယင်းစကားဆက်ကို အောက်တွင် ဆက်လက် ဖော်ပြပါမည်။

"အဲဒီခေတ်တုန်းက ဆရာကြီးစလေဦးပုညတို့၊ ညောင်ပင်သာဦးပုညတို့ ပေါ်လွင်ထင်ရှားခဲ့တာပေါ့။ စလေဦးပုညမှာ ယင်းခေတ်တုန်းက မတော်မလျော် ပြုလုပ်မှု တော်တော်များများ တွေ့နေရ မြင်နေရပုံ ပေါ်ပါလိမ့်မည်။ ယင်းသို့ မတော်မတရား တွေ့မြင်နေရပါလျက် ဦးပုညဟာ ဘယ်သူ့ကိုမှ ဘယ်လိုမှ မပြောဝံ့ဘူးထင်သည်။ ပြောလို့လည်း အရာမရောက်ဘူး ထင်ရပါသည်။

"အဲဒီတော့ ဦးပုညသည် ဘယ်မတတ်သာတော့ နတ်မပါလို့ ဖြစ်ရမည်ဟု တွေး၍ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ ဒီလို မတော်မလျော် ပြုလုပ်နေတာကို ပြောဆိုနေတာကို ကြည့်မနေပါနဲ့၊ ဆုံးမပါ တားမြစ်ပါလို့ ဆုတောင်းပုံရပါတယ်။ ပြီးတော့လည်း မတော်မလျော် မဟာရားကျင့်သုံးမှုတွေကို ပယ်ရှားရန် တားမြစ်ရန် သိကြားမင်းတို့ လောကပါလ ကမ္ဘာစောင့်နတ်တို့ကိုလည်း တိုင်ကြားပုံရပါတယ်။ ဘယ်လိုတိုင်တိုင်၊ ဘယ်လောက် ဆုတောင်းတောင်း အကြောင်းမထူးဘဲ မကောင်းမြဲ မကောင်းတာတွေ လုပ်နေတာပြောနေတာတွေကို တွေ့နေရတော့ အားလျော့၍ 'သိကြားလိမ်' ဆိုတဲ့ တေးထပ်ကို ရေးလိုက်သတဲ့ဗျ။ ယင်း သိကြားလိမ် တေးထပ်မှာ–

နန်းမေရု ပြာသာဒ်
လမ်းဖြတ်တဲ့ ဣန္ဒာ
ကမ်းသတ်လို့ နိမ်ရှာတယ်
အလိမ္မာ လွန်သား။
ထောက်လှမ်းရေး သုဓမ္မာဝယ်
နအခါ လစ်ကြသလား။
ဘုရားက သိကြားကိုမှာတယ်
ဌကထာရှိသား
သာသနာ ငါထားငဲ့
မမှားအောင် စေ့ဆော်။
မကောင်းသူ ကောင်းသူတို့ကိုလ
ကြောင်းယူလို့ ဆန်းစစ်ကာမျှော်။

ဝိမလနန်းသစ်ပေါ်မှာ
သန်းရှစ်ဖော်ရွှေများနဲ့
ဘုရားကို နှစ်ရစ်လိမ်
ညစ်တဲ့ မာဃိန်။
ပစ်ရှာမည့် ဝရစိန်ငယ်
ပန်းထိမ်မှာ ပြင်တုန်းထင်လေး။ ။

"ကိုတက်အင်းရဲ့၊ အဲဒီတေးထပ်ကို ထောက်ပြီး မန္တလေးခေတ်မှာ မတော်မတရားမှုတွေ သိပ်များကြောင်းကို သိနိုင်တယ်ဗျ"

"ဆရာ–ဘုရားကို နှစ်ရစ်လိမ်ဆိုတာ ဘယ်လိုလဲ ဆရာ"

"ဟာ–ကိုတက်အင်းကလဲ ဘုရားကို သိကြားက နှစ်ခါတောင် လိမ်တယ်လို့ ဆိုလိုတာဗျ၊ နှစ်ခါဆိုတာကတော့– အမ္ဗဋ္ဌလုလင်နှင့်တစ်ခါ၊ သစ္စကပရိဗိုဇ်နှင့်တစ်ခါ အဲဒီလို နှစ်ခါလိမ်တယ်လို့ ပြောတာဗျ။ ကဲ–ဆက်ပြောမယ်" ဟူ၍ အစချီကာ အောက်ပါအတိုင်းပြောပါသည်။

## အမ္ဗဋ္ဌလုလင်နှင့် မြတ်စွာဘုရား

"ပေါက္ခရသာတိ ပုဏ္ဏားဆရာကြီးက တပည့် အမ္ဗဋ္ဌအား မြတ်စွာဘုရားထံ သွား၍ ဘုရားအစစ် ဟုတ်၊မဟုတ် စုံစမ်းရန် ခိုင်းလိုက်သည်။ အမ္ဗဋ္ဌလုလင်က သွား၍ မြတ်စွာဘုရားအား မရိုမသေဖြင့် စုံစမ်းသည်။ မြတ်စွာဘုရားရှင်က "သင်သည် အခြား ပုဏ္ဏားဆရာကြီးများနှင့် ဤသို့ ဆွေးနွေးပါသလား" ဟူ၍ မေးသည်။ "မဆွေးနွေးပါ။ ရိုရိုသေသေ ဆွေးနွေးပါသည်။ သင်တို့မှာမူ ယုတ်ညံ့သော အမျိုးစာတ်ဖြစ်သောကြောင့် ဤသို့ မရိုမသေဆွေးနွေးပါသည်" ဟူ၍ ဖြေဆိုသည်။

"ထိုအခါ မြတ်စွာရှင်တော်ဘုရားက သာကီဝင်မင်းမျိုးသည် ဩက္ကာကမင်းကြီး၏ သားတော် သမီးတော်များဖြစ်ကြ၍ မြတ်ပုံ၊ ကဏှာယန ပုဏ္ဏားမျိုးသည် ဩက္ကာကမင်းကြီး၏ ကျွန်မမှ မွေးသော ကဏှာအမည်ရှိသူ၏ သားသမီးများ ဖြစ်လေသကြောင့် ယုတ်ညံ့ကြောင်းတို့ကို ထင်ရှားသော လူ့သမိုင်းကို ထောက်ပြ၍ ပြောသည်။ ထိုအခါ အမ္ဗဋ္ဌလုလင်က ဝန်မခံဘဲနေသည်။ သိကြားမင်းက ဘီလူးကြီးအဖြစ်လာ၍ ရဲရဲတောက်နေသော သံတင်းပုတ်ဖြင့် ချိန်ရွယ်ကာမှ မှန်ပါကြောင်း ဝန်ခံသည်။

"ဤသို့ သိကြားမင်းလာ၍ မြတ်စွာဘုရားဘက်မှ ကူညီသည်မှာ ဘုရားဖြစ်စတုန်းက တရားဟောရန် ခက်ပုံကို ဆင်ခြင်နေစဉ် သိကြားမင်းကလာ၍ "တရားကိုသာ ဟောတော်မူပါ။ အရှင်ဘုရား၏ဝေမွှစက်ကို အကျွန်ုပ်က အာဏာစက်ဖြင့်

ကူညီပါမည်' ဟူ၍ တာဝန်ခံခဲ့မှုသောကြောင့် ဖြစ်သည်။ (ဒီ၊ ၄၊ နှာ-၂၃၆)

**သစ္စကပရိဗိုဇ်နှင့်မြတ်စွာဘုရား**

"သစ္စကပရိဗိုဇ်ကလည်း ဘုရားရှင်ထံလာ၍ ဝါဒပြိုင်သည်။ 'ခန္ဓာငါးပါးကို နိစ္စ,သုခ,အတ္တ ဖြစ်သည်'ဟု ဆိုသည်။ မြတ်စွာဘုရားရှင်က 'အနိစ္စ,ဒုက္ခ, အနတ္တဖြစ်သည်"ဟု ဟောသည်။ မြတ်စွာဘုရားက 'ခန္ဓာငါးပါး နိစ္စ,သုခ,အတ္တ ဖြစ်လျှင် ဖြစ်ချင်သလို ဖြစ်ပါစေ' ဟု ခိုင်းစေ၍ရသလောဟု မေးတော်မူသော် သစ္စကပရိဗိုဇ်က မိမိရှုံးတော့မည်ဟု သိ၍ မဖြေဘဲနေသည်။ အမ္ဗဋ္ဌလုလင်တုန်းက လိုပင် သိကြားမင်းလာ၍ကူညီမှ သစ္စကပရိဗိုဇ်မှာ မနေသာတော့ဘဲ 'ခန္ဓာငါးပါး သည် အနိစ္စ,ဒုက္ခ,အနတ္တ ဖြစ်ပါကြောင်း' မြတ်စွာဘုရားအား ဝန်ခံ၍ အရှုံးပေးလိုက် ရလေသည်။ ယင်းသို့ သိကြားမင်း ကူညီလာသည်မှာလည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းသာ ဖြစ်သည်။ (မ၊ ၄၊ နှာ-၁၆၉)

ဤသို့ အဌကထာနှစ်နေရာမှာ သိကြားမင်းက မြတ်စွာဘုရားအား သာသနာတော်ကို ဝိုင်း၍ စောင့်ရှောက်ပါမည်ဟု ကတိဝန်ခံကြောင်း ရေးထားပါ လျက် ယခု မန္တလေးခေတ်မှာ မတော်မတရားတွေရှိပါလျက် သိကြားမင်း လာ၍ မရှင်းသည်မှာ ဘုရားရှင်ကို လိမ်ခြင်းသာဖြစ်ကြောင်း ဆရာကြီး စလေဦးပုညက သိကြားလိမ်ကဗျာဖြင့် စွဲချက်တင်လိုက်ခြင်းဖြစ်ပါသည် ကိုတက်အင်းခင်ဗျား။

"ဟုတ်ကဲ့ ဆရာ၊ အဲဒီတော့ ပရိတ္တပါဠိစာပိုဒ် နံပါတ်(၆)ဂါထာလာ 'အာရက္ခာသု ဝိသေသတော= အထူးအားဖြင့် သာသနာကို စောင့်ရှောက်ပါ'လို့ များများကြီး ရွတ်ဆိုသုတောင်းသင့်တာပေါ့နော်" ဟူ၍ ပြောဆိုလိုက်လေရာ အားရပါးရ ပြုံးရွှင်သွားကြလေသည်။

ဤတွင် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၆)ဆွေးနွေးခန်း ပြီးပါပြီ။

## အခန်း(၈)

## သာသနသဿစ–ဆွေးနွေးခန်း

**ဆုတောင်းမှုပြုခြင်း**

"ကိုတက်အင်းရဲ့၊ ကျွန်တော်တို့ ဆွေးနွေးလာလိုက်ကြတာ ဘယ်ရောက်သွားပြီလဲဗျ"

"ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၇)ကို ရောက်ပါပြီ ဆရာကြီးခင်ဗျား"

"ဟုတ်ပြီ၊ ဆင္ဌမှု ပရိတ္တပါဠိတော်မှာ စာပိုဒ်နံပါတ်(၅)မှ (၉)အထိ စာသားများကို 'အမျှဝေခြင်းနှင့် တိုက်တွန်းချက်'လို့ ခေါင်းစီးထိုးထားတယ်ဗျ။ ဒီလိုခေါင်းစီးထိုးထားတာဟာ ပရိတ္တဋီကာလာ 'ယခုအခါ ပရိတ်တရားတော် နာယူသူတို့အား ကောင်းမှုကိုဝမ်းသာခြင်း စသည့် အကျိုးစီးပွားချမ်းသာမှုများ ဖြစ်နိုင်ပုံကို ပြဆိုခြင်းငှာ ဤနံပါတ်(၅)စတဲ့ ဂါထာများကို ပြဆိုကြောင်း' ဟူသော ကျမ်းတက်စကားများနှင့် အလွန်ညီညွတ်ဟယ်ဗျ။

"ပရိတ်ကြီးနိဿယသစ် ကျမ်းပြုဆရာတော် သပြေကန်ဆရာတော်ဘုရားကြီးကလည်း 'သာသနာတော်နှင့် လောကကြီးပွားရေးကို နတ်များက စောင့်ရှောက်ကူညီမှုရနိုင်ရေးအတွက် အာသီသပတ္တနာကိုပြလို၍ စာပိုဒ်နံပါတ်(၇)ဂါထာကိုဆိုကြောင်း' အမှာစကား ရေးသားထားတော်မူတယ်ဗျ။ အဲဒီတော့ ပရိတ်ကြီးပါဠိ၊ ဋီကာ၊ နိဿယကျမ်းသုံးကျမ်းဟာ တစ်သားတည်း မကွဲပြားပါပဲ ကိုတက်အင်းရဲ့။ အဲဒီ စာပိုဒ်နံပါတ်(၇)လာဂါထာက 'သာသနာ၏လည်းကောင်း လောက၏ လည်းကောင်း ကြီးပွားတိုးတက်ခြင်းဖြစ်ပါစေ၊ သာသနာတော်ကိုလည်းကောင်း လောကကို

လည်းကောင်း နတ်တို့သည် အမြဲမပြတ် စောင့်ရှောက်ပါစေသတည်း’လို့ ဆိုလိုတာပေါ့ဗျာ။ အဖွင့်စာသားလည်း ညီပါတယ်လေ။

**သာသနာနှင့် သာသနာကြီးပွားခြင်း**

“ဖော်ပြခဲ့တဲ့ ပရိတ္တပါဠိလာ စကားရပ်ထဲမှာပါရှိတဲ့ အထူးကတော့ သာသနာနှင့် သာသနာကြီးပွားခြင်း၊ လောကနှင့် လောကကြီးပွားခြင်းတို့ကို ခွဲခြားသိထားရန် လိုအပ်တယ်ဗျ”

“တကယ်ကို လိုအပ်ပါတယ် ဆရာ၊ အမိန့်ရှိပါ”

“ကိုတက်အင်းရဲ့၊ သာသနာဆိုတာကတော့ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားဆုံးမတော်မူတဲ့ တရားတော်တွေကို ဆိုလိုတာပေါ့ဗျာ။ အချုပ်အားဖြင့်တော့ နိကာယ်ငါးရပ် ပိဋကတ်တရားတော်တွေပေါ့”

“အစစ်ပေါ့ ဆရာ၊ အဲဒါတွေကမှ သာသနာပေါ့”

“အဲဒီ နိကာယ်နှင့် ပိဋကတ်တွေကို သာသနာဆိုရာမှာလည်း အခိုက်အတန့် အချင်းအရာအားဖြင့် သုံးမျိုးရှိတယ်ဗျ။

၁။ အဲဒီသာသနာကို တတ်သိအောင် သင်ကြားမှုကိုတော့ ပရိယတ္တိသာသနာ လို့ ခေါ်တယ်ဗျ။

၂။ အဲဒီ သာသနာတော်နှင့်အညီ ကျင့်သုံးမှုကိုတော့ ပဋိပတ္တိသာသနာ လို့ ခေါ်တယ်ဗျ။

၃။ အဲဒီ သာသနာတော်က ညွှန်ကြားထားသည့်အတိုင်း သိမြင်မှုကိုတော့ ပဋိဝေဓသာသနာ လို့ ခေါ်တယ်ဗျ။

အဲဒီတော့ သာသနာဆိုတာ သုံးမျိုးရှိတယ်ပေါ့”

“ကောင်းပါ့ဆရာ၊ ကောင်းလှပါတယ်၊ သာသနာ ကြီးပွားခြင်းကို ဆက်ပြောပါ ဆရာ”

“သာသနာဆိုတဲ့ နိကာယ်ငါးပါးနှင့် ပိဋကတ်သုံးပါးကို သင်ယူသူတွေ ပေါများစေရန်၊ ပို့ချသင်ပြသူတွေ ပေါများစေရန် အားထုတ်ကြ ကြိုးစားကြတာကတော့ ပရိယတ္တိသာသနာ ကြီးပွားတိုးတက်ခြင်းပေါ့။ သာသနာတော်မှာ ပါရှိညွှန်ကြားထားတဲ့အတိုင်း ကျင့်သုံးသူတွေ ပွားများအားထုတ်သူတွေ ပွားများခြင်းကတော့ ပဋိပတ္တိသာသနာတော် ကြီးပွားတိုးတက်ခြင်းပေါ့။ သာသနာတော်မှာ ပါရှိညွှန်ကြားတဲ့အတိုင်း တိတိကျကျ ထိုးထွင်းသိမြင်သူတွေ များပြားတိုးတက်ခြင်း

ကတော့ ပဋိဝေဓသာသနာတော် ကြီးပွားတိုးတက်ခြင်းပေါ့။ ခုတင်က ပြောပြခဲ့တဲ့ သာသနာတော်သုံးရပ်နှင့် သာသနာတော်သုံးရပ် ကြီးပွားခြင်းများကို ရည်ရွယ်၍ 'သာသနဿစ ဝုမ္မိ ဘဝတု'လို့ ပရိတ္တပါဠိတော် စာပိုဒ်(၇)မှာပါတာ ကိုတက်အင်းရဲ့၊ ပြီးတော့ အလျော်အားဖြင့် ကြီးပွားတိုးတက်ပုံ ရှိပါသေးတယ်ဗျ"

"ပြောပြပါ ဆရာ၊ ဘယ်ဟာမျိုးလဲ"

"သာသနာတော်နှင့် သာသနာကြီးပွားမှုဆိုတာက အဲဒီ သာသနာတော်ကို တာဝန်ယူထမ်းဆောင်တဲ့ ပုဂ္ဂိုလ်တွေရှိရန် လိုအပ်သေးတယ်လေ။ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တွေအတွက်–

၁။ ဝတ်ရန်သင်္ကန်း ၃။ နေရန်ကျောင်း

၂။ စားရန်ဆွမ်း ၄။ မှီဝဲရန်ဆေး

လို့ဆိုတဲ့ ပစ္စည်းလေးပါးလိုအပ်တယ်ဗျ။ သို့မှသာလျှင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တွေ မပင်မပန်း ချမ်းချမ်းသာသာဖြင့် သာသနာ့တာဝန်တွေကို ထမ်းဆောင်နိုင်ကြမှလည်း သာသနာကြီးပွားပြီး သာသနာတိုးတက်မှာ တာရှည်ခိုင်ခံ့ တည်တံ့မှာဗျ။ ပြောခဲ့တဲ့ ပစ္စည်းလေးပါးကိုလည်း မှီဝဲသုံးဆောင်သည့် ပုဂ္ဂိုလ်များနှင့် သင့်တင့်မျှတအောင် ကြည့်ရှုလှူဒါန်းရန် လိုအပ်တယ်ဗျ။

"ကျွန်တော်တို့ သစ်ပင် ပျိုးပင် စိုက်ပင်တွေကို လိုအပ်သလို ကြည့်ရှု၍ ရေလောင်းပေးရန် လိုအပ်တယ်ဗျ။ နည်းလွန်းလျှင်လည်း ခြောက်သွေ့သွားစေနိုင်တယ်။ များလွန်းလျှင်လည်း ရေလွန်၍ ပုပ်သွားစေနိုင်တယ်ဗျ။ ကျွန်တော်တို့ မြတ်ဗုဒ္ဓသာသနာ မွန်းတည့် တက်နေပမာ အလွန်ထွန်းတောက်သည့် သာသနာတော် အနှစ်သုံးရာငါးဆယ်ကျော်လောက တုန်းက သာသနာမှာ ပစ္စည်းလေးပါး အလွန်များပြားစွာပေးကြလှူကြတော့ သာသနာထဲကို အခြားအယူအဆရှိသူများ အမျိုးပုတ် အမျိုးညံ့လူတွေ ဝင်လာ၍ ဗုဒ္ဓပါဒမဟုတ်တဲ့ သူတို့ရဲ့ဝါဒတွေကို သွင်းလာ၍ ငြင်းကြရ ခိုက်ရန်ဖြစ်ကြ ာ တတိယသံဂါယနာတင်၍ ရှင်းလင်းရသည်ဖြစ်၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေ သတိတရား ကြီးကြီးမားမားထား၍ သာသနာ ကြီးပွားရေးအတွက် ပြုစုပျိုးထောင်ကြရန် သင့်ပါတယ်ဗျ။

"ဟုတ်တယ် ဒီအချက်ဟာ သာသနာပြုမည့် ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း သတိထားရမည့် အရေးကြီးအချက်ပါပဲ။ နို့မဟုတ်ရင် သာသနာ တော်ကို မပြုစုတတ်တော့ ချစ်လျက်နဲ့ နှစ်သလိုဖြစ်သွားမှာ စိုးရတယ်"

## သောတာပန်သိကြားမင်းကိုမပြစ်မှားရန်

"ကိုတက်အင်းရဲ့၊ ဒီ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၇)ကလည်း ထပ်မံပြီး 'သာသနမ္ပိ စ လောကဥ္စ ဒေဝါ ရက္ခန္တု သဗ္ဗဒါ– သာသနာနှင့်လောကကို စောင့်ရှောက်ပါစေသတည်း'လို့ နတ်များကို တိုက်တွန်းတဲ့စကားကို ပြဆိုပြန်တယ်ဗျ"

"ဒါကတော့ ပိုမိုခိုင်မြဲစေလိုလို့ ဖြစ်မှာပါ ဆရာ"

"ဟုတ်တယ်ဗျ၊ ဒီလိုပဲ ယူဆမှာပေါ့၊ ယခင် 'စောင့်ရှောက်ကြပါစေကုန်သတည်း' လို့ ဆိုခဲ့တုန်းကတော့ မစောင့်ရှောက်လို့ စလေဆရာရဲ့ သိကြားလိမ်တေးထပ်ကို ထုတ်ပြခဲ့တယ်ဗျ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော် မှတ်မိပါတယ်"

"အဲ သိကြားမင်းကိုအပြစ်တင်တဲ့ သိကြားလိမ်တေးထပ်ဟာ ပြောင်မြောက်ပြီး သိကြားမင်းကိုလှောင်ပြောင်ပုံ ဟာသမြောက်လို့ ဆရာတွေ မှတ်သားထားကြတာဗျ၊ ကျွန်တော်တို့က လိုက်ပြီး သိကြားမင်းကို မရိုမသေမလေးမစား မဆိုသင့်ကြဘူး ကိုတက်အင်းရဲ့"

"ဟုတ်ကဲ့ အမိန့်ရှိပါဆရာ"

"ကျွန်တော်တို့ ဗုဒ္ဓစာပေများမှာ သိကြားမင်းဟာ သောတာပန် ပုဂ္ဂိုလ်ကြီးဗျ၊ ဒီဃနိကာယ် သက္ကပဉှသုတ်ကို နာယူရပြီးနောက် သောတာပန်တည်ကြောင်း သိသာထင်ရှားတယ်ဗျ၊ ဒီတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေဟာ စလေဆရာရဲ့ သံယောင်လိုက်ပြီး သောတာပန် သိကြားမင်းကို မလှောင်ပြောင်သင့်ကြဘူးဗျ"

"မှန်ပါတယ် ဆရာ၊ မလှောင်ပြောင်သင့်ကြပါဘူး"

"သိကြားမင်းက ဗုဒ္ဓကို မတုန်မလှုပ် ကြည်ညိုတဲ့ ပုဂ္ဂိုလ်ကြီး၊ သောတာပန်အရိယာပုဂ္ဂိုလ်ကြီးဗျ၊ မရိုမသေ လှောင်ပြောင်ပြောဆိုရင် အရိယူပဝါဒ ခေါ်တဲ့ အကုသိုလ်ကံကြီး ထိုက်နိုင်တယ်ဗျ"

"ဟုတ်တယ် ဆရာ၊ ဟုတ်ပါတယ်၊ ဒါကြောင့် ထင်ပါရဲ့၊ ဒီ သိကြားလိမ်တေးထပ်ကိုရေးတဲ့ ဆရာကြီး ဦးပုညမှာ ဘဝဇာတ်သိမ်းမကောင်းလှဘူး ဆရာ"

"အဲဒါကြောင့် ကျွန်တော် သတိပေးချင်တယ်၊ နောင်လာနောက်သားတွေဟာ ဆရာကြီး ဦးပုညရဲ့ သံယောင်ကိုလိုက်ပြီး မဆိုသင့်ကြဘူး၊ မရေးသင့်ကြဘူးလို့ ပြောချင်တယ်ဗျ"

"ကောင်းပါတယ် ဆရာ၊ အဲဒီလို ရိုသေတော့ သောတာပန်သိကြားမင်းကို ရိုသေထိုက်တဲ့ ဂါရဝေါ စ မင်္ဂလာလည်းဖြစ်၍ ကိုယ့်မှာလည်း အပြစ်ကင်းတာပေါ့"

**သီကြားမင်း သာသနာစောင့်ပုံ**

"ပြီးတော့ သိကြားမင်းဟာ သာသနာကို ပစ်မထားပါဘူး ကိုတက်အင်းရဲ့၊ အလောင်းဘုရားနှင့် သာသနာပိုင်တို့ရဲ့ ရုံဂိုဏ်းနှင့်တင်ဂိုဏ်း အငြိကရုဏ်းမှာ မတရားလုပ်တော့ သာသနာပိုင်ကျောင်းကို မိုးကြိုးတစ်ချက်ပစ်၊ မင်းနန်းတော်ကို မိုးကြိုးတစ်ချက်ပစ်ပြီး သတိပေးခဲ့တယ်မဟုတ်လား"

"ဟိုတုန်းက သီဟိုဠ်ကျွန်းမှာ ဓာရတိဿမင်းက သာသနာတော်ထမ်း ရဟန်းတော်တွေကို နှိပ်စက်ညှဉ်းဆဲတော့ သိကြားမင်းက ရဟန်းတော်တွေ တော်တော်များများကို သင်္ဘောကြီးတစ်စင်းဖြင့် ဇမ္ဗူဒိပ်ကျွန်းသို့ ပို့ခဲ့တယ်လို့ ကျွန်တော်ကြားဖူးတယ် ဆရာ"

"ဟုတ်တယ်လေ၊ အဲဒီအကြောင်းအရာဟာ မဟာဝင် စတဲ့ မှတ်တမ်းတွေမှာ အထင်အရှား ပါတယ်လေ၊ ဗုဒ္ဓကျမ်းစာတွေမှာလဲ ပါရှိပါတယ်လေ။ သိကြားမင်း ဟာ သာသနာကို ပစ်မထားပါဘူး၊ ဒါကြောင့် သာသနာနှင့်ပတ်သက်လာလျှင် သာသနာကို မထိမခိုက်ရအောင် ကျွန်တော်တို့ ခင်ဗျားတို့ ဗုဒ္ဓဘာသာဝင်တွေ ဟာ ကိုယ်တိုင်တာလည်း စွမ်းနိုင်သမျှ စောင့်ရှောက်ကြရမယ်၊ သိကြားမင်း အစရှိတဲ့ အရိယာသူတော်စင်တွေကိုလည်း အကူအညီတောင်းကြရမယ်ဗျ"

"ဟုတ်တယ် ဆရာ၊ ဟုတ်တယ်၊ ကျွန်တော်တို့ အဌကထာ ဆရာတော်ကြီး အရှင်မဟာဗုဒ္ဓဃောသ ဖုဂ္ဂိုလ်မြတ်ကြီးကလည်း 'ယံ ပတ္တံ' ချီ အဌသာလိနီ အဌကထာနိဂုံးဂါထာမှာ "သတ္တဝါအားလုံးသည် တရားမင်းဘုရားရှင်၏ တရားတော် သာသနာကို ရှိသေကြပါစေသတည်း" လို့ ဆုတောင်းထားတယ်ဆရာ"

"အေးလေ၊ ကျွန်တော်တို့ကလည်း ဒီ ပရိတ္တပါဠိတော် ဓာပိုဒ်နံပါတ်(၇) အတိုင်း—

သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။

သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ—လို့ ဆိုတဲ့အတိုင်း

လောက သာသနာ၊ ဤနှစ်ဖြာ၊ လွန်စွာတိုးပွားစေ၊

လောကသာသနာ၊ ဤနှစ်ဖြာ၊ ဒေဝါနတ်တို့ စောင့်ရှောက်စေ'

လို့ ဆုတောင်းသင့်ပါတယ်ဗျ။

**အရိယူပဝါဒကံ**

"ဆရာ၊ သိကြားမင်းကိုစွပ်စွဲလျှင် အရိယူပဝါဒကံသင့်လိမ့်မယ်လို့ ဆရာ ပြောခဲ့တာကို သိပါရစေ"

"ဒီလိုဗျ ကိုတက်အင်းရဲ့၊ သိကြားလိမ် တေးထပ်မှာက သိကြားမင်းကို လှောင်ပြောင်ထားတယ်ဗျ၊ သိကြားမင်းကလည်း သက္ကပဥ္စသုတ်ကိုနာရတော့ သောတာပန်အရိယာ ဖြစ်နေပြီဗျ၊ ဒီလို သောတာပန်အရိယာကို လှောင်ပြောင် ကဲ့ရဲ့လျှင် အရိယူပဝါဒကံ ထိုက်တယ်ဗျ"

"အရိယူပဝါဒကံ ဆိုတာက ဘယ်လိုပါလဲ ဆရာ"

"အဲဒီ အရိယူပဝါဒကံ ဆိုတဲ့စကားကို 'အရိယ+ဥပဝါဒ'လို့ ပုဒ်ခွဲရတယ် ကိုတက်အင်းရဲ့၊ အရိယ–ဆိုတာက သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ ဆိုတဲ့ အရိယာပုဂ္ဂိုလ်များကို ယူရမယ်၊ မဂ်နှင့်ဖိုလ် နှစ်မျိုးစီဆိုတော့ အရိယာ ပုဂ္ဂိုလ် ရှစ်မျိုးပေါ့ဗျာ"

"ဥပဝါဒ–ဆိုတာက စွပ်စွဲ,ကဲ့ရဲ့,ရှုတ်ချ,ဆဲရေးပြောဆိုခြင်းပေါ့ဗျ၊ အဓိပ္ပာယ် ကတော့ 'အရိယာသူမြတ်ကို စွပ်စွဲ ကဲ့ရဲ့ ဆဲရေး ရှုတ်ချခြင်းအကုသိုလ်ကံ'ပေါ့ဗျာ"

## အရိယူပဝါဒကံ၏ အပြစ်ကြီးပုံ

"ဆရာ၊ အဲဒီအရိယူပဝါဒကံဟာ ဘယ်လောက်အပြစ်ကြီးလေးသလဲ ဆရာ"

"ဟာ ကိုတက်အင်းနှယ်၊ သိပ်ပြီး အပြစ်ကြီးလေးတာပေါ့ဗျာ၊ အပါယ်လေးပါး ကျနိုင်တယ်၊ နတ်ပြည်နှင့် မဂ်တရားများကို မရစေဘဲ ပိတ်ဆို့တားဆီးနိုင်တယ်ဗျ"

"ဆက်အမိန့်ရှိပါ ဆရာ"

"တစ်ခါတုန်းက ရဟန္တာပုဂ္ဂိုလ်တစ်ပါးဟာ သောတာပန် ရဟန္တာလေး တစ်ပါးနှင့် အတူတူ ရွာထဲမှာ ဆွမ်းခံကြွတယ်၊ ရှေးဦးစွာ ယာဂုခေါ်တဲ့ ဆန်ပြုတ် တစ်ခွက် အလှူခံရရှိတော့ ရဟန္တာကြီးက လမ်းဘေး သစ်တုံးပေါ်မှာပဲ ထိုင် ဘုဉ်းပေးတယ်၊ အဲဒါကိုမြင်တော့ ကိုယ်တော်ကလေးက သဘောမကျလို့ ဒီကိုယ်တော်ကြီးနှယ် ငတ်ရန်ကောလို့ စိတ်ထဲက ပြစ်မှားပြီး ပြောဆိုမိသတဲ့။ ဒါကို ရဟန္တာပုဂ္ဂိုလ်ကြီးက သိတယ်။ ဒီတော့ ရဟန္တာကြီးက 'ငါ့ရှင် ဤသာသနာမှာ တရားထူးကို မည်မျှ ရခဲ့ပြီနည်း'လို့ မေးတယ်။ သောတာပန် ကိုယ်တော်လေးက– 'အရှင်ဘုရား၊ သောတာပန်မျှသာရပါသေးတယ်' ဟူ၍ ဖြေဆိုသည်။ 'ဒီလိုဆို အထက်မဂ်ဖိုလ်တရားကို ရရှိရန် ခက်မကြိုးစားပါလေနှင့်၊ သင် မရနိုင်တော့ပါဘူး' လို့ အပြစ်ကိုဖော်၍ ရှင်းလင်းပြောပြသည်။ ဒီတော့မှ ကိုယ်တော်ကလေးက ရှိခိုးဦးချ၍ တောင်းပန်ရလေသည်–လို့ ပါရာဇိကကဏ် အဋ္ဌကထာစာအုပ် (စာမျက်နှာ– ၁၃၃)မှာ ရေးသားထားသည်ကို ဖတ်ရှုတွေ့ရတယ် ကိုတက်အင်း"

**အရိယူပဝါဒကံထိုက်ပုံ**

"ဒီနေရာမှာ ရှင်းအောင်မေးပါရစေ ဆရာ၊ အရိယာနှင့် ပုထုဇဉ် ခွဲရမှာ ခက်လို့ မသိဘဲ စွပ်စွဲကဲ့ရဲ့မိလျှင်ကော ဆရာ"

"စွပ်စွဲ ကဲ့ရဲ့မိသူက သိ,မသိက အရေးမကြီးဘူးဗျ၊ စွပ်စွဲတယ် ကဲ့ရဲ့တယ် ဆဲရေးတယ် ရှုတ်ချတယ်ဆိုရင် အရိယူပဝါဒကံ ထိုက်တာပဲဗျ။ အဋ္ဌကထာမှာ ဇာနံဝါ အဇာနံဝါ (သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ)လို့ ဆိုထားတယ်ဗျ"

"ဒီလိုဆို ယခုခေတ်မှာ တော်တော်သတိထားရမယ် ဆရာ၊ ဒီ အရိယူပဝါဒကံ က ကြောက်စရာလည်းကောင်းတယ်၊ ဖြစ်ရန်လည်း လွယ်တယ် ဆရာ"

"အဲဗျာ သတိထားဖို့ နိုးဆော်ရမှာပေါ့"

"ဘုရားနှင့် ပစ္စေကဗုဒ္ဓါကိုကော ဆရာ"

"ဘုရားရှင်(ဝိုရော ပစ္စေကဗုဒ္ဓါကိုရော မစွပ်စွဲ မကဲ့ရဲ့ မရှုတ်ချ မဆဲရေး ထိုက်ဘူးဗျ၊ အဋ္ဌကထာမှာ 'ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာနံ အရိယာနံ' လို့ ဆိုထား တယ်ဗျ"

"ဘာကြောင့်လဲ ဆရာ"

"တိုတိုဖြေရရင်တော့ ကိလေသာကုန်ခမ်းပုံခြင်းတူလို့ပဲ ဆိုကြပါစို့ဗျာ၊ ပါရမီဖြည့်ပုံခြင်းဆိုလျှင်တော့ ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့က ပိုတောင်သာပါသေး တယ်ဗျာ။ ဒါကြောင့် ပိုတောင် အပြစ်ကြီးဖွယ်ရှိပါသေးတယ်လေ။

"အရိယူပဝါဒကံနှင့်စပ်၍ နောက်ပြောစရာဝတ္ထုတစ်ခု ရှိသေးတယ် ကိုတက် အင်းရဲ့"

"ဟုတ်ကဲ့ အမိန့်ရှိပါဆရာ"

"ဘုရားရှင် လက်ထက်တော်တုန်းက စူဠကောကာလိကလို့ခေါ်တဲ့ ရဟန်းဆိုး တစ်ပါး ရှိခဲ့ဘူးသေးတယ်ဗျ။ မြတ်စွာဘုရားကိုရန်မူရာမှာ အရှင်ဒေဝဒတ်နှင့်ပေါင်း၍ ရန်မူခဲ့တဲ့ မဟာကောကာလိကရှိသေးလို့ အဲဒီအပုဂ်ကို စူဠကောကာလိကလို့ ခေါ်တယ်၊ ကောကာလိက အငယ်လို့ အဓိပ္ပာယ်ရှိတယ်။ ယင်း စူဠကောကာလိက သည် အဂ္ဂသာဝကကြီးများဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် တို့ကို 'အလဇ္ဇီရဟန်း, အရှက်နည်းသောရဟန်း, ဒုဿီလရဟန်း, သီလမဲ့ရဟန်း' လို့ စွပ်စွဲပြောဟောသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် တားမြစ်သော်လည်း မရဘဲ စွပ်စွဲမြဲ စွပ်စွဲသည်။ ထို့နောက် ပဲနောက်စေ့ခန့်မှ ဥသျှစ်သီးခန့်အထိ အနာလုံးများ တစ်ကိုယ်လုံးမှာပေါက်၍ သေဆုံးသွားသည်။ ပဒုမငရဲသို့ ကျရောက် သည်။ (သံ-၁၊ နှာ-၄၅၂)

"ဤသို့ သေသည့်ဖြင့် အပြစ်ကြီးမားလှသော အရိယူပဝါဒကံကို ရှောင်ကြဉ်သင့်လှပေသည်။ ဒါကတော့ သိကြားလိမ်ကဗျာနှင့် ဆက်စပ်၍ မှတ်သားထားရန် အချက်ကလေးကို ကျွန်တော် ပြောချင်တာပါ ကိုထက်အင်းရဲ့"

"ဟုတ်ကဲ့ ကောင်းပါပြီဆရာ၊ ယခုခေတ်မှာ ရဟန်းတော်တွေကလည်းများ၊ အရိယာ ဟုတ်၊ မဟုတ်ကိုလည်း ခွဲခြားသိရန်ကလည်း ခက်နေတော့ ဒကာတွေက ရဟန်းတော်အားလုံးကို အရိယာသံဃာတော်တွေလို့ သဘောထား၍ မပြစ်မှားဘဲ ရိုသေကိုင်းရှိုင်းကြလျှင်၊ ရဟန်းတော်တွေကလည်း အရိယာအနွယ်တော်ဝင်ပီပီ ကြည်ညိုဖွယ် သိ‌‌‌ဇ ်းသုံးနေတော်မူကြလျှင် ဖော်ပြခဲ့သည့် အရိယူပဝါဒကံ၏ ကြောက်မက်ဖွယ်‌ေ မှ နည်းပါးပျောက်ကင်းစေနိုင်ကြောင်း တိုက်တွန်းနှိုးဆော်သင့်ပါသည် ဆရာကြီး ိ စာကျော်ခင်ဖျား"

အရိယူပဝါဒကံပပျောက်စေအောင်

"ဘာများမေးချင်သေးလဲ ကိုထက်အင်း"

"ဘာများ ဆွေးနွေးချင်သေးလဲလို့ ဆိုလိုတာလား ဆရာ"

"ပြောနိုင်ပါတယ်လေ၊ မေးတယ်ဆိုတာက လွယ်တယ်ဗျ။ 'အမေး ကျွဲကျောင်း၊ အဖြေ ဘုရားလောင်း' လို့ ဆိုရိုးရှိတယ်လေ။ ဘယ်သူမဲဖြစ်ဖြစ် စကားပြောတတ်လျှင် မေးလို့ရတယ်၊ ဖြေရမှာကျတော့ ဘုရားအလောင်းတော်လို ပညာပါရမီရှင်ကြီးတွေမှ ဖြေနိုင်တာဗျ၊ အခုတော့ ကျွန်တော်ကချည်းပဲ ဖြေနေတာ မဟုတ်ဘူး၊ ခင်ဖျားကရောပြော၊ ကျွန်တော်ကရော ပြောကြနဲ့ နှစ်ယောက်စလုံးပြောပြီး ဆွေးနွေးကြတာကို ဘာကြောင့် ကျွန်တော်က မေးချင်သေးလဲလို့ ပြောမိတာပါ၊ ဆွေးနွေးချင်သေးလို့ ပြောလျှင် မမှားပါဘူးလေ၊ ပြောနိုင်ပါရဲ့"

"ဟုတ်ကဲ့ ဆရာ၊ ထားပါတော့။ အရိယူပဝါဒကံအကြောင်းကို ဆရာနဲ့ ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတယ်နော်"

"အဲဗျ—အရိယာပုဂ္ဂိုလ်ကို စွပ်စွဲဆဲရေးနှိပ်စက်ပြောဆိုတဲ့ကံကို 'အရိယူပဝါဒကံ' လို့ ဆိုလိုတာပါ"

"အဲဒီကံသင့်ရောက်ပုံကိုဆွေးနွေးပြီးတော့ ဆက်ပြီး လွတ်ကင်း၍ ပပျောက်သွားရန်လုပ်နည်းကို ဆွေးနွေးချင်တယ်ဆရာ"

"ကောင်းတယ် ကိုထက်အင်း ကောင်းတယ်။ အပြစ်ရောက်ပုံကို သိပြီးလျှင် အပြစ်ကင်းပျောက်အောင် လုပ်နည်းကိုလည်း သိသင့်တာပေါ့။ ဒါဟာ ဘုရားကြိုက်တဲ့ အလုပ်ပဲဗျ"

"ဒါကြောင့် အပြစ်ကင်းလွတ် လုပ်နည်းကို အမိန့်ရှိပါ ဆရာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ကိုတက်အင်းရဲ့၊ အင်္ဂုတ္တရပါဠိတော် ဒုကနိပါတ်မှာ တွေ့နိုင်ရန် ခက်ခဲသူ နှစ်ယောက်ရှိကြောင်း မြတ်ဗုဒ္ဓဘုရားရှင် ဟောထားတယ်ဗျ"

"ဟုတ်ကဲ့၊ မှတ်သားရန်အတွက် အမိန့်ရှိပါ ဆရာ"

"ကိုယ့်မှာအပြစ်ရှိလျှင် အပြစ်ကို ဖော်ပြ ဝန်ချတောင်းပန်နိုင်သူက ပထမ တွေ့နိုင်ခဲသူတစ်ယောက်"

"နောက် ဒုတိယကရော ဆရာ"

"အပြစ်ရှိလို့ တောင်းပန်လာလျှင် လက်သင့်ခံ၍ ကျေနပ်ခွင့်လွှတ်နိုင်သူက ဒုတိယတစ်ယောက်တဲ့၊ အဲဒီလို တွေ့နိုင်ရန် ခက်ခဲသူ နှစ်ယောက်ရှိကြောင်း ဟောထားတယ်လေ"

"အဲဒီတော့ အရိယူပဝါဒကံထိုက်သူက စွပ်စွဲပြစ်မှားမိလျှင် ပြစ်မှားမိတဲ့ အရိယာပုဂ္ဂိုလ်ထံသွားပြီး ကိုယ့်အပြစ်ကိုဖော်ပြ၍ ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန် ရတယ်ပေါ့ ဆရာ"

"ဟုတ်တယ်၊ ဝန်ချတောင်းပန်လျှင် ကျေနပ်မှုရပြီး အပြစ်မှလွတ်နိုင်တယ်"

"တောင်းပန်ပေမယ့် မကျေနပ်ဘူးဆိုလျှင်ကော ဆရာ"

"ကိုတက်အင်းရဲ့ ဒီမေးခွန်းဟာ လွန်သွားပြီဗျ၊ မမေးသင့်တော့ဘူး။ ဘုရား တပည့်သား အရိယာပုဂ္ဂိုလ်မှန်လျှင် တရားနှင့်အညီ အပြစ်ကို ဝန်ချတောင်းပန် လျှင် သည်းခံခွင့်လွှတ်မှာ အမှန်ပဲ၊ အကယ်၍ သည်းခံခွင့်လွှတ်ခြင်း မရှိလျှင်လည်း ထပ်မံ၍ သုံးကြိမ်တိုင်တိုင် ဝန်ချကန်တော့ရမယ်၊ ဤသို့ သုံးကြိမ်ကန်တော့လို့မှ မကျေနပ်သေးလျှင်တော့ မိမိကတာဝန်ကျေပြီး အရှင်မြတ်၏ ခွင့်လွှတ်မည့်အချိန်ကို သာ စောင့်တော့မည် ဟူ၍ သဘောထားပြီး အေးချမ်းငြိမ်သက်စွာ ပြန်လာ၍ အရှင်မြတ်၏ ခွင့်လွှတ်နိုင်ခွင့်ကို မျှော်လင့်လျက် မေတ္တာပွားနေရမည်လို့ ကျွန်တော် ယူဆတယ်ဗျာ၊ စာမှာတော့ မတွေ့ဖူးသေးဘူး ကိုတက်အင်း၊ နောက်မှ တွေ့လျှင် ထပ်ပြီးပြောမယ်၊ အခြား ပညာရှိတွေနှင့်လည်း ဆွေးနွေးကြည့်ဗျ"

"ပြစ်မှားမိသူ အရိယာပုဂ္ဂိုလ်က သေဆုံးသွားလျှင်ကော ဆရာ"

"သေဆုံးသွားရင်တော့ ကျန်ရှိနေတဲ့ ရုပ်အလောင်းကို ကန်တော့ဝန်ချ တောင်းပန်ရတယ်ဗျ၊ ရုပ်အလောင်းမျှပင် မရှိလျှင်လည်း သင်္ဂြိုဟ်ရာနေရာ၊ အရိုးပြာ, နေထိုင်ရာ နေရာများကို ဝန်ချကန်တော့ တောင်းပန်လို့ အပြစ်ကို ချေနိုင်တယ်"

"သေမှန်းမသိ ရှိမှန်းမသိ ဆိုလျှင်ကော ဆရာ"

"အဲဒီလို ဆိုရင်တော့ ရှိမည့်နေရာ မှန်းဆကန်တော့နိုင်ကြောင်း ပါစိတျာဒီအဋ္ဌကထာမှာ ပြဆိုထားတယ် ကိုတက်အင်းရဲ့၊ ဒါကြောင့် ကျွန်တော်တို့ သြကာသ အစရှိသော ကန်တော့ခန်းမှာ– 'ကံသုံးပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားမိသမျှ အပြစ်အပေါင်းတို့ကို ပျောက်ပါစေခြင်းအကျိုးငှာ'လို့ ရှေးမြန်မာ ဆရာတော်ကြီးများ သင်ပြပေးခဲ့ကြတာလို့ ကျွန်တော် ယူဆမိတယ် ကိုတက်အင်းရဲ့"

"ဒါဟာ ဆရာရဲ့ အယူအဆ ဆိုပါတော့၊ တော်တော်ကြာ ဆရာ့အယူအဆကို မကြိုက်တဲ့ဆရာ တွေ့လျှင် အပြစ်ပြောနေပါ့မယ်"

"အေးဗျာ–ကျွန်တော့်အယူအဆပါပဲ၊ အခြား မကြိုက်တဲ့ဆရာက အကျိုးသင့်အကြောင်းသင့် ပြောပြလျှင်လည်း ဦးထိပ်မှာပန်၍ လိုက်နာရန် တာဝန်မလေးပါနဲ့၊ မှန်တာ ကောင်းတာကို ပြောင်းပြီး မှတ်သားလိုက်နာပါ ကိုတက်အင်း"

ဤတွင် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၇)ဆွေးနွေးခန်းပြီးပါပြီ။

# အခန်း(၉)

## သဗ္ဗီ ဟောန္တု သုခီ–ခွေးနွေးခန်း

**အဆွေအမျိုးတို့ပါ ဆင်းရဲကင်းကွာ**

"ကိုတက်အင်း ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၈)ဟာ ဘယ်လိုလဲဗျ"

"အဲဒါက ပါဠိဂါထာပါ ဆရာ၊ ပရိတ္တပါဠိမှာ ဖော်ပြထားပုံက–

သဗ္ဗီ ဟောန္တု သုခီသဗ္ဗေ၊
ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊
သဟာ သဗ္ဗေဟိ ဉာတိဘိ– ပါတဲ့ ဆရာ"

"အဲ ဟုတ်ပြီ၊ အဲဒီပါဠိဂါထာက 'မိမိတို့၏ အခြံအရံအားလုံးနှင့် ဆွေမျိုးများ နှင့်တကွ ချမ်းသာကြပါစေ၊ အားလုံးသော ဆွေမျိုးများနှင့်တကွ ဆင်းရဲကင်းကွာ ချမ်းသာကြပါစေလို့ ဆုတောင်းလိုက်တာပဲဗျ"

"အဲဒီ ဆုတောင်းက တယ်ကောင်းပါလား ဆရာ"

"ဟာ ကိုတက်အင်းကလဲ၊ ကောင်းရုံမကဘူး လေးလဲလေးနက်တယ်ဗျ"

"ဘယ်လိုများ လေးနက်တာလဲ ဆရာ၊ တစ်ဆိတ်လောက် ရှင်းပြပါ"

"အဲဒီ ဆုတောင်းမှာ 'မိမိအခြံအရံအသိုင်းအဝိုင်း ဆိုတာရယ်၊ ဆွေမျိုးများနှင့် တကွ ကိုယ်နှင့်ဆိုင်ရာ မျိုးနွယ်မိတ်ဆွေများနှင့်တကွ ဆိုတာတို့က လေးနက်တာ ပေါ့ဗျ။ ပုဂ္ဂိုလ်တိုင်းမှာ အပေါင်းအသင်းရှိတတ်တယ်၊ မျိုးနွယ်မိတ်ဆွေ ရှိတတ် တယ်လို့ ညွှန်ပြတယ်ဗျ။ လောကမှာ အပေါင်းအသင်းရောင်းရင်းများနှင့် မျိုးနွယ်မိတ်ဆွေများ ရှိတတ်လို့ မိမိတစ်ကိုယ်တည်းကောင်းရန် မဖြစ်စေဘဲ

ဆိုင်ရာဆိုင်ရာ အသိုင်းအဝိုင်းများနှင့်အတူ ကောင်းစေသင့်ကြောင်း ညွှန်ပြတဲ့ အဓိပ္ပာယ်ကို ဆောင်နေတယ်ဗျ။ ဒီလို လေးနက်တဲ့အဓိပ္ပာယ်ကို ပရိတ္တပါဠိတော်ပေါက် လာစဉ်ကပင် သံဃာတော်အရှင်မြတ်များက ထည့်သွင်းသတိပေး ရေးသားဟောပြ ခဲ့ကြတာဗျ၊ ယခုထိလဲ ရွတ်ဆိုနေကြတာပဲ၊ နောင်လဲ အဆက်ဆက် ရွတ်ဆို၍ သတိပေးတော်မူကြဦးမှာပဲဗျ။ မစ္ဆဇာတ်၊ ကုက္ကုရဇာတ် စသည်တို့ကို ထောက်ဆလို့ပေါ့ဗျ”

“ဤနေရာတွင် ပရိတ်ရွတ်သောပုဂ္ဂိုလ်တို့က– အနိယာ သုမနာဟောန္တု၊ သဟာသဗ္ဗေဟိ ဉာတိဘိ– ‘မျိုးနွယ်များ ဆွေမျိုးများ မိတ်ဆွေအပေါင်းအသင်း များ အားလုံးနှင့်တကွ ဆင်းရဲကင်းကွာ ချမ်းသာကြပါစေ’ ဟူ၍ ဆုတောင်း လိုက်ခြင်းဖြင့် ပရိတ်နာယူသောသူတော်ကောင်းတို့အား ‘ဉာတကာနဥ္စ သင်္ဂဟော’ စသော မင်္ဂလာတရားနှင့် ‘ဉာတတ္ထစရိယ’ ဟူသော မြတ်ဗုဒ္ဓ၏ စရိယ အကျင့်မြတ်ကို သတိရစေနိုင်သည်။ မျိုးချစ်စိတ်ကိုထားရန် သတိရစေနိုင်သည်။ မျိုးချစ်စိတ်ဖြင့် အမျိုးသားအကျိုးတရားကိုဆောင်ရွက်ခဲ့သော ဗုဒ္ဓအလောင်းတော်၏ မစ္ဆရာဇဇာတ်ခေါ် ငရံ့မင်းဝတ္ထုနှင့် ကုက္ကုရဇာတ်ခေါ် ခွေးမင်းဝတ္ထုတို့ကို သတိရ စေနိုင်ပေသည်။ ငရံ့မင်းဝတ္ထုခေါ် မစ္ဆရာဇဇာတ်ကို အကျဉ်းအမြွက်လောက်မျှ ဖော်ပြရန် လိုအပ်ပါသည်။

## ငရံ့မင်းဝတ္ထု

“ရှေးအခါတုန်းက ရေအိုင်ကြီးတစ်ခုမှာ ငါးများစွာမှီခိုနေကြသည်။ နွေအခါ မိုးမရွာဘဲ ရေများခမ်းခြောက်သောကြောင့် ငါးများစွာတို့ကို သိန်းငှက် ဗွန်ရဲ ကျီးငှက် စသည်တို့က ထိုးဆိတ်စားသုံးကြသည်။ များစွာ ဆင်းရဲကြသည်။ ထိုအခါ အလောင်းတော် ငရံ့မင်းက သစ္စာပြုသည်။ ‘ငါသည် သိတတ်သည်မှ စ၍ သတ္တဝါများကို မညှဉ်းဆဲ မသတ်ဖြတ်ဘူးပါ၊ ဤသစ္စာစကားကြောင့် မိုးရွာ ပါစေ၊ ငါ၏ဆွေမျိုး ငါးများချမ်းသာကြပါစေ’ ဟူ၍ သစ္စာပြုသည်။ ချက်ချင်းပင် မိုးရွာချကာ ရေများရ၍ ငါးများ ချမ်းသာရာရခဲ့ကြပါသည်။

“ကိုတက်အင်းရဲ့၊ ဒီ မစ္ဆရာဇဇာတ်ကို စရိယာပိဋက ပါဠိတော်မှ ထုတ်နုတ်ပြီး ရှေးဆရာကြီးများက ငရံ့မင်းပရိတ်လို့ ပရိတ်တော်တစ်ဆူကို မိုးခေါင်နေသည့်အခါ မိုးရွာစေရန်အတွက် ရွတ်ဆိုတော်မူလေ့ရှိတယ်ဗျ”

"ဟုတ်ကဲ့ ဆရာ၊ မှတ်သားစရာပဲ၊ လယ်ယာနှင့် ဆန်စပါးကို အားကိုးရတဲ့ ကျွန်တော်တို့ မြန်မာပြည်မှာ ရှေးမြန်မာကြီးများရဲ့နည်းကို မှတ်သားလေ့လာသင့်ပါတယ် ဆရာ"

"အေးဗျ အဲဒီလို ရှေးနည်းကို မပစ်ပယ်ဘဲ ဆည်မြောင်းများ ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ မိုးလေဝသအခြေအနေကို ကြိုတင်တိုင်းထွာခြင်း၊ ပြုပြင်ကာကွယ်ခြင်းများကို စနစ်တကျ ပြုလုပ်ခြင်းများကိုလည်း အားတိုက်ခွန်စိုက်ဆောင်ရွက်သင့်တယ်ဗျ"

"ပြီးတော့ကော ဆရာ၊ အမိန့်ရှိပါ"

"ပြီးတော့ အရေးကြီးတာက ဗုဒ္ဓတရားတော်အတိုင်း တရားမျှမျှတတ တိုင်းသူပြည်သားတိုင်း လိုက်နာကျင့်သုံးဖို့ပါပဲ၊ ဗုဒ္ဓစာပေမှာက–

'ဓမ္မေဟောန္တု သဂါရဝါ၊

သဗ္ဗေပိ သတ္တာ ကာလေန၊

သမ္မာ ဒေဝေါ ပဝဿတု' လို့ ဆိုထားတယ်မဟုတ်လားဗျ။ အဲဒီပါဠိက 'သတ္တဝါအားလုံး တရားကို ရိုသေခြင်းရှိကြပါစေသတည်း။ မိုးသည် အချိန်အခါ အသင့်အတင့် မှန်ကန်စွာ ရွာသွန်းစေသတည်း' လို့ မြန်မာပြန်ရတယ် ကိုတက်အင်းရဲ့"

"ဟုတ်တာပေါ့ ဆရာ၊ မှန်တာပေါ့၊ တရားမှန်မှ မိုးမှန်မှာပေါ့ ဆရာ၊ ကောင်းပါတယ်"

"ဆရာ၊ ပရိတ္တပါဠိ နံပါတ်(၈)ဂါထာအဆုံးမှာ 'သဟသဗ္ဗေဟိ ဉာတိဘိ'အရ မစ္ဆရာဇဇာတ်(ငါးရဲ့မင်းဝတ္ထု)ကို ကိုးကားဖြေခဲ့တာကို ကျွန်တော် မှတ်ထားခဲ့ပါတယ်"

"ဟုတ်တယ် ကိုတက်အင်းရဲ့၊ အဲဒါဟာ တော်တော် ခိုင်လုံတဲ့ ဇာတ်ဝတ္ထုပါပဲ၊ ခင်ဗျားက ဘယ်လိုပြောချင်သေးလို့လဲဗျ"

"မှန်ပါတယ်ဆရာ၊ အဲဒီလို ပရိတ်တရားတော်မှာပဲ ကိုယ့်အမျိုး ကိုယ်ချစ်ရန် အရိပ်အမြွက် ဖော်ပြထားတာကို တွေ့ရ သိရတော့ ကျွန်တော် အားရှိလာလို့ပါ"

"အေးဗျ ကိုတက်အင်း၊ ကျွန်တော်တို့ မှတ်ထားရန် သိပ်ကောင်းတာပဲ၊ ဒီ ပရိတ္တပါဠိ ရတနသုတ်အချီး စာပိုဒ်(၂၅)မှာ တွေ့ရပါ လိမ့်မယ်။ ပရိတ်တရားတော်

ရွတ်ဖတ်သူတို့ စိတ်ထားရမည့် အစီအစဉ် ဖော်ပြထားတဲ့ စရိယာသုံးပါးမှာ (က) ဗုဒ္ဓတ္ထစရိယာ၊ (ခ) ဉာတတ္ထစရိယာ၊ (ဂ) လောကတ္ထစရိယာကို တွေ့ရတယ်ဗျ၊ အဲဒီ သုံးပါးဟာ (က) ဘုရားဖြစ်ရန် ကျင့်ခြင်း၊ (ခ) ကိုယ့်အမျိုးသားများအတွက် ကျင့်ခြင်း၊ (ဂ) ကမ္ဘာသူ ကမ္ဘာသားများအတွက် ကျင့်ခြင်းလို့ မှတ်ယူရမှာပဲဗျ"

ရွှေမင်းဝတ္ထု

"ဟုတ်ကဲ့ ဆရာ၊ မှန်ပါတယ်၊ ကိုယ့်အမျိုးသားများအတွက် ကျင့်သုံးပုံကို မစ္ဆရာဇဇာတ်မှာ ဆရာပြောခဲ့လို့ မှတ်ခဲ့ရပါပြီ။ ကုက္ကုရဇာတ်ကိုလည်း သတိသော ထုတ်သင့်ပါတယ်လို့ ကျွန်တော်ထင်ပါတယ်"

"အေးဗျ၊ ခင်ဗျားတင်ပြချက်ဟာ ကောင်းတယ်၊ အဲဒီ ကုက္ကုရဇာတ်လို့ အမည်ရှိတဲ့ ရွှေမင်းဝတ္ထုကို ပြောပြပါဦးမယ် ကိုထက်အင်း"

"ဆရာ၊ အဲဒီ ကုက္ကုရဇာတ်ခေါ် ရွှေမင်းဝတ္ထုကို အမှီကထားၿပီး ကျွန်တော်တို့ မြန်မာများ မျိုးချစ်စိတ်ထက်သန်အောင် 'ရွှေငှက်' 'ရွှေဂဏ္ဍီ' ကျမ်းများကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ရေးသားခဲ့တယ်ဗျ"

"ဟုတ်တယ်၊ ကျွန်တော်ကိုယ်တိုင် ဆရာကြီးရဲ့ ရွှေငှက်၊ ရွှေဂဏ္ဍီတို့ ဖတ်ရှုတယ်၊ ကုက္ကုရဇာတ် ရွှေမင်းဝတ္ထုက ဘယ်ကျမ်းမှာဖော်ပြထားပါသလဲ ခင်ဗျာ"

"ဇာတကအဋ္ဌကထာ၊ ပထမတွဲ၊ စာမျက်နှာ(၁၉၀)မှာ ပါတယ်ဗျ"

"ကဲ–ကဲ ကိုထက်အင်းကပဲ ဇာတ်အဋ္ဌကထာမှာလာတဲ့အတိုင်းကို အကျဉ်း ချုပ်လောက် ပြောပြပါဗျာ"

"အဲဒီ ကုက္ကုရဇာတ်ခေါ် ရွှေမင်းဝတ္ထုဇာတ်လမ်းအကျဉ်းမှာ–

ရှေးအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ နန်းတော်တွင်းရှိ မြင်းရထားဦးမှာ ချည်နှောင်ထားသည့် သားရေကြိုးများကို နန်းတွင်းရှိခွေးများက ကိုက်စား သွားကြသတဲ့။ အဲဒါကို မှူးမတ်များ အစောင့်အထိန်းများက ရှင်ဘုရင်ကို သံတော်ဦးတင်ကြသတဲ့၊ ရှင်ဘုရင်က အမျက်တော်ရှ၍ မြို့တွင်းမြို့ပြင် တွေ့ရသမျှ ခွေးတွေကိုသတ်ရန် အမိန့်ထုတ်တယ်။ အဲဒီတော့ အမှုထမ်း ပါးကွက်အစောင့်အထောင်သား တွေက တွေ့ရာမြင်ရာ ခွေးတွေကို လိုက်လံသတ်ဖြတ်ကြသတဲ့။ ခွေးအပေါင်းမှာ

သေားဆိုးကြီးဆိုက်နေသတဲ့။ အဲဒါကို ခွေးတွေက မခံမရပ်နိုင်ဖြစ်ကြ၍ ခွေးအမျိုးသား ခေါင်းဆောင် ခွေးမင်းကြီးကို တိုင်ကြသတဲ့။ ခွေးခေါင်းဆောင်က ကိုယ့်အမျိုးသား ခွေးများ၏ဘေးရန်ကို ပယ်ဖျောက်ပေးမည်ဟု တာဝန်ယူပြီး ကြံစား၍ စိစဉ်သတဲ့။

"အလောင်းတော်ခွေးမင်းသည် ပါရမီကံ ရင့်သန်ပြီး ကြီးမားတော်မူလှသော ဘုန်းရှင်ကံရှင်ဖြစ်သည့်အတိုင်း မိမိ၏အမျိုးသားများ၏ ဘေးရန်ကို တွန်လှန် ဖြိုဖျက်ပေးအံ့ ဟူ၍ အဓိဋ္ဌာန်ပြုသည်။ မိမိ၏ပါရမီကုသိုလ်များကို ဆင်ခြင် လျက် 'မည်သည့် အတားအဆီး ဘေးအန္တရာယ်မျှ မကျရောက်စေသတည်း' ဟူ၍ အဓိဋ္ဌာန်ပြုလျက် မင်း၏နန်းတော်တွင်းသို့ ရဲရဲတင်းတင်း ဝင်ရောက်သွား လေ၏။ ရှင်ဘုရင်က ခွေးမင်းအား ဝင်လာခြင်းအကြောင်းကို မေးသောအခါ– 'သင်သည် ငါတို့ခွေးအမျိုးသားများကို လိုက်လံရှာဖွေကာ အသေသတ်သည်ကို တားမြစ်ရန်လာသည်' ဟူ၍ ပြောသည်။

"ထိုအခါ ရှင်ဘုရင်က– 'သင်တို့ ခွေးမျိုးများက ရထားဦးရှိ သားရေကြိုးများကို ကိုက်ဖြတ်စားသောကြောင့် သတ်မိန့်ထုတ်ကြောင်း' ပြောသည်။ ဟိုအခါ ခွေးမင်းက– 'မင်းကြီး၊ သင်ကိုယ်တိုင် တွေ့မြင်၍ သတ်မိန့်ထုတ်သလော' ဟူ၍ ထပ်ဆင့် မေးမြန်းသော် 'ငါကိုယ်တိုင် မမြင်ရသော်လည်း ငါတို့နန်းတွင်းခွေးများ ဝလင်စွာ ကျွေးထားသောကြောင့် မဖြစ်နိုင်။ သင်တို့ ပြင်ပ ခွေးလေခွေးလွင့်များသာ ကိုက်ကြလိမ့်မည်ဟု ဆုံးဖြတ်၍ သတ်မိန့်ပေးသည်' ဟူ၍ ဖြေဆိုသည်။

"ထိုအခါ ခွေးမင်းက– 'မင်းကြီး၊ ဤသို့ ကိုယ်တိုင်မသိဘဲ တစ်ဖက်သတ် ဆုံးဖြတ်ခြင်းသည် မောဟာဂတိလိုက်ခြင်းဖြစ်သည်။ ခွေးမျိုးမှန်လျှင် သားရေကို ကြိုက်တတ် ကိုက်စားတတ်သည့်အလေ့ကို သတိမထားဘဲ အတွင်းမွေးခွေးများ စားခြင်း မဖြစ်နိုင် ဟူ၍ ဆုံးဖြတ်ခြင်းသည်လည်း ဆန္ဒာဂတိခေါ် ချစ်သည့်ဘက် လိုက်ခြင်း ဖြစ်သည်။ ဤသို့ အဂတိတရားလိုက်စား၍ အမှားကိုဆုံးဖြတ်ခြင်းကြောင့် သင်မင်းကြီးမှာ အပြစ်ရှိသည်။ အပါယ်လေးပါး လားရလိမ့်မည်"စသည်ဖြင့် တရားဟောသည်။ ဆက်လက်၍လည်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့သည် ဆန္ဒာဂတိ, ဒေါသာဂတိ, ဘယာဂတိ, မောဟာဂတိ ဟူသော အဂတိတရားလေးပါး မလိုက်စား သင့်ကြောင်း တရားကိုဟောသည်။ ယင်းသို့ပြော၍ ခွေးမင်းက မင်းကြီးအား နန်းတွင်းခွေးများကို နေဇာမြက်နှင့်ရက်တက်ရည်ရော၍ တိုက်ခိုင်းသည်။ မင်းကြီး ကလည်း ခွေးမင်းဟောသည့်အတိုင်း တိုက်လေရာ နန်းတွင်းခွေးများမှာ စားထားသည့် အတိုင်း ရထားသားရေများအန်ချ၍ အမှု၏တရားခံ ပေါ်လေသည်။

"ထိုအခါမှ မင်းကြီးက ဘုရားလောင်းခွေးမင်း၏ တရားကို အလွန်သဘောကျ နှစ်သက်ကြည်ညိုကာ ခွေးများ သတ်မိန့်ကို ရုပ်သိမ်းသည်။ ခွေးမင်းကိုလည်း ပူဇော်သည်။ နေ့စဉ် ခွေးအပေါင်းအား ချက်ပြုတ်ကျွေးမွေးသည့် ဒါနဝတ် ကြီးစွာပြုလုပ်သည်။ ဒါဟာ ကျွန်တော်မှတ်မိသမျှ ကုက္ကုရဇာတ်ခေါ် ခွေးမင်းဝတ္ထုပါ ဆရာ"

"ကောင်းတယ် ကိုတက်အင်း၊ ဒီဝတ္ထုကဲ့သို့သော အမျိုးသားရေးကို မမေ့ဘဲ ဆောင်ရွက်နိုင်အောင် ပရိတ္တပါဠိတော် စာပိုဒ်နံပါတ်(၈)မှာ ဖော်ပြတဲ့ သဟာဉာတိဘိ (ဆွေမျိုးနှင့်တကွ ဟူသော) ပါဠိက သတိပေးနေတာပေါ့ဗျာ"

ဤတွင် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၈) ဆွေးနွေးခန်းပြီးပါပြီ။

# အခန်း(၁၀)

## ရာဇဝတော၀ါ-စသည် ဆွေးနွေးခန်း

### ပရိတ္တပါဠိစာပိုဒ်(၉)ကိုလေ့လာခြင်း

"ကိုတက်အင်း အခု ပရိတ္တပါဠိစာပိုဒ်(၉)ရဲ့ ပါဠိအနေအထားကို ခင်ဗျား ဘယ်လို ထင်နေသလဲဆိုတာကို ရှေးဦးပြောပြ ဆွေးနွေးပါဦးဗျ"

"ယခုရှိနေတဲ့ ပရိတ္တပါဠိတော်တွင် ရှေးဦးပိုင်းမှာပဲ အစိပ္ပာယ် တစ်မျိုးစီ ဖစ်မျိုးစီ ပြနေတယ်လို့ ထင်ပါတယ် ဆရာ"

"ဘယ်လိုပြနေသလဲဗျ၊ ရှင်းစမ်းပါဦး"

"ယခု ဆင့္ဂမှု ပရိတ်ကြီးပါဠိတော်၌ ပထမဆုံးစာပိုဒ်(၁)အထက်မှာ နတ်ပင့်နှင့် တိုက်တွန်းချက်လို့ ခေါင်းစဉ်ပါရှိတယ် ဆရာ။ ဒုတိယစာပိုဒ်(၃)ရဲ့အထက်မှာ ဘုရားရှိခိုးလို့ ခေါင်းစဉ်ထိုးထားတယ်၊ အောက်မှာကတော့ နမောတဿ ပါဠိပါပဲ။ စာပိုဒ်နံပါတ်(၄)အထက်မှာ တစ်ဖန် နတ်ပင့် ဆိုပြီ ခေါင်းစဉ် ထိုးထားပြန်ပါတယ် ဆရာ၊ စာပိုဒ်(၄)ကတော့ 'ယေသန္တာ' အစရှိတဲ့ ဂါထာကြီးပါပဲ။ စာပိုဒ်နံပါတ် (၅)အထက်မှာ အမျှဝေနှင့် ကိုက်တွန်းချက်လို့ ခေါင်းစဉ်ထိုးထားတယ်ဗျ၊ ယင်းခေါင်းစဉ်အောက်မှာ စာပိုဒ် (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)တို့ဟာ အတွင်းဝင်

ဖြစ်နေတယ်၊ စာခေါင်းမှာပါရှိတဲ့ အတိုင်းပါပဲ၊ 'သဗ္ဗေ တံ အနမောဒိတွာ' ဟူ၍လည်း အမှျဝေထားပါသည်။ ပြီးတော့ 'သမဂ္ဂါ သာသနေရတာ' ဟူ၍ ဆုတောင်းထားပါသည်။ 'ပမာဒ ရဟိတာ ဟောန္တု အာရက္ခာသု' ဟူ၍လည်း တိုက်တွန်းချက်ကိုရေးသားထားပါသည်။ 'ဝုမိ ဘဝတု' ဟူ၍ လည်း ထပ်မံ ဆုတောင်းထားပါသေးသည်။ တစ်ဖန် စာပိုဒ်(၇)မှာ 'ရက္ခန္တု' ဟူ၍ ထပ်မံတိုက်တွန်းထားပြန်ပါသည်။စာပိုဒ်(၈)မှာ 'အနိဃာ သုမနာ ဟောန္တု' ဟူ၍ ဆုတောင်းထားပြန်ပါသည်။

"ဆရာ၊ ခု ကျွန်တော်တို့ပြောနေတဲ့ စာပိုဒ်နံပါတ်(၉) 'ရာဇတောဝါ' စတဲ့ ပါဠိကို ရောက်လာပြီ"

"ကဲလေ ဒီမှာ ရာဇတောဝါ–အစရှိသော ဘေးရန်များကို ဖော်ပြပြီး နောက်ဆုံးမှာ နာနာဉပဒ္ဒဝတောဝါ ဘေးရန်အန္တရာယ်အများကို ဖော်ပြတယ်၊ ပြီးတော့မှ 'အာရက္ခံ ဂဏှန္တု–စောင့်ရှောက်ကြပါစေကုန်သတည်း'လို့ နတ်များကို တာဝန်ပေး၍ ဆုတောင်းမေတ္တာရပ်ခံတယ်လေဗျာ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ"

"ကိုတက်အင်း။ ယခု ပရိတ္တပါဠိကို ဖွင့်ဆိုရေးသားထားတဲ့ ပရိတ္တဋီကာကို ဖတ်ဖူးသလား"

"ဟုတ်ကဲ့ ဆရာ။ ဖတ်ဖူးပါတယ်"

"ဘယ်ခုနှစ်လောက်မှာ ပြုစုသလဲဗျ"

"တေပညာသ သတာဓိက ဒွိဝဿ သဟဿသာသနေ–ဟူသော ပရိတ္တဋီကာ နိဂုံးစကားအရ သာသနာနှစ် ၂၁၅၃ နှစ်မှာ ပြုစုပါတယ် ဆရာ"

"ပရိတ္တဋီကာ ပြုစုနေဆဲအခါတုန်းက အခု ကိုတက်အင်း ဖော်ပြတဲ့ စာပိုဒ်နံပါတ်(၉)မှာရှိတဲ့ 'ရာဇတောဝါ'မှစ၍ 'အာရက္ခံ ဂဏှန္တု' အထိ ပါဠိများကို အချို့ ပရိတ္တပါဠိမူမှာ မရှိသေးကြောင်း အရှင်တေဇောဒီပက ပရိတ္တဋီကာ စာပိုဒ်နံပါတ်(၉) အဖွင့်မှာ မှတ်တမ်းတင်ထားသည်ကို ဒီလိုဖတ်ရှုရတယ်။ 'တတ္ထ ရာဇတော ဝါတိ အာဒိကံ ယာဝ ဂဏှန္တုတိ ဝစနံ နတ္ထိ ကတ္ထစိ ပေါတ္ထကေ–ယင်း ရာဇတောဝါမှ အာရက္ခံ ဂဏှန္တု အထိ ပါဠိများကို အချို့ပေစာ

မူတို့၌ မတွေ့ရ၊ မပါရှိ'ဟူ၍ မှတ်တမ်းတင် ရေးသားထားပါသည်။

"အဲဒီလို ပရိတ္တဋီကာမှာ မှတ်တမ်းတင်ထားပြီး အဲဒီ ပါဠိစာသားတွေကို ဘယ်လိုများ ထူးထူးခြားခြား ဖွင့်ပါသေးသလဲ ကိုတကာ်အင်း"

"ပရိတ္တဋီကာမှာတော့ သဒ္ဒါဖွင့်,ပုဒ်ဖွင့်,ပါဌ်ဖွင့်မျှ ဖွင့်ပါတယ် ဆရာ၊ အဓိပ္ပာယ် ထူးထူးခြားခြား မဖွင့်ပြပါဘူး၊ အဲဒီ ရာဇတောဝါ အစရှိတဲ့ ပါဠိများဟာ မဟာနိဒ္ဒေသပါဠိတော်လာ ဥပဒ္ဒဝေါ (၁၆)ပါးကို ကိုးထားတာတဲ့၊ နည်းနည်း ပြင်လိုက်လျှင် ဥပဒ္ဒဝေါ(၁၆)ပါး ဖြစ်နိုင်တယ်လို့လည်း ပညာရှိများက အဆိုပြုကြပါတယ်ဆရာ"

"ကဲ–ကဲ–ကိုတကာ်အင်း၊ ဒီလိုဆိုလျှင် အခု ပရိတ္တပါဠိမှာပါရှိတဲ့ စာပိုဒ်နံပါတ်(၉)ရှိ ရာဇတောဝါ အစရှိသော စကားရပ်များနှင့် မဟာနိဒ္ဒေသပါဠိတော်မှလာတဲ့ ဥပဒ္ဒဝေါ (၁၆)ပါးတို့ကို နှိုင်းယှဉ်ကြည့်ရအောင်။ ဥပဒ္ဒဝေါ(၁၆)ပါး အကျဉ်းချုပ်ကို အဂ္ဂမဟာပဏ္ဍိတ ဖျာပုံတိုက်သစ်ဆရာတော်ကြီးရဲ့ သုတေသန သရုပ်ပြအဘိဓာန်ကျမ်းမှ ထုတ်ကြည့်ကြမယ်လေ။ နောက်မှ ဆုံးဖြတ်ချက်ချကြမယ်၊

"အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသ ဖျာပုံတိုက်သစ်ဆရာတော် ပြုစုသော သုတေသနသရုပ်ပြအဘိဓာန်ကျမ်း၊ (စာမျက်နှာ–၇၉)၌ "ဥဒ္ဒပဝေါ ဆိုသည်မှာ–ကပ်၍ဖျက်ဆီး သက်ဖြတ်နှိပ်စက် ပူပန်စေတတ်သော ဘေးရန် (၁၆)ပါးဟူလို။ မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူသည်။ ယင်း ဥပဒ္ဒဝေါ(၁၆)ပါးမှာ–

၁။ ရေရွှတ်ဆဲရေးခံရခြင်း၊ ၂။ လက်ထိပ်, ခြေထိပ်, ခြေထိပ်တံခါးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၃။ ကြိုးလက်ပြန် နှောင်ဖွဲ့ခံရခြင်း၊ ၄။ သံခြေကျင်း နှောင်ဖွဲ့ခံရခြင်း၊ ၅။ ကြိမ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၆။ နွယ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၇။ တိုက်သွင်းလှောင်၍ နှောင်ဖွဲ့ခံရခြင်း ၈။ ဆူးသံကြိုး, အရံအဆီးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၉။ ရွာဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၁၀။ နိဂုံးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၁၁။ မြို့ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၁၂။ တိုင်းနိုင်ငံဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၁၃။ ဇနပုဒ်ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၁၄။ ဤအရပ်မှ မသွားမလာ၊ မပြောင်းမရွှေ့ရဟု အမိန့်အာဏာ ထားခံရခြင်း၊ ၁၅။ ဥစ္စာကို သိမ်းဆောင်ယူငင်ခံရခြင်း၊ ၁၆။ ရေရွှတ်ဆဲရေးခြင်း စသော အကြောင်းတို့ကြောင့် ဆင်းရဲခြင်း၊ စိတ်နှလုံး မသာယာဖြစ်ခြင်းကို ခံစားရခြင်း" တို့ ဖြစ်ကြပါသည်။

## ရာဇတောဝါ၏ အဓိပ္ပါယ်

"ဆရာ၊ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉) 'ရာဇတော ဝါ'အန္တ ရာယ်များ အကြောင်းကို ရှင်းပြပါဆရာ"

"ဟုတ်ကဲ့ကိုတက်အင်း၊ ကျွန်တော်တွေးမိပါတယ်ဗျာ၊ ဒီကိစ္စက မရှင်းလင်းသေးပါဘူး၊ ကြည့်ရှုပြီးရှင်းလင်း ညှိနှိုင်းဖွယ်ရာ သိုက်စာအညွှန်းတွေတော်တော်များများ ရထားပါတယ်ဗျ၊ ဒါပေမယ့် မကြည့်နိုင်သေးဘူး၊ မညှိနိုင်သေးဘူး"

"တစ်ဆိတ်လောက် ကြိုတင်၍ အမြွက်မျှပြောပြထားပါဆရာ"

"ရာဇတော ဝါ–စသည်ကို ဥပဒ္ဒဝေါ ဖြစ်တယ်လို့ဆိုခဲ့တဲ့ စလင်းပရိတ်ကြီး နိဿယမူကို ကြည့်သင့်တယ်၊ ပြီးတော့ သူကညွှန်းတဲ့ မဟာနိဒ္ဒေသပါဠိတော် စတဲ့ဆိုင်ရာကျမ်းတွေကိုလည်း ကြည့်၍ ညှိသင့်တယ်။ ဆက်လက်၍ ဥပဒ္ဒဝေါ များကိုပြတယ်လို့ဆိုတဲ့ သမ္မောဟဝိနောဒနီအဋ္ဌကထာ ဆိုင်ရာကိုလည်းကြည့်ရမယ်၊ ညှိရမယ်ဗျ။ ပြီးတော့ အခြားပညာရှိကြီးများ၏ ရေးသားချက်များနှင့် သဘောထားများကိုလည်းကြည့်ရမယ်၊ ညှိရမယ်ဗျ။ အများကြီးလုပ်ဖွယ်ရာ ရှိသေးတယ်ဗျ၊ ပြီးမှ ရေးသင့်တယ်။ အဲဒီတော့ ယခု ဒီ ပရိတ္တပါဠိစာပိုဒ်(၉)မှာတော့ ပုဒ်ဖွင့်ပါဌ်ဖွင့် များကို သာမန်မျှသာ ဆွေးနွေးကြမယ်"

"အဲဒီ 'ဥပဒ္ဒဝေါ'ပုဒ် ပုဒ်ဖွင့်ပါဌ်ဖွင့်နဲ့ ဘယ်လိုရှင်းပြမှာလဲဆရာ"

"ဥပဒ္ဒဝေါ–ဆိုတဲ့ ပါဠိဝေါဟာရရဲ့ မြန်မာဘာသာအနက်အဓိပ္ပာယ်ကို ရှင်းပြမယ်။ ပြီးတော့ ယခု ရာဇတောဝါ–စသည့် စကားရပ်များနှင့် မည်သို့စပ်ဆိုင်သည် စသည်ကို ရှင်းပြရမှာပေါ့ဗျာ"

"ဒီနေရာမှာ 'ဥပဒ္ဒဝေါ'ဆိုတာ ပါဠိဝေါဟာရပါ။ 'ဥပဒ္ဒဝ, ဘယ, အန္တ ရာယ်'ဆိုတဲ့ ဘေးကိုဟောတဲ့ ဝေါဟာရတွေထဲက တစ်ခုပဲဗျ။ ဘယ–ကို ဘေး၊ အန္တ ရာယ–ကို အန္တ ရာယ်လို့ မြန်မာလူမျိုးတွေ သိပြီးရင်းနှီးပြီး ဖြစ်ပါတယ်။ တွေ့ပါပဲ။ ဥပဒ္ဒဝ–ကတော့ အသုံးနည်းသေးတယ်"

"အခုပရိတ္တပါဠိမှာရှိတဲ့ ရာဇတောဝါ–ဟူသောပုဒ်မှာလာတဲ့ 'ရာဇ'ဆိုတဲ့ စကားလုံးဟာ 'လူတွေကို သင်္ဂဟဝတ္ထုလေးပါးဖြင့် စွဲလမ်းနှစ်သက် စေတတ်သောကြောင့် ရာဇ–လို့ခေါ် တာတဲ့'ဗျ၊ ပရိတ္တဋီကာမှာ အဲသလို ဖွင့်ပြထားတယ်"

"မြန်မာလိုတော့ ဘယ်လိုပြန်ရမှာလဲဆရာ"

မြန်မာလိုဆိုတော့ 'ရာဇာ'ကို 'မင်း'လို့ 'စိုးမိုးအုပ်ချုပ်သူ'လို့ အစဉ်အလာ ပြန်ဆိုခဲ့ကြတယ်ဗျ။ အဲဒါက ရှေးကမ္ဘာဦးလူသားတွေမွေးလာစတုန်းက အဆိုဗျ၊

ယခုလို နှစ်ပေါင်း ထောင်သောင်းသိန်းသန်းကုဋေချီပြီး ပြောင်းလွဲလာတဲ့အခါမှာတော့ နည်းနည်းပါးပါး အရိပ်အယောင်သဘောလောက်ပဲကျန်နေတယ်။ အတုံးလိုက်။ အခဲလိုက် မဟုတ်ပါဘူးဗျာ၊ လုံးဝမဟုတ်ဘူးလို့တော့ မပြောနိုင်တော့ပါဘူး၊ သေသေချာချာ စစ်စစ် ပေါက်ပေါက် တွေးတောယူဆမည်ဆိုလျှင် နည်းတစ်မျိုးမျိုး အရ ယူဆနိုင်ပါတယ်၊ ဖြစ်နိုင်တဲ့နည်းတွေက အများကြီးကိုးဗျ၊ တစ်နည်းမဟုတ် အခြား တစ်နည်းဖြင့်ယူလို့ ရနိုင်တာပဲကိုဗျ"

"သင်္ဂဟဝတ္ထုလေးပါးဆိုတာကကော ဆရာ၊ ဘာတွေလဲ"

"သင်္ဂဟဝတ္ထုဆိုတာက ချီးမြှင့်ခြင်းအကြောင်းလို့ ဆိုတာဗျ၊ အဲဒါက–

၁။ ဒါန=ပေးကမ်းချီးမြှင့်ထောက်ပံ့ခြင်း၊

၂။ ပိယဝစ္စ=ချစ်ဖွယ်ရာပြောဆိုခြင်း၊

၃။ အတ္ထစရိယ=အမျိုးကိုကျင့်ခြင်း၊

၄။ သမာနအတ္တ=မိမိကိုယ်နှင့်အတူထားခြင်းပါပဲ။

ဒီလေးပါးနှင့်အညီ ကျင့်ကြံခြင်းကိုခေါ်တယ်။

အဲဒီ 'ရာဇ'စိုးမိုးအုပ်ချုပ်သူဟာ တစ်ခါတစ်ရံမှာဘေးဖြစ်တတ်လို့ 'ရာဇဘယ ဘော ဝါ' မင်းဘေးမှလည်းကောင်းလို့ ဆိုလိုရာမှာ 'ရာဇ'နောက်မှ 'ဘယ' ပုဒ်ပျောက်ပြီး 'ရာဇတော ဝါ'ဟူ၍ ဖြစ်နေတာပဲဗျ။ ။

**စောရတော ဝါ၏ အဓိပ္ပါယ်**

"ဆရာ၊ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉) ရာဇတောဝါ အကြောင်းကို ပြောပြီးတဲ့ နောက် ဆက်ပြီး 'စောရတော ဝါ' အကြောင်းကို မှတ်သားရအောင် အမိန့်ရှိပါဦးဆရာ"

"စောရတော ဝါ မှာလဲ ရာဇတော ဝါ မှာလိုပါပဲ၊ 'စောရဘယတော ဝါ'လို့ ဆိုလိုပါတယ်။ 'စောရ'နောက်၌ 'ဘယ'ပုဒ်ကျေပျောက်နေသည့် ဥတ္တရပဒ လောပ သမာသ်ပုဒ်မျိုးဗျ၊ 'ခိုးသူဘေးမှလည်းကောင်း'လို့ ဆိုလိုပါသည်ဗျ"

"ဆရာ၊ စောရ ခိုးသူဆိုပါက ယခု ကျွန်တော်တို့ နားလည်နေသည့်အတိုင်း မသိအောင်ခိုးယူနေတတ်သည့် သူခိုးလို့ ဆိုလိုပါသလား"

"အေးဗျ၊ သာမန်ဆိုလျှင်တော့ ခင်ဗျားပြောသလို ထင်စရာပါပဲ၊ ဒါပေမယ့် တိတိကျကျဆိုလျှင်တော့ ဗုဒ္ဓစာပေဖြစ်တဲ့ ဝိနည်းတရားတော်လာ ခိုးခြင်း(၂၅)မျိုးမှ

တစ်မျိုးမျိုးဖြင့် အထမြောက်အောင် ယူသူကိုသာ ခိုးသူ,သူခိုးလို့ ဆိုရမယ်ဗျ အဲဒီလိုယူမှုလည်း ခိုးမှုဖြစ်တယ်ဗျ"

"ဆရာ၊ ခိုးခြင်း(၂၅)ပါးဆိုတာကို ကျေးဇူးပြုပြီး ပြောပြပါဆရာ"

"အေးဗျ၊ ပြောပြမယ်၊ စာရိုပေရို အတိုင်းအကျဉ်းမျှပေါ့ဗျာ၊ သိသာရုံပေါ့

၁။ နာနာဘဏ္ဍပဉ္စက=သက်ရှိသက်မဲ့ပစ္စည်းခိုးခြင်းငါးပါးစု။

၂။ ဧကဘဏ္ဍပဉ္စက=သက်ရှိပစ္စည်းခိုးခြင်းငါးပါးစု။

၃။ သာဟတ္ထိကပဉ္စက=ကိုယ်တိုင်ခိုးခြင်းစသည့် ငါးပါးစု။

၄။ ပုဗ္ဗပယောဂပဉ္စက=ရှေးဦးစွာကြိုတင်ခိုးယူခြင်း စသည့်ငါးပါးစု။

၅။ ထေယျာဝဟာရပဉ္စက=နံရံစသည်တို့ကို ဖောက်ထွင်းခိုးယူခြင်း စသော ငါးပါးစု။

ဤသို့ ခိုးခြင်းတစ်ပါးတစ်ပါး၌ ခိုးခြင်းငါးမျိုးစီပါဝင်သောကြောင့်(၅x ၅=၂၅) ဖြစ်သည်။

ဖော်ပြခဲ့သည့်အတိုင်း 'စောရဃာတ ဝါ'အကြောင်းကို ကောင်းစွာ သိရှိကြပြီး စာရှုသူပညာရှင် သူတော်စင်များနှင့် ရှင်လူအပေါင်းတို့သည် 'စောရဃာတ ဝါ' ဘေးမှကင်းဝေးအောင် ကျင့်သုံးနိုင်ကြပါစေသတည်း။

**မနုဿဃာတ ဝါ ၏ အဓိပ္ပါယ်**

"ဆရာ၊ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉) 'မနုဿဃာတ ဝါ'မှာ 'မနုဿ'ရဲ့ အဓိပ္ပာယ်ကို သိပါရစေဆရာ၊ ဘယ်လိုအနက်ပြန်ရမှာလဲ"

"ကိုတက်အင်းရဲ့၊ အဲဒီ'မနုဿ'ပုဒ်ကို ရှေးဆရာကြီးတွေ အဓိပ္ပာယ်ယူဆပုံ မြန်မာပြန်ပုံဟာ အလွန်မှတ်စရာကောင်းတယ်ဗျ၊ ပြောရရင် ရှည်မျောသွားမှာဗျ"

"ရှည်ပါစေ မျောပါစေဆရာ၊ မှတ်သားရအောင် ကြုံတုန်းမှာ ပြောပြပါဆရာ ကျွန်တော်တောင်းပန်ပါတယ်"

"ဟိုးကမ္ဘာအစတုန်းက လူသားတွေ အုပ်ချုပ်စိုးမိုးနေတဲ့ 'မနု'အမည်ရှိတဲ့ ပညာရှိမင်းကြီးဆိုတာ ရှိခဲ့ဖူးတယ်ဗျ၊ အဲဒီမင်းကြီးရဲ့ ဆုံးဖြတ်ညွှန်ကြားချက်များကို စုပေါင်းဖော်ပြတဲ့ 'မနုဓမ္မသတ်ကျမ်းကြီး'လို့ အမည်ရတဲ့ ဥပဒေကျမ်းကြီးတစ်စောင် ရှိသေးတယ်၊ ယင်းမနုမင်းကြီးရဲ့ သားသမီး မြေးမြစ်များ နောက်လိုက်အဆက် အနွယ်များကို 'မနုနောအပစ္စံ ဂေါတ္တာတိ မနုဿော'လို့ ဝိဂြိုဟ်ပြု၍ 'မနုမင်းမှ ဆင်းသက်လာသောအနွယ်ဖြစ်၍ နောက် လူတို့ကို မနုဿ'လို့ ခေါ်ကြတယ်ဗျ၊

“ဒါဟာ ကျွန်တော် ကြားဖူးမှတ်ဖူးတာနော်၊ အပြစ်ရှာပြီး ကပ်မမေးနဲ့၊ ကစ္စည်းသဒ္ဒါကျမ်းမှာတော့ ‘ကုသလာ ကုသလေ ဓမ္မေ မနတိဇာနာတိကို မနုဿော’လို့ ဝိဂြိုဟ်ပြုတယ်။ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲခြားသိတတ်လို့ ‘မနုဿတဲ့ဗျ။ နောက်တစ်မျိုးကတော့ ‘မနော ဥဿန္န ဧတေသန္တိ မနုဿော’လို့ ဝိဂြိုဟ်ပြုသည်။ ဧတေသံ=ထိုသူတို့အား။ ဥဿန္န=မြင့်မြတ်လွန်ကဲသော။ မနော= စိတ်သည်။ အတ္ထိ=ရှိ၏။ ဣတိ=ထို့ကြောင့်။ မနုဿာ=မနုဿမည်၏–ဟု အနက်ပြန်ဆိုရပေသည်။ ယင်းသို့ပြန်ဆို၍ အနက်ပြုရသောကြောင့် ‘မနုဿ’ ပါဠိ စကားလုံးဖြစ်၍ ယင်း ‘မနုဿ’ ပါဠိစကားကို ‘လူ’ဟူ၍ ပြန်ရပေသည်။

မှန်ပါသည်။ ငါးပါး ရှစ်ပါး ဆယ်ပါးမှ နှစ်ရာ့နှစ်ဆယ့်ခုနစ်၊ ကုဋေကိုးထောင် အထိသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့နှင့်ပြည့်စုံ၍ ဘုရား, ပစ္စေကာ, ရဟန္တာများဖြစ်ထွန်းနိုင်သော အညွန့်တလူလူဖြစ်နေသည့် ဤဇမ္ဗူဒိပ ကျွန်းသားလူများကို မုချယူရသည်။ အခြားကျွန်းသား လူပုဂ္ဂိုလ်များကို သဒိသူပစာနည်းဖြင့် အရယူနိုင်ပေသည်”

“ဆရာ၊ ရှေးမြန်မာဆရာကြီးများ၏ ယူဆခဲ့ကြသည့် ‘မနုဿ’လူဆိုတဲ့ စကားလုံးအဓိပ္ပာယ်က အလွန်ကို မြင့်မြတ်ကောင်းမွန်တာပဲနော်”

“အေးဗျ ကိုတက်အင်းရဲ့၊ ဒါပေမယ့် နောက် တဖြည်းဖြည်းတော့ ဖောက်ပြန်နိမ့်ကျလာလို့ ဆိုးတဲ့မိုက်တဲ့ လူတွေ ပေါ်ပေါ်လာ ပြန်တော့ လောဘ, ဒေါသ, မောဟတွေ ထူထပ်များပြားတဲ့ လူတွေရှိလာပြန်သော ကြောင့် ‘ဒုမ္မန ဒုမနုဿ’ရှိနေလို့ ဘေးရန်တွေထဲမှာ ‘မနုဿတော ဝါ’လို့ ထည့်ရတာပဲ၊ ယင်း‘မနုဿတော ဝါ’ကို လူ–ဆိုသော်လည်း လူကောင်းတို့မှတစ်ပါးသော လူဆိုးလူမိုက်တို့၏ဘေးမှလည်းကောင်း’လို့ အဓိပ္ပာယ်ယူဆရန် ပရိတ္တဋီကာမှာ ဖွင့်ဆိုထားတယ်ဗျ”

“ကိုတက်အင်းရဲ့၊ ‘မနုဿတော ဝါ’ပုဒ်ကို လူဆိုးလူမိုက်ဘေးမှလည်းကောင်း ဟူ၍ မြန်မာပြန်တဲ့ လူဆိုးလူမိုက်ဆိုတာ သိပ်ကြောက်စရာကောင်းတယ်ဗျ၊ သူတို့ဟာ မကောင်းတာကို ကြံစည်တတ်၊ မကောင်းတာကို ပြောဆိုတတ်၊ မကောင်းတာကို လုပ်ကိုင်တတ်တယ်ဗျ။ ဒါကြောင့် မင်္ဂလသုတ်မှာ ‘အသေဝနာ စ ဗာလာနံ= လူမိုက်ကို မမှီဝဲရ၊ မပေါင်းသင်းရ’လို့ ဟောထားခြင်းဖြစ်တယ်ဗျ။ အခု ပရိတ္တ ပါဠိတော်မှာလည်း ‘မနုဿတော ဝါ=လူဆိုးလူမိုက်ဘေးရန်မှ လည်းကောင်း’လို့ နတ်များကို စောင့်ရှောက်ပါရန် တောင်းပန်ခြင်း ဖြစ်တယ်ဗျ”

"ဟုတ်ကဲ့ဆရာ၊ လူဆိုးလူမိုက်ဟာ အလွန်ကြောက်စရာကောင်းပါတယ်"။

**အမနုဿတော ဝါ၏ အဓိပ္ပါယ်**

"ဆရာ၊ 'အမနုဿတော ဝါ'ကို ဘယ်လိုမြန်မာအနက်ပြန်ရမှာလဲ"

"အဲဒါက 'န+မနုဿာ'လို့ဆိုတော့ လူမဟုတ်တဲ့သတ္တဝါတွေအားလုံးကို ယူနိုင်တယ်ဗျ၊ ဒါပေမယ့် ရန်အန္တရာယ်ကိုဖြစ်စေနိုင်တဲ့ ဘီလူးနတ်ဆိုးကို ယူသင့်ပါတယ်ဗျာ"

"ဆရာ ဘီလူးက ရန်အန္တရာယ်ပြုလုပ်တာကတော့ စာပေမှာ တွေ့ရတယ်ဆရာ၊ ဥပမာ–အပဏ္ဏကဇာတ်မှာ လှည်းကုန်သည်တွေကို စားပစ်လိုက်တာ ဘီလူးပဲ၊ မြတ်စွာဘုရားကို တိုက်ခိုက်တာ အာဠာဝကဘီလူးပဲ၊ အဲဒီလိုစသဖြင့် များစွာ တွေ့ရပါတယ်၊ နတ်ဆိုးကတော့ တွေ့ရခဲတယ်ဆရာ၊ ရှင်းပါဦး"

"ဟုတ်တယ် ကိုတက်အင်းရဲ့၊ နတ်ဆိုးက တွေ့ရခဲပေမယ့် ရှိတယ်ဗျ"

"သိပါရစေ ဆရာ"

"ကျွန်တော်တို့ သုတ္တဝိဘင်္ဂသံဃာဒိသိသ်အဖွင့်မှာ အိပ်မက်ထဲမှာ သုတ်လွှတ်လို့ အာပတ်မသင့်နိုင်ကြောင်း ဖော်ပြချက်ရှိတယ်။ အဲဒီအိပ်မက်ဆိုတာဟာ နတ်များလှည့်စားလို့လဲ မက်တတ်ကြကြောင်းကို သာရတ္ထဒီပနီဋီကာက ဖွင့်ပြတယ်။ သက်သေပုံစံအဖြစ် သီဟိုဠ်ကျွန်းက ကန့်ကော်ပင်ကျောင်းဆရာတော်ဝတ္ထုကို ထုတ်ပြသေးတယ်"

**ကန့်ကော်ပင်ကျောင်းဆရာတော်ဝတ္ထု**

ရှေးအခါက သီဟိုဠ်ကျွန်း မလယအရပ်၌ နာဂမဟာဝိဟာရခေါ် ကန့်ကော်ပင်ကျောင်းတိုက်ရှိ၏။ ယင်းကျောင်းဆရာတော်သည် သံဃာကိုမပန်ကြားဘဲ ကန့်ကော်ပင်တစ်ပင်ကို ခုတ်လှဲစေ၏။ ကန့်ကော်ပင်စောင့်နတ်သည် စိတ်ဆိုး၍ ဆရာတော်အား အိပ်မက်ပေး၏။ အစတွင် အဖြစ်အပျက်မှန်ကန်သော အိပ်မက်များကို မက်စေ၏။ အိပ်မက်များမှန်ကန်၍ အိပ်မက်ကိုယုံကြည်လာသောအခါ မှားသော အိပ်မက်ကို မက်စေပြန်သည်။ ယင်းသို့မှားသောအိပ်မက်မှာ ဤအိပ်မက်ကိုမြင်မက်သောနေ့မှ ခုနစ်ရက်တိုင်ရောက်လျှင် ရှင်ဘုရင်နတ်ရွာစံကံတော်ကုန် လိမ့်မည်ဟူ၍ ဖြစ်သည်။ ဤအကြောင်းကို ဆရာတော်က နန်းတွင်းသူနန်းတွင်းသားတို့အား ပြန်ပြောပြသောအခါ ကြားရသူများက အော်ဟစ်ငိုကြွေးကြသည်။ ရှင်ဘုရင်က

ဖိုသံကြား၍ အကြောင်းစုံကိုမေးသောအခါ ဆရာတော်အိပ်မက်အတိုင်း ပြန်ပြောကြသည်။ ယင်းသို့ ဝမ်းနည်း ထိတ်လန့်လျက်နေစဉ် ခုနစ်ရက်စေ့ရောက်သော်လည်း ရှင်ကုရင်နတ်ရွာမစံသောကြောင့် ရှင်ဘုရင်က အိပ်မက်မက်သူ ကန့်ကော်ပင်ကျောင်းဆရာတော်အား အမှားကိုပြောရမည်လားဟု မိတ်ဆိုးကာ လက် ခြေတို့ကိုဖြတ်ရန် အမိန့်ချ အပြစ်ပေးသည်။ ယင်းသည် နတ်ဆိုးများ ရှိကြောင်း ပြဆိုချက်သာဓကဖြစ်သည်။ (သာရတ္ထ–၂၊ စာမျက်နှာ–၃၁၂ကြည့်ပါ)

## ဓမ္မာရုံကျောင်းဆရာတော်ဝတ္ထု

တစ်ချိန်တုန်းက မြန်မာပြည်မြို့ကြီးတစ်မြို့၌ ဓမ္မာရုံကျောင်းတိုက်ခေါ် ကျောင်းတိုက်တစ်တိုက်ရှိဖူးသည်။ ယင်းကျောင်းဆရာတော်သည် ကျောင်းဝိုင်းအတွင်းရှိ ညောင်ပင်ကြီးတစ်ပင်ကို ခုတ်လှဲစေသည်။ မကြာမီ ယင်းဆရာတော်ရူးသွပ်သွားသည်။ သင်္ကန်းကိုမျှပင် မဝတ်ရုံနိုင်အောင် ရူးသွပ်သွားသည်။ ယင်းအရူးရောဂါကို သီတင်းသုံးဖော်ဖြစ်ခဲ့ဘူးသော ဆရာတော်တစ်ပါးက လာရောက်ကုသည်။ ကုသပုံမှာ 'ဤကဲ့သို့သော သာသနာ့ဝန်ထမ်း ဆရာတော်တစ်ပါးကို သာသနာစောင့်နတ်များက လျစ်လျူရှုမထားပါနှင့် ပျောက်ကင်းအောင် စောင့်ရှောက်ကူညီကြပါ'ဟူ၍ တိုင်တန်းခြင်း ဖြစ်သည်။

ထိုအခါ များနားနေသောကိုရင်ကြီးတစ်ပါးက မဟာသမယသုတ်တော်ကို ထ၍ရွတ်သည်။ ထို့နောက် ကိုရင်ကြီးက 'မိမိသည် ကုဝေရနတ်မင်းဖြစ်သည်။ ဆရာတော် ဘာကိစ္စရှိ၍ တိုင်တန်းပါသနည်း'ဟု လျှောက်သည်။ ထိုအခါ ဆရာတော်က ဓမ္မာရုံကျောင်းဆရာတော်ရူးသွပ်ခြင်းဖြစ်ရပုံကို ပြောပြတိုင်ကြားသည်။ ကုဝေရနတ်ပူးကပ်နေသောကိုရင်ကြီးက ဤရောဂါကို ပျောက်ကင်းစေရန် မိမိသည် ပုဏ္ဏကနတ်မင်းကို လွှတ်လိုက်ပါမည်ဟု လျှောက်ထား၍ ပြန်ထွက်သွားသည်။ မကြာမီပင် ကိုရင်ကြီးက ထခုန်သည်။ ကျောင်းခေါင်မိုးထိလနီးမျှမြင့်သည်။ ရူးသွပ်နေသောဆရာတော်ကိုလည်း ထောင်းမည် ထုမည်ဟု ပုံဟန်ပြ ကြိမ်းမောင်းသည်။ ဆရာတော်က ရောဂါကိုသာ ပျောက်အောင်ကုပါ၊ မထောင်းပါ မထုပါနှင့်'ဟု တောင်းပန်သည်။ ထိုအခါ ဝင်လာသော ပုဏ္ဏကက 'ဤကိစ္စ၌ ညောင်ပင်စောင့်ရက္ခစိုးနတ်က မြို့ထောင့်ရှိသိုက်စောင့်နတ်များနှင့်ပူးပေါင်း၍ ဖမ်းစားခြင်းဖြစ်သည်၊ မကြာမီ ဓမ္မာရုံဆရာတော်ရူးသွပ်သော ရောဂါပျောက်ကင်း၍ သွားစေမည်။ ညောင်ပင်စောင့်ရက္ခစိုးနှင့် သိုက်စောင့်များကိုလည်း အခြားနေရာသို့ ရွှေ့ပြောင်း

စေပါမည်'ဟု ပြောဆိုလျှောက်ထား၍ ပုဏ္ဏာကပြန်ထွက်ခွာသွားသည်။ ညဖက်ရောက်သောအခါ လှည်းသံ မြင်းမောင်းသံများကို ဆူညံစွာကြားရ၍ ရက္ခစိုးနှင့်သိုက်စောင့်များ ပြောင်းရွှေ့သွားသည်ဟုသိရပေသည်။ ဤအကြောင်းကို ကျွန်တော်အဆင့်ဆင့် ပြောကြားသည့် ရေးစကားကိုမှတ်သား၍ တင်ပြခြင်းဖြစ်သည်။ ထို့ကြောင့် နတ်ဆိုး နတ်ဝါးများရှိတတ်၍ ထိုအမနုဿနတ်ဆိုးနတ်ဝါးတို့၏ဘေးမှ အကာအကွယ်ယူရန် ပရိတ်တော်များကို ရွတ်သင့် ကြပါသည်။ ဤသည်မှာ အမနုဿတော ဝါ ဘီလူးနတ်ဆိုးဘေးမှ အစောင့်အရှောက် ခံယူသင့်ကြောင်း သက်သေဖြစ်ပါသည် ကိုတက်အင်းရဲ့"

**အဂ္ဂိတော ဝါ၏အဓိပ္ပာယ်**

"ဆရာ၊ ရန်သူဆိုတာ ဘယ်လိုသဘောရှိပါသလဲ ဆရာ"

"ကိုတက်အင်းရဲ့၊ ရန်သူမျိုးငါးပါးရှိရာမှာ သဘောအားဖြင့် ထိခိုက်နစ်နာစေတတ်တဲ့ သဘောကို ရန်သူအားလုံးမှာပဲတွေ့ရတယ်ဗျ"

"ဆရာ၊ ရန်သူမျိုးငါးပါးဆိုတာ ဘာတွေလဲဆရာ"

"ကိုတက်အင်းရဲ့၊ ရန်သူမျိုးငါးပါးကို ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေ သမရိုးကျ အစဉ်အဆက်ရှိခိုးနေကြတဲ့ ဩကာသ—ချီ ဘုရားရှိခိုးရဲ့ဆုတောင်းထဲမှာ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး စသည်တို့မှ ကင်းလွတ်ရပါလိုကြောင်း ဆုတောင်းချက်ပါရှိတယ်ဗျ။ ရန်သူမျိုးငါးပါးဆိုတာက ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူလို့ သိရတယ်ဗျ"

"ဆရာ၊ အဲဒီ ငါးမျိုးထဲမှာ ဘယ်ရန်သူက အဆိုးရွားဆုံးလဲ ဆရာ"

"အဆိုးရွား ုံးကတော့ သိနေတာပဲ ကိုတက်အင်းရဲ့၊ သူနဲ့ ထိခိုက်နစ်နာစေမှု အများဆုံးလဲဖြစ်၊ ပြန်လည်အစားထိုးမရအောင် ပျက်စီးနစ်နာစေတဲ့ 'မီး'ရန်သူ ပါပဲဗျာ"

"ဟုတ်တယ်နော်ဆရာ၊ ရေဖျက်ဖျက် ခိုးသူဖျက်ဖျက် ဘယ်ရန်သူဖျက်ဖျက် မီးလောက်မပျက်စီးစေဘူး၊ မဆုံးရှုံးစေဘူး။ မီးရန်သူဟာ အပျက်အစီးအများဆုံး အနစ်နာစေဆုံးလို့ ကျွန်တော်တွေးမိတယ်"

"ဟုတ်တာပေါ့ ကိုတက်အင်းရဲ့၊ အဘိဓမ္မတ္ထဝိဘာဝိနီခေါ်တဲ့ ဋီကာကျော်ကျမ်း ဘုံပိုင်းမှာ 'သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ'လို့ ဆိုထားတယ်ဗျ၊

ကမ္ဘာကြီးကို မီးဖြင့်ခုနစ်ကြိမ်ဖျက်ပြီးမှ ရေကတစ်ကြိမ်သာဖျက်တယ်လို့ ဆိုထားတယ်လေ၊ ဒါကြောင့် ဖျက်ဆီးတဲ့နေရာမှာ မီးကရေထက်အကြိမ်များများ ဖျက်ဆီးနိုင်တယ်ဗျ"

"အေးဗျာ၊ ဗုဒ္ဓအဘိဓမ္မာစာပေမှာကိုကပဲ မီးကအကြိမ်များများ ဖျက်ဆီးနိုင်တဲ့ အစွမ်းရှိကြောင်း မှတ်တမ်းတင်ရေးထားတာကိုးဆရာရဲ့၊ ဒါကြောင့် မီးက ရန်သူမျိုး ငါးပါးထဲမှာ ကြောက်စရာအကောင်းဆုံးရန်သူလို့ မှတ်ရမှာပေါ့နော်ဆရာ။ အခု ပရိတ္တပါဠိမှာတော့ 'အဂ္ဂိတော ဝါလို့ မီးကိုဘေးအန္တရာယ်ပေးတတ်တဲ့ စာရင်းမှာ ထည့်ထားခြင်းဖြစ်ပါတယ်"

"ပြီးတော့လဲ ကိုတက်အင်းရဲ့၊ တခြားရန်သူလေးမျိုးဖျက်ပေမယ့် အစအန အစုတ်အပြတ်မကျန်အောင် မဖျက်ဆီးနိုင်ဘူးဗျ၊ မီးရန်သူကတော့ အစအန၊ အစုတ်အပြတ်တောင်မကျန်ရအောင် ကိစ္စတုံးဖျက်ဆီးနိုင်တယ်"

"ဟုတ်တာပေါ့ဆရာ၊ ဒါကြောင့် မီးကို အဆိုးရွားဆုံးရန်သူ ဖြစ်တယ်လို့လဲ ကျွန်တော်တို့လူသားများက သတ်မှတ်ထားသင့်ပါတယ်"

"ကိုတက်အင်းရဲ့၊ အကြီးမားဆုံးရန်သူ၊အဆိုးရွားဆုံးရန်သူလို့သာမကဘဲမီးဟာ အတိုးပွားဆုံးရန်သူလို့လဲသတ်မှတ်သင့်သေးတယ်ဗျ၊ကျွန်တော် မြန်မာပြည် မီးသတ်ဦးစီးဌာနမှကြေညာချက်တစ်ခုကို မြန်မာ့အလင်းသတင်းစာ(၁၉၈၆ ခုနှစ် မတ်လ ၁၀ ရက်နေ့ထုတ်)မှာ ဖတ်လိုက်ရတယ်။ ၁၉၇၃–ခုနှစ်မှ ၁၉၈၄–ခုနှစ်အထိ (၁၂) နှစ်ကာလအတွင်း မြန်မာပြည်၌ မီးလောင်မှုပေါင်း (၁၆၇၄၄)မှု ဖြစ်ပွားခဲ့ပြီး ကျပ်ငွေ ကုဋေပေါင်း (၂၀၀)ဆုံးရှုံးခဲ့ရကြောင်း သိရတယ်။ ၁၉၇၄–ခုနှစ်အရင်က မည်မျှဆုံးရှုံးခဲ့သည်ကိုမသိရသေး။ ၁၉၈၄–ခုနှစ်နောက်ပိုင်း ယခုနှစ်အထိ မည်မျှဆုံးရှုံးရသည်ကို မသိရသေးသော်လည်း ပြန်လည် နှိုင်းယှဉ် ကြည့်မည်ဆိုလျှင် မီးဘေးရန်သူဟာ အတိုးတက်နေဆုံးရန်သူတစ်ခုလို့လဲ သတ်မှတ် သင့်ပါသေးတယ် ကိုတက်အင်းရဲ့"

"ဒါကြောင့် အကြီးကျယ်ဆုံးရန်သူ, အဆိုးရွားဆုံးရန်, အတိုးပွားဆုံးရန်သူလို့ သတ်မှတ်ရတဲ့ မီးဘေးရန်သူကို ကျွန်တော်တို့လူသားတွေက အဓိကထားဦးစားပေး၍ မနေမနား ကင်းပျောက်အောင် အားတိုက်ခွန်တိုက်ကြိုးစားသင့်ဟာယ်"

## မီးဘေးရန်မှကာကွယ်ပုံ

"အဲ ဆရာ၊ အဲဒီလို အကြီးကျယ်ဆုံးရန်သူ၊အဆိုးရွားဆုံးရန်သူ, အတိုးပွားဆုံး ဖြစ်တဲ့ မီးဘေးရန်သူကို နှိမ်နင်းနိုင်တဲ့ နည်းလမ်းရှာရအောင် ဆက်လက်ပြော

ကျွန်တော် မှတ်သားထားပါမယ်”

“ကိုဟက်အင်းနှယ်--ရှိပါသော်ကော၊ ကျွန်တော်တို့ ဗုဒ္ဓစာပေမှာ တော်တော်လူသိများထင်ရှားတဲ့ ဂါထာမန္တန်ကြီးတွေရှိတယ်၊ အသုံးပြုအောင်မြင်မှုရနေတဲ့ ပုဂ္ဂိုလ်တွေမှာရှိတယ်။ ဥပမာပုံစံထုတ်ပြရလျှင်– ဓာရဏပရိတ်၊ ဝဋ္ဋသုတ်ပရိတ်၊ ပဋ္ဌာန်းဥဒ္ဒေသပါဠိတို့ကို ရွတ်ဆိုသရဇ္ဈာယ်ခြင်းပဲဖြစ်တယ်”

## ဓာရဏပရိတ် လက်တွေ့အကျိုး

“ဓာရဏပရိတ်ဒ ခွမ်းကိုပြောရလျှင် ၁၉၅၂–ခုနှစ်လောက်က ကြည့်မြင်တိုင် ဦးရွှေစိုးလမ်းခေါ် ဆန်နေ့လမ်းတစ်ဝိုက်မှာ မီးလောင်တယ်။ ဦးရွှေစိုးလမ်းထဲမှာလည်း ဓာတ်မင်းသားကြီးစိုး အောင်မင်းအိမ်နှင့်ကပ်လျက် ရွှေဘုန်းရှိန်ကုမ္ပဏီပိုင်ကိုဒေါင် ကုန်လှောင်ရုံတစ်ခုရှိတယ်။ အဲဒီကုန်လှောင်ရုံထဲမှာလည်း ကုမ္ပဏီပိုင် မော်တော်ဆိုင်ကယ်အသစ်ရောင်းရန် ပစ္စည်းတွေလှောင်ထားတယ်။ မီးလောင်တော့ ကုမ္ပဏီ ပိုင်ရှင် ဦးဘသန်းသည် ရေကို ဓာရဏပရိတ်ဖြင့်ရွတ်ပြီး ခနိမိုး ခနိကာ ကိုဒေါင်ကို ပက်ဖျန်းပေးတယ်။ မီးဟာ လမ်းထိပ်မှစ၍ အရှိန်အဟုန်ဖြင့် လောင်ကျွမ်းလာရာမှ စိန်အောင်မင်းအိမ် နောက်တစ်ခြမ်း မီးဖိုဆောင်ကိုလောင်ပြီး ဦးဘသန်းရဲ့ကိုဒေါင်လဲရောက်ရော ငြိမ်းသွားတယ်။ ဦးဘသန်း၏ ကိုဒေါင်ကို မကူးစက်ခဲ့ဘူး။ ဒါဟာ ကျွန်တော့်ကိုယ်တွေ့ ဓာရဏပရိတ်တန်ခိုးဗျ”။

## ဝဋ္ဋသုတ်ပရိတ် လက်တွေ့အကျိုး

တစ်ချိန်တုန်းကတော့ ရန်ကုန်မြို့ ကန်တော်ကြီးအနီး ဥဇ္ဇဏဗလရပ်ကွက်ကြီးကို မီးလောင်တယ်။ အဲဒီရပ်ကွက်ထဲမှာ ဟံသာဝတီပုံနှိပ်တိုက်က စာပြင်အယ်ဒီတာ ရဟန်းလူထွက်ဦးစိုးဝင်းနေတယ်။ ရပ်ကွက်မီးလောင်တော့ ဦးစိုးဝင်းဟာ မိမိပိုင်အိမ်နှင့်ပစ္စည်းများကိုမသိမ်း၊ ဝဋ္ဋသုတ်ပရိတ်ကိုရွတ်ပြီး ရေကိုမန်း၍ ပက်ဖျန်းသည်။ မီးဟာ ဦးစိုးဝင်းအိမ်ကိုမလောင်တော့ဘဲ ကွင်း၍ကျန်နေခဲ့သည်။ ဒါဟာ ဝဋ္ဋသုတ်ပရိတ်တော်၏ တန်ခိုးဖြစ်တယ်။ ကျွန်တော်ကတော့ မီးသတ် သူရဲကောင်းများသည် မီးကိုငြိမ်းလျှင် ဝဋ္ဋသုတ်ပရိတ်ကို တန်ခိုးရှိအောင်လေ့လာ၍ ရွတ်ဖတ်နလုံးသွင်းပြီး မီးကို ငြိမ်းသတ်သင့်တယ်လို့ ထင်မိတယ်။

## ပဋ္ဌာန်းဥဒ္ဒေသပါဠိ၏ လက်တွေ့အကျိုး

“၁၉၇၇–ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က ကမာရွတ်မြို့နယ် ဝဂ္ဂီရပ်ကွက်ကို မွန်းလွဲ ၃ နာရီလောက်က မီးလောင်ခဲ့တယ်။ မီးဟာ တော်တော်ကြီးမား

အရှိန်များများဖြင့် လောင်သည်။ ထိုမီးကြီးတွင် ဝဂ္ဂလမ်းအစပိုင်းရှိ ဒေါ်မြသိမ်းဓါ ဒေါ်အမာအိမ်မှစ၍ မီးမလောင်တော့ဘဲ ထီးထီးကြီးကျန်နေခဲ့သည်။ မီးကွင်း သွားသည်။ ထူးဆန်း၍ အကြောင်းစုံကို လေ့လာစုံစမ်းသောခါ အိမ်ပိုင်ရှင် ဒေါ်မြသိမ်းမှာ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ်သည့် ရဟန်းမယ်တော်ကြီး ဖြစ်သည်။ 'ဟေတု ပစ္စယော'အစရှိသည့် ပဌာန်းဥဒ္ဒေသပါဠိတော် ၂၄- ပစ္စည်းဖြင့် အိမ်ကိုစည်းချ ကာကွယ်၍ထားကြောင်း သိရသည်။ ဤသည်မှာ ပဌာန်းဥဒ္ဒေသပါဠိတော်ဖြင့် စည်းချသောကြောင့် မီးကွင်း၍ သွားရကြောင်းသိရသည်။

"ဤအကြောင်းများကိုထောက်ရှု၍ သမရိုးကျရေဖြင့် ၁ွန်းလောင်း၍ မီးဘေး ရန်ကို ငြိမ်းသတ်ကာကွယ်ခြင်းနှင့် ဗုဒ္ဓစာပေများကို ရွတ်ဖတ်ပြီးငြိမ်းသတ်ခြင်း၊ ပူးပေါင်း၍ပြုလုပ်ပါက အကြီးကျယ်ဆုံး အဆိုးရွားဆုံး အတိုးပွားဆုံး မီးဘေး ရန်ဆိုးကို ကင်းပျောက်အောင် နှိမ်နင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ကျွန်တော် ထင်မြင်ပါသည်"

## ဥဒကတော ဝါ၏ အဓိပ္ပါယ်

"ဆရာ၊ ဒီပရိတ္တပါဠိစာပိုဒ်နံပါတ်(၉)မှာ 'အဂ္ဂိတော ဝါ'နှင့် 'ဥဒကတော ဝါ'လို့ ပါဝင်နေတယ်၊ ကွဲကွဲပြားပြားမှတ်သားရအောင် ရှင်းလင်း မိန့်ရှိပါဆရာ"

"ကိုတက်အင်းရဲ့၊ 'အဂ္ဂိတော ဝါ'နဲ့ 'ဥဒကတော ဝါ'နှစ်ခုလုံး လူသားတွေမှီဝဲ အသုံးပြုနေတဲ့ မီးနှင့်ရေပဲဗျ၊ သင့်တင့်အောင် မှီဝဲတတ်ရင် ဆေးဖြစ်နိုင်တယ်၊ လွန်ကဲသွားရင် ဘေးဖြစ်နိုင်တယ်။ ဒါကြောင့်ရှေးရိုးစဉ်လာ ဆရာသမားများက 'အဂ္ဂိတော ဝါ=မီးဘေးမှလည်းကောင်း၊ ဥဒကတော ဝါ= ရေဘေးမှဟူ၍ လည်းကောင်း' ဟူ၍ အနက်ပြန်ရိုးပြန်စဉ် ပြုလုပ်ခဲ့ကြတယ်ဗျ၊ သပြေကန်ဆရာတော် အရှင် ဝါသေဋ္ဌာဘိဝံသ၏ သပြေကန်ပရိတ်ကြီး နိဿယသစ်မှာ 'အဂ္ဂိတော ဝါ= အဖျက် မီးတို့မှလည်းကောင်း။ ဥဒကတော ဝါ= အဖျက်ရေတို့မှလည်းကောင်းဟူ၍ အဖျက်ဆိုတဲ့ ဝိသေသပုဒ်ကိုထည့်ပြီး မြန်မာပြန်ဆိုထားတာကို ဖတ်ရှုရတယ်ဗျ။ အပြုမီး အပြုရေမဟုတ်လို့ အဖျက်မီး၊ အဖျက်ရေဖြစ်ခဲ့လို့ရှိရင် မီးဘေး၊ ရေဘေးလို့ ပြောထိုက်ပါတယ်ဗျ။

ကျွန်တော်တို့ ဤကမ္ဘာကြီးကို ဖျက်ဆီးတဲ့နေရာမှာ မီးဘေးကလည်း ဖျက်ဆီးတယ် ရေဘေးကလည်းဖျက်ဆီးတယ်ဗျ၊ အဲဒါကြောင့်- 'သတ္တ သတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေဒကာ'လို့ မီးခုနစ်ကြိမ် ခုနစ်ကြိမ် ဖျက်ဆီးပြီး ရှစ်ကြိမ် ရှစ်ကြိမ်မြောက်မှာ ရေတစ်ကြိမ် တစ်ကြိမ် ဖျက်ဆီးတတ်ကြောင်း ဒီကာကျော်ချမ်းမှာ

ဆိုထားတယ်ဗျ။ ယင်းကဲ့သို့ ဖျက်ဆီးရာမှာလည်း မီးက အာဘဿရာ ဗြဟ္မာ့ဘုံအထိ ဖျက်ဆီးနိုင်၍ ရေက သုဘကိဏှာဗြဟ္မာ့ဘုံအထိဖျက်ဆီးနိုင်ကြောင်း ပြဆိုထားတာကို ဖတ်ရှုရတယ်ဗျ၊ ကျွန်တော်တို့ မျက်မြင် ကမ္ဘာလောကမှာလည်း မြို့တွေ ရွာတွေ လူနေအိမ်ရာတိုက်တာတွေကိုလည်း မီးလောင်လို့ပျက်စီးရတာ ရေကြီးလို့ပျက်စီးရတာ ခဏခဏမြင်ရ ကြားရတယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့ လူသားတွေဟာ အဖျက်မီး အဖျက်ရေတို့ကို သတိထား၍ ကြိုးစားကာကွယ် ထိန်းသိမ်းကြရမယ်ဗျ"

"အဲ ဟုတ်ပဆရာ ဟုတ်ပ၊ အဲဒီ အဖျက်မီး အဖျက်ရေတွေထဲမှာ ဝင်ရောက်ပါဝင်နေတဲ့ ရန်သူကြီးတစ်ခုလဲရှိသေးတယ်ဗျ၊ သူ့ကိုလဲ အဖျက်ရန်သူကြီးလို့ ဆိုထိုက်ပါ တယ်"

"အဲဒီရန်သူက ဘာလဲဗျ ကိုတက်အင်းရဲ့၊ ကျွန်တော်တော့ အမှတ်တမဲ့ပါပဲ၊ သတိမထားမိပါဘူး"

"အဲဒီရန်သူက ရေဘေးထဲထည့်သွင်းပြောရမယ့် ရန်သူပေါ့ဆရာ၊ ဘာလဲ ဆိုတော့ 'မိုးရွာခြင်း'ပဲ ဆရာရဲ့"

## ဥဒကတော ဝါနှင့်မိုးရေကြီးခြင်း

"အေး ဟုတ်ပြီ ဟုတ်ပြီ။ မိုးရွာခြင်း၊ မိုးမရွာခြင်းတို့ဟာလဲ ရေဘေးပဲဗျ။ မိုးအလွန်ရွာတော့ ရေကြီးတယ်၊ လယ်ယာကိုင်းကျွန်းတွေပျက်စီးကယ်၊ ဒါဟာလည်း လူသားတွေရဲ့ ဘေးဆိုး ရန်ဆိုးပဲဗျ။ မိုးမရွာဘဲ မိုးခေါင်နေပြန်တော့ လယ်ယာကိုင်းကျွန်း စိုက်ပျိုးရေးတွေပျက်စီးပြီး လူသားတွေ ငတ်မွတ်ခေါင်းပါး ကြရပြန်တယ်၊ ဒါဟာလည်း ဘေးဆိုးရန်ဆိုးပဲဗျ ကိုတက်အင်းရဲ့။ ဒါကြောင့် အဘိဓမ္မာပိဋက၊ ဓမ္မသင်္ဂဏီပါဠိတော်အဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်းကြီး၏နိဂုံးမှာ ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသက 'ယံ ပတ္တံ' အစချီသောပါဠိဂါထာဖြင့် ရေးသားဆုတောင်းထားတာကို တွေ့မြင်ဖတ်ရှုရပါတယ်။ ဆုတောင်းပုံကတော့ အဲဒီမိုးရေဘေးနဲ့ ပတ်သက်ပြီး 'သမ္မာဒေဝေါ မဝဿတု'တဲ့။ 'ဒေဝေါ=မိုးမင်းသည်။ သမ္မာ=မှန်ကန်စွာ။ ပဝဿတု=ရွာသွန်းပါစေသတည်း'လို့ မြန်မာပြန်အနက်ထင်ရှဲ ပြန်ဆိုနိုင်ပါတယ်။ အဲဒါ မထင်ရှားသေးဘူးဆိုယင် ပို၍ထင်ရှားအောင် တိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု၊ မင်းကွန်းဆရာတော်ဘုရားကြီး ပြန်ဆိုထားတာကို ကျွန်တော်တို့ ကြည့်နိုင်ပါတယ်။ အရှင်မဟာဗုဒ္ဓဃောသရဲ့ 'ယံ ပတ္တံ'ချီတဲ့ အဋ္ဌကထာလိနီ နိဂုံးဂါထာရဲ့အဓိပ္ပာယ်သဘောကောင်းလွန်းလို့ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက မဟာဗုဒ္ဓဝင်ကျမ်းကြီး၏(ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း)

အပြီးသတ်နိဂုံးမှာ 'ယံ ပတ္တံ'အစချီဂါထာများကို ဖော်ပြ၍ အနက်ပေးထားတာကို တွေ့ရတယ်ဗျ။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာပြည်၌ဆရာတော် သမားတော်များ အစဉ် အဆက် ဘုရားဝတ်ပြုခြင်းစတဲ့ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပြီးစီးတိုင်း ၌"ယံ ပတ္တံ'အစချီသော ပါဠိဂါထာများကို ရွတ်ဆိုဆုတောင်းသည့် အလေ့အထပြုလုပ်တော်မူကြတယ်။

"မဟာဗုဒ္ဓဝင်ကျမ်းကြီး ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း အဆုံးနိဂုံး စာမျက်နှာ (၄၁၉)၌ အနက်ရေးထားမှာ–

'ဒေဝေါ=လူသူအပေါင်း ပွားစည်သြောင်းအောင် ကြောင်းရင်းမှန်တဲ့ ကျေးဇူး ပုံသား ပဇ္ဇုန်ခေါ်လျှဉ်း မိုးနတ်မင်းသည်။ ကာလေန=ရွာချိန်သင့်ရာ ညဉ့်အခါ၌(ဝါ) ကာလေန=မြေညှံ့ရာအရပ်၌ ငါးရက်တစ်ကြိမ်၊ မြေအလတ်စားအရပ်၌ ဆယ်ရက် တစ်ကြိမ်၊ မြေကောင်းရာအရပ်၌ တစ်ဆယ့်ငါးရက် တစ်ပက္ခတစ်ကြိမ်၊ရွာချိန်သင့်ရာ ညဉ့်အခါ၌။ သမ္မာပဝဿတု= အရည်ထန်စွာ မြို့ပြည်ရွာတို့ သာယာတင့်မော စည်ပင်ပြောအောင် ဖြောဖြောဝုန်ဝုန် ရွာဖြိုးသွန်းပါစေသတည်း'ဟူ၍ ဖြစ်တယ်ဗျ ကိုတက်အင်းရဲ့"

"ကောင်းပါ့ဆရာ ကောင်းပါ့၊ အရှင်မဟာဗုဒ္ဓဃောသက အချက်ကျကျ လိုရင်းမိမိ ပါဠိလိုရေးသားဆုတောင်းထားတဲ့ အဲဒီ ဂါထာကို တိပိဋကဓရ ဆရာတော်ကြီးကလည်း အချက်ကျကျ ထိထိမိမိ လူတိုင်းသိအောင် မြန်မာပြန်ဆို ထားတာပါပဲ။ အဲဒီလို မှန်မှန်ကန်ကန် မိုးကရွာမှ လူ သတ္တဝါတွေ ချမ်းသာကြ ရမှာဆရာရဲ့၊ စား ရေး သောက်ရေး ဝပြောစည်ပင်ကြမှာ။ အဲဒီလို မိုးရွာမှလည်း 'ဥဒကတော ဝါ'ဆိုတဲ့ အဖျက်ရေဘေးမှ ကင်းဝေးကြမှာဆရာရဲ့"

"အေးဗျာ ကောင်းလိုက်တာ 'ဥဒကတော ဝါ'အရ ရှင်းရှင်းလင်းလင်းသိကြ ရပြီး အဋ္ဌသာလိနီကျမ်းနိဂုံး 'ယံ ပတ္တံ'အစချီသော ဆုတောင်းဂါထာနှင့် ယခု ပရိတ္တပါဠိ 'ရာဇတော ဝါ၊ စောရတော ဝါ၊ မနုဿတော ဝါ၊ အမနုဿတော ဝါ၊ အဂ္ဂိတော ဝါ၊ ဥဒကတော ဝါ' ဆုတောင်းတို့နှင့်အညီ ကျွန်တော်တို့ မြန်မာ ပြည်မှာ ဘေးတွေရန်တွေကင်းဝေးလျှင် ဘယ်လောက်များ သာယာစည်ပင်ကြည်လင် အေးချမ်းလိုက်မလဲဆိုတာ တွေးတွေးပြီး ဝမ်းသာစရာကောင်းတယ်ဗျာ။ ဒါကြောင့် ပရိတ်ကြီးပါဠိနှင့်ဆုတောင်းပါဠိများကို ကျွန်တော်တို့ ကြိုးစား ရွတ်ဆိုကြပါစို့"

**ပိသာစတော ဝါ၏ အဓိပ္ပါယ်**

"ဒီနေ့တော့ ကိုတက်အင်းရေ ဘယ်အရာကိုများ ကျွန်တော်တို့ ဆွေးနွေး ကြရမှာလဲ"

"ဒီနေ့တော့ 'ပိသာစတော ဝါ'အကြောင်း ဆွေးနွေးကြမယ်လို့ ကျွန်တော် ထင်တယ်"

"အေးဗျ အေးဗျ၊ ဒီ 'ပိသာစတော ဝါ'ကို ရှေးရှေးပရိတ်ကြီးနိဿယတွေမှာ 'မြေဘုတ်ဘီလူးဘေးမှလည်းကောင်း'လို့ မြန်မာလို ပြန်ဆိုတော်မူကြတယ်။ ပရိတ္တဋီကာမှာတော့ 'ပိသာစတောတိ ဘူတယက္ခတော၊ တေန ယက္ခဝိသေသံ ဝုတ္တံ'လို့ ဆိုထားတယ်ဗျ။ ယင်းပရိတ္တဋီကာနိဿယမှာတော့ 'ပိသာစတောတိ ဟူသည်ကား။ ဘူတ ယက္ခတော= မြေဘုတ်ဘီလူးဘေးမှ။ တေန= ဤပိသာ=စ သဒ္ဒါဖြင့်။ ယက္ခ ဝိသေသံ=ဘီလူးအထူးကို။ ဝုတ္တံ=ဆိုအပ်၏'လို့ အနက်မြန်မာပြန်ဆို ထားတယ်ဗျ။ ဒါကို ကိုတက်အင်း သဘောကျရဲ့လား"

"ဟုတ်ကဲ့ သဘောကျပါကယ်ဆရာ၊ ရှေးကအစဉ်အလာ ဆရာတော်ကြီးများ ပြန်ဆိုထားတဲ့ မြန်မာပြန်သဘောပဲ"

"အေးလေ၊ ကိုတက်အင်းသဘောကျတယ်ဆိုရင်လဲ ပြီးဟာပါပဲ။ နောက် ဆက်ပြီး သဘောမကျသေးတဲ့ ပညာရှိများပေါ်လာလို့ စောဒကတက်မယ်ဆိုရင်တော့ ခင်ဗျားနဲ့ကျွန်တော်တို့ နောက်ထပ်ပြီး အခိုက်အလှည့်သင့်တော့ ပြန်လည်ဆွေးနွေး ကြသေးတာပေါ့"

ဤသို့ပြောဆိုပြီး ဆရာကြီးဦးစာကျော်သည် အပေါ်ကိုမော့်ကြည့်ကာ စဉ်းစား နေသည်ကို တွေ့မြင်ရသောကြောင့်–

"ဆရာ၊ ဘာတွေစဉ်းစားတွေးတောနေပြန်တာလဲ၊ မှတ်စရာရှိရင်လည်း အခု ဒီနေရာမှာပြောလေဆရာ၊ မှတ်ကြရအောင်"

ဤတွင် ဆရာကြီးဦးစာကျော်သည် ပြန်လည်သတိရသကဲ့သို့ လှုပ်ရှားလာကာ အောက်ပါအတိုင်းပြောပါသည်။

"စဉ်းစားစရာပဲဗျ ကိုတက်အင်းရဲ့၊ ကျွန်တော်တို့ မြန်မာပြည်မှာ နေရာတကာ အရပ်ရပ်မှာလိုပဲ တွေ့နေကြရတယ်။ ဒီမြေဘုတ်ဘီလူးဖမ်းစားပုံလို့ ဆိုရမှာပါပဲ။ လူတစ်ယောက်ယောက် မြေကြီးပေါ်မှာ ချော်၍လဲပြီးလျှင် လမ်းကောင်းကောင်း မလျှောက်နိုင်ဘဲ လူတွဲ၍ဖြစ်စေ တောင်ဝှေးထောက်၍ဖြစ်စေ လျှောက်သွား နေကြတာတို့ ခဏခဏမကြာမကြာ တွေ့မြင်နေရတယ်။ တစ်ခါတုန်းကတော့ မြန်မာအမျိုးသမီးတစ်ယောက်ဟာ ပန်ချာပီကုလားယောက်ျားကြီးနဲ့တွဲပြီး မန္တလေးမြို့ တောင်ပြင်ရပ်ရှိ မဟာမြတ်မုနိဘုရားတန်ဆောင်းထဲမှာ ထော့နဲ့ထော့နဲ့သွားနေတာကို တွေ့ရတယ်။ ဘုရားဆောင်းတန်းရှိ ပန်းရောင်းတဲ့ သူတစ်ယောက်က လှမ်းခေါ်

တယ်။ မြန်မာအမျိုးသမီးက ရိုသေလေးစားစွာဖြင့် 'ဘာကိစ္စပါလဲရှင်'ဟု ပြန်မေးသည်။ အဲဒီတော့ ပန်းရောင်းသူက 'သူငယ်မ၊ ညည်း ထော့နဲ့ ထော့နဲ့ လမ်းသွားတာကို တွေ့ရတယ်၊ အဲဒါ ဘာဖြစ်လို့လဲ၊ ငါ့ကို မှန်မှန် ပြောစမ်း'ဟု မေးသည်။ ထိုအခါ မြန်မာအမျိုးသမီးက 'ဘာဖြစ်လို့လဲတော့ မသိဘူး အဒေါ်ရဲ့၊ ဒီလိုပဲ လမ်းသွားရင်း ခြေထောက်ကနာပြီး ထော့နဲ့ထော့နဲ့ ကျွန်မမှာ မကြာခဏ ဖြစ်တတ်ပါတယ်'ဟု ပြန်ဖြေသည်။ ထိုအခါ ပန်းရောင်းသူ က ဆက်ပြောသည်။ 'ကလေးမ၊ အဲဒါ တစ်နေရာရာမှာ ချော်လဲဖူးလို့ ညည်းကို မြေဘုတ်ဘီလူး ဖမ်းစားထားတာ၊ ပျောက်ချင်သလား၊ ပျောက်ချင်ရင် အိမ်ရောက်တော့ အမဲသား အစိမ်းဝယ်၍ မြေဘုတ်ဘီလူးကို စားပါသောက်ပါ ကျွန်မကို ဖမ်းစားသည့်ဒဏ်ကို ပျောက်အောင်ဖြေပါဟူ၍ တိုင်တည်ပြီး မြေကြီးထဲ ယင်း အမဲသားကိုမြှုပ်၍ပူဇော်ပါ၊ ပျောက်ပါလိမ့်မည်'ဟူ၍ ပြောလိုက်သည်။ ထိုအချိန်မှ စ၍ အမျိုးသမီးငယ်၏ ခြေထောက်နာသက်သာသွားသည်ဟူ၍ ကျွန်တော်ကြားဖူးသည်"

"ဟုတ်လားဆရာ ဟုတ်ရဲ့လား၊ အံ့ဩစရာကြီးပဲ၊ ဒီလို မြေဘုတ်ဘီလူး ဖမ်းစားတာကိုတွေ့လျှင် အဲဒီလိုပဲပူဇော်လို့ရှိရင် ပျောက်မှာပဲနော်"ဟူ၍ ကျွန်တော်က သေချာအောင် ထောက်မေးလိုက်မိပါသည်။

ထိုအခါ ဆရာကြီးဦးစာကျော်က ဆက်ပြောပြန်သည်မှာ– "ဟုတ်တယ်ဗျ ဟုတ်တယ်၊ ကျွန်တော့်ကိုယ်တွေ့ကိုလဲ နောက်ထပ်ပြောဦးမယ်၊ ခင်ဗျား သေသေ ချာချာမှတ်ထား၊ ကျွန်တော့်မှာ အသက်(၄၀)လောက်တုန်းက တစ်နှစ်တစ်ခါ လိုလိုပဲ ဆောင်းရာသီဦး ဒီဇင်ဘာလနှင့် ဇန်နဝါရီလ လောက်မှာ ခြေထောက်တွေ နာတတ်တယ်၊ တစ်ခါတစ်ရံတော့လည်း အိမ်ထဲမှာပဲ လဲလျောင်းနေ၍ ဆေးကုရုံမျှဖြင့် ပျောက်သွားတတ်တယ်၊ တစ်ခါတစ်ရံတော့လည်း ဆေးရုံကြီးမှာ တက်ရောက် [illegible]သပြီးမှ ပျောက်တယ်။ တစ်ခါတစ်ခါဖြစ်ရင် (၄၅)ရက်ခန့်ကြာမှ ပျောက်တတ် [illegible]ယ်၊ တစ်ခါတစ်ခါတော့လည်း (၄၉)ရက်လောက်ကြာမှ ပျောက်ကင်းတတ် ပါတယ်။ မှတ်မှတ်ရရ တစ်ခါမှာတော့ ဝိဇ္ဇာကျန်ဆိုတဲ့ဆရာကြီးရဲ့ ညွှန်ကြားမှုကြောင့် ပျောက်ဖူးတယ်။ ပျောက်ပုံက ဒီလိုဗျ။

"ကျွန်တော့် ဒူးဆစ်လောက်မြုပ်အောင် မြေကြီးကို အိမ်ရှေ့မှာပဲတူးရတယ်၊ တူးပြီးတော့ အမဲသား အစိမ်းသုံးတုံးကို ကွမ်းသီးလုံးခန့်ဝယ်ယူ၍ သက်ဆိုင်ရာ မြေဘုတ်ဘီလူးအားရည်စူး၍ 'စားပါ သောက်ပါ ကျွန်တော့်ခြေထောက်နာကို လည်း ပျောက်ကင်းအောင် ကြည့်ရှုစောင့်မပါ'ဟူ၍ ပြောဆိုပြီး တူးထားသည့်

တွင်းထဲမြှုပ်လိုက်ရသည်။ ယင်းမြှုပ်သည့်နေ့မှစ၍ တစ်နေ့ထက်တစ်နေ့ ခြေထောက်နာမှု သက်သာရာရ၍ ပျောက်ကင်းသွားပါတော့သည်။ ဤသည်မှာ မိတ်ဆွေ ဝိဇ္ဇာကျန်၏ညွှန်ကြားမှုကြောင့် မြေဘုတ်ဘီလူးဖမ်းစားမှုမှလွတ်ကင်းရဖူးပါသည်။ အခြား ဤသို့သော ပိသာစတော ဝါ ခေါ် မြေဘုတ်ဘီလူးဖမ်းစားမှု မျိုးကိုလည်း ပျောက်ကင်းအောင်ကုသ၍ ရနိုင်လိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ပရိတ္တပါဠိပါများကိုရွတ်လျှင်လည်း ပျောက်နိုင်ပါကြောင်း ကျွန်တော် ယုံကြည်ပါသည်”

ခါဏုကတော ဝါ၏ အဓိပ္ပါယ်

“ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉)မှာပါရှိတဲ့ ‘ခါဏုကတော ဝါ’ပါဠိရဲ့ အဓိပ္ပာယ်ကို နည်းနည်းရှင်းပြပါဆရာ”

“ဒီမှာကိုတက်အင်းရဲ့၊ အဲဒီ ‘ခါဏုကတော ဝါ’ပုဒ်ကို ရှေးရှေးမြန်မာပရိတ္တပါဠိနိဿယတွေမှာ မြေဘုတ်ဘီလူးလို့ ပြန်လေ့ရှိကြတယ်ဗျ။ ပရိတ္တဋီကာမှာတော့ ‘ဝိသမဘူမိကဋ္ဌကဂ္ဂါဒိ ေ ခါဏုကောနာမ’ ဟူ၍ ဖွင့်ဆိုထားတာတွေ့ရတယ်။ ယင်းဋီကာနိဿယမှာလည်း ‘ဝိသမဘူမိကဋ္ဌကဂ္ဂါဒိ စ=မညီမညွတ်သောမြေ သစ်ဖျားစသည်လည်း၊ ခါဏုကော နာမ= သစ်ငုတ်ဘောမည်’ ဟူ၍ အနက်ပြန်ဆိုထားတာကို တွေ့ရတယ်။ ဤအလိုအားဖြင့် မညီမညွတ်သောမြေကြမ်း၊ သစ်သားအချွန်တို့ကိုလည်း ခါဏုကလို့ ဆိုလိုကြောင်း သိရတယ်ဗျ။

“သစ်သားချွန်ဆိုတာကို အထက်မြန်မာပြည် အညာမြေသားတို့က “ခြောင့်”လို့ ခေါ်လေ့ခေါ်ထရှိကြတယ်။ အောက် မြန်မာပြည် အကြေအရပ်သားတို့ကတော့ ခေါ်လေ့ခေါ်ထမရှိကြဘူး။ အဲဒါကို သစ်သားဆူးလို့ပဲ ပြောမှနားလည်ကြပါတယ်။

“ယင်းသစ်သားဆူးကို ရှေးရှေးက မြန်မာစာပေများမှာ ‘ခြောင့်’လို့ ရေးကြတယ်။ ကျွန်တော်တို့ မြန်မာစာပေမှာထင်ရှားတဲ့ မဟာသုတသောမဇာတ်ကို ကျွန်တော်စဉ်းစားမိတယ်။ လူတွေကို လိုက်လံဖမ်းဆီးသတ်ဖြတ်၍ လည်ပင်းမှ သွေးကိုထုတ်ယူလေ့ရှိတဲ့ လူဆိုးကြီးပေါ့ဗျာ။ လူသားလည်း စားသေးတယ်၊ နာမည်ကိုက ‘ပေါရိသာဒ’တဲ့၊ အဲဒါကို ‘ပုရိသ+အဒ’လို့ ပုဒ်ခွဲရတယ်၊ အဓိပ္ပာယ်ရှင်းပုံ ကတော့ ပုရိသ=လူကို။ အဒ=စားလေ့ရှိသူလို့ အနက်ပြန်ရတယ်။ လူသားစားကြီးဆိုကြပါစို့။

## မဟာသုတသောမဇာတ်အကျဉ်း

"ကုရုတိုင်း ဣန္ဒပထနဂိုရ်ပြည်၌ ကောရဗျမင်းကြီး၏သားတော် မဟာသုတသောမမင်းကို အချိန်အရွယ်သို့ရောက်သောအခါ ရွှေစင်နိက္ခတစ်ထောင်ပေး၍ တက္ကသိုလ်ပြည်ဆရာထံ အတတ်ပညာသင်စိမ့်သောငှာ စေလွှတ်လေ၏။ ထို့အတူပင် ဇမ္ဗူဒိပ်ကျွန်းအပြင်မှ ပြည့်ရှင်မင်းသားတို့သည်လည်း အတတ်ပညာသင်ရန်လာကြလေကုန်၏။ ထိုမင်းသားတို့သည် အဘတ်ပညာတတ်မြောက်ကြ၍ သုတသောမမင်းသားနှင့်အတူတကွ မိမိတို့၏တိုင်းနိုင်ငံအသီးသီးသို့ ပြန်သွားကြကုန်၏။ အသီးသီး ခရီးလမ်းခွဲလတ်သော် မဟာသုတသောမမင်းသားက 'အဆွေ တော် မင်းသားတို့ မမေ့မလျော့ကြစေလင့်၊ ရှေးမင်းကောင်းမင်းမြတ်တို့ကျင့်ရိုးကျင့်စဉ် တရားအပေါင်းကို အားထုတ်ကြလေကုန်' ဟူ၍ အဆုံးအမပေးပြီးနောက် လမ်းခွဲကြကုန်၏။ အလုံးစုံသော မင်းသားတို့သည်လည်း မိမိတို့နိုင်ငံသို့ရောက်ကြပြီးလျှင် ခမည်းတော်၏ အရိုက်အရာ ထီးနန်းကိုရကြကာ မင်းအဖြစ်၌ တည်ကြကုန်၏။ ထိုမင်းအပေါင်းတို့တွင် ဗာရာဏသီ ပြည့်ရှင်မင်းသည်ကား သားဟင်းမျိုးနှင့် ကင်း၍ ပွဲတော်မတည်နိုင်ချေ။

"တစ်နေ့သ၌ သားဟင်းမျိုးမရသည်ဖြစ်၍ ရသကအမည်ရှိ စားတော်ချက်သည် လူသားကိုချက်၍ ပွဲတော်ဆက်လေ၏။ ထိုအခါမှစ၍ မင်းကြီးသည် လူသား၌ တပ်မက်သဖြင့် မပြတ်ဆက်ရသောအခါ ပြည်နိုင်ငံလုံးချောက်ချားခြင်း ပြင်းစွာဖြစ်သောကြောင့် ကာလဟတ္ထိမည်သောစစ်သူကြီးသည်လည်း ဆုံးမ၍မနိုင်ရကား ပြည့်ရှင်မင်းကြီးကို တိုင်းပြည်မှနှင်ထုတ်ကြလေသည်။ ထို့နောင်လူသားစား ပေါရိသာဒမင်းသည် တောအုပ်သို့ရောက်သောအခါ တွေ့တိုင်းသော လူသူမိန်းမ ယောကျ်ားတို့ကို ဖမ်းယူသတ်ဖြတ်ပြီးလျှင် မီးကျီး၌ကင်၍စားလေ၏။

"တစ်ရံရောအခါ ပေါရိသာဒမင်း၏ခြေ၌ရှားငြောင့် ရှားငုတ်စူးသော အနာဖြစ်လေသည်။ ထိုအခါ ပေါရိသာဒမင်းသည် ညောင်ပင်စောင့်နတ်ထံ 'အရှင်ညောင်စောင့်နတ်မင်း၊ အကျွန်ုပ်၌ အနာ ပျောက် ကင်းပါက တစ်ရာသောမင်းတို့၏ လည်ချောင်းသွေးတို့ဖြင့် ပူဇော်ပါမည်' ဟုဆုပန်ရာ မကြာမတင် ပျောက်ကင်းစင်သောကြောင့် ကတိအတိုင်းကိုးကျိပ်ကိုးယောက်သော မင်းတို့ကို ဖမ်းယူပြီးလျှင် လက်ဝါးတွင် ဖောက်၍ ကြိုးဖြင့်သီလျက် ညောင်ပင်တွင်ဆွဲထားလေ၏။

"မဟာသုတသောမမင်းကြီးသည်လည်း စစ်အင်္ဂါလေးပါးနှင့်တကွ ဥယျာဉ်သို့ ထွက်၍ သကြိန်ခေါ်တော်မူရာ ပေါရိသာဒမင်းသည် ဗိုလ်ထုရဲမက်အတွင်း

ဟန့်တား ခြိမ်းခြောက်၍ မဟာသုတသောမမင်းကို ဖမ်းယူထမ်းဆောင်ပြီး တစ်ဆယ့်ရှစ်တောင်မြင့်သော မြို့ရိုးကို ခုန်ကျော်ပြီးလျှင် ဆောင်ယူသွားလေ၏။ ပညောင်ပင်သို့ ရောက်သောအခါ မဟာသုတသောမမင်းသည် များစွာသောမင်းတို့ကို မြင်တော်မူသဖြင့် သနားတော်မူလှသည်ဖြစ်၍ ထိုမင်းတို့ကိုလည်း မိမိတို့ တိုင်းပြည်သို့ ပြန်စိမ့်မည်၊ ပေါရိသာဒမင်းကိုလည်း လူသားစားခြင်းမှ ရှောင်ကြဉ် စိမ့်မည်ဟု နှလုံးပိုက်တော်မူပြီးလျှင် ပေါရိသာဒ၏စိတ်နှလုံးကိုနူးညံ့စေပြီးမှ နန္ဒပုဏ္ဏားသင်လိုက်သော သတာရဟလေးဂါထာတို့ကို တဖန်နာစေတော်မူသော အခါတွင် ပေါရိသာဒ၏ စိတ်နှလုံးအလွန်နူးညံ့သည်ကို သိတော်မူသည်ဖြစ်၍ 'အချင်းပေါရိသာဒ၊ အသင့်ယူဆောင်ခဲ့သော ကိုးကျိပ်ကိုးယောက်သော မင်းတို့ကို အသာတကြည် ထမ်းဆောင်လျက် ၎င်းမင်းတို့၏ တိုင်းပြည်အရောက်ပို့ပါ'ဟု စေတော်မူလေသည်။ ဇာတ်ပေါင်းသောထိုအခါက ပေါရိသာဒသည် ယခုအခါ အင်္ဂုလိမာလ၊ စစ်သူကြီး ကာလဟတ္ထိအမတ်သည် ရှင်သာရိပုတ္တရာ၊ နန္ဒပုဏ္ဏားသည် ရှင်အာနန္ဒာ၊ ညောင်စောင့် နတ်သည် ရှင်မဟာကဿပ၊ သိကြားနတ်မင်းသည် ရှင်အနုရုဒ္ဓါ၊ ကြွင်းသောမင်းတို့သည် ယခုအခါ ဘုရားရှင်၏ပရိသတ်၊ ထိုအခါက မဟာသုတသောမမင်းသည် ယခုအခါ လူ့ဒွိထင်ရှား မြတ်စွာဘုရား ဖြစ်တော်မူလေ သည်။ ဤဇာတ်လမ်း၌ 'ရှားငြှောင့် ရှားငုတ်ချွန်'ဟူသော 'ခါဏုကတော ဝါ'အရ ထင်ရှားလှပါသည်"

"ကောင်းပါပြီ ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ငြှောင့်အကြောင်းနှင့်သစ်သားချွန်၊ သစ်သားဆူးကို ကွဲကွဲပြားပြားသိရ၍ ကျေးဇူးတင်ပါသည်။ ယခု ကျွန်တော်တို့ခေတ် အခါမှာ 'ခါဏုကတော ဝါ'ကို 'ငြောင့်,သစ်ချွန်း,သစ်ဆူးတို့၏ ဘေးရန်'ဆိုတာ သိရန်မလွယ်ပါဘူး ဆရာ"

"ကဲ ဒီလောက်ဆို 'ခါဏုကတော ဝါ'အကြောင်း ကောင်းကောင်းသိလောက် ပါပြီ၊ 'ကဏ္ဍကတော ဝါ' စသည်ကို ဆွေးနွေးကြဦးစို့ရဲ့ ကိုတက်အင်းရယ်"

## ကဏ္ဍကတော ဝါ ၏ အဓိပ္ပါယ်

"ဆရာ၊ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉)ထဲမှာပါတဲ့ 'ကဏ္ဍက'ဆိုတဲ့ ပါဠိ စကားလုံးကို မြန်မာလို ဘယ်လိုပြန်ဆိုရမှာလဲ ဆရာ"

"ကိုတက်အင်းကလဲ အချက်ကျကျ တယ်ပြီးမေးတတ်ပါကလား၊ ရှေးအစဉ် အလာအားဖြင့် ပရိတ်ကြီးနိဿယတွေမှာတော့ အဲဒီ'ကဏ္ဍက'ကို'ဆူး'လို့ပြန်တာကို ဖတ်ရှုရတယ်ဗျ"

"ဟာ ဆရာကလဲ၊ ပြီးခဲ့တဲ့"ခါဏက'တုန်းကတော့ ငြောင့်လို့ ပြန်ခဲ့တယ်လေ။ အဲဒီ'ငြောင့်'နဲ့ 'ကဏ္ဍက''ဆူး'၊ ဘယ်လိုထူးသလဲဗျ။ ဆရာပြောခဲ့တယ်လေ 'ငြောင့်' ဆိုတာကို အညာမြေကမြန်မာတွေပြောကြတာလို့ အောက်အရပ်က လူ တွေကတော့ ဆူးလို့သာပြောလေ့ရှိကြတယ်၊ 'ငြောင့်'လို့ပြောလေ့မရှိဘူးလို့ ဆရာ ပြောခဲ့တယ်။ အဲဒီတော့ 'ငြောင့်'နဲ့'ဆူး' ဘယ်လိုများထူးသလဲ ဆရာ"

## ငြောင့်နဲ့ဆူးတို့၏ အဓိပ္ပါယ်အထူး

"ဗျာ ကိုတက်အင်းကလဲအလွယ်ကလေးပါဗျ၊ လူသားများ သစ်သားတုံးက ခွဲယူဖဲ့ယူပြီး ချွန်ထက်အောင်ပြုလုပ်၍ဖြစ်စေ၊ အလိုအလျောက် ပဲ့ထွက်၍ဖြစ်စေ ချွန်ထက်ပြီးစူးဝင်နိုင်တဲ့ သစ်သားစက 'ငြောင့်'ပေါ့ဗျာ"

"ပြီးတော့ လူသားများပြုလုပ်ခြင်းမရှိဘဲ ဆီးပင်၊ ခံပင် စသည်တို့မှ သူ့အလိုအလျောက် ပေါ်ထွက်လာတဲ့ သစ်သားအစအချွန် အတက်အစူးကလေး ကတော့ 'ဆူး'ပေါ့"

"ဝတ္ထုသာဓကေသက်သေပြရလျှင် နည်းနည်းရှည်သွားမယ်ဗျ။ ဒါပေမယ့် ခင်ဗျား လည်းနားထောင်၊ မြန်မာဝေါဟာရစကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားသိချင်တယ်ဆိုရင် ရှေးရှေးမြန်မာ ဝတ္ထု သက်သေရှာဖွေဖတ်ရမယ်ဗျ၊ စူးစမ်းလေ့လာရမယ်ဗျ။ 'ငြောင့်'နဲ့ 'ဆူး'ထူးပုံကို ရှေးရှေးအရေးအသား ဇာတ်လမ်းများကိုရှာဖွေကြည့်တော့ မြန်မာစာပေပညာရှင်များ လေးစားရတဲ့ ဆီးဘန်းနီဆရာတော်ဘုရားကြီးရဲ့ အရေးအသားထဲမှ စာတစ်ခုကို ကျွန်တော်တို့ ကိုးကား တင်ပြရမှာပဲ"

"အဲဒီ ဆီးဘန်းနီဆရာတော်ဆိုတာကိုလဲ မထင်မရှား အသေးအမွှား ပုဂ္ဂိုလ်ကြီး လို့ မထင်မှတ်လိုက်ပါနဲ့ဗျာ၊ မြန်မာပြည် ရှင်ဘုရင် သီပေါမင်းကို ရန်သူအင်္ဂလိပ် များက ဖမ်းဆီးယူဆောင်ခဲ့စဉ်တုန်းအခါမှာ မှူးမတ်ဝန်ကြီးများကို အပြစ်တင်စာ ရေးတဲ့ တကယ့်ပုဂ္ဂိုလ်မြတ်ကြီးပါပဲ။ အပြစ်တင်ပုံကတော့ "ထီးသုဉ်းနန်းသုဉ်း မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုညရလစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့ တတွေသည် သေသော်မှတည့် ဩော် ...ကောင်း၏'တဲ့ဗျ။ ဘယ်လောက်များ

ပြောင်မြောက်တဲ့စာလဲဆိုတာ စဉ်းစားပြီးဖတ်ပေတော့ဗျာ။အဲဒီဆီးဘန်းနီ ဆရာတော်ကြီးက ပန်းချီသရုပ်ဖော်စာတစ်ခုကို ကဝိမဏ္ဍနမေဒနီကျမ်း၌ ရေးသားထားတယ်။ အဲဒါကတော့ ငရဲခန်းပန်းချီကားသရုပ်ဖော်စာပဲ။

"သရုပ်ဖော်ပုံကတော့ ငရဲကြီးရှစ်ထပ် ရှိရာမှာ တစ်ထပ်တစ်ထပ်လျှင်-၁။ ဘင်ပုတ်ငရဲ၊ ၂။ ပြာပူငရဲ၊ ၃။ လက်ပံတောငရဲ၊ ၄။ သံလျက်ငရဲ-စသည်ဖြင့် ဥဿာဒငရဲခေါ် ငရဲငယ်ကလေးများ ဝိုင်းရံနေသည်။ အဲဒီအထဲမှာ လက်ပံတောငရဲခေါ် ငရဲငယ်ကလေးတစ်ခုကို ဖတ်ရသူများ ထင်ရှားစွာသိမြင်နိုင်စေရန် အောက်ပါအတိုင်းဖော်ပြထားပါသည်။

"ဥဿာဒငရဲ၌ ဤလူ့ရွာတွင် ကျင့်စဉ်တရား ယွင်းပါးချွတ်ချော် မတော်မမှန် ဖောက်ပြန်လွန်ကျူး အထူးသဖြင့်မိုက်ကုန်သော မိန်းမ-ယောကျ်ားတို့သည် ခံစားရ ကုန်၏။ ထိုသတ္တဝါတို့၏ခံရဟန်ကား အကြင်ဥဿာဒငရဲ၌ အမြင့်အားဖြင့် တစ် ယူဇနာ၊ ဆူးအရှည်အားဖြင့် တစ်ဆယ့်ခြောက်လက်သစ် ပမာဏရှိကုန်သော ငရဲလက်ပံပင်တို့သည် ဝန်းကျင်ပတ်ကုံး မဆုံးနိုင်အောင် တည်ကုန်၏။ ငရဲမီးတို့သည် ညီးညီးထိန်ထိန် လောင်ရှိန်မစဲရှိကုန်၏။ လူ့ပြည်လောက၌ အဓမ္မကို ကျင့်ကြံဖူးကုန်သော မိန်းမ,ယောကျ်ားတို့သည် ကံအားလျော်စွာ ဖြစ်ကြလာသည် ရှိသော် အကြင်အခါ၌ သူမိုက်ငရဲကောင်သည် သစ်ခွဥ္ဓနေသည်ဖြစ်အံ့။ ထိုသို့ နေသောအခါ သင်းအဖော်ရှိရာ လျင်မြန်စွာတက်ဘိ လော့ဟု သောသောကြွက်ကြွက် သံလျက် လှံ မား အပါးပါးသော လက်နက်မျိုးတို့ဖြင့် ပစ်ထိုးခုတ်ထစ်လျက် ယမရာဇ်မင်း၏ အချင်းယောကျ်ားတို့သည် ကြိမ်းမောင်းမြင့်စင် လက်ပံပင်အထက်သို့ တရားပျက် ငယုတ်မာကို လျင်စွာတက်စေကုန်၏။ ထိုအခါ တစ်ဆယ့်ခြောက် လက်သစ်ရှိသော ငရဲလက်ပံဆူးတို့သည် အဦးအောက်သို့ညွှတ်သဖြင့် ခံလင့်သည် ဖြစ်ရကား ငရဲသားကိုယ်ခန္ဓာသည် ဆန်ကာပေါက်အသွင်သို့ သွေးရှင်စီးစီး ဖြာဖြာစီးလျက် ကြီးလှစွာသောလက်ပံပင်သို့ အလျင်အမြန်တက်ရသဖြင့် ပမာဏ မပြုနိုင်သော ဝေဒနာဒုက္ခကို ခံကြရကုန်သည်။ အကြင်အခါ ယုတ်မာသော ယောကျ်ားသည် သစ်ပင်ဖျား၌ တည်သည်ဖြစ်အံ့။ ယုတ်မာညစ်ညမ်းသော မိန်းမသွမ်းကိုလည်း လက်နက်ထမ်းငရဲထိန်းတို့သည် ခြိမ်းမောင်းရိုက်နှင် အပြင်းတင်၍ လင်ပြောင်ရှိရာ တက်ရသောအခါ၌လည်း ပမည်းပမာမရသာအောင် ဝေဒနာဒုက္ခခံကြရပုံကို ထောက်ရှု၍ အကုသိုလ်တရားကို ရှောင်ရှားကြရမည်။

အထက်တွင် ရေးသားဖော်ပြခဲ့သည့် လက်ပံတော ဥဿာဒင‌ရဲ့ အညွှန်းကို ဖတ်ရှုရလျှင် လက်ပံပင်မှ တစ်ဆယ့်ခြောက်လက်သစ်ခန့် ဆူးကြီးများထွက်နေပုံ၊ ငရဲသားအား ဆန်ခါပေါက်ဖြစ်အောင် စူးပုံများကို တွေ့ရပေသည်။ ဤမျှဆိုလျှင် ‘ခြောင့်’နှင့်‘ဆူး’များ ထူးခြားပုံကို သိလောက်ပါပြီ။ ဤနေရာ၌ ဥဿာဒငရဲ ဆိုသည်မှာ ငရဲကြီး(၈)ထပ်၊ တစ်ထပ်တစ်ထပ်စီကို ဝိုင်းရံနေသည့် ငရဲငယ်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၉)၌ ပါရှိသော ‘ကဏ္ဍကတော ဝါ’သည် အလွန်တရာကြောက်မက်ဖွယ်ကောင်းကြောင်း သိသာပါသည်။ ပရိတ္တပါဠိကိုရွတ်ဖတ်သူတိုင်း ဖော်ပြခဲ့သည့် ကဏ္ဍကတော ဝါ(ခေါ်)ဆူးဘေးမှ လွတ်လိုပါကြောင်း ဆုတောင်းသင့်သည်”

**နက္ခတ္တတော ဝါ၏ အဓိပ္ပါယ်**

“ဆရာ၊ ‘နက္ခတ္တတော ဝါ’ကိုရှင်းဖို့ အလှည့်ကျလာပြီလေ၊ ကျွန်တော်တို့ ဘယ်လိုများ မှတ်သားရမှာလဲ”

“အင်း အဲဒါ နည်းနည်းခက်တယ်ဗျ၊ ကျွန်တော်ကိုအစဉ်အလာ ရွတ်ရိုးရွတ်စဉ် ပရိတ္တပါဠိတွေမှာတော့ ‘နက္ခတ္တတော ဝါ’ကို တိတိလင်းလင်းထည့်သွင်းပါရှိတယ်။ ပရိတ္တဋီကာထဲမှာတော့ ‘နက္ခတ္တတောဝါ’ရဲ့ ဖွင့်ဆိုချက်မတွေ့ရဘူးဗျ။ ‘ကဏ္ဍကတော ဝါ’ ပြီးတော့ ‘ဇနပဒရောဂတော ဝါ’ကို ကျော်ပြီး ဖွင့်သွားတယ်လေ”

“ဋီကာဆရာက ကျော်တာရှိပါစေတော့ဆရာရယ်၊ ယခုရှိနေဆဲ ရွတ်ဖတ်နေကြတဲ့ ပရိတ်ကြီးပါဠိ အစဉ်ထဲမှာရှိတဲ့အတိုင်း ‘နက္ခတ္တတော ဝါ’အကြောင်းကို ဆရာသိသမျှကိုသာ ရှင်းလင်းပြပါ”

“ကဲ ဟုတ်ပါတယ်လေ၊ နက္ခတ်ဆိုး,မကောင်းတဲ့ နက္ခတ်ဆိုတာ ကျွန်တော်တို့လောကမှာ တွေ့ရကြုံရတတ်ပါတယ်”

“ဟုတ်ကဲ့ဆရာ၊ ဟုတ်တာပေါ့၊ ကျွန်တော်တို့ လက်ရှိလူ့လောကထဲမှာ နက္ခတ်ဆိုးကြုံလို့ ဘယ်လိုမကောင်းဖြစ်ရတယ်၊ ဘယ်လိုမကောင်းဆိုးဝါးနဲ့ ကြုံရ တယ်ဆိုတာ တွေ့နေကြရတယ်။ အဲဒီလို နက္ခတ်မကောင်းနက္ခတ်ဆိုး ဘေးမှ လွတ်ရန်လည်း လိုအပ်တာပေါ့၊ ဒါကြောင့် ပရိတ်တရားတော်ကို ရွတ်ဆိုတဲ့အခါမှာ နက္ခတ်ဆိုး ဂြိုဟ်ဆိုးဘေးရန်များမှ လွတ်ကင်းအောင် စောင့်ရှောက်ကြပါလို့ ဆုတောင်းဖို့လည်း လိုအပ်ပါတယ်ဗျာ”

“ဟုတ်တယ် ကိုတက်အင်းရဲ့၊ ကျွန်တော်တို့ အလုပ်တစ်ခုခုကို လုပ်တော့မယ်၊ လုပ်ရန်စတော့မယ်ဆိုရင် ဂြိုဟ်ဆိုးမှလွတ်၍ ဂြိုဟ်ကောင်းနှင့်တွေ့ရန် နေ ရက်

နာရီ စသည်ကို ရွေးကြရတယ်၊ ပညာရှိများနဲ့ တိုင်ပင်ဆွေးနွေးကြရတယ် ပညာရှင်များကလည်း နည်းအမျိုးမျိုးဖြင့် ရွေးပေးကြတယ်၊ ရှာဖွေပေးကြတယ်။ အဲဒီလို ရက်ကောင်းရက်မြတ် နေ့ကောင်း နေ့မြတ် ရွေးချယ်ရတာနဲ့ပဲ တော်တော်နှင့် အလုပ်တစ်ခုကို စတင်မလုပ်နိုင်ဘူး။ နေ့ရွှေ့ ရက်ရွှေ့ လရွှေ့ဖြင့် အချိန်ကြာ နေတတ်ကြတယ်။ ဖွတ်အတင်းမျက်စိမှိတ်ပြီး ဘာဖြစ်ဖြစ်လို့ သဘောထားကာ စလုပ်ကြရတယ်"

"ဟုတ်ပါတယ်ဆရာ၊ နက္ခတ်နှင့်စပ်ပြီး ဆရာကိုယ်တွေ့ ကြုံရတွေ့ရှုံးပုံကို နည်းနည်းပါးပါး မှတ်ရအောင်ပြောပြပါ"

"ကျွန်တော်တို့ ရှေးမြန်မာအစဉ်အလာ လူကြီးသူမများ မှတ်သားဖွယ်စကားပုံ တစ်ခုလည်း ရှိတယ်လေ။ ဘယ်နေ့ဖြစ်ဖြစ်၊ ဘယ်ရက်ဖြစ်ဖြစ် အလုပ်ကိုစလုပ်ဖို့ သင့်တယ်တဲ့။ 'မင်းတို့ထွက် ရက်ရာဇာ'တဲ့၊ 'နဂါးတို့မျက်စောင်း အကြောင်းမရွေး ဘူး'တဲ့။ အဲဒီတော့ ဘယ်နေ့ဖြစ်ဖြစ် ဘယ်ရက်ဖြစ်ဖြစ် အလုပ်ကောင်းကို ကောင်းကောင်း စလုပ်ဖို့လိုတာပဲ။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလို ရက်ကောင်း ရက်မြတ် နေ့ကောင်းနေ့မြတ် ရွေးရလွန်းလို့ တွက်ရလွန်းလို့ ကိုယ့်အလုပ်ကို စမလုပ်နိုင်ဘဲ မျောနေခဲ့တယ်။ အဲဒါကြောင့် ကျွန်တော်က တေးထပ်လေးတစ်ပုဒ် ရေးပြီးတော့ ကိုယ့်ရဲ့ရည်ရွယ်ချက်အတိုင်း အလုပ်ကို စတင်လုပ်နိုင်အောင် ကြိုးစားခဲ့ရတယ်"

"ဆရာရဲ့ သတိပေးရေးထားတဲ့ တေးထပ်ကဗျာလေးကို ကြုံကြိုက်တုန်း ကျွန်တော် ရေးမှတ်ထားပါရစေ"

ဤသို့တောင်းပန်မှုကြောင့် ဆရာကြီးဦးစာကျော်က အောက်ဖော်ပြပါ တေးထပ် ကဗျာလေးကို ရွတ်ပြပါသည်။

"နက်ဖြန်ခါ သန်ဘက်နေ့၊ ရက်ရွှေ့၍နေကာ၊ အခက်တွေ့စရာ ပွေလာအောင် ဘယ်ကြောင့်၊ ပျင်းမှုနဲ့ဖျင်းမှုပြိုင်ကာ၊ မင်းခုတိုင် ရေးဘယ်ကြောင့်နှောင့်။ ။ ဖျက် ဆီးမှု ဘေးထွေထွေ၊ ထွေးပွေပွေအမှောင့်။ ။အရေးတွေမဖြောင့်ဖို့၊ စောင့်မနက် တူရောင်။ စိတ်အလေဒီနယ်ဖက်ရင်ဖြင့်၊ ရည်ရွယ်ချက်ပျက်လိမ့်မယ်မောင်။ ။

စရိုက်ဆိုး ယှဉ်အဆောင်ကို၊ ကျဉ်မရှောင် ခွာမခွဲလျှင်ဖြင့်၊ တစ်ခါတွဲ နှောင်အစဉ်၊ မွန်းနစ်လို့ပင်၊ ရည်ရွယ်ချက်လမ်းအစဉ်ကို မှန်းမမြင်ကွာဝေးလိမ့်လေး။ ။

"ကဲ ကောင်းတဲ့အလုပ်တစ်ခုကို စလုပ်နိုင်အောင် တေးထပ်ကလေးနဲ့ သတိပေးပြီး လုပ်ဖြစ်အောင်လုပ်ခဲ့ရတယ်ဗျ။ သို့မှသာလျှင်ဖြစ်တယ်၊ အောင်မြင်မှု

ရတယ်၊ နက္ခတ်တွေ ဂြိုဟ်တွေ အကောင်းအမွန်ရွေးချယ်ပြီး အချိန်မကုန်စေသင့်ဘူး၊ ရှေးက ဘုရားဟောနက္ခတ္တဇာတ်လိုပေါ့ဗျာ”

**နက္ခတ္တဇာတ်အကျဉ်း**

“မှတ်ရအောင် အဲဒီနက္ခတ္တဇာတ်ကို ကျွန်တော့်အား အကျဉ်းမျှပြောပြပါ”

ယင်းသို့ တောင်းပန်မှုကြောင့် နက္ခတ္တဇာတ်အကျဉ်းချုပ်ကို ဆရာကြီး ဦးစာကျော်က ကျွန်တော့်ကို အောက်ပါအတိုင်းပြောပြပါသည်။

“ရှေးအခါက သာဝတ္ထိပြည်မှာ သေဌေးတစ်ယောက်ရှိသည်။ အရွယ်ရောက်သည့် သမီးငယ် ချောချောလှလှလည်း ရှိသည်။ သာဝတ္ထိပြည်အနီး တောရွာတစ်ရွာမှ သေဌေးတစ်ဦးက ယင်းသမီးငယ်ကိုရယူရန်အတွက် လာရောက်တောင်းလိုပါကြောင်း နေ့ရက်သတ်မှတ်၍ အကြောင်းကြားသည်။ သမီးရှင် သာဝတ္ထိသေဌေးကြီးကလည်း သတ်မှတ်သည့်နေ့အတိုင်း လာခဲ့ပါဟူ၍ စကားပြန်ပြောသည်။ တောရွာမှ သေဌေးကလည်း သတို့သမီးသွားတောင်းရမည့် နေ့သို့ရောက်သောအခါ ဗေဒင်ပညာရှင်များနှင့် တိုင်ပင်သည်။ ဗေဒင်ပညာရှင်များကလည်း ‘ဒီနေ့ နေ့မကောင်းဘူးဗျ၊ ပါပဂြိုဟ် ပါပနက္ခတ်တွေ ထွန်းနေတယ်။ ပြဿဒါး ရက်လဲကျတယ်။ သမားဖြူကိန်း သမားညိုကိန်းတွေနဲ့လည်းကြုံနေတယ်၊ မသွားနဲ့ဦး၊ နောက်သုံးလေးရက် ဆိုင်းပြီးမှသွား။ အဲဒီတော့ ဂြိုဟ်ဆိုး နက္ခတ်ဆိုးတွေလည်းမရှိဘူး၊ ပြဿဒါးလည်းလွတ်ပြီ။ ရက်ရာဇာလည်းကျပြီ၊ ယခုတစ်နှစ်လုံးမှာ အကောင်းဆုံးနေ့ဖြစ်ပြီး ဘာလုပ်လုပ် ဘာကိစ္စဆောင်ရွက်ရွက် အောင်မြင်ပြီ၊ ကောင်းကျိုးပေးမည် ဟူ၍ ဗေဒင်ပညာရှင်များက ပြောသည်။ ထို့ကြောင့် လေးငါးရက်ဆိုင်းထားပြီး ချိန်းသည့်နေ့တော့မသွားဘဲ နေလိုက်သည်။ ဗေဒင်ပေးသောရက်၌သွားသောအခါ သာဝတ္ထိပြည်သေဌေးကြီးက မင်းတို့ချိန်းထားသည့် နေ့ကမလာလို့ ငါတို့အားလုံး အစီအစဉ်ဖျက်လိုက်တယ်၊ ဒါကြောင့် ငါ့သမီးကို မင်းတို့သားထက် အခြားသင့်တော်သည့် လူငယ်တစ်ယောက်နှင့် ပေးစားလိုက်ရ သည်ဟူ၍ ပြန်ပြောသည်။ နေ့နံရွေးနေ၍ နေ့ဆိုင်းကာသွားမိသော တောသေဌေးနှင့် အပေါင်းပါတို့မှာ သမီးငယ်ကိုမရဘဲ ဝမ်းနည်းစွာ အိမ်သို့ ပြန်လာခဲ့ကြရသည်။ ထို့ကြောင့် ‘မင်းတို့ထွက် ရက်ရာဇာ’ အချိန်မဆိုင်းကောင်းပါ။ ‘လိုရာရလျှင် နေ့ကောင်းပင်’ဖြစ်သည်ဟူ၍ လူကြီးသူမများ စကားပုံတစ်ခု မှတ်သားဖွယ် ပြောဆိုခဲ့ကြပေသည်”

## ဇနပဒရောဂတော ဝါ၏အဓိပ္ပါယ်

"ဆရာ၊ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉)မှာပါသည့် 'ဇနပဒရောဂတော ဝါ' ဆိုတာက ဘယ်လိုလဲဆရာ"

"အဲဒီအကြောင်းကိုပြောရမှာခက်နေတယ် ကိုတက်အင်းရဲ့၊ 'ဇနပဒ=ဇနပုဒ်မှာဖြစ်သော'ဆိုတဲ့ ပါဠိကိုကလည်း မြန်မာပြန်ရခက်နေတယ်၊ ဘယ်လိုဘေးရန်လဲဆိုတာ တိတိကျကျထုတ်ဖော်ရေးသားနိုင်ဖို့ခက်တယ်။ 'ဇန' ဆိုတဲ့ ပါဠိက 'လူ'လို့ မြန်မာပြန်ရမှာပဲ၊ 'ပဒ'ဆိုတဲ့ ပါဠိကိုတော့ ကျွန်တော်တို့ ပါဠိစာပေထဲမှာ 'ဓမ္မပဒ'ဆိုတဲ့ ပါဠိတစ်လုံးရှိတယ်၊ 'ဓမ္မ'ဆိုတာကတော့ 'တရား'ပေါ့ဗျာ၊ 'ပဒ' ဆိုတာကတော့'အစုအပေါင်း'ပေါ့။ နှစ်ခုပေါင်းလိုက်တော့ တရားအစုအပေါင်းကျမ်းကြီးလို့ဆိုပါတယ်။ အခု 'ဇနပဒ' ဆိုတာမှာလည်း လူအပေါင်းလို့ဆိုရမှာပေါ့။ တောတဲတောင်ထဲမှာ တဲကလေးတွေ အိမ်ကလေးတွေ ဆောက်ပြီးတော့ လူအပေါင်း စုဝေးနေတဲ့ ရွာကလေးများကို ဆိုလိုပါတယ်"

"ဆရာ၊ ဒီလိုဆိုတော့ တောကြားတောင်ကြားထဲမှာရှိတဲ့ ရွာစွန်ရွာဖျားလေးတွေလို့ ဆိုလိုတာပေါ့နော်"

"ဟုတ်တယ်၊ ကိုတက်အင်းရဲ့။ အဲဒီလို တောကြားတောင်ကြားထဲက အိမ်က လေးတွေ၊ ရွာကလေးတွေကို 'ဇနပဒ'လို့ ပါဠိဘာသာအားဖြင့်ခေါ်တယ်။ တောကြား တောင်ကြားထဲက ရွာကလေးတွေပေါ့။ အဲဒီရွာတွေမှာ လူဆိုးသူခိုးလဲ များတယ်။ ဘေးဆိုးရောဂါဆိုးလဲ များတယ်။ ကြာရှည်နေထိုင်ရန် မလွယ်ဘူး။ ယခုခေတ်အခေါ် ငှက်ဖျားရောဂါလဲ ထူထပ်ပေါများတယ်။ တစ်နေ့အိပ်ရန် တစ်ညအိပ်ရန်မပြောနဲ့ နာရီပိုင်းမျှ ခေတ္တခိုနေရန်ပင်မလွယ်ဘူးဗျ။ ကျွန်တော်တို့ ငယ်ဆရာ စာတတ်ပေတတ် အကျင့်သိက္ခာကောင်းတဲ့ ဘုန်းတော်ကြီးတစ်ပါးဟာ သံဃာ့အစည်းအဝေးရှိလို့ တောရွာကလေးတရွာမှာ တစ်ညမျှသွားရောက် ကျိန်းစက်ရုံဖြင့် ပျံလွန်တော်မူဖူးကြောင်း ကျွန်တော်မှတ်မိပါသေးဟယ်ဗျာ။ မမေ့နိုင်စရာပါပဲ။ အဲဒါဟာ 'ဇနပဒရောဂတော ဝါ' ပါပဲ။

"ယခုခေတ် ကမ္ဘာဖြင့်ချီ၍ဆေးဆရာများဆေးဝါးပညာရှင်ကြီးများက ငှက်ဖျားရောဂါကို အကြောင်းရှာနှိမ်နင်းနေတာကို တွေ့ကြုံနေရသေးတယ်။ အဲဒီ 'ဇနပဒရောဂ' ဆိုတဲ့ ငှက်ဖျားရောဂါကိုတော့ အပြည့်အစုံ မနှိပ်နင်းနိုင်ကြသေးဘူး။ ထူထပ်မြဲ ပေါများဆဲ ပေါများ နေတုန်းပဲဗျ။ ကျွန်တော်တို့ငယ်ငယ်က ကြားဖူးမှတ်ဖူးတဲ့ ဘိန်းချွတ်အရာရှိ အပျိုကြီး မနန်းတုတ်အကြောင်းကို ဒီနေရာမှာ ဇနပဒရောဂအကြောင်း ထင်ရှားစေရန် ထည့်ပြောချင်တယ်ဗျာ"

## ဘိန်းချုတ်အပျိုကြီးမနန်းတုတ်ဝတ္ထု

"ဟုတ်ပြီဆရာ၊ ကျွန်တော်တို့ မှတ်သားရအောင် စပ်ဆိုင်နေတုန်းမှာ ပြောထားပါ ဆရာ၊ မှတ်သားရပါရစေ"

"အထက်အညာ မဲဇာရွှေလီမြစ်ကမ်းပေါ်ကရွာတစ်ရွာမှာ မနန်းတုတ်အမည်ရှိတဲ့ လုံးကြီးပေါက်လှ အပျိုကြီးတစ်ယောကရှိသတဲ့။ သူတို့ရွာ၌ ငှက်ဖျားကြက်ဖျား ရောဂါ ပေါများထူထပ်သည်။ ကျားဆိုးကြီးတစ်ကောင်လည်း မင်းမူနေသည်။ ယင်း ကျားဆိုးကြီးသည် ရွာအတွင်းရှိ ကျွဲများ,နွားများ အိမ်မွေးတိရစ္ဆာန်များကို အထင်အရှားဝင်ရောက် ကိုက်သတ်စားလေ့ရှိသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မဖြိုဖျက်နိုင်တဲ့အတွက် ကျားဆိုးကြီး ရှောင်ကွင်းပုန်းအောင်းနေကြရသည်၊ ကြောက်ရွံ့ကြရသည်။ တစ်နေ့သောအခါ ရှမ်းဆရာခေါ်သိုင်းတတ်သူ အမျိုးသားကြီး တစ်ယောက်က သူကိုယ်တိုင် ယင်းကျားဆိုးဘေးရန်ကို နှိမ်နင်းဖြိုခွင်းပါမည်ဟူ၍ ဝန်ခံစကား ပြောကြားစီစဉ်သည်။ ရွာအထွက်ကွင်းပြင်၌ လူ၏တစ်ရပ်ကျော်ကျော် ငါးတောင်ခန့်မြင့်သည့် ဝါးစင်တစ်ခုဆောက်စေသည်။ ဝါးစင်ပေါ် ရှမ်းဆရာကြီး ကိုယ်တိုင်က ခုန်လွှား၍ သိုင်းကစားပြသည်။ ကျားဆိုးကြီးထွက်လာစေရန် ယင်းကျားဆိုးကြီး ကိုက်ထားသည့် နွားသေတစ်ကောင်ကို သနပ်ခါးလိမ်းပေး သည်၊ ပန်းပန်ပေးသည်။ မကြာမီ ကျားဆိုးကြီးသည် တောထဲမှ ထွက်လာ၍ ယင်းဆရာရှိရာ စင်ပေါ်သို့ ပြေးလာပြီး ခုန်တက်သည်။ ရှမ်းဆရာကိုယ်တိုင်က ကျားဆိုးကြီးခုန်တက်၍ ဝါးကွက်များအကြား၌ ချော်လဲ နေစဉ် လုံ့မဖြင့်ထိုးသတ်ရန် ရည်ရွယ်ထားသည်။ အမှန်တကယ် ကျားဆိုးကြီး စင်ပေါ်သို့ ခုန်တက်လာသောအခါ မည်သို့မျှ မလုပ်နိုင်ဘဲ ရှမ်းဆရာကိုယ်တိုင် အကြောက်လွန်ပြီး သတိမေ့လျော့ကာ ဝါးစင်ပေါ်မှာပင်လဲကျသွားသည်။ ရှမ်းဆရာကြီးမှာ မိမိအကြံအတိုင်း မည်သို့မျှ မလုပ်နိုင်ရုံမက ကျားဆိုးကြီးကပင် ကိုက်သတ်၍ သယ်ဆောင်သွားသည်။

"ထိုအခါမှပင်စ၍ ကျား၏ဂုဏ်ပေါ်၌ မည်းမည်းကြီးတစ်ကောင် အမြဲစီးနေ တတ်ကာ ပို၍ဆိုးလာသည်။ ကျားကြီးက လူများ ကျွဲများ၊ နွားများ စသည်တို့ကို ပို၍ပို၍ ရဲရဲရင့်ရင့် အတင်းဝင်၍ ဆွဲယူကိုက်သတ်စားကာ ဆိုးသွမ်းလာသည်။ ထိုနေ့မှစ၍ ကျားကြီးရန်ပိုမိုဆိုးဝါးလာသည်။ လူတိုင်းလူတိုင်း ကြောက်ရွံ့ကြရ သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကျားဆိုးရန် ဖြိုခွင်းနိုင်သည့် လူစွမ်းကောင်း မပေါ်တော့ချေ။

"တစ်ညသောအခါ အပျိုကြီးမနန်းတုတ်သည် မိမိအိမ်အောက်မှ ရှူးရှူးဝါးဝါး ကျားအော်သံကြားရသည်။ ထို့ကြောင့် မိမိ၏ဘေးကာရန်ကာ တစ်လုံးထိုး

လုံကြီးကို ကိုင်၍ အိမ်အောက်သို့ ကြမ်းပေါက်မှကြည့်သည်။ အိမ်အောက်ရှိ ကျားဆိုးကြီးကလည်း ယင်းကြမ်းပေါက်မှပင် အိမ်ပေါ်သို့ ချောင်းကြည့်သည်နှင့် ဆုံကြသည်။ ထို့ကြောင့် မိမိလက်စွဲ တလုံးထိုးလုံကြီးဖြင့် မနန်းတုတ်က ကျားကြီးအား အစွမ်းကုန် ထိုး လိုက်သည်။ လုံသည် ကျားကြီး၏ မျက်လုံးကိုပေါက်၍ မြေကြီးအတွင်းသို့ စူးဝင်သွားရာ ဒဏ်ရာဒဏ်ချက်ပြင်းထန်လှသောကြောင့် ကျားကြီးခမျာ မည်သို့မျှမလှုပ်ရှားနိုင် ရန်မမူနိုင် ဖြစ်သွားသည်။ ထိုအခါ မနန်းတုတ်က 'လာကြပါဗျို့၊ကျားဆိုးကြီးထိုးမိပါပြီ' ဟူ၍အော်သည်။ အိမ်နီးချင်းများ ကလည်း ဓား လှံလက်နက်များ ဆောင်ကြကာ ဝိုင်းလာကြသည်။ အဝေးမှလှမ်း၍ ထိုးကြပစ်ကြသည်။ မနန်းတုတ်၏ အိမ်သို့ရောက်မှ ကျားက မနန်းတုတ်ကို ထိုးသည်မဟုတ်ဘဲ မနန်းတုတ်ကကျားကို လုံဖြင့်ထိုးသည်ဟု အဓိပ္ပာယ်ပေါက် သွားကြသည်။ ယင်းသတင်းကောင်းကို ဆိုင်ရာအာဏာရှိ မှူးကြီးမတ်ကြီး ဝန်ကြီးများသိသောအခါ မနန်းတုတ်ကို ချီးကျူးကြသည်။ထိုနောက်၌ မနန်းတုတ် မှာ ဆိုင်ရာက ချီးမြှောက်သဖြင့် 'ဘိန်းချုတ် မနန်းတုတ်' ဟူ၍ ထင်ရှားလာသည်။ ယင်းရာထူးမှာ မိဘလူကြီးများ ပြောဆို ဆုံးမ မရအောင် အရက်သေစာ၊ ဘိန်း၊ ဘင်းများကို မှီဝဲသုံးစွဲသူတို့ကို အမိန့် ဥပဒေဖြင့် လည်ပင်းတွင်ဘိန်းထုပ်ကိုဆွဲ၍ တောကြားတောင်ကြားရှိ ဇနပဒခေါ် ရွာအိမ်ရွာငယ်များသို့ နှင်လွှတ်သည်။ ယင်းနှင်လွှတ်သူများကို နောက်နောင်တွင် ဤသို့ မိဘလူကြီးများပြောဆို ဆုံးမသည်ကို နာခံပါမည်။ မူးယစ်စာထန်းရည် အရက် ဘိန်းဘင်းများကို မမှီဝဲမသုံးစွဲတော့ပါဟူ၍ ဝန်ခံချက်ရမှ လည်ပင်းတွင် ဆွဲထားသော ဘိန်းထုပ်ကိုဖြုတ်ပစ်၍ အပြစ်မှလွှတ်စေသည့် ရာထူးဖြစ်သည်။ ထို့ကြောင့် 'ဘိန်းချုတ်မနန်းတုတ်' ဟူ၍ ထင်ရှားကျော်စောသည်။ ယင်းမနန်းတုတ် သည် လက်မောင်းတစ်လုံးတစ်လုံးလျှင် ယောကျ်ားကြီးလက်ဖြင့် သုံးထွာရှိသည်ဟူ၍ အားခွန်ဗလကြီးမားကြောင်း ထင်ရှားကျော်ကြားသည်။ ဤမျှဖော်ပြလျှင် တောစွန်ရွာဖျားကလေးများ၏ ဘေးအန္တရာယ်များပုံ 'ဇနပဒရောဂတော ဝါ' အကြောင်း သိသာထင်ရှား လောက်ပါပြီ"

**အသဒ္ဓမ္မတော ဝါ၏ အဓိပ္ပါယ်**

"ဆရာ၊ 'အသဒ္ဓမ္မတော ဝါ' ဆိုတာက ဘယ်လိုဘေးရန်ကို ဆိုလိုတာလဲဆရာ"

"ကိုတက်အင်းရဲ့၊ ဒီ 'အသဒ္ဓမ္မတော ဝါ' ဆိုတာကလည်း အတိအကျညွှန်ပြ ယူဆဖို့ရာ ခက်သေးတယ်ဗျ၊ ဦးစွာပထမ 'သဒ္ဓမ္မ'ဆိုတဲ့ ပုဒ်ရဲ့အဓိပ္ပာယ်ကို

နားလည်ရဦးမယ်၊ အဲဒါကိုနားလည်မှ 'အသဒ္ဓမ္မ'ကို နားလည်မှာဗျ။ နားလည် အောင်ပြောရမယ်ဆိုရင် တော်တော်လေးရှည်လျားမယ်ဗျ၊ ခင်ဗျားနည်းနည်း အရေးထားပြီး နားထောင်နိုင်မယ်ဆိုရင် ကျွန်တော်ရှင်းပြမယ်လေ"

"ဟုတ်ကဲ့ ဆရာ၊ ပြောပါ"

"ဗုဒ္ဓစာပေမှာ အဋ္ဌကထာကျမ်းပြုဆရာတော် အရှင်ဗုဒ္ဓဃောသကိုယ်တော်တိုင် သဘောကျလွန်းလို့ အဋ္ဌကထာနှစ်ကျမ်းမှာ နှစ်ကြိမ်တိုင်တိုင်ရေးသားထားတဲ့ နိဂုံးဂါထာခြောက်ဂါထာ ရှိတယ်ဗျ၊ အဲဒီ ခြောက်ဂါထာကတော့ 'ယံပတ္တံ' အစရှိတဲ့ ဂါထာခြောက်ပုဒ်ပဲဗျ"

"ဟုတ်ရဲ့လားဆရာ၊ ဘယ်လိုဂါထာမျိုးတွေလဲဆရာ"

၁။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။ ။

"ပါဠိကတော့ဟုတ်ပါရဲ့ဆရာ၊ ဘယ်လို အနက် ပြန်မလဲ၊ သိသာအောင် ခေတ်မီမီပြန်ပြစမ်းပါဆရာ"

"ကိုတက်အင်းရဲ့၊ လွယ်ပါတယ်ဗျ၊ အခုခေတ်မှာ ထိပ်တန်းပညာရှင်ကြီး တစ်ဆူဖြစ်တော်မူတဲ့ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ မထေရ်က အောက်ပါအတိုင်း မြန်မာပြန်ဆိုထားတယ်ဗျ။ မှတ်စရာလဲကောင်း၊ ခေတ်လဲမီတယ်ဗျ"

၁။ မယာ= တိပိဋကဓိုရ် ထေရ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုသမုတ် အကျွန်ုပ်သည်။ ယံ ကုသလံ= မဟာဗုဒ္ဓဝင် မည်တွင်ခေါ်မှန်း စာတော်ကျမ်းကို ကြိုးပမ်းပြုရ ဝီရိယနှင့် ဉာဏ, သဒ္ဓါယှဉ်ဘက်ပါသော မဟာခေါ်ဆို မြားမြောက်လှသော အကြင်ကုသိုလ်ကို။ ပတ္တံ=ယောနိသော ပဒဌာန်အကြောင်းခံ၍ ကေန်ဆတ်ဆတ် ရောက်အပ်ရအပ်လေပြီ။ တဿ ကုသလဿ=ကျမ်းပြုပါရ ဝီရိယနှင့်

ဉာဏသဒ္ဓါ ယှဉ်ဘက်ပါသော မဟာခေါ်ဆို မြှားမြောက်လှသော ထိုကုသိုလ်၏။ အာနုဘာဝေန=အမွေခံရိုး ဘုန်းတန်ခိုးဟု ဖန်ပျိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေ=ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ပါဏိနော=ဇီဝိတိန္ဒြေ ထိန်းစောင့်ချေ၍ ရှည်ထွေခုထိ တည်နေဘိကား သက်ရှိများစွာ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ= ပါရမီစာဂ စရိယနှင့် ဘုရားကျေးဇူး တရားထူးတို့ဖြင့် ပွားလှူးများစွာ သတ္တဝါတို့ကို သဒ္ဓါရွှန်းဝေ နှစ်သက်စေသည့် ပရမေမှန်ကင်း တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ=လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာစက်ကို လက်ရောက်ရအောင် ရွက်ဆောင်ပေးတတ်ထသော။ ဓမ္မံ= ဟောဖော်မိန့်ညွှန်း တရားကောင်းတို့ကို။ ဥဗ္ဗာ=သုတ, စိန္တာ ,ဘာဝနာဟု ပညာသုံးဆိုင်း မြင်းလျင်စိုင်းသို့ ပြိုင်းပြိုင်းထင်ထင် အမှန်အတိုင်းသိမြင်ကြ၍။

၂။ ဝိသုဒ္ဓါယ=ကာမသုခလ္လိက အတ္တကိလမထာ နှစ်ဖြာသောအယုတ် တရားတို့မှ ဝေးခြားကင်းကွယ် သန့်ရှင်းစင်ကြယ်သော။ သုခါယ=မဂ်ဖိုလ်၏ အဟန့် အတား နီဝရဏတရားတို့ကို ပယ်ရှားဖို့ငှာ လွယ်ကူချမ်းသာစွာသော။ ပဋိ ပတ္တိယာ= အဋ္ဌင်္ဂိက ဖြူစင်လှသား မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်။ အသော ကံ= ဗျသန ငါးမျိုး တရားဆိုးတို့ကြောင့် စိုးရိမ်ပူဆွေးရခြင်း အလျဉ်းမရှိသော။ အနုပါယာသံ= ရင်ဝမ်းမလင်း ပင်ပန်းပြင်း၍ အတွင်းကြိတ်ဟူ မဖိတ်ဆူဘဲ စိတ်ပူလှိုက်ထွေး ဥပါယာသ အလောင်အမြိုက်ဘေးလည်း မရှိထသော။ ဥတ္တမံ=ဆိုခဲ့ပြီးလတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်ကဲ္လွန် သာလွန်စွာထသော။ နိဗ္ဗာနသုခံ= ဘဝကြီးငယ် အသွယ်သွယ်ကို မြေးတွယ်ချုပ်စပ် တဏှာဝင့်မှ ကျွတ်ရာလွတ်ရာ နိဗ္ဗာန်တည်းဟူသောချမ်းသာသို့။ ပါပုဏန္တု=ခိပ္ပာဘိညာ ဒသဝိပဿနာ ပညာကွန်းပြောက် သွန်းသွန်းဆောက်၍ ဆိုက်ရောက်နိုင်ကြ စေကုန်သတည်း။

၃။ သဒ္ဓမ္မော=ပရိယတ်,ပဋိပတ် ပဋိဝေဓဟု သဒ္ဓမ္မတွင်ခေါ် သာသနာတော် သုံးရပ် သည်။ စိရံ=အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါကာလပတ်လုံး။ တိဋ္ဌတု= ဝိတဏ္ဍာဝါဒီ ရန်မသီဘဲ လျှံခြည်ဝေရွှန်းနေစက်ဝန်းသို့ တည်ထွန်း တောက်ပစေသတည်း။ သဗ္ဗေပိ=ကြွင်းမဲ့ဥဿုံ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ=လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့သည်။ ဓမ္မေ=ရှင်စောဘုရား ဟောကြား မြွက်ဖော် တရားတော်၌။ သဂါရဝါ ဟောန္တု=ကိုးကွယ်ရာစစ် ဧကန်ဖြစ်ဟု နှစ်နှစ်ကာကာ ယုံကြည်စွာဖြင့် ပညာဆိမီး ထွန်းညှိသီး၍ ကျောက်ထီးအတူ

အလေးမူကြပါစေကုန်သတည်း။ ဒေဝေါ=လူသူအပေါင်း ပွားစည်သျှောင်းအောင် ကြောင်းရင်းမှန်တဲ့ ကျေးဇူးပုံသား ပဇ္ဇုန်ခေါ် လျှဉ်း မိုးနတ်မင်းသည်။ ကာလေန= ရွာချိန်သင့်ရာ ညဥ့်အခါ၌။ (ဝါ) ကာလေန=မြေညှံ့ရာအရပ်၌ ငါးရက်တစ်ကြိမ်၊ မြေအလတ်စားအရပ်၌ ဆယ်ရက်တစ်ကြိမ်၊ မြေကောင်းရာအရပ်၌ တစ်ဆယ့် ငါးရက် တစ်ပက္ခတစ်ကြိမ် ရွာချိန်သင့်ရာ ညဥ့်အခါ၌။ သမ္မာပဝဿတု= အရည်ထန်စွာ မြို့ပြည်ရွာတို့ သာယာတင့်မော စည်ပင်ပြောအောင် ဖြောဖြော ဝှန်ဝှန် ရွာဖြိုးသွန်းပါစေသတည်း။

၄။ ပေါရာဏာ=ရှေးအထက်အခါသော်က တေဇော်ထွန်းသစ် ဘုန်းရောင် လှစ်ကြကုန်သော။ သုရာဇာနော=မဟာသမ္မတ ဤသို့စသား ဘုရားအလောင်း ရှေးမင်းကောင်းတို့သည်။ ပဇံ=တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းကို။ ဓမ္မေန= ရာဇဓံ ဆယ်ပါးမင်းကျင့်တရားဖြင့်။ ရက္ခိံသုယထာ=မိဘအရာ တည်နေကာဖြင့် ပြစ်ဆာမလိမ်း ရန်မာရ်ငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက် ကုန်သကဲ့သို့။ တထေဝ=ထို ဘုရားအလောင်း ရှေးမင်းကောင်းတို့ အတူသာလျှင်။ ရာဇာ= နှလုံးဉာဏ်ရည် လက်ရုံးရည်ဖြင့် မြန်ပြည်ထောင်စု စိုးမိုးပြုသား သမ္မုတိနတ် တို့မင်းမြတ်သည်။ ဣမံ ပဇံ=မေတ္တာချည်နှောင် ညီနှင့်နောင်ဟု ပြည်ထောင် စုသား ဤလူများကို။ ဓမ္မေန=ရာဇဓံဆယ်ပါး မင်းကျင့်တရားဆယ်ပါးတို့ဖြင့်။ အတ္တနော ပဇံ္လဝ=ရင်မှပေါက်ဖွား မိမိ၏သားကဲ့သို့။ ရက္ခတု=မေတ္တာကရုဏာ ဖြန့်ချီ ကာဖြင့် သဒ္ဓါဆော်နှိုး ဗြဟ္မစိုရ်မိုးကို ဆွေဖြိုးသွန်းကာ တိုင်းရပ်သာအောင် ပညာဝှန်ထောက် တံခွန်ဆောက်၍ စောင့်ရှောက်ချီးပင့်နိုင်ပါစေသတည်း။

"ယင်း နိဂုံးဂါထာတို့ကို အရှင်မဟာဗုဒ္ဓဃောသသည် အဘိဓမ္မာပိဋက ဓမ္မသင်္ဂဏီ ပါဠိတော်အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာအဆုံး၌ရေးခဲ့ပြီးဖြစ်သော်လည်း အလွန် သဘောကျတော်မူသောကြောင့် အဘိဓမ္မာငါးကျမ်းအဖွင့်ပဉ္စပကရဏ အဋ္ဌကထာ အဆုံး၌ ထပ်မံ၍အသုံးပြုပြန်သည်။ ယင်းဂါထာတို့ကိုပင် မဟာတိပိဋက ဓရ အရှင်ဝိစိတ္တ သာရာဘိဝံသသည်လည်း မဟာဗုဒ္ဓဝင်ကျမ်း၏နိဂုံး၌ အနက် မြန်မာပြန်ပြီးရေးထား ပြန်ပါသည်။ အလွန်ခေတ်မှီ အလွန်မှတ်သားဖွယ် ကောင်းလှသော ယင်းဂါထာများ၌ 'သဒ္ဓမ္မ'ပါဠိများကို 'မြတ်စွာဘုရား သာသနာ' ဟူ၍ ပြန်ဆိုထားပါသည်။ 'မြတ်စွာဘုရား အဆုံးအမ သာသနာသဒ္ဓမ္မ'များဟာ ယခု ကိုတက်အင်းမေးတဲ့ 'သဒ္ဓမ္မ'များပါပဲဗျာ။ မြတ်စွာဘုရား သာသနာတော်ကို 'သဒ္ဓမ္မ'ဟုသိရလျှင် 'အသဒ္ဓမ္မ'ကိုလည်း သိနိုင်ပါသည်။ ဘုရားသာသနာမဟုတ်တဲ့

အယူများ အဆုံးအမများလို့ပဲ ကေန်မုချ ယူဆရမှာပါ။ ယခု 'အသဒ္ဓမ္မတော ဝါ'ဆိုတာကတော့ ဘုရားအဆုံးအမ သာသနာတော်မဟုတ်တဲ့ အယူအဆ အဆုံးအမများ၏ဘေးရန်မှ လွတ်ကင်းရန် ဆုတောင်းကြခြင်းပင်ဖြစ်ပါသည်။

## အသန္တိဋ္ဌိတော ဝါ၏ အဓိပ္ပါယ်

"ဆရာခင်ဗျား၊ ဒိပရိတ္တပါဠိတော် စာပိုဒ်နံပါတ် (၉)မှာရှိတဲ့ 'အသန္တိဋ္ဌိတော ဝါ'ကို ရှင်းလင်းမိန့်ကြားတော်မူပါဦး"

"အသန္တိဋ္ဌိတော ဝါ ဆိုတာ မိစ္ဆာဒိဋ္ဌိဘေးရန်မှ ကင်းရှင်းရန်ကို ဆိုလိုပါတယ်၊ အဲဒီ 'အသန္တိဋ္ဌိတော ဝါ'ဆိုတာကလဲ သမ္မာဒိဋ္ဌနဲ့ ဆန့်ကျင်ဘက် မိစ္ဆာဒိဋ္ဌိကို ဆိုလိုတာပါ။ အဲဒီ 'အသန္တိဋ္ဌိတော ဝါ မိစ္ဆာဒိဋ္ဌိတော ဝါ ဆိုတာတွေဟာ အလွန် ကြောက်မက်ဖွယ်ကောင်းတယ်။ယခု ပရိတ်ကြီးပါဠိတော်မှာပါတဲ့အတိုင်း ကျွန်တော် တို့ သမ္မာဒိဋ္ဌိဗုဒ္ဓဘာသာဝင် သူတော်စင်များ သတိထားပြီး လေးလေးနက်နက် ထိထိ ရောက်ရောက်လွတ်ကင်းအောင် ဆုတောင်းကြရဖို့သင့်တယ်ဗျ။ ပထမဦးဆုံး အဲဒီ မိစ္ဆာဒိဋ္ဌိရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သမ္မာဒိဋ္ဌိအယူကို နားလည်သိထားသင့် ကြပါတယ်။ သမ္မာဒိဋ္ဌိလို့ဆိုတဲ့ သန္တိဋ္ဌိကို နားလည်ပြီးမှ အသန္တိဋ္ဌိတော ဝါ ကို နားလည်အောင် လေ့လာသင့်ကြတယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိဆယ်မျိုးကို ဦးစွာ ပထမ ကျွန်တော်ရှင်းပြပါ့မယ်။

## သမ္မာဒိဋ္ဌိ(၁၀)မျိုး

၁။ ပေးလှူခြင်း (အကျိုး)သည် ရှိ၏။
၂။ ယဇ်ကြီး(အလှူကြီး)ပူဇော်ရခြင်း (အကျိုး)သည် ရှိ၏။
၃။ ယဇ်ငယ် (ဟုန်း) (အလှူငယ်) ပူဇော်ရခြင်း (အကျိုး)သည်ရှိ၏။
၄။ ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြုအပ်သော (ကောင်းမှု၊ မကောင်းမှု) ကံတို့၏ အကျိုးဖျား, (အကျိုးဆက်) 'ဖလ'အကျိုးရင်း 'ဝိပါက' သည် ရှိ၏။
၅။ ဤလောကသည်ရှိ၏။
၆။ တမလွန်လောကသည်ရှိ၏။
၇။ အမိ(၌ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့်ပြုခြင်း၏အကျိုး)သည် ရှိ၏။
၈။ အဖ(၌ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့်ပြုခြင်း၏အကျိုး)သည် ရှိ၏။
၉။ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏။

၁၀။ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကို လည်းကောင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော ရဟန်း, ပုဏ္ဏား, သာမဏ ဗြာဟ္မဏတို့သည် လောက၌ရှိကြ၏။

ဤသည်တို့မှာ ဘုရားအလိုတော်ကျ သမ္မာဒိဋ္ဌိ အယူ(၁၀)မျိုး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း ဤ(၁၀)မျိုကို လက်ခံသက်ဝင်ယုံကြည်ရမည် ဖြစ်သည်။ ယင်း(၁၀)မျိုးနှင့် ဆန့်ကျင်ဘက် မိစ္ဆာဒိဋ္ဌိမှားယွင်းသော အယူအဆကြီး (၁၀)မျိုးရှိပြန်သေးသည်။

**မိစ္ဆာဒိဋ္ဌိ(၁၀)မျိုး**

၁။ ပေးလှူခြင်း(အကျိုး)သည် မရှိ။

၂။ ယဇ်ကြီး(အလှူကြီး)ပူဇော်ရခြင်း(အကျိုး)သည် မရှိ။

၃။ ယဇ်ငယ်(ဟုန်း) (အလှူငယ်)ပူဇော်ရခြင်း (အကျိုး)သည် မရှိ။

၄။ ကောင်းစွာပြုအပ်၊မကောင်းသဖြင့်ပြုအပ်သော (ကောင်းမှု၊ မကောင်းမှု) ကံတို့၏ အကျိုးဖျား (အကျိုးဆက်) 'ဖလ'အကျိုးရင်း 'ဝိပါက'သည် မရှိ။

၅။ ဤလောကသည်မရှိ။

၆။ တမလွန်လောကသည်မရှိ။

၇။ အမိ(၌ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့်ပြုခြင်း၏ အကျိုး)သည် မရှိ။

၈။ အဖ(၌ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့်ပြုခြင်း၏ အကျိုး)သည် မရှိ။

၉။ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်။

၁၀။ ဤလောကကိုလည်းကောင်း၊ တမလွန်လောကကို လည်းကောင်း၊ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်သော၊ ညီညွတ်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော ရဟန်း, ပုဏ္ဏား, သာမဏ ဗြာဟ္မဏတို့သည် လောက၌ မရှိကုန်။

"ဖော်ပြခဲ့သည့် သမ္မာဒိဋ္ဌိဆယ်မျိုးနှင့် မိစ္ဆာဒိဋ္ဌိဆယ်မျိုးတို့ကို ဓမ္မသင်္ဂဏီ ပါဠိတော် မြန်မာပြန်ကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။

"ယင်းသမ္မာဒိဋ္ဌိဆယ်မျိုးနှင့် မိစ္ဆာဒိဋ္ဌိဆယ်မျိုးတို့ဆိုင်ရာ လူမျိုးကြီးများသည် အကြီးအကျယ်ငြင်းခုန်၍ စစ်တိုက်ပွဲဆင်နွှဲခဲ့ကြဖူးသည်။ မဟာဝင်ကျမ်းကြီး၌ ထို အကြောင်းအရာများကို အကြီးအကျယ်ရေးသားဖော်ပြထားပါသည်။ မဟာဝင် မြန်မာပြန်ကျမ်းကြီးကို ရွှေတောင်မြို့မှ ကျိုးသဲ လေးထပ်ဆရာတော်ကြီးက ပြုစုထားပါသည်။ ဗုဒ္ဓဘာသာဝင် ဒုဋ္ဌဂါမဏိမင်းကြီးက ဖြိုခွဲတော်မူခဲ့ရသည်။ ယခုခေတ် ဗုဒ္ဓဘာသာဝင် သူတော်စင်များ သတိထား၍ ပရိတ်ကြီးပါဠိတော်လာ အတိုင်း 'အသန္တိဋ္ဌိတော ဝါ'မှ ကင်းလွတ်စေကြောင်း ဆုတောင်းသင့်ပါသည်"

## အသပ္ပုရိသတော ဝါ၏ အဓိပ္ပါယ်

"ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ပရိတ္တပါဠိစာပိုဒ်အမှတ်(၉)၌ ပါသည့် အသပ္ပုရိသတော ဝါ' အကြောင်းကို သိသာအောင် ရှင်းပြပါဆရာ"

'အဲဒီ အသပ္ပုရိသတော ဝါ'ဆိုတဲ့ ပါဠိကို ရှေးအစဉ်အလာ ပရိတ်ကြီးပါဠိတော် နိဿယတွေမှာ 'သူယုတ်မာတို့မှလည်းကောင်း'လို့ ပြန်ဆိုလေ့ ရှိကြတယ်။ ယခုဒီနေရာမှာတော့ မချိုးမွမ်းထိုက်သော လူညံ့လူဖျင်းတို့မှ လည်းကောင်း ပြန်ဆိုသင့်ပါတယ်ဗျာ"

"ဟုတ်တယ် ကိုတက်အင်းရဲ့၊ 'သပ္ပုရိသ'ဆိုတာကို 'သန္တ+ပုရိသ'လို့ ပုဒ်ခွဲ ရမယ်။ 'ငြိမ်သက်တည်ကြည်သော ချီးမွမ်းထိုက်သည့် သူတော်ကောင်း'လို့ ပြန်ဆိုတယ်။ 'အသပ္ပုရိသ'ဆိုတော့ ငြိမ်သက်တည်ကြည်မှုမရှိတဲ့ လူညံ့ လူဖျင်း လူမိုက်'လို့ ပြန်ဆိုရတော့မှာပေါ့ဗျာ၊ 'အသပ္ပုရိသ'ဆိုတာကတော့ 'သပ္ပုရိသ'ရဲ့ ဆန့်ကျင်ဘက် ငြိမ်သက်တည်ကြည် လူတော်လူကောင်းမဟုတ် ပရမ်းပတာနိုင်သော လူစား လူညံ့ လူဖျင်း လူမိုက်'လို့ယူဆရမှာပေါ့လေ။ အင်္ဂုတ္တရပါဠိတော် စတုက္က နိပါတ်မှာ အသပ္ပုရိသသုတ်ဆိုတာရှိတယ်။ ယင်းအသပ္ပုရိသသုတ် မြန်မာပြန်ကို ကျွန်တော်ပြောပြမယ်ဗျ။

## အသပ္ပုရိသသုတ်မြန်မာပြန်

"ရဟန်းတို့၊ တရားလေးမျိုးတို့နှင့်ပြည့်စုံသောသူကို သူယုတ်ဟု သိထိုက်၏။ အဘယ်လေးမျိုးတို့နည်းဟူမူ–

၁။ "ရဟန်းတို့၊ ဤလောက၌ သူယုတ်သည် သူတပါး၏ ကျေးဇူးမဲ့ကို မမေးသော်လည်းထင်စွာပြု၏။ မေးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ပြဿနာ

အလို့ငှာ ရေးရှုဆောင်၍မေးအပ်သည်ရှိသော် မယုတ်လျော့စေမူ၍ မဆိုင်းမတွ ပြည့်ပြည့်စုံစုံ အကျယ်တဝင့် သူတပါးကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့၊ ထိုအကြောင်းသည် 'ဤအရှင်ကား သူယုတ်တည်း'ဟု သိရမည့် အကြောင်းတည်း။

၂။ "ရဟန်းတို့၊ နောက်တစ်မျိုးကား သူယုတ်သည် သူတပါး၏ ကျေးဇူးကို မေးသော်လည်း ထင်စွာမပြု၊ မမေးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ ပြဿနာ အလို့ငှာ ရေးရှုဆောင်၍ မေးအပ်သည်ရှိသော်ယုတ်လျော့စေ၍ ဆိုင်းဆိုင်း တွတွ မပြည့်မစုံ အကျယ်ဖွင့်ဘဲ သူတစ်ပါး၏ကျေးဇူးကို ပြောဆိုတတ်၏။ ရဟန်းတို့၊ ထိုအကြောင်းသည် 'ဤအရှင်ကား သူယုတ်တည်း' ဟု သိရမည့် အကြောင်းတည်း။

၃။ "ရဟန်းတို့၊ နောက်တစ်မျိုးကား သူယုတ်သည် မိမိ၏ ကျေးဇူးမဲ့ကို မေးသော်လည်း ထင်စွာမပြု၊ မမေးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ ပြဿနာအလို့ငှာ ရေးရှုဆောင်၍မေးအပ်သည်ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်း တွတွ မပြည့်မစုံ အကျယ်ဖွင့်ဘဲ မိမိကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့၊ ထို အကြောင်းသည် 'ဤအရှင်ကား သူယုတ်တည်း' ဟု သိရမည့်အကြောင်းတည်း။

၄။ "ရဟန်းတို့၊ နောက်တစ်မျိုးကား သူယုတ်သည် မိမိ၏ ကျေးဇူးကို မမေးသော်လည်းထင်စွာပြု၏၊ မေးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ ပြဿနာ အလို့ငှာ ရေးရှုဆောင်၍မေးအပ်သည်ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်းတွတွ ပြည့်ပြည့်စုံစုံ အကျယ်ဝင့် မိမိကျေးဇူးကိုပြောဆိုတတ်၏။ ရဟန်းတို့၊ ထိုအကြောင်း သည် 'ဤအရှင်ကား သူယုတ်တည်း' ဟု သိရမည့်အကြောင်းတည်း။

"ရဟန်းတို့၊ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသူကို သူယုတ်ဟုသိရ၏"

"အသပ္ပုရိသသုတ်ကတော့ ဒါပဲဗျ။ ဒီသုတ်လာ အကြောင်းလေးချက်ဟာ အလွန်တရာအတ္တဆန်၍ လောဘဘက်ပါလွန်းသောကြောင့် မကောင်းတဲ့ အကြောင်း များဖြစ်လို့ အသပ္ပုရိသလို့ အမည်ပေးထားတာပဲ"

"ဒါကြောင့် ရှေးမြန်မာပညာရှိတွေက 'ပညတ်သွားရာ ဓာတ်သက်ပါ'လို့ ပြောလေ့ဆိုလေ့ရှိတတ်ကြတယ်။ လူငယ်များကိုလည်း ဆုံးမတတ်ကြတယ်။ ကျွန်တော်တို့ ရှေးရှေးမြန်မာဆေးဆရာကြီးများထဲမှာ အလွန်ထင်ရှားတဲ့ အောက်မြန်မာပြည် တိုက်ကြီးမြို့နယ် အိုင်ကလောင်ရွာ, ဖိုးခေါင်ရွာတို့မှာ ထင်ရှား ကျော်ကြားတဲ့ မြန်မာဆေးပညာရှင်ကြီး တစ်ဦးပေါ်ခဲ့ဖူးတယ်။ အဲဒီ ဆေးဆရာကြီးက ရောဂါဝေဒနာရှင် လူနာ၏နာမည်ကို လိုက်၍လည်းကောင်း၊

ဆေးဖက်ပစ္စည်း၏ နာမည်ကိုလိုက်၍ လည်းကောင်း အမည်အားလျော်စွာ ရောဂါပျောက်အောင် ဆေးကု ပေးလေ့ရှိတယ်။ ရွာသူရွာသား နယ်သူနယ်သား လူနာအများ ရောဂါ ပျောက်ကင်း ချမ်းသာကြလို့ အလွန်ထင်ရှားကျော်ကြားတဲ့ ဆေးပညာရှင်ကြီး တစ်ယောက်ဖြစ်တယ်”

“ယခု ဖော်ပြတဲ့ အသပ္ပုရိသသုတ်နှင့်အညီညံ့ဖျင်းဆိုးဝါးတဲ့လူတွေ ပေါ်လာလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းတယ်၊ ယင်းလူဖျင်းလူညံ့များနှင့် မတွေ့ရမကြုံရအောင် ‘အသပ္ပုရိသတော ဝါ’မှ ကင်းရှင်းလိုရပါကြောင်း ဆုတောင်းသင့်တယ်”

“ဟုတ်ကဲ့ပါဆရာ၊ အသပ္ပုရိသဆိုတဲ့ လူညံ့ လူဖျင်း လူဆိုးလူဝါးတွေဟာ ထင်မိထင်ရာ၊ လုပ်မိလုပ်ရာ မကောင်းတာကို အလွန်လုပ်တတ်လွန်းလို့ ကြောက်မက်ဖွယ် ကောင်းလှပါတယ်၊ ကျွန်တော်တို့ကတော့ အသပ္ပုရိသခေါ်တဲ့ ဘေးဆိုးရန်ဆိုးမှ ကင်းလွတ်လိုကြောင်း ပရိတ္တပါဠိကိုရွတ်ဆိုတိုင်း ဆုတောင်းပါ တယ်ဆရာ”

## စဏ္ဍ ဟတ္ထိတော ဝါ စသည်၏အဓိပ္ပါယ်

“ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ကျွန်တော်တို့ ပရိတ်တရားတော် အကြောင်းကို ဆွေးနွေးခဲ့ကြသည်မှာ ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၉)မှ ‘အသပ္ပုရိသတော ဝါ’ အကြောင်း ဆွေးနွေးလို့ပြီးပါပြီ၊ အခု အဲဒီစာပိုဒ်ထဲမှပဲ ‘စဏ္ဍ ဟတ္ထိ’အစချီသော အကြောင်းအရာများကို ဆက်ဆွေးနွေးကြပါစို့”

“အင်း–အင်း၊ ယခု ကျွန်တော်တို့ ‘စဏ္ဍ ဟတ္ထိ’ဆိုတာ ကြမ်းတမ်းသော ဆင်ကို ဆိုလိုတယ်။ ဘယ်လောက်ကြမ်းတဲ့ဆင်လဲဆိုတာ ကိုတက်အင်း သိလား”

“မသိပါဘူးဆရာ၊ ‘စဏ္ဍဟတ္ထိ’ဆိုတာ ဘယ်လောက်များ ကြမ်းလို့လဲဆရာ၊ တဆိတ်လောက် အမိန့်ရှိပါဆရာ”

“ဟုတ်တယ်ဗျ၊ သိထားသင့်ပါတယ်။ ဒီဆင်ကြီးက သိပ်ကြမ်းတာပဲ၊ အဇာတသတ်မင်းရဲ့ စစ်တပ်ထဲက နာမည်ကျော်တိုက်ပွဲဝင်ဆင်ကြီးပဲ၊ အလုံးအရပ်ကလဲ မြင့်မားထွားကျိုင်းတယ်၊ စိတ်ကလဲ ဆိုးသွမ်းတယ်၊ လူကို အကြိမ်ကြိမ် သတ်ခဲ့ဖူးတယ်၊ တိုက်ပွဲရှိတိုင်းလဲ မဆုတ်မတွန့် မရွံ့မကြောက် တိုက်ပွဲဝင်နိုင်တယ်၊ နာမည်ကျော်တိုက်ပွဲဝင် ဆင်ဆိုးဆင်ကြမ်းကြီးပေါ့။ ဒါကြောင့်မို့ စဏ္ဍ ဟတ္ထိ ဆင်ကြမ်းကြီးလို့ ခေါ်ရတာပေါ့”

“တယ်ကြမ်းတဲ့ဆင်ကြီး ဆင်ဆိုးကြီးပါလားနော်၊ ကြောက်စရာကြီးပေါ့ ဆရာရယ်”

"ကြောက်စရာ ဆင်ဆိုးကြီးဆင်ကြမ်းကြီးပေါ့။ အဲဒါကြောင့် ဘုရားဖြစ်ချင်တဲ့ အရှင်ဒေဝဒတ်က မြတ်စွာဘုရားသတ်ဖို့ရာ ဒီနာဠာဂီရိခေါ်တဲ့ ဆင်ဆိုးကြီးကို မြတ်စွာဘုရားထံသို့ ရင်ဆိုင်လွှတ်ပြီးတော့ သတ်ဖို့ရန်ကြံစည်တယ်၊ ဆင်ထိန်းတွေကို တိတ်တိတ်ပုန်း သွားပြီးတော့ပြောတယ်၊ 'ဟေ့-ဆင်းထိန်းတို့၊ မင်းတို့ ငါ့ကို သိကြရဲ့လား၊ ငါက မင်းတို့ရဲ့အရှင်သခင် အဇာတသတ်မင်းရဲ့ ဆရာကွ၊ မင်းတို့ဟာ ငါ့စကားကိုနားထောင်၊ ငါခိုင်းတာကိုလုပ်၊ အခြံအရံ စည်းစိမ်ဥစ္စာ တိုးတက်လိမ့်မယ်၊ တန်ခိုးလဲကြီးမယ်၊ မင်းတို့နာဠာဂီရိဆင်ကို တိုက်ပွဲ ဝင်တဲ့အခါ အရက်ဘယ်လောက်တိုက်သလဲ'ဟူ၍မေးသည်။ ထိုအခါ ဆင်ထိန်း တို့က 'အရက် ရှစ်မောင်းတိုက်နေကျပါဘုရား'ဟုပြောသည်။ ထိုအခါ အရှင်ဒေဝဒတ်က 'အေး-ဟုတ်ပြီ၊ ခါတိုင်းအရက်ရှစ်မောင်းတိုက်နေကျဆိုရင် ဒီတစ်ခါတော့ ဆင်ကြီးကို သွက်သွက်ခါအောင်မူးသွားအောင် ခါတိုင်းထက်ပို၍ အရက်ဆယ့်ခြောက်မောင်း တိုက်ကွာ၊ ဆင်ကြီးသွက်သွက်ခါအောင်မူးပြီဆိုတော့မှ ဘုရားဂေါတမ ဆွမ်းခံလာတဲ့လမ်းကို လွှတ်ပေးပြီး ဘုရားဂေါတမကို အသေသတ်ပစေဟု ခိုင်းသည်။

"နောက်တစ်နေ့နံနက်ခင်းတွင် မြတ်စွာဘုရားကြွလာသောအခါ ဒေဝဒတ် စီစဉ်သည့်အတိုင်း ဆင်ထိန်းများက နာဠာဂီရိဆင်ကို အရက်ဆယ့်ခြောက်မောင်း တိုက်သည်။ နာဠာဂီရိဆင်ဆိုးကြီးလည်း မူလကဆိုးရသည့်အထဲ အရက်မူးနေသော အခါ ပို၍ကြမ်းတမ်းဆိုးသွမ်းနေလေသည်။ လမ်းဘေးရှိအိမ်ငယ် ဆိုင်ငယ်များကို ဖျက်ဆီး ပစ်သည်၊ တွေ့သမျှ မြင်သမျှလူများ ကျွဲများ နွားများကို ရန်လုပ်သည်၊ အဝေးမှ လှမ်း၍ မြတ်စွာဘုရားကိုမြင်သောအခါ မြတ်စွာဘုရားထံသို့ ရူးရူးစိုက်စိုက် တည့်တည့်မတ်မတ် ပြေးသွားသည်။

"မြတ်စွာဘုရားရှိရာသို့အရက်မူးနေသည့် နာဠာဂီရိဆင်ဆိုးကြီး ရန်မူရန် လာနေသည်ကို မြတ်စွာဘုရားကလည်း မရှောင်မလွှဲဆင်ကြီးရှိရာသို့ တည့်တည့် မတ်မတ်ပင် ရင်ဆိုင်ပြီးကြွလာသည်။ နောက်တော်မှအရှင်သာရိပုတ္တရာ စသော တပည့်သား ရဟန်းတော်များတန်းစီ၍ လိုက်ပါလာကြသည်။ ထိုအခါ လက်ယာ တော်ရံအရှင်သာရိပုတ္တရာစသောတပည့်များက မြတ်စွာဘုရားရှေ့မှတက်၍ နာဠာဂီရိဆင်နှင့် မိမိတို့ ရင်ဆိုင်ပါမည်ဟု လျှောက်ထားခွင့်တောင်းကြသည်။ မြတ်စွာဘုရားရှင်က ပယ်ရှား၍ ခွင့်မပြုဘဲထားသည်။ ညီတော်အာနန္ဒာကလည်း အခြား မထေရ်ကြီးများတပည့်ကြီးများနည်းတူ သူကျော်တက်၍ရင်ဆိုင် ပါမည်ဟု လျှောက်ထားသည်။ မြတ်စွာဘုရားက ခွင့်မပြုပေ။ ထိုစဉ်အခါ နာဠာ ဂီရိဆင်က

မြတ်စွာဘုရားအား ရန်ပြုမည်လော?၊ မြတ်စွာဘုရားရှင်က နာဠာဂီရိ ဆင်ကို ဆုံးမနိုင်မည်လော’ဆိုသည်ကို တွေ့လိုမြင်လိုသော ရာဇဂြိုဟ်ပြည်သား ယောကျ်ား မိန်းမ လူကြီးလူငယ်၊ အစွယ်အမျိုးမျိုး အစားစား လူအများတို့သည် ကြည့်လို မြင်လိုကြသောကြောင့် နံရံပေါ် အုတ်တံတိုင်းပေါ် သစ်ပင်ပေါ်တို့မှ လမ်းဘေး တလျှောက် မြင်နိုင်လောက် သောနေရာများမှ တိုး၍ တက်၍ ကြည့်ရ ကြသည်။ အပြည့်အကျပ် လမ်းဘေးနေရာမလပ် ဝိုင်းပတ်လည်နေသည်။ ရင်တမမကြည့်ရှု နေကြသည်။ ကြောက်ခမန်း လန့်ခမန်း ရင်သပ်ရှုမော အံ့သြခြင်း ဖြစ်နေကြသည်။ ပွဲကြီးပွဲကောင်းတစ်ခု ဖြစ်နေသည်။

"အရက်မူးနေသော နာဠာဂီရိဆင်မိုက်ကြီးသည် မြတ်စွာဘုရားရှိရာသို့ အတင်းဒလကြမ်းပြေးလာသည်။ မြတ်စွာဘုရားရှင်ကလည်း ဆင်ကြီးအား မေတ္တာပို့သည်။ မြတ်စွာဘုရားအနီးသို့ရောက်သောအခါ အတင်းပြေးလာသော အရက်မူးနေသော ဆင်ကြီးသည် ရှေ့မတိုးနိုင်ဘဲ ရပ်တန့်သွားသည်။ ခေါင်းငိုက်စိုက် ချကာ မြတ်စွာဘုရားအား အရိုအသေပြုနေသည်။ မြတ်စွာဘုရားရှင်ကလည်း မေတ္တာဓာတ် ပွားများ၍ တရားတော်များကို ရွတ်ဆိုဟောကြားသည်။ လက်ယာ လက်ဝါးတော်ဖြင့် နာဠာဂီရိဆင်ကြီး၏ ဦးထိပ်ကိုပွတ်သပ်၍ တရားဟောကြားသည်။ နာဠာဂီရိ ဆင်ကြီးလည်း မလှုပ်မယှက် ငြိမ်သက်စွာပင် ဦးခိုက်အရိုအသေပြုနေသည်။ ထိုအခါ အဝေးမှဝိုင်းကြည့်နေသော လူအများသည် နာဠာဂီရိဆင်အား ကောင်းချီး ပေးကြကာ အဝတ်တန်ဆာ၊ လက်စွပ်၊ လက်ကောက်၊ ရွှေငွေရတနာတို့ကို ကြဲဖြန့်ဂုဏ်ပြုကြသည်။ နာဠာဂီရိဆင်ကြီး တကိုယ်လုံးရွှေငွေဥစ္စာတို့ဖြင့် ဖုံးလွှမ်း သွားတော့၏။ ထိုအခါမှစ၍ နာဠာဂီရိဆင်ကြီး၏အမည်ကို မူလရှိရင်း နာဠာဂီရိဟု မခေါ်ကြတော့ဘဲ ဓနပါလဟုခေါ်ကြသည်။ ဓနပါလဟူသည့် ပါဠိစကားမှာ ရွှေငွေဥစ္စာရတနာတို့၏ အရှင်ဟူ၍ဖြစ်သည်။ နာဠာဂီရိအမည်မှ ဓနပါလအမည်သို့ ချက်ချင်းပင် ပြောင်းလဲသွားသည်။ ဤသည်မှာ အရက်မူးယစ်နေသည့် ဆင်ဆိုး ဆင်မိုက်ကြီးကို မြတ်စွာဘုရား အောင်မြင်တော် မူခြင်းဖြစ်သည်။

"ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ပရိတ်ကြီးပါဠိ၌ လာရှိသည့် အတိုင်း ကြမ်းတမ်းသော ဆင်ဆိုးဆင်မိုက်တို့၏ဘေးရန်မှ လွတ်ကင်းပါမည့် အကြောင်း ဆုတောင်းကြကုန်ရာ၏"

## စက္ကအသ စသည်တို့၏ အဓိပ္ပါယ်

“ကိုတက်အင်းရေ၊‘စက္က ဟတ္ထိ=ကြမ်းတမ်းသောဆင်’အကြောင်းကိုတော့ ဆွေးနွေး ပြီးပြီ။ ဒီစာပိုဒ်နံပါတ်(၉)ထဲမှာက ‘စက္က ဟတ္ထိ’မှ‘ရက္ခသာဒိဟိ’ထိအောင် စာပိုဒ် ရှည်ကြီးတစ်ခု ပါဝင်နေတယ်ဗျ၊ ဒီစာပိုဒ်ကြီးကတော့ ပါဠိဘာသာမှာ အလွန်ရှည်လျားတဲ့ ဒွန်သမာသ်ပုဒ်ကြီးဗျ၊ သတိထားမိရဲ့လား။ ဒီပုဒ်ကြီးမှာ စကားလုံးပေါင်း ဘယ်နှစ်လုံးပါသလဲ၊ ခင်ဗျား ကျေးဇူးပြုပြီး ရေတွက်ကြည့်စမ်းဗျာ”

“ဟတ္ထိ၊ အဿ၊ မိဂ၊ ဂေါဏ၊ ကုက္ကုရ၊ အဟိ၊ ဝိစ္ဆိက၊ မဏိသပ္ပ၊ ဒီပိ၊ အစ္ဆ၊ တရစ္ဆ၊ သူကရ၊ မဟိံသ၊ ယက္ခ၊ ရက္ခသာ–အားလုံး (၁၅)ခု ရှိတယ်ခင်ဗျ”

“ဟုတ်ပြီ ကိုတက်အင်း၊ (၁၅)ပုဒ်ပါဝင်တဲ့ ဒွန်သမာသ် စကားလုံးကြီးဗျ။ အဲဒီ (၁၅)မျိုးရဲ့ အစဆုံးမှာ စက္ကဆိုတဲ့ စကားလုံးပါနေတယ်၊ အဲဒီ ‘စက္က’ဟာ ဒွန်သမာသ်(၁၅)လုံးရဲ့ အစဆုံးမှာတည်နေသောကြောင့် ‘ဒွန်၏ရှေ့၌၊ ရှိသည့်ပိုဒ်၊ ယှဉ်လိုက်ပုဒ်တိုင်းမှာ’လို့ ပါဠိပညာရှိကြီးများက နိယံကဗျာရေးထားတယ်။ ဒါကြောင့် အဲဒီ ‘စက္က’စကားလုံးကို သူ့နောက်မှာရှိတဲ့ (၁၅)လုံးနဲ့ တွဲယှဉ်ရမယ်၊ ‘စက္က ဟတ္ထိ,စက္က အဿ, စက္က မိဂ စသည်ဖြင့် ဖြစ်သွားမယ်။ မြန်မာလို အနက်ပြန်တော့လည်း အောက်ပါအတိုင်းဖြစ်ပေလိမ့်မည်။

၁။ စက္က ဟတ္ထိ =ကြမ်းသောဆင်၊

၂။ စက္က အဿ=ကြမ်းသောမြင်း၊

၃။ စက္က မိဂ=ကြမ်းသောသမင်၊

၄။ စက္က ဂေါဏ=ကြမ်းသောနွား၊

၅။ စက္က ကုက္ကုရ=ကြမ်းသောခွေး၊

၆။ စက္က အဟိ=ကြမ်းသောမြွေ၊

၇။ စက္က ဝိစ္ဆိက=ကြမ်းသောကင်းမြီးကောက်၊

၈။ စက္က မဏိသပ္ပ=ကြမ်းသောမြွေစိမ်း၊

၉။ စက္က ဒီပိ=ကြမ်းသောသစ်၊

၁၀။ စက္က အစ္ဆ=ကြမ်းသောဝံ၊

၁၁။ စဏ္ဍာ တရစ္ဆ=ကြမ်းသောအောင်း၊

၁၂။ စဏ္ဍာ သူကရ=ကြမ်းသောဝက်၊

၁၃။ စဏ္ဍာ မဟိံသ=ကြမ်းေ [illegible]၊

၁၄။ စဏ္ဍာ ယက္ခ=ကြမ်းသောဘီလူး၊

၁၅။ စဏ္ဍာ ရက္ခသ=ကြမ်းသောရက္ခိုသ်-လို့ ပြန်ရတယ်ဗျာ။

"ဒီနေရာမှာ မှတ်ရန်ကတော့ ပုသိမ်မြို့ ဗိုလ်ကုန်းဆရာတော်ကြီး၏ ပရိတ်ကြီး ဂဏ္ဌိကျမ်း(စာမျက်နှာ-၂၁)မှာ 'စဏ္ဍာ ဟတ္ထိ' အစရှိသောပုဒ်တို့ကို သဒ္ဒါကျမ်း၊ အဘိဓာန် ကျမ်းတို့နှင့် ညှိနှိုင်းပြီးဖွင့်ဆိုတော်မူထားပါတယ်။ အချို့ပုဒ်တို့ကို မြန်မာပြန်ထားပုံမှာ တမျိုးထူးခြားပြီး နှစ်သက်ရန်ကောင်း၍ မှတ်သားသင့်ပါတယ်။ ဥပမာအားဖြင့် 'ဝိစ္ဆ=ကင်းပုဇွန်၊ တိရစ္ဆ=ကျားသစ်၊ ယက္ခ= ကုဝေရနတ်မျိုး၊ ရက္ခ= ရက္ခသနတ်' စသည်တို့ဖြစ်တယ်"

"ကြမ်းသောဆိုတာတွေက များလှချည်လား ဆရာ၊ ဘယ်လိုများကြမ်းတာလဲ ကျွန်တော်သိချင်လိုက်တာ၊ တဆိတ်လောက် 'စဏ္ဍာ'ဆိုတဲ့ ကြမ်းတမ်းပုံကိုပြောပြပါ ဆရာ"

"စဏ္ဍာ ဟတ္ထိ ကြမ်းတမ်းသောဆင်ဆိုတာကတော့ နာဠာဂီရိဆင်ကြီးလိုပေါ့ဗျာ၊ လူကို အခြားသတ္တဝါလို ထိခိုက်နာကျင်မှုဖြစ်စေသည်မှ အသက်သေဆုံးသည်အထိ ဘေးရန်ကိုပြုတတ်လို့ ကြမ်းတမ်းတယ်လို့ ဆိုတာပါပဲ။ 'စဏ္ဍာ အဿ=ကြမ်းသော မြင်းမှ စဏ္ဍာ ရက္ခသ=ကြမ်းသော ရက္ခိုသ်အထိ' ကြမ်းတမ်းပုံကို ဤနာဠာဂီရိ ဆင်ရဲ့ ကြမ်းတမ်းခက်ထန်ရက်စက်ပုံအတိုင်း ယူဆရမှာပါပဲ။ အစဆုံးပုဒ် 'စဏ္ဍာ ဟတ္ထိ'အကြောင်းတော့ ဖော်ပြခဲ့ပြီး အဆုံးဖြစ်တဲ့ 'စဏ္ဍာရက္ခသ'ကြမ်းတမ်းသော ရက္ခိုသ်အကြောင်းကို ပြောပြမယ်ဗျ။ နားထောင်ပေတော့ ကိုတက်အင်းရေ"

"ပြောပါဆရာ၊ မှတ်ထားပါရစေ"

## စဏ္ဍာ ရက္ခသတော ဝါ၏အဓိပ္ပာယ်

"ရက္ခသဆိုတာက ရက္ခ+အသလို့ ပိုင်းခွဲရတယ်၊ ရက္ခ=စောင့်ရှောက်၍။ အသ= စားသောက်တတ်သူ-ဟူ၍ အဓိပ္ပာယ်ပြန်ရတယ်ဗျ။ တစ်နေရာရာကို စောင့်နေ၍ အဲဒီနေရာကိုကျူးလွန်ရောက်ရှိလာသူကို စားပစ်တတ်တဲ့အကောင်မျိုးပဲ၊ အဲဒါကို 'ရက္ခသ'လို့ခေါ်တယ်။ ဥပမာပြရရင်တော့ ကျွန်တော်တို့ မြတ်စွာဘုရား နိမ်နင်းအောင်မြင်လိုက်တဲ့ အာဠာဝကဘီလူးကြီးအကြောင်းပါပဲ"

"ကဲဆရာ၊ ကြုံကြိုက်တုန်း ရှင်းပြပါ၊ ကျွန်တော်မှတ်ထားချင်လို့ပါ"

"အာဠဝကဘီလူးဆိုတာက အာဠဝိပြည်အနီး ညောင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီ ညောင်ပင်ကြီးမှာ ဘီလူးကြီးတစ်ကောင်စောင့်နေတယ်၊ ညောင်ပင်ရဲ့အရိပ်ထဲကို ဝင်လာသူကို စားသောက်ပစ်နိုင်တဲ့ အခွင့်အရေးရှိတယ်၊ ဘာကောင်ဝင်လာလာ သူကစားပစ်နိုင်တယ်။ တစ်နေ့သောအခါ အာဠာဝိပြည့်ရှင်ဘုရင်ဝင်လာ၍ အာဠာဝကဘီလူးက သူစောင့်ရှောက်နေတဲ့ ညောင်ပင်၏အရိပ်ထဲကို ဝင်လာသော ကြောင့် သူစားပစ်နိုင်သည်၊ စားပစ်ရမည့်အခွင့်အရေးရှိသည်'ဟူ၍ ပြောသည်။ အာဠာဝိ ရှင်ဘုရင်က မစားဘို့ရာတောင်းပန်သည်။

"အာဠာဝိရှင်ဘုရင်က သူ့ကိုမစားပါနှင့်၊ နေ့တိုင်း နေ့တိုင်း နေ့စဉ်ရက်ဆက် လူတစ်ယောက်နှင့် ထမင်းတစ်အိုးကျွေးပါမည်ဟူ၍ ကတိပြုသည်။ အာဠာဝက ဘီလူးကလည်း ရှင်ဘုရင်ကိုမစားဘဲ နေ့တိုင်းနေ့တိုင်း လူတစ်ယောက်နှင့် ထမင်းတစ်အိုးကိုစား မည်ဟူ၍တွေးပြီး ရှင်ဘုရင်ကို လွှတ်လိုက်သည်။ ရှင်ဘုရင် ကလည်း နေ့စဉ် အပြစ်ရှိသူရာဇဝတ်သားများကို ထမင်းတအုပ်နှင့် ဘီလူး ထံသို့ပို့စေသည်။ တစ်နေ့သောအခါ ရှင်ဘုရင်၏သားငယ် အာဠဝိမင်းသားကလေး အလှည့်ကျ၍ ပို့ရန်လာသည်။ ဤအကြောင်းကို မြတ်စွာဘုရားသိတော်မူ၍ တန်ခိုးပြပြီး အာဠာဝကဘီလူးကို တရားရစေသည်။ အာဠာဝကဘီလူး တရား ရသွားပြီး မင်းသားလေးကို မစားတော့ဘဲ အသက်လွှတ်၍ မြတ်စွာဘုရား လက်တော်သို့အပ်နှင်းသည်။ မင်းသားကလေးအား အာဠာဝကလက်မှ မြတ်စွာဘုရား လက်သို့ရောက်၍ မြတ်စွာဘုရားလက်မှတဖန် အထိန်းတော်လက်သို့ရောက်သော ကြောင့် 'ဟတ္ထာဠဝက'ဟူ၍ အမည်ပေးသည်။ ကြီးသောအခါ နာမည်ကျော်ကြား သော မြတ်စွာဘုရားတပည့်သားဖြစ်လာသည်။ 'ဟတ္ထာဠဝက'ဆိုသည်မှာ လက် အဆင့်ဆင့်ပြောင်းခဲ့သော မင်းသား'ဟူ၍ ဆိုသည်။ ဤသည်မှာ အာဠာဝက ဘီလူးကြမ်းကြီးကို မြတ်စွာဘုရား အောင်မြင်တော်မူခြင်းဖြစ်သည်။

ဤဝတ္ထုကိုထောက်၍ 'ရက္ခသ'ဟူသော အစောင့်အမှူကိုပြု၍ ထိုစောင့်နေသော နေရာဌာနသို့ ကျူးကျော်လာသူ၏အသက်ကို သတ်ဖြတ်စားတတ်သည့် ရက္ခိုဉ်ရှိ ကြောင်းကို သိသာထင်ရှားသည်။ အဲဒီတော့ 'ရက္ခသ'ဟူသော ကြမ်းတမ်းသော 'ရက္ခိုဉ်'ဘေးရန်မှ လွှတ်မြောက်ရန်ဆုတောင်းကာ ပရိတ်တရားတော်ကို များများကြီး ကြီးစားရွတ်သင့်ပါသည်"

## နာနာဘာယတော ဝါ ၏အဓိပ္ပါယ်

"ဆရာကြီး ဦးစာကျော်ခင်ဗျား၊ ပရိတ္တပါဠိစာပိုဒ်နံပါတ်(၉)မှာပါတဲ့ 'နာနာဘာယ တော ဝါ'ပုဒ်မှ ဘေးအမျိုးမျိုးဆိုတာ ဘယ်လိုဘေးမျိုးလဲဆရာ၊ ကျွန်တော်တို့ နောက်လူများသိရှိမှတ်သားရအောင် ကျေးဇူးပြုပြီးရှင်းလင်း ပြောပြပါဦးဆရာ"

"အေးဗျာ၊ ကျွန်တော်တို့ ငယ်စဉ်ကာလက ဘုန်းတော်ကြီးကျောင်းမှာသင်ရတဲ့ ပရိတ်ကြီးပါဠိ၏ အစကလေးမှာရှိတဲ့ အဲဒီ 'နာနာဘာယတော ဝါ'အကြောင်းကို သေသေချာချာ ကွဲကွဲပြားပြားမှတ်သားလောက်အောင် မသိခဲ့ရဘူးခင်ဗျ။ နောင်ကြီးပြင်းလာလို့ စာပေကျမ်းဂန်တွေ ဖတ်ရှုနိုင်တဲ့အခါ သိလိုရာရှာဖွေကြည့်တော့ ကျမ်းအဆူဆူမှာ မျိုးမျိုးဖော်ပြထားတာကိုတွေ့ရတယ်။ အဲဒီ 'နာနာဘာယတော ဝါ'မှာ ပထမဆုံးပုဒ်ကတော့ ပါဠိလို'ဘာယ'၊ မြန်မာလို'ဘေး'ဆိုတာကိုသာ ကွဲကွဲပြားပြား ခွဲခွဲခြားခြား လေ့လာတွေ့ရှိရတယ်။ အဲဒီတော့ 'ဘေး'ဆိုတာ ဘာလဲလို့ နားလည်အောင်မှတ်သား၊နောက်ပြီးမှ ဘေးအမျိုးမျိုးကို ကျွန်တော် ရှင်းပြမယ်"

"ဟုတ်ကဲ့ ဆရာ၊ ဆရာပြောတဲ့ အစီအစဉ်အတိုင်း ဘေး–ဆိုတဲ့ ပါဠိအရကို ကျေးဇူးပြု၍ ရှေးဦးစွာရှင်းပြပါ၊ ဘယ်လိုများ မှတ်သားရမလဲ"

"ကဲကဲ၊ 'ဘာယ'ဆိုတဲ့ ပါဠိကို ပရိတ္တဋီကာမှာ 'ဘိတဗ္ဗန္တိ ဘယံ'လို့ ဝိဂြိုဟ်ဆိုတယ်။ ပြီးတော့ နောက်တစ်နည်း 'ဘာယန္တိ ဧတေနာတိ ဘယံ'ဟူ၍ ဝိဂြိုဟ်ဆိုထားတယ်။ အနက်ပေးလျှင် ဘိတဗ္ဗံ= ကြောက်အပ်၏။ ဣတိ= ထို့ကြောင့်။ ဘယံ= ဘေးမည်၏။ လို့တမျိုးရတယ်။ ဧတေန=ထိုဘေးဖြင့်။ ဘာယန္တိ=ကြောက်ကြကုန်၏။ ဣတိ= ထို့ကြောင့်။ ဘယံ=ဘေးမည်၏ ဟူ၍တမျိုး အနက်နှစ်နည်းပေးထားတယ်ဗျ။ ဒါ့အပြင် ပရိတ္တဋီကာကျမ်းပြုဆရာတော်ကြီးက နာနာဘာယပုဒ်ကို 'အာရမ္မဏဘယံ= အာရုံဖြစ်သောဘေးကို၊ လဗ္ဘတိ=ရ၏'ဟု ကောက်ပြခဲ့သည်။ ဒါကြောင့် နာနာဘာယ ဆိုသည်မှာ အာရမ္မဏဘာယကို ယူရမယ်လို့ ဆိုလိုပါတယ်"

"ဟုတ်ကဲ့ပါဆရာ၊ ပရိတ္တဋီကာက ဝိဂြိုဟ်လဲဆိုပြတယ်။ အာရမ္မဏဘာယကို ယူရမယ်လို့လည်း အရကောက်ပြထားသေးတယ်နော်၊ သိပ်မှတ်သားစရာ ကောင်းတာပဲ"

"အေးဗျ–ဟုတ်တယ်။'ဘာယ'ဆိုတဲ့ဘေးက လေးမျိုးရှိတယ်ဗျ။ ခင်ဗျား သိရဲ့လား"

"မသိပါဘူးဆရာ၊ ကျေးဇူးပြု၍ ဘယလေးမျိုးကို ခွဲပြပါဦး"

"ကဲဗျု၊ မသိရင်မှတ်ထား၊ ကျမ်းဂန်ပေမှာ 'ဘယ'ဘေးဆိုတာကို (၄)မျိုး ပြတယ်။ ဘေး(၄)မျိုးကတော့ (၁) စိတ္တုတြာသဘယ=စိတ်တုန်လှုပ်မှုကြောင့် ဖြစ်သောဘေး။ (၂) ဉာဏဘယ=ဉာဏ်ဖြင့်ထိုးထွင်းသိရသောဘေး၊ (၃) အာရမ္မဏ ဘယ= ကြောက်စရာကောင်းသောအဆင်းအသံစသော အာရုံဘေး၊ (၄) ဩတ္တပ္ပ ဘယ= အကုသိုလ်ကို ကြောက်ခြင်းဘေးလို့ အဲဒီလိုဘေး(၄)မျိုးရှိတယ်ဗျ။ အဲဒီလေးမျိုးထဲမှာ အခု ပရိတ္တပါဠိမှာပါတဲ့ 'နာနာဘယတော ဝါ' ကတော့ ဘေး(၄)မျိုးထဲက နံပါတ်(၃)ဖြစ်တဲ့ အာရမ္မဏဘေးကိုယူပါလို့ ပရိတ္တဋီကာကျမ်းပြု ဆရာတော်ကြီးက ညွှန်ပြထားပါတယ်။ အဲဒီ အာရမ္မဏ ဘေးအမျိုးမျိုးကတော့ မြင်မိလျှင် ကြားမိလျှင် တွေးမိလျှင် ကြောက်စရာကောင်းအောင်တွေ့ရမယ့် ဘေးအမျိုးမျိုးပဲ။ အဲဒီတွေ့ရတဲ့ ဘေးအမျိုးမျိုးကို ရှေးရှေးကျမ်းပြုဆရာကြီးများ သိသမျှတွေ့သမျှ အမျိုးမျိုးရေးထားကြတယ်။ ဘယ်ဟာအမှန်ဆိုတာ ကျွန်တော်တို့ ကောက်ချက်ချ မဆုံးဖြတ်နိုင်သေးဘူး"

"မုံရွေး ဇေတဝန်ဆရာတော်ကြီးရဲ့ သမန္တစက္ခုဒီပနီကျမ်းကြီးမှာလဲ မှတ်သား လောက်အောင် ရေတွက်ပြီးရေးပြထားတယ်။ လုံးတော်ဆရာတော်ကြီးရဲ့ ပကိဏ္ဏက ဝိသဇ္ဇနာကျမ်းမှာလဲ တစ်မျိုးတစ်ဖုံ ရေတွက်ပြထားတယ်။ စာအုပ်ကလဲရှားတော့ ကျွန်တော်ဖတ်ပြီး မပြောနိုင်ဘူး။ မူအမျိုးမျိုးရှိတယ်လို့သာ မှတ်ထားလိုက်ပါ တော့။ အဂ္ဂမဟာပဏ္ဍိတ ဖျာပုံတိုက်သစ်ဆရာတော်ကြီး၏ သုတေသနသရုပ်ပြ အဘိဓာန်ကျမ်း(စာမျက်နှာ–၃၇၉)မှာလည်း တိတိကျကျ လေ့လာရှာဖွေ၍ ရေးပြ ထားတယ်။ ယင်းကျမ်းလာ ဘေးမျိုး (၂၅)ပါးကိုတော့ ကျွန်တော်ပြောပြမယ်။ ကိုတက်အင်း မှတ်သားထားပေတော့"

မိလိန္ဒပဉှာ မဟာနိဒ္ဒေသဍ္ဌလာရှိသည့် (၂၅) ပါးသော ဘေးဘျမ်းမျိုး– ၁။ ဆွေမျိုးတို့၏ ပျက်စီးသောဘေး ၂။ ရောဂါဝေဒနာ နှိပ်စက်ခြင်းဘေး ၃။ ဥစ္စာ ပျက်ခြင်းဘေး ၄။ သီလပျက်စီးခြင်းဘေး ၅။ အယူပျက်စီးခြင်းဘေး ၆။မင်းဘေး ၇။ ခိုးသူဘေး ၈။ ရန်သူဘေး ၉။ ဝေမ်မွတ်သောဘေး ၁၀။ မီးဘေး ၁၁။ ရေဘေး ၁၂။ လှိုင်းတံပိုးဘေး ၁၃။ ရေဝဲဘေး ၁၄။ မိကျောင်းဘေး ၁၅။မကာရုံ ငါးရဲဘေး ၁၆။ မိမိကိုယ်ကို နောင်တပူပန်ခြင်းဘေး ၁၇။ သူ တထူးစွပ်စွဲခြင်းဘေး ၁၈။နှုတ်ဒဏ် လက်ဒဏ် ကြေးဒဏ်သင့်သောဘေး ၁၉။ပရိသတ် အလယ်၌ ရှက်ရွံ့သောဘေး ၂၀။ သူတစ်ပါးကိုအမှီပြု၍ အသက်မွေး

ရသောဘေး ၂၁။ ပဋိသန္ဓေနေရခြင်းဘေး၊ ၂၂။ အိုရခြင်းဘေး ၂၃။ နာရခြင်းဘေး ၂၄။ သေရခြင်းဘေး ၂၅။ မကောင်းသော အဖြစ်သို့လားရသောဘေး။

"ကဲကဲ–ကိုတက်အင်းရေ၊ ကြောက်စရာကောင်းတဲ့ ဘေး (၂၅)ပါးကိုတော့ ရေတွက်ပြပြီးပြီ။ သုတေသနသရုပ်ပြအဘိဓာန်ကျမ်းပြုဆရာတော်ကြီးကတော့ အဲဒီဘေးကြီး (၂၅)ပါးဟာ 'ကျေးဇူးရှင် (၁၀)ပါးကို ပြစ်မှားသူတို့ ခံရတတ်သည်'လို့ ဖော်ပြထားပြန်သဗျ။ ခင်ဗျားမမေးပေမဲ့ ကျွန်တော်က ဖြေရမယ်ဆိုရင် ကျေးဇူးရှင်ကြီး ၁၀–ပါးဆိုတာ ခင်ပွန်းကြီး ၁၀–ပါးပေါ့။ အဲဒီလို ဘေးဆိုးတွေကို သိရတော့ ဘေး အမျိုးမျိုးမှ လွတ်ကင်းအောင် ပရိတ်တရားတော်ကိုရွတ်ပြီး အင်တိုက်အားတိုက် ဆုတောင်းကြပါစို့ဗျာ"

## နာနာရောဂတော ဝါ ၏ အဓိပ္ပါယ်

"ဆရာ၊ ပရိတ္တပါဠိ စာပိုဒ်နံပါတ်(၉)မှ 'နာနာရောဂ'ဆိုတဲ့ပါဠိကို ဘယ်လို မြန်မာပြန်မလဲဆရာ"

"ကိုတက်အင်းရဲ့ ...အဲဒီ 'နာနာရောဂတော ဝါ'ကို 'ရောဂါအမျိုးမျိုးဘေးမှ' လို့ ရှေးရိုးစဉ်လာ မြန်မာပြန်ကြတာပဲဗျ၊ ရောဂါအမျိုးမျိုးဆိုတာ ကိုတက်အင်းသိရဲ့ လား ဘာရောဂါတွေလဲ၊ ဘယ်လို ရောဂါအမျိုးမျိုးလဲ စဉ်းစားပြီးပြောကြည့်စမ်းဗျာ"

"ကျွန်တော်ကတော့ဆရာ ဆေးကျမ်းတွေ လောကီကျမ်းတွေမှာလာတဲ့ ရောဂါ အမျိုးမျိုးပဲသိတယ်၊ ဘယ်လိုအမျိုးမျိုးလဲဆိုတာတော့ ကွဲကွဲပြားပြား ခွဲခွဲခြားခြား မသိသေးပါဘူး၊ ဆရာပြောမှပဲ သိရမှာပါ၊ အမိန့်ရှိပါ"

"ဒီလိုဗျ ကိုတက်အင်းရဲ့၊ ဟိုးရှေးခေတ် ပရိတ်ပါဠိတော်အဖွင့် ပရိတ္တဋီကာ ကျမ်းမှာ "ရုဇ္ဇတိ အာတုရတီတိ ရောဂေါ၊ စတုဘူတဝိသမေန ပဝတ္တော ဗျာဓိ" လို့ အဖွင့် ပါဠိရှိတယ်။ အဲဒါကို နိဿယမှာ 'ရုဇ္ဇတိ အာတုရတိ= ကျင်နာတတ်၏။ ဣတိ= ထို့ကြောင့်။ ရောဂေါ=ရောဂါမည်၏။ စတုဘူတဝိသမေန= မဟာဘုတ် လေးပါး မညီညွတ်သဖြင့်။ ပဝတ္တော=ဖြစ်သော။ ဗျာဓိ=အနာတည်း။ ဟူ၍ အနက်ဖော်ပြ ထားတယ်။ ရောဂါဆိုတာ ကျင်နာတတ်သော ဓာတ်လေးပါးမညီညွတ် သဖြင့် ဖြစ်ပေါ်သည့်အနာမျိုးတဲ့ဗျ။ သူတပါးမှာရော မိမိမှာရော ဤခန္ဓာကိုယ်ကြီး ရှိသူတိုင်းမှာ ပထဝီ, တေဇော, အာပေါ, ဝါယောဆိုတဲ့ ဓာတ်လေးပါး မညီညွတ် သောကြောင့် ဖြစ်ပေါ်လာတတ်သည့်ကျင်နာကိုက်ခဲ မချမ်းမသာဖြစ်တတ်သည့် အနာရောဂါ တစ်မျိုးမျိုးပေါ့ဗျာ"

"အဲဒီအနာရောဂါအမျိုးပေါင်း ဘယ်လောက်များသလဲဆရာ၊ တိတိကျကျ သိရရင်ကောင်းမှာပဲ၊ တဆိတ်လောက် ကြုံကြိုက်တုန်း ကျွန်တော်တို့မှတ်သားအောင် ရှင်းပြပါဆရာ"

"အဲဒါတွေကတော့ ဒသင်္ဂုတ္တိုရ်ဆိုတဲ့ အင်္ဂုတ္တရနိကာယ်နှင့် မဟာနိဒ္ဒေသ ပါဠိတော်တို့မှာဖော်ပြထားပြီး ဖျာပုံတိုက်သစ်ဆရာတော်ကြီး၏ သုတေသန သရုပ်ပြ အဘိဓာန်ကျမ်း (စာမျက်နှာ–၂၄)မှာ ဖော်ပြထားသည့်အတိုင်း ပြောပြရမှာ ပါပဲ။ မှတ်သားပါတော့ ကိုတက်အင်းရေ့။

(၁) စက္ခုရောဂေါ=မျက်စိ၌ဖြစ်သောအနာ။

(၂) သောတရောဂေါ=နားတွင်း၌ဖြစ်သောအနာ။

(၃) ဃာနရောဂေါ=နှာခေါင်းတွင်း၌ဖြစ်သောအနာ။

(၄) ဇိဝှာရောဂေါ=လျှာ၌ဖြစ်သောအနာ။

(၅) ကာယရောဂေါ=ကိုယ်၌ဖြစ်သောအနာ။

(၆) သီသရောဂေါ=ဦးခေါင်း၌ဖြစ်သောအနာ။

(၇) ကဏ္ဏရောဂေါ=နားရွက်၌ဖြစ်သောအနာ။

(၈) မုခရောဂေါ=ခံတွင်း၌ဖြစ်သောအနာ။

(၉) ဒန္တရောဂေါ=သွား၌ဖြစ်သောအနာ။

(၁၀) ကာသော=ချောင်းဆိုးနာ။

(၁၁) သာသော=ကြို့ထိုးနာ။

(၁၂) ပိနာသော=နှာခေါင်းအပ၌ဖြစ်သောအနာ။

(၁၃) ဍာဟော=တစ်ကိုယ်လုံးပူစေတတ်သောအနာ။

(၁၄) ဇရော=ဖျားသောအနာ။

(၁၆) ကုစ္ဆိရောဂေါ=ဝမ်း၌ဖြစ်သောအနာ။

(၁၇) ပက္ခန္ဒိကာ=သွေးကိုသွန်အန်စေတတ်သော ဝမ်းလေနာ။

(၁၈) သူလာ=ထိုးကျင်စေတတ်သော ဝမ်းလေနာ။

(၁၉) ဝိသုစိကာ=ကြီးစွာဝမ်းလျှောကျသော အနာ၊ ကာလနာ။

(၂၀) ကုဋ္ဌ=နူနာ။

(၂၁) ဂဏ္ဍော=အိုင်းနာ, မြင်းဖုစသောအနာ။

(၂၂) ကိလာသော=ညှင်း,တင်းထိပ်နာ။

(၂၃) သောသော=အဆုတ်နာ, ကုတ်ဟီးနာ, ပန်းနာ။

(၂၄) အပ္ပမာရော=ဝက်ရူး, ကြက်ရူး, နတ်,ဘီလူးဖမ်းစားသောအနာ။

(၂၅) ဒဒ္ဒု=ပွေးနာ။

(၂၆) ကဏ္ဍူ=ဝဲကြီး, ဝဲစိုနာ။

(၂၇) ကစ္ဆု=ဝဲငယ်, ဝဲခြောက်နာ။

(၂၈) နခသာ=ခြေသည်း, လက်သည်းတို့ဖြင့် ခြစ်မိရာက ဖြစ်ပေါ်သော အနာ။

(၂၉) ဝိတစ္ဆိကာ=ခြေဖဝါး, လက်ဖဝါးပြင်တို့၌ အမျှင်မျှင်ကွဲအက်သော အနာ။

(၃၀) လောဟိပိတ္တံ=သွေးသည်းခြေနာ။

(၃၁) မဓုမေဟော=ဆီးချိုနာ။

(၃၂) အံသာ=အရိုယိုနာ။

(၃၃) ပိဠကာ=ထွက်မြင်းနာ, ဖောရောင်နာ။

(၃၄) ဘဂန္ဒလာ=ဂရင်ဂျီနာ, ဘင်နာ, ဘဂန္ဒိုလ်နာ။

ဤပါဠိတော်မြတ်၌ 'မျက်စိနာ' အစ 'ဘဂန္ဒိုလ်နာ'အဆုံးရှိသော ၃၄-ပါးတို့ တွင် 'နခသာ, အပ္ပမာရော'ငှင်းအနာ ၂-ပါးမှာ သည်းခြေ၊ သလိပ်၊ လေတို့ကြောင့် မဖြစ်မူ၍ အကြွင်း ၃၂-ပါးသော အနာတို့သည်သာ သည်းခြေ၊ သလိပ်၊ လေ တို့ကြောင့် ဖြစ်ကုန်ရကား သည်းခြေနာ ၃၂-ပါး၊ သလိပ်နာ ၃၂-ပါ၊ လေနာ ၃၂-ပါး ပေါင်း အနာမျိုး (၉၆)ပါး ဖြစ်သတည်းလို့ပြထားတယ်ဗျ။ 'ဘဂန္ဒလာ၊ ဘဂန္ဒိုလ်နာ' ဆိုတာကတော့ ရှေးခေတ်ကအခေါ်ဗျ။ ဝစ္စမဂ်(စအို)အနီး အပါးမှာ ပြည်တစ်စိုစိုနဲ့ ဖြစ်တတ်တဲ့ရောဂါမျိုးပဲ၊ ယခုခေတ်အခေါ်အားဖြင့်တော့ ဂရင်ဂျီနာလို့ ခေါ်ရမှာပေါ့လေ။ ပြီးတော့ ရှိသေးဘယ်။

(၃၅) ပိတ္တ သမုဋ္ဌာနာ=သည်းခြေကြောင့်ဖြစ်ကုန်သောအနာမျိုး။

(၃၆) သေမှသမုဋ္ဌာနာ=သလိပ်ကြောင့်ဖြစ်ကုန်သောအနာမျိုး။

(၃၇) ဝါတ သမုဋ္ဌာနာ=လေကြောင့်ဖြစ်ကုန်သောအနာမျိုး။

(၃၈) သန္နိပါတာ=သည်းခြေ, သလိပ်, လေ ၃–ပါးတို့ ပေါင်းစုဖြစ်သော အနာမျိုး။

(၃၉) ဥတု ပရိဏာမဇာ= ဥတုဖောက်ပြန်၍ဖြစ်သော အနာမျိုး။

(၄၀) ဝိသမ ပရိဟာရဇာ=ကိုယ်ခန္ဓာကို မညီမညွတ် ကျန်းမာရေးနှင့် ဆန့်ကျင်ဘက် ဆောင်ရွက်ခြင်းကြောင့် ဖြစ်သောအနာ။

(၄၁) ဩပက္ကမိကာ=ထိုးခုတ်ဖြတ်သတ်ခြင်းစသော သူတစ်ပါးတို့ လုံ့လ ကြောင့် ဖြစ်သောအနာ။

(၄၂) ကမ္မဝိပါကဇာ=ကံကြောင့်ဖြစ်သောအနာ၊ ဝဋ်နာမျိုး။

(၄၃) သီတံ=ချမ်းအေးခြင်း။

(၄၄) ဥဏှံ=ပူလောင်ခြင်း။

(၄၅) ဇိဃစ္ဆာ=ဆာလောင်ခြင်း။

(၄၆) ပိပါသာ=မွတ်သိပ်ခြင်း။

(၄၇) ဥစ္စာရော=ကျင်ကြီးစွန့်လိုခြင်း။

(၄၈) ပဿာဝေါ=ကျင်ငယ်စွန့်လိုခြင်း။ ယင်းတို့ကိုလည်း အင်္ဂုတ္တိုရ်ပါဠိတော် ၌ အနာဟုပင် ဆက်လက်ဖော်ပြပေသေး၏။

"ဤသို့စသည်ဖြင့် ပရိတ္တပါဠိတော် 'နာနာရောဂတော ဝါ'အရ ရောဂါအမျိုးမျိုး ဆိုသည့်အတိုင်း အနာရောဂါမှာ သူ့ခေတ်နှင့်သူအမျိုးမျိုးရှိနိုင်သည်။ ယင်းရောဂါ များရှိလျှင် ပညာရှာရေး ဥစ္စာရှာရေး ကုသိုလ်ရှာရေး စသည်တို့မှာ များစွာ အနှောင့်အယှက် အဆီးအတား ဖြစ်နိုင်သည်။ ထို့ကြောင့် ဖော်ပြခဲ့သည့် ရောဂါ အမျိုးမျိုးတို့မှ ကင်းရှင်းလွတ်မြောက်ရပါလို၏ဟု ပရိတ်ရွတ်တိုင်း ဆုတောင်းကြ ကုန်ရာသတည်း"

## နာနာဥပဒ္ဒဝတော ဝါ၏ အဓိပ္ပါယ်

"ကိုတက်အင်းရေ၊ ပရိတ်ကြီးပါဠိတော်မှာပါတဲ့ 'နာနာဘယတော ဝါ၊ နာနာရောဂတော ဝါ'တို့ကိုတော့ ကျွန်တော်တို့ ဆွေးနွေးပြောပြီးကြပြီဗျ၊ ယခု နောက်ဆုံး 'နာနာဥပဒ္ဒဝတော ဝါ'ပါဠိကို ရှင်းလင်းဆွေးနွေးကြဖို့ ရောက်လာပြီဗျာ၊ ခင်ဗျား ဘာမေးဦးမလဲ"

"ဟုတ်ကဲ့ပါဆရာ– 'နာနာဥပဒ္ဒဝတော ဝါ'ဆိုတာ ဘယ်လိုဘေးရန်မျိုးလဲ ဆရာ။ ကျွန်တော်ကတော့ ဘာတစ်ခုမှ မပြောနိုင်ပါဘူး၊ ဆရာ့ကိုပဲ တောင်းပန်ပါတယ်။ ဆရာ့ရဲ့ ဆုံးဖြတ်ချက်ကိုပဲ မှတ်သားပါရစေ၊ နည်းနည်းပါးပါး အရိပ်အမြွက်မျှ မိန့်ကြားတော်မူပါဦးဆရာ"

"ကိုတက်အင်းရဲ့၊ 'ဥပဒ္ဒဝ'ဆိုတာ 'ဥပ'ဆိုတဲ့ ပုဒ်အနီးမှာရှိတဲ့ 'ဒု'ဓာတ်' ဆိုတာ သိရတယ်။ 'ဥပ'ပုဒ်က အနီးသို့ကပ်ရောက်၍ 'ဒု'ပုဒ်က နှိပ်စက်ခြင်းလို့ အဓိပ္ပာယ်ရှိတယ်၊'ဥပဒ္ဒဝ'လို့ပုဒ်ဖြစ်သွားတော့ 'အနီးကပ်ရောက်၍ ညှင်းဆဲနှိပ်စက်တတ်တဲ့ ဘေးဆိုးရန်ဆိုး ရောဂါဆိုး'လို့ အဓိပ္ပာယ်ရှိတယ်။ အဲဒီ 'ဥပဒ္ဒဝ'ဆိုတာ ဘာတွေလဲလို့ပြောရမယ်ဆိုလျှင် ခက်တယ်ဗျ၊ ကျွန်တော်တို့ ပရိတ္တပါဠိတော် ဓဇဂ္ဂသုတ် အမွှမ်းဂါထာ စာပိုဒ်နံပါတ်(၇၉)မှာ 'သဗ္ဗုပဒ္ဒဝ'လို့ပါသေးတယ်ဗျ။ ပရိတ္တဋီကာကျမ်းပြုဆရာတော်ကလည်း 'ဘေးအမျိုးမျိုး'ဟု သာမညပဲဖွင့်ဆိုတော်မူထားပါတယ်။ ဘယ်လိုဘေးမျိုးဖြစ်သည်ကို အကျယ်တဝင့်မဖွင့်ဆိုခဲ့ပါ။ ပရိတ်ကြီးနိဿယသစ် ကျမ်း၌လည်း 'ဘီလူးဘေး, ခိုးသူဘေး စသော ဘေးဒုက္ခတို့မှ'ဟု အဋ္ဌကထာစကားကိုထောက်၍ ဖွင့်ဆိုခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝေပုလ္လာဘိဝံ၏ ကိုးဆောင်မူ မဟာပရိတ်ကြီးနိဿယကျမ်း (စာမျက်နှာ–၅၁)မှာ 'နာနာဥပဒ္ဒဝတော ဝါ= တဆယ့်ခြောက်ရပ်အထူးထူးသော ဘေးဥပဒ်မှလည်းကောင်း'ဟု ပြထားပါသည်။ မြင်းခြံမြို့ ကိုးဆောင်မူပရိတ်ကြီးနိဿယမှာ ပြထားတဲ့ ဥပဒ္ဒဝေါ (၁၆)ပါးကို ဖျာပုံတိုက်သစ်ဆရာတော်ကြီး၏ သုတေသနသရုပ်အဘိဓါန်ကျမ်း၊ (စာမျက်နှာ– ၇၉)မှာတော့ မဟာနိဒ္ဒေသပါဠိမှာလာတဲ့အတိုင်း ၁။ ရေရွတ် ဆဲရေးခံရခြင်း၊ ၂။ လက်ထိပ်ခြေထိပ်ထိပ်ပင်းတံခါးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၃။ ကြိုး လက်ပြန် နှောင်ဖွဲ့အချည်ခံရခြင်း၊ ၄။သံခြေကျင်းဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၅။ ကြိမ ဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၆။နွယ်ဖြင့်နှောင်ဖွဲ့ခံရခြင်း၊ ၇။တိုက်သွင်းလှောင်၍ နှောင်ဖွဲ့ ခံရခြင်း၊ ၈။ ဆူးသံကြိုးအရံအဆီးဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၉။ ရွာဖြင့် နှောင်ဖွဲ့ခံရခြင်း၊ ၁၀။ နိဂုံးဖြင့်နှောင်ဖွဲ့ခံရခြင်း၊ ၁၁။ မြို့ဖြင့်နှောင်ဖွဲ့ခံရခြင်း၊ ၁၂။တိုင်းနိုင်ငံဖြင့် နှောင်ဖွဲ့ ခံရခြင်း၊ ၁၃။ဇနပုဒ်ဖြင့်နှောင်ဖွဲ့ခံရခြင်း၊ ၁၄။ဤအရပ်မှ မသွားမလာမရွေ့မပြောင်းရဟု အမိန့်အာဏာထားခံရခြင်း၊ ၁၅။ ဥစ္စာကို သိမ်းဆောင်ယူငင်ခံရခြင်း၊ ၁၆။ ရေရွတ် ဆဲရေးခြင်း စသော အကြောင်းတို့ကြောင့် ဆင်းရဲခြင်း, စိတ်နှလုံးမသာမယာခြင်းကို ခံစားရခြင်းဟု ပြဆိုထားပါသည်။

ထို့ပြင်သမ္မောဟဝိနောဒနီအဋ္ဌကထာလာ ဥပဒ္ဒဝေါ ၁၆–ပါးတနည်းကားကိုလည်း ပြဆိုထားပြန်ပါသည်။ အင်္ဂုတ္တရဋီကာမှာတော့ 'ဥပဒ္ဒဝေါတိ အန္တရာယော' ဆိုပြီး ဥပဒ္ဒဝဆိုတာ 'အန္တရာယ်' ပါပဲလို့ပြဆိုထားသည်ကိုလည်း မှတ်သားသင့်၏။ ထို့ကြောင့် သပြေကန် ပရိတ်ကြီး နိဿယသစ်ကျမ်း၌ 'ဘယ(ဘေး),ဥပဒ္ဒဝ (ဥပဒ္ဒေဝေါ), အန္တရာယ (အန္တရာယ်)တို့မှာ သဒ္ဒါကွဲပြားသော်လည်း သဘာဝမှာ ကွဲပြားချက်မရှိကြပါ"ဟု ဖွင့်ဆိုထားပါသည်။ ယခုတော့ ကျွန်တော့်မှာလဲ တိတိကျကျ မှတ်သားဆုံးဖြတ်နိုင် လောက်အောင် လေ့လာသိရှိထားခြင်းမရှိသေးဘူးဗျ၊ အဲဒီတော့ ကိုတက်အင်း၊ ဤနေရာမှာ ဤမျှပဲတေး၍ မှတ်၍ထားဦး"

"ဟုတ်ကဲ့ဆရာ၊ ဆရာပြောတဲ့အတိုင်း မှတ်သားပါ့မယ်၊ သဘောကျပါတယ်၊ ကျွန်တော် ဘယ်လိုမှတ်ရမလဲ၊ ဘယ်လိုတေးထားရမလဲဆိုတာ အမိန့်ရှိပါ"

ထိုအခါ ဆရာကြီးဦးစာကျော်ကတွေးတော နေပြီး ဆက်လက်ပြောပြသည်မှာ–

"အေးဗျာ၊ စာပေဆိုတာဒီလိုပဲ အခက်အခဲရှိရင်အေးအေးဆေးဆေး ဖြည်းဖြည်း နေးနေး ရှာဖွေလေ့လာပြီးမှ ဆုံးဖြတ်ရတာကကောင်းတယ်ဗျ၊ ကျွန်တော်တို့ ပရိတ်တရားတော်ကို တတ်နိုင်သမျှ စွမ်းနိုင်သမျှ အဓိကထား လေ့လာကြတဲ့အခါမှာ တကယ်အားကိုးအားထားပြုရတဲ့ ကျမ်းတော်ကြီးကတော့ ပရိတ္တဋီကကျမ်းပဲ၊ အဲဒီကျမ်းကြီးကို အဓိကထားပြီး ကြည့်ရတယ်"

"ဟုတ်ကဲ့ပါဆရာ၊ ပရိတ္တဋီကာကျမ်းကြီးကတော့ ဤပရိတ်ကြီး ပါဠိတော် အတွက် အင်းဝခေတ်က ထင်ရှားကျော်ကြားတဲ့ အရှင်တေဇောဒီပ ရေးသားပြုစုတဲ့ ရှေးအကျဆုံး ပရိတ်ကြီးပါဠိတော် အဖွင့်ကျမ်းကြီးဖြစ်လို့ ဆရာက အဲဒီကျမ်းကြီးကို ကြည့်ပြီး ဆွေးနွေးတယ် စိစစ်တယ် ဆုံးဖြတ်တယ်ဆိုတော့ အားရစရာကြီးပါပဲ"

"ဟုတ်တယ်ဗျ ကိုတက်အင်းရဲ့၊ ယခု ကျွန်တော်တို့ ဆွေးနွေးနေကြတဲ့ 'ရာဇတော ဝါ' စသော ပါဠိများဟာ အရှင်တေဇောဒီပတို့ခေတ်က ပရိတ်ကြီး အချို့စာမူမှာပါရှိ၍ အချို့စာမူမှာမပါရှိဘူးလို့ ဆရာတော်ကိုယ်တိုင်က မှတ်တမ်းတင်ထားတယ်။ ဒါကြောင့် ကျွန်တော်တို့ ပရိတ္တပါဠိကို ရွတ်ဖတ်လေ့လာကြရာမှာ ပရိတ္တဋီကာ ပါဠိကိုကြည့်၍ ပရိတ်ကြီး (၁၁)သုတ် ဖွဲ့စည်းထားပုံကို စိစစ် လေ့လာသင့်တယ်ဗျ၊ ဥပမာဆိုပါတော့ ယခုခေတ် ပရိတ္တပါဠိတော်မှာ မင်္ဂလသုတ်ကို ရှေးဦးထား ရွတ်ဆိုကြတယ်၊ ပရိတ္တဋီကာ ဆရာတော်လက်ထက်မှာ ရတနသုတ်က စကြောင်းသိရတယ်"

**အာရက္ခ ဂဏှန္တု၏ အဓိပ္ပါယ်**

"ဆရာ 'ရာဇဘော ဂါ'ဆိုတဲ့ ဘေးအန္တရာယ် ဘေးဥပဒ်အမျိုးမျိုးမှ ကင်းဝေးအောင် စောင့်ရှောက်ပေးဖို့ နတ်ဒေဝါကို့အား ပန်ကြားသော ဆုတောင်း အရှည်ကြီးကို လေ့လာဆွေးနွေးလို့ ပြီးခဲ့ပါပြီ။ ဒါပေမယ့် ဒီဆုတောင်းက နည်းနည်းတင်းမာနေပုံရှိတယ်လို့ သတိထားမိပါတယ်။ ဘယ်လိုကြောင့် ဤကဲ့သို့ ဆုတောင်းပုံတင်းမာရသည်ကိုရှင်းပြပါ ဆရာ"

"ကိုတက်အင်းရဲ့၊ ဤဆုတောင်းက ဘုရား, တရား, သံဃာ ရတနာသုံးပါး နှင့်စပ်ဆိုင်သည့် ဆုတောင်းဗျ။ ပေါ့ပေါ့ လျော့လျော့ ချော့ချော့မော့မော့ ပြောရမယ့်နေရာမျိုးမဟုတ်ဘူးဗျ၊ တော်တော်ကလေး တင်းတင်းမာမာပြောရမယ့် နေရာဖြစ်သောကြောင့် ယခုကဲ့သို့ 'အာရက္ခ ဂဏှန္တု–အမြဲမပြတ် စောင့်ကြပ်ကြပါ' ဟူ၍ ခပ်တင်းတင်းပြောဆိုဆုတောင်းခြင်းဖြစ်တယ်ဆိုတာကို သတိထားရမယ်ဗျ။ ခင်ဗျား သေသေချာချာစဉ်းစားကြည့်မှ တင်းတင်းမာမာ ပြတ်ပြတ်သားသား ပြောရမည့်နေရာဖြစ်တာကို သိရှိမှာဖြစ်ပါတယ်"

"အဲဒီအချက်ကလေး ထင်ရှားသွားအောင်အထောက်အထား ပြပါဦးဆရာ"

"ဒီအချက်ကိုတော့ ကိုတက်အင်း စဉ်းစားကြည့်ပါ၊ ဝိနည်းမဟာဝါပါဠိ တော်မှာ သေသေချာချာ ရှိနေပါတယ်ဗျာ။ အဲဒီမှာ ပါဠိဂါထာနှစ်ဂါထာကို တွေ့ရပါတယ်၊ ယင်းဂါထာကလေးများက

(က) ယာ တတ္ထ ဒေဝတာ အာသုံ၊
တာသံ ဒက္ခိဏ မာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊
မာနိတာ မာနယန္တိ နံ။

(ခ) တတော နံ အနု ကမ္ပန္တိ၊
မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာ နုကမ္ပိတော ပေါသော၊
သဒါ ဘဒြာနိ ပဿတိ။–တဲ့ဗျ။

ယင်းပါဠိဂါထာရဲ့ ဆိုလိုရင်းသဘောကို ကျွန်တော်က မြန်မာ ဘာသာဖြင့် အကျဉ်းမျှ ပြပါရစေဗျာ။

(က) မြတ်သောအလှူကို ခံယူရသော ထိုနေရာ၌ နတ်များရှိကြရာ ယင်းနတ်အပေါင်းတို့သည် မိမိတို့အား ပူဇော်ပသသူများအား ပြန်လှန်ကာ ပူဇော်ကြကုန်၏။ မိမိတို့အား ချစ်ခင်မြတ်နိုးသူကို ချစ်ခင်မြတ်နိုးကြကုန်ရာ၏။

(ခ) ထို့နောက် ထိုမြတ်နိုးပူဇော်သူကို မိမိ၏ သားတော်ရင်းကဲ့သို့ အစဉ်အမြဲစောင့်ရှောက်ကြကုန်ရာ၏။ နတ်များ၏ အစဉ်အမြဲ စောင့်ရှောက်မှုကို ခံယူရသော ထိုသူသည် အမြဲမပြတ်ကောင်းမြတ်သည်တို့ကိုသာ တွေ့နိုင်ပေသည်"ဟူ၍ ဖြစ်ပါသည်။

ဤသို့သော ဝိနည်းမဟာဝါ ပါဠိတော်ကို အထောက်အထားပြု၍ ပရိတ်တရားတော်ကို ရိုသေစွာရွတ်ဖတ်တော့မည့် ပုဂ္ဂိုလ်များအား 'ရာဇတော ဝါ'စသော ဘေးရန်အန္တရာယ်များမှ ကင်းဝေးလွတ်မြောက်ရန် အတွက် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား 'အမြဲမပြတ် စောင့်ကြပ်ပေးကြပါ'ဟူ၍တိုက်တွန်းစကားပြောကြား နိုင်ပါသည်။ 'အာရက္ခံ ဂဏှန္တု'ဟူ၍ ဆိုနိုင်ပါသည်။ ရတနသုတ်စာပိုဒ်နံပါတ်(၂၉) မှာလည်း 'တသ္မာ ဟိ ဘူတာ'အစရှိသော ပါဠိစာပိုဒ်ကို ထောက်ရှုခြင်းဖြင့်လည်း သိနိုင်ပါသည်။ ယင်းပါဠိ၏ အဓိပ္ပာယ်မှာ–

"နတ်များအပေါင်းတို့၊ ထိုသို့ တရားနာရန် ငါဘုရားတိုက်တွန်းတော်မူခဲ့ပေသည်၏အဖြစ်ကြောင့်သာလျှင် သင်တို့သည် နားထောင်ကြကုန်လော့၊ အလုံးစုံကုန်သော သင်တို့သည် လူများအပေါ်၌ ချစ်မြတ်နိုးကြောင်း ပြုကြကုန်လော့။ လူတို့၏ နေ့၌ဖြစ်စေ၊ ညဉ့်အခါ၌ ဖြစ်စေ ပူဇော်ခြင်းကို ပြုကြကုန်၏။ ထို့ကြောင့်ပင်လျှင် ထိုလူသား တို့ကို မမေ့မလျော့ကြကုန်မူ၍ စောင့်ရှောက်ကြကုန်'ဟူ၍ ဖြစ်ပေသည်။

"ဤစာသားစကားရပ်မှာ မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူချက်ဖြစ်ပေသည်။ ယင်းမိန့်ကြားတော်မူချက် စကားတော်အရပင်လျှင် နတ်များစွာတို့က လိုက်နာစောင့်ရှောက်ခဲ့သောကြောင့် ရတနသုတ်ပရိတ်တော်ကို နာယူရသောကြောင့်– ရောဂါဘေး၊ ဘီလူးသားရဲဘေး၊ အစားအစာရှားပါးသောဘေးဟူသော ဘေးရန်များမှ ရာဇဂြိုဟ်ပြည်၌ကင်းလွတ်ခဲ့သည်။

"ဤသို့ရတနသုတ် ပရိတ်တော်လာ စကားကို လေးလေးနက်နက် ခိုင်ခိုင်မာမာ ထောက်ထား၍ ယခု ဖော်ပြခဲ့သည့် 'အာရက္ခံ ဂဏှန္တု'ဟူသော တိုက်တွန်းစကားအရ 'ရာဇတော ဝါ'မှ'နာနာဥပဒ္ဒဝတော ဝါ'ဟူသောဘေးရန်အန္တရာယ်များမှ ကင်းလွတ်

စေရန်အတွက် တန်ခိုးကြီးမားသောနတ်မင်းကြီးများက စောင့်ရှောက်မည်ဖြစ်ကြောင်းကို ပရိတ်တရားတော်ရွတ်ဆိုကြသောပညာရှင်သူတော်စင်များအနေဖြင့် ယုံကြည်စိတ်ချစွာအားကိုး၍ ရွတ်ဆိုရန်သင့်ပါကြောင်း ရေးသားလိုက်ပါသည်ခင်ဗျား"

**နိဂုံးချုပ်**

"ဒီမှာ ကိုတက်အင်းရဲ့၊ ကျွန်တော် နည်းနည်းပြောပါရစေ၊ ပြောခွင့်ပြုပါ"

"ပြောပါဆရာ၊ နည်းနည်းမဟုတ်ပါဘူး၊ ဒီနေရာမှာ သဘောရှိသလောက်များများကြီး ပြောနိုင်ပါသည် "

"ကျွန်တော်နှင့်ခင်ဗျားတို့ ပရိတ္တပါဠိတော်ကို ဆွေးနွေးကြသည်မှာ ယခုပရိတ္တပါဠိ၏ နိဒါန်းပိုင်းကုန်ခဲ့ပြီပေါ့"

"ဟုတ်ကဲ့ဆရာ၊ ဆဋ္ဌသံဂါယနာမူ ပရိတ်ကြီး ပါဠိတော်စာပိုဒ်(၉) 'အာရက္ခဂဏ္ဍက'အထိ ပြီးသွားပါပြီ"

"ကောင်းလိုက်တာဗျာ၊ ယခုလို ကျွန်တော်နှင့်ခင်ဗျား ဆွေးနွေးခဲ့ကြတာ ဗုဒ္ဓသာသနာတော်မှာ တော်တော်အရေးကြီးတဲ့ အချက်အလက်တွေ ပါရှိလိမ့်မည်ဟု၍ ကျွန်တော်ထင်မိပါတယ်ဗျာ"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့သိသင့်သမျှ သိကြရတဲ့အပြင် စာရှုသူများကလည်း ကျွန်တော်တို့ဆွေးနွေးသည်များကို လေ့လာဖတ်ရှုကြပြီးလျှင် ကျွန်တော်တို့ ဆွေးနွေးချက်များထဲမှ မှတ်သားသင့်သမျှကို ဖတ်ရှုမှတ်သားကြ၍ မှားယွင်းချက်များ ပါရှိလျှင်လည်း မေတ္တာတရားကြီးကြီးထား၍ ခွင့်လွှတ်သည်းခံကာ ထောက်ပြကြလိမ့်မည်ဟု၍ ကျွန်တော်တို့ ယုံကြည်ရပါမည် ဆရာ"

"ဆရာ ဦးစာကျော်ခင်ဗျား၊ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်တို့ဟာ ပရိတ်တရားတော်အကြောင်းကို စပ်မိစပ်ရာ ဆွေးနွေးပြောဆိုလိုက်ကြသည်မှာ တော်တော်ကိုများလာကြပြီ။ ယခုဆိုလျှင် ပရိတ်တရားတော်၏ရှေ့ဦးအချီးဖြစ်သော 'သမန္တာ'ပါဠိမှစပြီး 'အာရက္ခ ဂဏ္ဍက'ပါဠိအထိ ပြီးသွားခဲ့ပြီဆိုပါနို့။ ဒါပေမယ့် ပရိတ်တရားနိဒါန်းကိုသာ ဆွေးနွေးခဲ့ကြတယ်၊ ပရိတ်ဟူသော အကြောင်းကိုတော့ ကဏ္ဍတစ်ခုအနေဖြင့် မဆွေးနွေးကြရသေးပါ။ သို့ပါ၍ ကျွန်တော်တို့၏ ပရိတ်နိဒါန်းဆွေးနွေးခန်းကို အစသိမ်းအနားသတ် ကမ္ပတ်ဖုံးအုပ်သည့်အနေဖြင့် ပရိတ်ရွတ်ဆိုရခြင်း၏ အကျိုးတရားတို့ကို စာဖတ်ပရိသတ် ရဟန်းရှင်လူတို့ သဒ္ဓါတရားထက်သန်တိုးပွားစေခြင်းအကျိုးငှာ ဆွေးနွေးကြပါဦးစို့ခင်ဗျာ"

"အေးဗျ၊ အေးဗျ၊ ဟုတ်တယ်၊ စကားကောင်းနေလို့ အရေးကြီးတဲ့ ဆွေးနွေးစရာအကြောင်းအရာကျန်ရစ်တာကို သတိမထားမိဘူးဗျ။ 'ပရိတ္တ'ဆိုသော စကားလုံး၏ သဘောအဓိပ္ပာယ်ကို ရှင်းလင်းကြည့်ကြဦးစို့ဗျ"

"ဟုတ်ကဲ့ဆရာ၊ ဆရာပြောပြသည့်အတိုင်းပါပဲ။ ပရိတ်တရားတော်များ၏ အရင်းခံဖြစ်တဲ့ 'ပရိတ္တ'ဆိုသည့်စကားလုံး၏အဓိပ္ပာယ်ကို သိရှိပြီးမှသာ ပရိတ်သုတ်တော်များ၏ အနက်သဘောအဓိပ္ပာယ်ကိုသိရလျှင် ပို၍ကောင်းမှာကိုး ဆရာရဲ့ အဲဒါကြောင့် 'ပရိတ်တော်'ဟူ၍ ကျွန်တော်တို့ပြောနေကြသည့် 'ပရိတ္တ' ဟူသော ပါဠိစကားလုံး၏အဓိပ္ပာယ်ကို ရှေးဦးစွာရှင်းပြပါဆရာ"

"ကျွန်တော်တို့မြန်မာစကားလုံးဖြင့်'ပရိတ်တော်'များလို့ခေါ်ကြသည့် စကားလုံးက မူလအရင်းခံပါဠိစကားလုံးမှာ 'ပရိတ္တ'ဖြစ်တယ်ဗျ။ အဲဒီ ပရိတ္တဆိုတဲ့ ပါဠိစကားလုံးက 'ပရိ+တာ=ပရိတ္တ'ပေါ့ဗျာ။ ရိုးရိုးရှင်းရှင်းပြောရလျှင် ပရိ=ရှေးမှာရှိသော။ တာ=ဓာတ်ဆိုကြပါစို့။

"ပရိ–ဆိုသည့် ရှေ့ဆုံးပုဒ်ကတော့ 'ထက်ဝန်းကျင်'လို့ မြန်မာလိုပြန်ဆိုရတယ်၊ ထက်ဝန်းကျင်ဆိုတဲ့ မြန်မာစကားလုံးကိုတော့ အထက်အောက်ဘေးပတ်ဝန်းကျင်လို့ အနက်ရှိတယ်။ မူလရှိသောနေရာ၏ အထက်ဘက်, အောက်ဘက်, ဘေးပတ်ဝန်းကျင် နေရာပါပဲ။ အကျဉ်းချုပ်အားဖြင့် မူလနေရာ၏ ပတ်ပတ်လည် နေရာဟူ၍ ဆိုလိုပါ၏။ 'ပရိတ္တ'ပါဠိစကားလုံး၏ နောက်ဘက်မှာရှိသော 'တ္တ' ဟူသော စကားလုံးမှာ 'တာ'ဟူသော ဓာတ်စကားလုံးမှပြောင်းလွဲလာပါသည်။ တ္တ=တာ=စောင့်ရှောက်တတ်သည်ဟူ၍ အနက်အဓိပ္ပာယ်ရှိပါသည်။ ထို့ကြောင့် 'ပရိတ္တ'ဟူသော ပါဠိစကားလုံးကို 'ပရိ+တ္တ=ပရိတ္တ'ဟု ပုဒ်ခွဲရပါသည်။ ပုဒ်ခေါ်ဝေါ် ရပါသည်။

ပရိ=ပတ်ပတ်လည်လည်မှ၊ ထက်ဝန်းကျင်မှ

+တ္တ=စောင့်ရှောက်တတ်သည်။

ပရိတ္တ=ပတ်ပတ်လည်လည်မှ ထက်ဝန်းကျင်မှ စောင့်ရှောက်တတ်သော နေရာ ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။

"ပြဆိုခဲ့သောစကားရပ်များအရ သိရှိရန်လွယ်သည့် 'ပရိတ္တ'စကားလုံးကို ရှေးဆရာကြီးများ ဖော်ပြထားသည့် ဝိဂြိုဟ်စကားကလည်း ရှိပေသည်။ ယင်းမှာ– 'ပရိသမန္တတော ဘယံ တာယတိ ရက္ခတီတိ ပရိတ္တံ'ဟူ၍ဖြစ်ပါသည်။ ယင်း

ဖော်ပြခဲ့သည့် ပါဠိဝိဂြိုဟ်ကို မြန်မာဘာသာဖြင့် အနက်ပြန်ပါလျှင် 'ပရိသမန္တ တော= ထက်ဝန်းကျင်မှ (ဝါ)=ဘယ်ညာရှေ့နောက်ထက်အောက်မှ။ ဘယံ= ကြောက်မက်ဖွယ်ရာ ဘေးများစွာကို။ တာယတိရက္ခ=စောင့်ရှောက်တတ်၏။ ဣတိ=ထိုသို့စောင့်ရှောက်တတ်သော သတ္တိကြောင့်။ ပရိတ္တံ=ပရိတ်တော်'ဟူ၍ ခေါ်ဆိုရပေသည်။

"ကဲ–ကိုတက်အင်း၊ ယခုပြဆိုခဲ့သည့် ဝိဂြိုဟ်ရှင်းလင်းချက်များအရ 'ပရိတ္တ' ဟူသော အနက်အဓိပ္ပာယ်သဘောများ ရှင်းလင်းပြတ်သားစွာ ခင်ဗျား သိရှိနိုင်လောက်ပါပြီလေ၊ ဟုတ်ရဲ့လားဗျ"

## ပရိတ်ရွတ်နည်းနာနည်း

"ဆရာကြီး ဦးစာကျော်ခင်ဗျား ဆရာမိန့်ကြားတော်မူသောကြောင့် ပရိတ်တရားတော်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ သိခဲ့ရပါပြီ။ ပြောခဲ့သည့်အတိုင်း ပရိတ်တရားတော်၏ ဘေးကင်းခြင်း၊ ရန်တားဆီးခြင်းအကျိုးကို ခံစားရနိုင်ရန် ဘယ်လိုများပြုလုပ်စီစဉ်ရပါမည်နည်း ဆရာ၊ အမိန့်ရှိတော်မူပါ"

"အင်းဗျ–ကိုတက်အင်း၊ ပရိတ်တရားတော် ဆိုသည်မှာ ပရိတ်နာသူကလည်း ပရိတ်နာထိုက်သည့်အချက်အလက် အင်္ဂါနှင့် ပြည့်စုံရမည်။ ပရိတ်ရွတ်သူကလည်း ပရိတ်ရွတ်သူတို့မှာ ရှိသင့်သည့်အချက်အလက် အင်္ဂါနှင့်ပြည့်စုံမှသာ ရသင့်သည့် အကျိုးတရားကို ကေန်မုချရနိုင်မှာဗျ၊ အဲဒီအကြောင်းကို သပြေကန်ပရိတ်ကြီးနိဿယသစ်နိဒါန်းမှာ နိဒါန်းရေးဆရာတော် အရှင်သီလာနန္ဒာဘိဝံသက အောက်ပါအတိုင်း ရေးသားထားတော်မူခဲ့ပါသည်။ "ပရိတ်သည် အတန်တန်သော ဘေးရန်အန္တရာယ်တို့ကို ကာကွယ်တားဆီးနိုင်သည်ဆိုသော်လည်း ပရိတ်ရွတ်နာယူနည်းမကျပါက အကျိုးရမည်မဟုတ်ချေ။ ဆေးဝါးဟူသည် ရောဂါကိုပယ်ဖျောက်ရန် စီမံထားသောပစ္စည်းဖြစ်၍ ဆိုင်ရာရောဂါကို ပျောက်စေနိုင်သည်မှန်သော်လည်း အညွှန်းအတိုင်းမလိုက်နာဘဲ သုံးစွဲလျှင်ကား ဆေးအကျိုးကို ခံစားရမည်မဟုတ်ပေ။ ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ်နာယူသူတို့၏ ဘေးရန်ကင်းကွာရေးအတွက် ဟောထားသောတရားများဖြစ်သော်လည်း ရွတ်ဖတ်နာယူရာ၌ ဆိုင်ရာညွှန်ကြားချက်တို့ကို မလိုက်နာလျှင်ကား လိုအပ်သောအကျိုးကို ရနိုင်မည်မဟုတ်ပေ'ဟူ၍ ဖြစ်၏။

"အဲဒါကြောင့် ပရိတ်နာသူများမှာ ရှိသင့်သည့် အချက်အလက် အင်္ဂါရပ်နှင့် ပရိတ်ရွတ်သူတို့သာ ရှိသင့်သည့်အချက်အလက် အင်္ဂါရပ် များကိုသိဖို့ လိုသေးတယ်။ ပရိတ်တရားနာသူတို့ဘက်က ပြည့်စုံရမည့် အင်္ဂါ ၃-ပါးဟူလို။ ၎င်းသုံးပါးနှင့် ပြည့်စုံမှ ချေးညော်ကို ရေနှင့်ဆေးပြစ်သည့်အလား ဘေးရန်များကို တားမြစ်ပျောက်ကင်းစေနိုင်သည်။ (၁) အားကြီးလွန်ကဲသော မကောင်းမှုအကုသိုလ် ကံခေါ် ကမ္မာဝရဏမရှိခြင်း၊ (၂) မှားသောအယူလက်ကိုင်ရှိသူ မိစ္ဆာဒိဋ္ဌိခေါ် ကိလေသာဝရဏမရှိခြင်း၊ (၃) ပရိတ်တော်ကို မရိုမသေမလေးစားမယုံကြည်ခြင်း အသဒ္ဒှာနတာမရှိခြင်း ဟူ၍ ဖြစ်ပါသည်။

"ယင်းတွင် အားကြီးလွန်ကဲသော မကောင်းမှု အကုသိုလ် ကံဟူသည်မှာ မာတုဃာတက စသော ပဉ္စာနန္တရိယ ကံငါးမျိုးဖြစ်သည်။ ယင်းငါးမျိုးမှာ- (၁)မာတုဃာတက=အမိရင်းကိုသတ်ခြင်း၊ (၂)ပိတုဃာတက = အဘရင်းကို သတ်ခြင်း၊ (၃)အရဟန္တဃာတက=ရဟန္တာကိုသတ်ခြင်း၊ (၄)လောဟိတုပ္ပါဒက= ဘုရားရှင် အား သွေးတည်အောင်ပြုခြင်း၊ (၅)သံဃဘေဒက=သံဃာတော်တို့အား ဂိုဏ်းအသင်းခွဲခြင်းတို့ဖြစ်ပေသည်။ ဖော်ပြထားသော ကံကြီးငါးပါးတို့မှာ ကမ္မာဝရဏခေါ် ပရိတ်တရားတော်ကို နာသော်လည်း အကျိုးမရနိုင်သောကံပင် ဖြစ်သည်။

"ပရိတ်တရားတော်ကိုရွတ်သော်လည်း အကျိုးမရရှိသော အင်္ဂါ(၃)ချက် ကိုလည်း အောက်ပါအတိုင်း ပြဆိုပါသည်။ (၁) မိမိရွတ်သောပရိတ်တော်၏ အနက်အဓိပ္ပာယ်မသိခြင်း၊ (၂) ပရိတ်တော်၏ ပါဠိ, ပုဒ်, ဗျည်း, အက္ခရာ, ဌာန်, ကရိုဏ်းတို့ကို မှန်ကန်စွာမရွတ်ဖတ်တတ်ခြင်း၊ (၃) ပရိတ်နာသူအပေါ်၌ လာဘ်စသည်ကို ငဲ့ကွက်၍ တကယ့်ကောင်းမြတ်စင်ကြယ်သော မေတ္တာစေတနာ မထားရှိခြင်းတို့ဖြစ်သည်။

"ဖော်ပြပါအချက်များမှာ မိလိန္ဒပဉှာပါဠိတော်မှာလာတဲ့ အချက်များပင် ဖြစ်ပါသည်။ အဲဒီအချက်တို့ကို မှတ်သားလွယ်ကူစေခြင်းငှာ သပြေကန် ဆရာတော်ကြီးက ဤသို့လျှင် သံခိပ်လင်္ကာစီထားပါသည်။

* သဒ္ဒါအနက်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊
မေတ္တာရှေ့ထား၊ ရွတ်သူအား၊ ကျိုးများပရိတ်မြတ်။ ။

* ပဉ္စာနန္တရိ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာသူကြုံ၊
ကျိုးဂုဏ်မရတတ်။ ။

## ပရိတ်တရားတော်၏ အကျိုးများ

"ကိုတက်အင်းရေ၊ ဒီတစ်ကြိမ်တော့ တကယ်နိဂုံးချုပ်ကြရအောင်၊ ဆွေးနွေးစရာ ဘာများကျန်ပါသေးသလဲဗျာ"

"ဆရာကြီးခင်ဗျာ၊ ပရိတ်တရားတော်ကို အကျိုးရအောင်ရွတ်နည်း, နာယူနည်းတို့ကို သိရပြီဖြစ်သော်လည်း ပရိတ်နာယူရကျိုး ရွတ်ဖတ်ရကျိုးတို့ကိုလည်းအကျဉ်းမျှ ပြောကြားပေးပါဦးခင်ဗျာ"

"ဟုတ်ပေသားပဲ၊ အကျိုးရအောင်ရွတ်နည်း, နာနည်းတွေပြောပြီး ရရှိတဲ့အကျိုးကို မပြောပြလို့မဖြစ်ပေဘူးဗျ။ ကဲ ...ကျမ်းဂန်မှာလာတဲ့အတိုင်း ပြောပြပါ့မယ်။ မိလိန္ဒပဉှာပါဠိတော်မှာလာတာက ဒီလိုတဲ့ဗျ"

၁။ ပရိတ်အရံအတားပြုထားသော ယောကျ်ားကိုကိုက်သောမြွေသည် မကိုက်ဝံ့။ ဟင်းလင်းပွင့်သောမြွေ၏ခံတွင်းသည်ပိတ်၏။

၂။ ခိုးသူတို့၏ မြှောက်ချီရွယ်မိုးထားသော တင်းပုတ်သည်လည်း ရိုက်ပုတ်ရန်မဖြစ်မြောက်နိုင်။ ထိုတင်းပုတ်ကိုင်သူတို့သည် ဟင်းပုတ်ကို လွှတ်ချ ကုန်ပြီးလျှင် ချစ်ခင်ကြကုန်၏။

၃။ အမျက်ထွက်သောဆင်ပြောင်ကြီးသည်လည်း ထိုးအံ့သောငှာလာပြီး၍ ကြည်ဖဲလေ၏။

၄။ ပြောင်ပြောင်တောက်သောမီးပုံကြီးသည်လည်း အနီးသို့ရောက်၍ ငြိမ်း၏။

၅။ ခဲစားအပ်သော လတ်တလောသေစေတတ်သော အဆိပ်အတောက်သည်လည်း ဆေးဖြစ်၍ အာဟာရအကျိုးငှာပျံ့နှံ့၏။

၆။ သူသတ်တို့သည် သတ်လိုကုန်သည်ဖြစ်၍ အနီးသို့ရောက်လတ်သော် ကျွန်အဖြစ်သို့ကပ်ရောက်ကုန်၏။

၇။ နင်းမိသော ကျော့ကွင်းသည်လည်း မဖွဲ့မိ။

"အထက်ပါအချက်(၇)ချက်တို့က မိလိန္ဒမင်းကြီးမေး၍ အရှင်နာဂသေနဖြေကြားတဲ့ မိလိန္ဒပဉှာပါဠိတော်၊အခန်း ၄၊ မေဏ္ဍကပဉှာ၊ မစ္စုပါသမုတ္တိပဉှာ၊ (သေမင်းကျော့ကွင်းမှ လွတ်မလွတ်ပြဿနာ)ခန်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ ဘုရားတရားတော်မှန်သမျှဟာ လောကီစီးပွားဥစ္စာတို့နှင့် လောကုတ္တရာတရားမြတ်တို့တိုးတက်ရေး, ဘေးဒုက္ခအန္တရာယ်အသွယ်သွယ်တို့ငြိမ်းအေးရေး၊

ကိုယ်စိတ်နှစ်ဖြာချမ်းသာယာရေးတရားချည်းသာဖြစ်လေရာ ထိုတရားတော်တို့ကို ရွတ်ဆိုရသည့်အခါ မှတ်သားနာယူကြရသည့်အခါ လာဘတိအတ္ထပဝေဒီ၊ လာဘတိ ဓမ္မဝေဒီ၊ လာဘတိ ဓမ္မူပသံဟိတံ ပါ[illegible] (မ၊ ၁၊ ၄၆)ပါဠိတော် ဇရ အနက်ရမိ တရားသိ၍ တရားကြောင့်ဖြစ်သော ဝမ်းသာအားရရွှင်ပျမှု ဓမ္မပါမောဇ္ဇပီတိ ဖြစ်တတ်၏။ ထိုပီတိက ဓာတ်ခိုက်လျှင် ရောဂါပျောက်ကင်းနိုင်၏။ ဘေးအန္တရာယ် ငြိမ်းအေးနိုင်၏။ လောကီလောကုတ္တရာ အကျိုးစီးပွား ဖြစ်ထွန်းနိုင်၏။ ဤကား ဓမ္မ၏ သတ္တိ၊ ဓမ္မ၏အကျိုးများပင်ဖြစ်လေသည်။ သို့ပါ၍ ဤပရိတ်ကြီး နိဒါန်းဆွေးနွေးခန်းကို ဖတ်ရှုနေကြကုန်သော စာဖတ်ပရိသတ်အပေါင်းသူတော် ကောင်းတို့သည်လည်း ပရိတ်တရားတော်တည်းဟူသော ဓမ္မတရားတော်၏ ဓမ္မသတ္တိ ဓမ္မအကျိုးကို လက်ငင်းမသွေခံစားနိုင်ကြပါစေကုန်သတည်းဟု ဆုတောင်းပြီး၍ ဤစာနိဒါန်းကို အာသီသပတ္ထနာနိဂုံးလင်္ကာဖြင့် ကမ္ပတ်ဖုံးအုပ် နိဂုံးချုပ်လိုက် ပါတော့အံ့။ ။

## အာသီသပတ္ထနာနိဂုံးလင်္ကာ

အောင်သိဒ္ဓိဆင်၊ မော်ကွန်းတင်ပိမ့်၊
မင်္ဂလာကိတ္တိ၊ နိမိတ်ရှိသည့်၊
သိဒ္ဓိပေါင်းယှဉ်၊ ဤချိန်တွင်မှ၊
ပရိတ်တရား၊ စကားနိဒါန်း၊
ကျင့်ခန်းရေးသား၊ ဖော်ညွှန်ကြားသည်၊
ပရိတ်ကြီးနိဒါန်း၊ ဆွေးနွေးခန်းသည်၊
ဆုံးခန်းတိုင်ရောက်၊ သိဒ္ဓိပေါက်၍၊
ပြီးမြောက်အောင်မြင်၊ ပုံအသွင်သို့၊
လူရှင်များစွာ၊ ဝေနေယျာတို့၊
လိုရာဆန္ဒ၊ စုံပြည့်ဝ၍၊
အရိယသစ္စ၊ တရားမှန်ကို၊
လျင်မြန်မြင်သိ၊ တုမရှိသား၊
သိဒ္ဓိအောင်ခန်း၊ နိဗ္ဗာန်နန်းသို့၊
တက်လှမ်းဝင်စံနိုင်ကြပါစေသော။ ။

**ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်းပြီးပါပြီ။**

**မောင်တက်အင်း**

# ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း

## မောင်တက်အင်း

(ဦးထွန်းလှိုင်-ဝိနယပါရဂူ)
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ဝငံ့သကာ
သာသနဓဇသိရီပဝရဓမ္မာစရိယ၊သိရောမဏိ
စေတိယင်္ဂဏဓမ္မာစရိယ၊ဂဏဝါစက
အငြိမ်းစားအယ်ဒီတာချုပ်၊သာသနာ့ရောင်ခြည်စာစောင်
အယ်ဒီတာချုပ်၊မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း



J

DESIGN : MYO SWE THAN,2000
FEATURING : AVA MURAL PAINTING( 16 CENTURY )